
www.burmeseclassic.com



# ကလျာ (ဝိဇ္ဇာ-သိပ္ပံ)

## မိစ္ဆာဂူအော်သံ

ဒုတိယအကြိမ်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ကလျာ (ဝိဇ္ဇာ-သိပ္ပံ)

၏

# မိစ္ဆာဂူအော်သံ

ပထမအကြိမ် ........... ၁၉၈၄ ခု၊ စက်တင်ဘာလ
ဒုတိယအကြိမ် ........... ၂၀၀၇ ခု၊ အောက်တိုဘာလ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်

၅၀၀၇၁၅၀၆၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၁၀၀၁၀၉၀၇

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ဒုတိယအကြိမ်၊ ၂၀၀၇ ခုနှစ် အောက်တိုဘာလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

"ပျဉ်းမပြာစခန်းမြို့လေး"သည် ယခုအချိန်တွင် ယခင်ကလို ခစည်ကားတော့။

"ခရမ်းပြာ တည်းခိုရိပ်သာ"သည်လည်း ဇရာရုပ်သွင်ဖြင့် ဆွေးမြည့် ဟောင်းအိုနေလေပြီ။

မြို့လယ်လမ်းတို့သည် ခြောက်သွေ့ဆိတ်သုဉ်းလျက်...

မြို့ပြင်ပိုင်းသည်မူ သုသာန်တစပြင်လို ငြိမ်သက်တိတ်ဆိတ်လွန်းလှသည်။

အရာအားလုံးသည် အမင်္ဂလာ မြင်ကွင်းများလို ဖြစ်နေချေသည်။

ပျဉ်းမပြာစခန်းမြို့ကို မစွန့်ခွာရက်ကြသော လူအချို့သည်သာ ဇာတိမြေမှာ အခြေချကျန်ရစ်ကြသည်။

ဤလူတစ်စုသည် မိုးသက်လေပြင်းတိုက်ခတ်တတ်သော ညများတွင် မိစ္ဆာဂူဆီမှ အော်သံ၊ ခေါ်သံများကို ကြားရတတ်ကြသည်။

တစ်ခါတလေလည်း ပီပီသသ၊ တစ်ခါတစ်ရံလည်း ပဲ့တင်သံလို...

ကြောင်နှစ်ကောင်စာအုပ်တိုက်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ရံဖန်ရံခါမှာတော့ မပီဝိုးဝါးသော အော်သံများ။

စတင်ကြားရသူတို့မှာ ကြက်သီးမွေးညင်း ထလောက်အောင် ချောက်ချောက်ချားချား ခံစားရသော်လည်း...

ပျဉ်းမပြာ ဌာနေတို့သည်မူ...

ကြေကွဲလွမ်းဖွယ်ရာ ဖြစ်ရပ်တစ်ခုကို ပြန်လည်တသ သတိရ စေသော ခေါ်သံများအဖြစ်နှင့် ရင်တနင့်နင့် ရှိနေကြရဆဲပါ။

"မိစ္ဆာဂူ"ဟု လူတို့အမည်ပေးထားသော သဘာဝကျောက်ဂူ ပျက်ကြီးအတွင်းမှ မိုးသက်လေပြင်းကျသောညများတွင် ကြားရ တတ်သော ခေါ်သံများမှာ...

"မောင်ရေ... မမင့် ဒီမှာ"

"မမင့်... မမင့်ရေ"

"မောင်ရေ... ကယ်ပါဦး"

"မောင် လာလို့မရတော့ဘူး မမင့်ရယ်"

"မောင်ရေ..."

"မမင့်ရေ..."

ဟူသော အသံများကို ပဲ့တင်ထပ်စွာ ကြားနေရတတ်သည်မှာ ယနေ့ထက်တိုင်ပါ။

◆ ◆ ◆



ငွေသားငါးသောင်းတိတိ။

သို့မဟုတ်...

ထိုငွေနှင့်ညီမျှသော ရွှေသားစင်စစ်များကို လပြည့်ည(နက်ဖြန်ည)တွင် မိစ္ဆာဂူ၏ အရှေ့ဘက် ဂူပေါက်ကြီး၏ထိပ်ဝတွင် ထားရှိရမည်။

ရဲသို့ တိုင်မည်၊

(သို့မဟုတ်...)

လိမ်လည်လှည့်ဖြားမည်ဆိုလျှင် "သူရိန်ပိုင်" ၏ အသက်ကို ယူထားမည်။ ကိုယ်ခန္ဓာကို ထိုနေရာ၌ လာယူပါ။

**မရဏကိုဏ်း**



www.burmeseclassic.com

www.burmeseclassic.com



စာကို ကိုင်ထားသော **"ဒေါ်ပိုးအိမ်"**၏ လက်တို့ ဆတ်ဆတ် တုန်နေသည်။ မျက်ရည်တို့က ပိုးပိုးပေါက်ပေါက်ကျရင်း...

"ဘယ်နဲ့လုပ်ကြမလဲ"

"ဘယ့်နဲ့လုပ်ကြမလဲ ကိုပိုင်သ...ရယ်"

အားကိုးတကြီးနှင့် ကြည့်ရင်း ခင်ပွန်းသည်ကို မေးလိုက်သည်။

**"ဦးပိုင်သ"**သည် လက်သီးကို ကျစ်ကျစ်ဆုပ်၍ မေးကြော ကြီးများ ထောင်လာအောင် အံကိုခဲထားရာက...

"ဘယ့်နဲ့မှ မလုပ်နိုင်ဘူး၊ ဒီကောင်တွေကို ဘယ်သူမှ ယှဉ်လို့ မရနိုင်ဘူး မပိုးအိမ်"

"ဟင်"

"သားလေး အသက်ချမ်းသာအောင် ငွေသာပေးလိုက်ပေတော့"

"အို...ကိုပိုင်သရယ်...နည်းလေးလမ်းလေးများလည်း ကြံစမ်း ပါဦး၊ ရဲဝန်ထောက် ဦးအုန်းမောင်နဲ့လည်း ရှင်နဲ့ ရင်းနှီးနေတာပဲ၊ အကျိုးအကြောင်း ဖွင့်ပြောတိုင်ပင်ရင် မကောင်းဘူးလားဟင်"

ဦးပိုင်သက ခေါင်းယမ်းသည်။

"မလွယ်ဘူး မပိုးအိမ်၊ ကျုပ်သဘောကတော့ ငွေပေးလိုက်စေ ချင်တယ်၊ သား လွတ်လာပြီးမှ အမှုဖွင့်မယ်၊ သားကလည်း သူ့အတွေ့ အကြုံကို ပြောပြနိုင်ရင် ရဲအနေနဲ့ ပိုပြီး ခြေရာခံလို့ လွယ်သွားတာပေါ့၊ ဒီတော့မှပဲ ရဲအနေနဲ့ ဖမ်းဆီးအပြစ်ပေးလိမ့်မပေါ့"

"အဲဒီနည်းကို အခုလုပ်ကြရအောင်ပါလေ၊ သားလည်း လွတ် စေရမယ်၊ ငွေလည်း မပေးရတော့ဘူးပေါ့၊ ကြည့်ပါဦး၊ တောင်းတဲ့





ငွေကလည်း ငါးသောင်းတဲ့ရှင်... ဘယ်မှာ ပေးစရာရှိလို့လဲ"

"ဩော်... စားစရာမရှိ လျော်စရာရှိ ဆိုတဲ့စကားလိုပေါ့၊ သားရဲ့ အသက်က အရေးကြီးတယ်မဟုတ်လား"

"ကျွန်မက မအေပါရှင်၊ ဝမ်းနဲ့လွယ်ပြီး မွေးထားရတဲ့သူမို့ ရှင့်ထက်ပိုပြီး ပူရတဲ့သူပါ၊ ခုဟာက..."

"ပေးစရာငွေလည်းရှိရဲ့နဲ့ မပိုးအိမ်ရယ်"

"ဩော်...ဒါက ရှင်ရှာရတဲ့ငွေမှ မဟုတ်တာ၊ ရှင်က ဘယ်နှမြော မလဲ၊ ကျွန်မ မိဘလက်ထက်က ရတဲ့အမွေတွေ..."

"တော်...မပိုးအိမ်၊ ကျုပ်တော့ သားလေးအသက်နဲ့ ကိုယ်နဲ့ ပြန်မြင်ချင်တယ်၊ ငွေဆိုတာ ပြန်ရှာလို့ရနိုင်တယ်၊ နောက် ဒီမရဏ ဂိုဏ်းသားတွေကို အံတုလို့မဖြစ်ဘူး၊ ကျုပ်ပြောချင်တာဒါပဲ"

"အမယ်လေးနော်... အရေးဟဲ့ အကြောင်းဟဲ့ ဖြစ်လာရင် ဘယ်လိုနည်းနဲ့ ဖြေရှင်းကြမလဲလို့ မတွေးဘူး၊ ငွေ...ငွေပဲ လမ်းခင်းချင် နေတာပဲ"

"ခုဟာ နယ်နယ်ရရမဟုတ်ဘူး မပိုးအိမ်၊ ကျုပ်တို့ရဲ့ တစ်ဦး တည်းသောသားလေးကို ပြန်ပေးဆွဲတာ၊ ငွေမပေးလို့ ဖြစ်မလား"

"ဒီလိုပဲ ကြံဖန်ကြည့်ရမှာပဲ၊ "ထိန်တောရပ်"က "ကိုလွန်းမောင်" ရဲ့ သမီးလေး "ဇကရီ"ကို ပြန်ပေးဆွဲတုန်းက ရှိတာလေးတွေ ပုံပေးပြီး တောင်းပန်စာရေးလို့ လွတ်လာပါရောလား"

"သဘောပဲ၊ မပိုးအိမ်ရေ"

"ကျွန်မမှာ ငွေငါးသောင်း အပြည့်မရှိဘူး၊ ရွှေတွေလည်း



www.burmeseclassic.com

www.burmeseclassic.com



မရောင်းနိုင်ဘူး၊ ရွှေတချို့ရယ်၊ ငွေသားအားလုံးရယ်၊ သူတို့ပြောတဲ့ ဂူပေါက်ကြီးရှေ့ သွားတင်ပြီး ကျွန်မကိုယ်တိုင် တောင်းပန် အသနားခံ စာတစ်စောင် ရေးမယ်”

“မပိုးအိမ်”

“ဆို...ကိုပိုင်သ”

“ကိုလွန်းမောင်တို့က တကယ်ဆင်းရဲတာနော်၊ ခင်ဗျားမှာ ရွှေပိသသာလိုက်၊ စိန်အစုံးလိုက်တွေ ရှိတယ်ဆိုတာ ပြန်ပေးဂိုဏ်း မသိဘဲနေမှာ မဟုတ်ဘူး မပိုးအိမ်”

“အို... အလျှောက်ကောင်း အထောင်း သက်သာဆိုသလိုပေါ့ ရှင်၊ ပိုးအိမ်တို့ လုပ်လို့ ဘာများမဖြစ်ထွန်းဖူးတာ ရှိသလဲ၊ ကြည့်နေ သားလည်း လွတ်ရမယ် ငွေလည်း အပြည့်မပေးရအောင် ကျွန်မ ကြံ မယ်”

“လုပ်... မပိုးအိမ် လုပ်၊ ကျုပ်တော့ ဘာမှမပြောချင်တော့ဘူး”

“ဒါဆိုလည်း ရှင်အသာနေ”

“မင်းလောဘကြောင့် သားအသက်ဆုံးခဲ့ရင် မင်းကိုပါ ငါ သတ်မိမှာနော်”

“အမယ်လေး... ပြန်ပေးဂိုဏ်းနဲ့များ ညှိထားရော့သလားရှင် ပေးချင်လိုက်တဲ့ ငွေ”

ဒေါ်ပိုးအိမ်၏ ထေ့ငေါ့သော စကားနှင့် သံသယအကြည့်များ ကြောင့်...

“တောက်”





တစ်ချက်သာခေါက်ပြီး ဦးပိုင်သ အခန်းတွင်းမှ ထွက်သွားတော့သည်။

ဒေါ်ပိုးအိမ်မှာ မျက်ရည်သုတ်ပြီး စာကို ကျစ်ကျစ်ပါအောင် လိပ်၍ ဘော်လီအိတ်တွင်းသို့ ထည့်၏။ ထို့နောက် ဖဲထီးတစ်ချောင်း ဆွဲလျက် ထွက်သွားတော့သည်။

ဧကရီတို့ အိမ်ကိုပါ...

◆ ◆ ◆

အလွန့်အလွန် လောဘကြီး၍ တပင်တပန်း အလုပ်လုပ်လေ့ ရှိသော ဒေါ်ပိုးအိမ်။

ငွေကြေးကို တစ်ကျပ်ကအစ တုန်နေအောင် နှမြောတတ်သော ဒေါ်ပိုးအိမ်။

ဘယ်သူ့ပေါ်မှ စေတနာမရှိ၊ မိမိ၏ ဝမ်းကိုပင် မသထားချင်။ ငွေကုန်မည် စိုးလွန်း၍ စာကောင်းသောက်ဖွယ်ကိုပင် မစားရက် မသောက်ရက်ခဲ့သော ဒေါ်ပိုးအိမ်။

ယခုတော့...

ငွေသားငါးသောင်း အသားလွတ် ပေးရမည်ဆိုသော ပြန်ပေး များကြောင့် ရူးမတတ် နှမြောတွန့်တိုမိခြင်းက တစ်ပိုင်း။



www.burmeseclassic.com

www.burmeseclassic.com



သမီးကြီး "**စန္ဒာပိုင်**"နှင့် သားလေး "**သူရိန်ပိုင်**" နှစ်ယောက်သာ ထွန်းကားခဲ့၏။

ဤတစ်ဦးတည်းသော သားအတွက် စိုးရိမ်ပူပန်လွန်းသော ပရိဒေဝက တစ်ပိုင်းကြောင့်...

သူ့တစ်ကိုယ်လုံး မီးတွင်းထဲ ဆင်းလိုက်ရသလို ပူပြင်းစွာ ယောက်ယက်ခတ်နေသော ဒေါ်ပိုးအိမ်မှာ...

ဧကရီ ဘယ်နည်းနှင့် ပြန်ပေးကို ဈေးဆစ်၍ ရပါသလဲ ဆိုသော စုံစမ်းမှုအတွက် သူလှုပ်ရှားနေသမျှကို...

သူ့နောက်မှ ဦးထုပ်နက်၊ နေကာမျက်မှန်နက်နှင့် ဘောင်းဘီနက် ဝတ်ဆင်ထားသော သူတစ်ယောက်က အစဉ်တစိုက် နောက်ယောင်ခံ၍ လိုက်နေပြီဆိုသည်ကို ဒေါ်ပိုးအိမ်တစ်ယောက် လုံးဝ မရိပ်မိ မသိရှိ။

◆ ◆ ◆

"ငွေသုံးသောင်းဆိုတာလည်း မနည်းပါဘူးရှင်၊ ဘုရားစူးရပါစေရဲ့၊ အဲ... ဒီထက်လည်း ပိုမရှိဘူး"

"ဘဏ်ကငွေနဲ့ အိမ်ကရွှေတွေရော..."

"ဒါတွေ ထည့်တွက်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ငွေသုံးသောင်းနဲ့အတူ





အသနားခံစာကို ကျွန်မကိုယ်တိုင် ရေးလိုက်တာပါ၊ ဖတ်ရသူတိုင်း သနားမှာပါ"

"အင်း... ကျုပ်တော့ ရင်လေးတယ် မပိုးအိမ်၊ ခက်တာက ကျုပ်ငွေ မဟုတ်ဘူး၊ ခင်ဗျားမိဘ လက်ထက်က အမွေရတဲ့ ငွေတွေဆိုတော့ မပြောသာဘူးပေါ့လေ၊ ကျုပ်တော့ သားလေးအတွက်ပဲ စိတ်ပူလှပြီ၊ ဒါနဲ့ စာက ဘယ်လိုရေးလိုက်သလဲ"

"အိမ်မှာ ဒီငွေအကုန်ပါ၊ ဒီထက်ပိုရှိခဲ့ရင် မိုးကြိုးပစ်ပါစေ၊ မြွေပွေးကိုက်ပါစေဆိုပြီး..."

"အို... ဒုက္ခပါပဲ၊ ခက်လိုက်တာကွာ"

"မခက်ပါနဲ့...ပြောပါရစေဦး၊ သူတို့ယုံအောင် အဲဒီလို ကျိန်ပြီးတော့မှ ကျွန်မရဲ့ တစ်ဦးတည်းသော သားလေးကို ကျွန်မ ဘယ်လို ချစ်ကြောင်း၊ သားသမီးချင်း၊ မိဘချင်း စာနာဖို့ အကြောင်းအစုံပေါ့၊ နောက်ဆုံးတော့လေ...သိလား"

"အင်း..."

"သနားသဖြင့် သားလေးရဲ့မျက်နှာကို မြင်ခွင့်ပြုပါ ဗိုလ်ကြီးရယ် ဆိုပြီး နိဂုံးချုပ်ထားတယ်"

ဒေါ်ပိုးအိမ်မှာ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ဖြင့် တက်ကြွနေသလောက် ရင်မီးတောက်အောင် ပူပန်မိသူက ဦးပိုင်သပါ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ချိန်းဆိုထားသောမနေ့က လပြည့်ညက ငွေသုံးသောင်းနှင့် တောင်းပန်စာတစ်စောင်ကို ဂူပေါက်ကြီးရှေ့တွင် သွားရောက်တင်ထားပြီးခဲ့ပြီ။

ယနေ့ည ဂူပေါက်ကြီးရှေ့တွင် သူ့ရှိန်ပိုင်ကို
လာတွေ့ပါ။

**မရဏဂိုဏ်း**

ခြံတံခါးဝတွင် စာက ညှပ်ထားပြီးသား၊ ခြံစောင့်လည်း ရှိပါလျက်၊ မီးများလည်း ထွန်းထားပါလျက် မည်သူမျှ မသိလိုက်ကြ၊ မမြင်လိုက်ရ။

မရဏဂိုဏ်းသားများသည် ပိရိသေသပ်စွာ၊ ရဲရင့်ဖျတ်လတ်စွာ လှုပ်ရှားကြသည်၊ သစ္စာရှိသည်၊ ရက်စက်သည်၊ အင်အားကြီးမားသည်။ ဂိုဏ်းခေါင်းဆောင်ကို မည်သူမျှမသိကြရ။ အဖွဲ့သားများလည်း သိခွင့်မရှိ။ တစ်နေရာရာမှနေ၍ ညွှန်ကြားနေသည်ဆိုသော သတင်းစကားများသည် ပျဉ်းမပြာတစ်မြို့နယ်လုံးအနှံ့အပြန့် ကြားနေကြရလေသည်။

"ကဲ... ကျွန်မ မပြောလား၊ သားလေး မျက်နှာကို ဒီည မြင်ရတော့မှာပါ၊ ပိုးအိမ်တို့လုပ်လို့ မအောင်မြင်တာများ ရှိဖူးလို့လား"

"မထင်နဲ့ဦး မပိုးအိမ်"

"ဟင်... ဒီမှာ စာရနေပြီပဲ"





"စာကိုလည်း ဖတ်ကြည့်၊ လာတွေ့ပါပဲပါတယ်၊ လွှတ်လိုက်ပြီ မှ မပါတာ"

"သားကို မြင်ခွင့်ရရင် ပြီးတာပဲ"

"ငွေမပြည့်လို့ ထပ်တောင်းမယ်ထင်တယ်"

"ဒါဆိုလည်း ကျွန်မ လိုက်ခဲ့မယ်၊ ဒူးထောက်ရှိခိုးတောင်းပန် ရှင်"

"ကျေနပ်ရင်တော့ ကောင်းပါရဲ့၊ မင်း သူဌေးမကြီးမှန်း"

"သြော်...ကိုပိုင်သရယ်၊ ကျွန်မလက်ထဲမှာ ဒီငွေထက် ပိုမရှိ ဘူးလို့ ရှင့်ကို ကျိန်ပြောပြီးပြီပဲ"

"အေး...အဲဒါကို သူတို့က ယုံဦးမှကိုကွ၊ မင်းလက်ထဲမှာ မရှိပေ ဲ့ ဘဏ်မှာ သိန်းချီရှိနေတာပဲ"

"တော်စမ်းပါ၊ ရှင် ယောကျ်ားဖြစ်ပြီး အရာရာမှာ ဒွိဟစိတ်နဲ့ နေတာပဲ၊ ဆုံးဖြတ်စရာရှိလည်း ရဲရဲပေါ့"

"အေး... မင်းကတော့ ငွေပဲကြည့်နေ၊ ငါကတော့ ငါ့သားလေး ကပ်ပဲ စိုးရိမ်တယ်"

"ကိုပိုင်သနဲ့ ခက်ပါလား ရှင်၊ ဒီညလာတွေ့ဖို့ စာပဲရနေပြီပဲ၊ ရှင် အိမ်ရှေ့ခန်းသွားနေစမ်းပါ၊ သားပြန်လာရင်စားဖို့ သားကြိုက် တဲ့ အမဲနှပ် နှပ်နေတယ်"

ဦးပိုင်သသည် စိတ်ပျက်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ခြင်း၊ အတွက် အတိုင်းမသိ ပူပန်မိခြင်းတို့ကို ခံစားရင်းဖြင့် နောက်ဖေး ထွက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ပိုးအိမ်ကတော့ ယုံကြည်ချက် အပြည့်နှင့်...

ယနေ့ည သားဧ၏မျက်နှာကို မြင်ရတော့မည်။ ချစ်လှစွာသော တစ်ဦးတည်းသော သားလေး၏အခန်းမှာ အတူအိပ်စက်မည်ဟူသော ရည်ရွယ်ချက်များနှင့် တက်ကြွစွာရှိနေပါ၏။

နေသည် တဖြည်းဖြည်းနှင့် မြင့်ရာမှ ရင့်လာခဲ့သည်။

အပူရှိန်စွမ်းအားကုန်တော့ အရောင်လည်းမှိန်၊ နေရှိန်လည်း လျှော့ခဲ့ပြီ။

အလင်းရောင် ဖျော့လာလေ... ဦးပိုင်သ၏ စိုးထိတ်မှုက လွန်ကဲလာလေလေ...

သည်လိုနှင့် ညဥ့်ဦးယံသို့ ရောက်ခဲ့ပြီ။

ပျဉ်းမပြာမြို့၏ ထုံးစံအတိုင်း ရုတ်တရက် မိုးသက်ကြွေ၍ လေပြင်းတိုက်ခတ်လာသည်။

စောစောဆီက စည်ကားလှုပ်ရှားနေသူတို့သည် ကြက်ပျောက် ငှက်ပျောက် ချက်ချင်း ပျောက်ကုန်ကြပြီ။

အဆောက်အအုံရှိရာဆီသို့ ခိုလှုံဝင်ရောက်ကြပြီး အိမ်တော် တော်များတို့သည် တံခါးပိတ်လိုက်ကြပြီ။

ညနေနှောင်းဆီက စည်ကားခဲ့သမျှ သုသာန်တစပြင်သို့ တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

မိုးကြွေသံနှင့် လေတိုက်သံသည်သာ ဆိတ်ငြိမ်နေသော ညကို ထွင်းဖောက် စိုးမိုးနေ၏။





သစ်ကိုင်းချောက်ကြွေသံသည်ပင် တရွှေတို့ အော်ညည်းသံလို ကြက်သီးထစရာ။

ဘာသံမျှ မကြားအောင် ဆိတ်ငြိမ်သွားပြီးနောက် တရှီးရှီး တရှဲရှဲနှင့် လေတိုးသံကို ကြားလိုက်ရ၍ မကောင်းဆိုးဝါး ဝိညာဉ်များ၏ သည်းပြင်းရှိုက်သံကြီးကို ကြားနေရသလို၊ မိုးသံလေသံတို့က ချောက်ချားဖွယ်အတိ ရှိနေချိန်မှာ...

"ဟာ... လာပြီ... လာပြီ... လာကြပြီ"

အိမ်ဖော်မလေး၏ တပ်လှန့်သံကြောင့် ဒေါ်ပိုးအိမ် ထကြည့် လိုက်တော့ မီးတုတ်နှစ်ခု၏ အရောင်ကိုသာ ပထမဆုံး မြင်ရသည်။

မီးလုံးကြီးနှစ်ခု ရွေ့လိမ့်လာပုံကိုကြည့်ပြီး အိမ့်ဒလိန် စုန်းမ ခေါင်းပြတ်ကြီးများ မီးတောက်စားသည်ဆိုသော ငယ်ငယ်က ပုံပြင်ကို ပြန်သတိရပြီး ဒေါ်ပိုးအိမ်မှာ ကြက်သီးများ ဖျန်းခနဲ ထသွားတော့ သည်။

ချက်ချင်းလိုပင် ခြံဝမှသည် အိမ်တွင်းသို့ ရောက်ရှိလာကြပါ၏။

ဂူပေါက်ကြီးသို့သွား၍ သားလေးသူရိန်ပိုင်ကို တွေ့ဆုံ ခေါ်ဆောင်လာမည့် အဖွဲ့ဖြစ်သော...

ဦးပိုင်သနှင့် တပည့်နှစ်ယောက်တို့ ပြန်လာခဲ့ကြပြီ။

"ဒီမှာ မပိုးအိမ်"

"ဟင်"

"မင်း မြင်ချင်တယ်ဆိုတဲ့ မင်းသားရဲ့မျက်နှာကို ကြည့်... ကြည့် ကွ"



www.burmeseclassic.com

www.burmeseclassic.com



မိုးထစ်ချုန်းသံထက် ပြင်းစွာ ဦးပိုင်သက အော်လိုက်ချိန်မှာ—

စောင်နှင့်ပတ်ထားသော ကိုယ်ခန္ဓာတစ်ခုကို ဒေါ်ပိုးအိမ်၏ ရှေ့မှောက်သို့ ပေါ့ပါးစွာ ချပေးလိုက်သည်။

"ဟင်... သား... သား သူရိန်"

မိုးစက်တို့နှင့် နစ်နေသော သားကို မျက်နှာကိုကြည့်ပြီး ဒေါ်ပိုး အိမ် တစ်ကိုယ်လုံး တုန်လာသည်။ ပြောစရာ၊ မေးစရာ စကားတို့က လည်ဝ၌ တစ်နေ၏။

"ပိန်လှချည့်လား"

အနီနှင့် အမည်းစင်း စောင်ကျားကြီးနှင့် ပတ်ထားသော ကိုယ် ခန္ဓာမှာ ရှုံးရှုံးသွယ်သွယ်လေး ဖြစ်နေ၏။

"ကို... ကိုပိုင်သ"

"သား... သားလေး၊ ဘာ... ဘာဖြစ်လို့လဲဟင်"

ဒေါ်ပိုးအိမ်၏မျက်လုံး ဝိုင်းဝိုင်းလည်ပြီ။ ကိုယ်ခန္ဓာက ဆတ်ဆတ်တုန်လျက်...

"သား ဘာဖြစ်သလဲ၊ ဟုတ်လား"

"ဟင်... လောဘအိုးမ၊ မိန်းမယုတ်"

"ဟော့ကောင်တွေ၊ စောင်ကို ဖြေပြလိုက်စမ်းပါကွ"

ဦးပိုင်သက ကျုံးအော်ရင်း မချိမဆုံ ဝေဒနာကို မခံစားနိုင်တော့ သလို စားပွဲခုံကို လက်သီးနှင့် တအားထုနက်နေတော့သည်။

ဒေါ်ပိုးအိမ်မှာ ကျောက်ရုပ်ကြီးလို တောင့်မတ်နေရာက သား၏ အနီးမှာ ထိုင်ချလိုက်ချိန်တွင် ဦးပိုင်သ၏ တပည့်နှစ်ယောက်က စောင်ကျားကြီးကို ဖြည်းဖြည်းချင်း လှစ်ဖွင့်ပြလိုက်တော့...





မျက်နှာသည် ပကတိ။

လည်ပင်းမှသည် လက်ဖျားခြေဖျားအထိ အသားတစ်မျှင်မျှ မပါရှိ။ အားလုံး အရိုးစုကြီး...

"အမယ်လေး... အမယ်လေး"

ဒေါ်ပိုးအိမ် အသံနက်ကြီးဖြင့် ကျုံးအော်နေတော့သည်။

"အမယ်လေး... သား... သားလေး"

"ငါ့သားလေး အသားတွေရော ဟင်..."

"အသားစ တစ်မျှင်မှ မကျန်အောင် ဘယ်လိုလုပ်လိုက်ကြတာလဲ"

"အမယ်လေး... သား... သား"

"ငါ့သား အသားတွေ ဘယ်မှာလဲ"

"ဟောဒီမှာ စား၊ သားမျက်နှာ မြင်ချင်တယ်ဆိုလို့ မြင်ရပြီ မဟုတ်လားတဲ့"

"မရဏဂိုဏ်းကို ညာလို့မရဘူး၊ ဥစ္စာရူးမကြီး ဒေါ်ပိုးအိမ်ရဲ့"

"နင့်ကြောင့်... နင့်ကြောင့်၊ ငါ့သား မြင်လို့ကောင်းသေးရဲ့လား ဟင်၊ ကြည့်... ကြည့်... ကြည့်စမ်း"

ထွက်ပြေးတော့မည့် ဒေါ်ပိုးအိမ်ကို ဆွဲယူပြီး သားအလောင်း ဆောသို့ တွန်းပို့ပစ်လိုက်သည်။

လဲကျသွားသော ဒေါ်ပိုးအိမ်၏ လက်တစ်ဘက်က သား သူရိန်၏ ရင်ဘတ်နေရာကို လက်နှင့်ထောက်မိတော့... နံရိုးခြောက် များကြားသို့ သူ့လက်ချောင်းများ ကျွံဝင်သွားတော့သည်။

"အမယ်လေး... အမယ်လေး... အသားပေးပါ၊ သားလေး အသား..."



www.burmeseclassic.com

www.burmeseclassic.com



"အသားတွေပြန်ပေး... ပြန်ပေး"

"ပေး... ပေး"

အသံနက်ကြီးနှင့် ကျူးအော်ရာမှ အသံကပြာပြီး တိမ်ဝင်သွားတော့သည်။

ဒေါ်ပိုးအိမ်၏ အမူအရာ၊ မျက်နှာအကြည့်တို့သည် တမုဟုတ်ချင်း ခြားနားသွားခဲ့လေပြီတကား...

"မှားလေပြီ"ဆိုသော အသိနှင့်အတူ...

သား၏မျက်နှာနှင့် အရိုးစုကိုယ်ခန္ဓာကိုတွဲလျက် မြင်လိုက်ရ၍ မက လက်ထောက်မိရာမှ သိရသော အတွေ့ကြောင့် ချောက်ချားကြောက်လန့်ခြင်း ကြီးစွာဖြင့် ပရိဒေဝလွန် ဝေဒနာကို...

ဒေါ်ပိုးအိမ်၏ နှလုံးသားကိုယ်ခန္ဓာနှင့် ဦးနှောက်တို့က ခံနိုင်စွမ်းရည် မရှိတော့။

သူ့မျက်စိထဲတွင်...

အရိုးစုကြီးက ထလာသည်။

ကျန်ငွေနှစ်သောင်း တောင်းသည်။

အသားများ ပြန်ဝယ်ခိုင်းသည်။

ဤအမြင်၊ ဤအသိများကြောင့် ဒေါ်ပိုးအိမ် တစ်ယောက် အသံကုန် ကျူးအော်ပြန်သည်။

"အသား... အသား... အမယ်လေး"

မိုးသက်လေပြင်း တိုက်ခတ်သော ထိုတစ်ညမှာ သား၏





မျက်နှာနှင့် ဆက်လျက် အရိုးစုခန္ဓာကိုယ်ကို မြင်ရပြီးသည်၏ နောက်ဝယ်...

ဒေါ်ပိုးအိမ်တစ်ယောက် သွက်သွက်လည်အောင် ရူးသွပ်သွားချေပြီတကား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"ထိုသို့ ဖြစ်ပျက်ပြီးနောက်
သုံးနှစ်တာကာလကို လွန်မြောက်ပြီးချိန်မှာ..."



## 'ခရမ်းပြာတည်းခိုရိပ်သာ'

ခရမ်းပြာအောက်ခံပေါ်မှာ စာလုံးအဖြူနှင့် ရေးသားထားသော ဆိုင်းဘုတ်ကြီး၏ ပတ်လည်တွင် နီယွန်မီးများက မြားတန်းလေးများ သဖွယ် လှည့်ပတ်ရွေ့လျားနေသည်။

ဆိုင်းဘုတ်ကို အာရုံဝင်စားစေသော မီးကစားခြင်းဖြင့် ဆွဲသည်အပေါင်းကို ဖိတ်ခေါ်နေသည်သို့ ရှိပါ၏။

အောက်ထပ်၏ လက်ျာဘက် "ရွှေရည်ဦးခန်းမ"တွင် ဘား အားရှိသည်။ လိုင်စင်ရ အရက်များ ရောင်းသည်။ ဘီယာနှင့် ဝီစကီ အမျိုးမျိုး ရနိုင်လေသည်။

လက်ဝဲဘက် "ရသာမွန်ခန်းမ"ရှိ ညစာစားသုံးခန်းမတွင် လူကျဲနေသော်လည်း ရွှေရည်ဦး ခန်းမတွင်ဖြင့် စားပွဲဝိုင်းများ ပြည့်လု နီးပါး လူစည်ကားနေသည်။ ထမင်းဟင်းမှလွဲ၍ ကြာဇံခေါက်ဆွဲ အကြော်မျိုးစုံ၊ ကြက်၊ ဘဲ၊ ငါး ကောင်လုံးများ၊ အကြော်၊ အနှပ် အမျိုးမျိုးနှင့် အမြီးမျိုးစုံအပြင် နာမည်ရ "ခရမ်းပြာစပါယ်ရှယ်(လ်)



www.burmeseclassic.com

www.burmeseclassic.com



ခရုခေါက်ဆွဲကြော်"ကလည်း ပွဲတိုင်းလိုက မှာနေ၍ စဖိုဆောင်မှာ လက်မလည်နိုင်အောင်ပါ။

ဤပျဉ်းမပြာ စခန်းမှ ခရမ်းပြာ စားတော်ဆက်နှင့် တည်းခိုရိပ်သာမှာ ပြည်မသို့တိုင် ကောင်းသတင်း ပျံ့နှံ့သည်ဟု ဆိုကြလေသည်။

"ရထားတောင် ဝင်ခါနီးပြီ"

"ဟုတ်ကဲ့...အားလုံး အဆင်သင့် ပြင်ထားပါတယ်"

တည်းခိုခန်းပိုင်ရှင်၏ သတိပေးချက်ကို "Reception" ဌာနမှ စာရေးမလေးက အဖြေပေးလိုက်သည်။

"အဆင်သင့်"ဆိုသည်မှာ အခန်းအားများကို သန့်ရှင်းရေးလုပ်၊ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ ခြင်ထောင်အသစ်များ လဲထားခြင်း သောက်ရေ ဖြည့်ပေးခြင်း၊ ရေချိုးခန်း သန့်ရှင်းခြင်း၊ ဆပ်ပြာခွက် ထားပေးခြင်းမှ အစ ဖြစ်ပါသည်။

"ရီဆက်(ပ)ရှင်"ခေါ်သော ဧည့်ကြို လက်ခံဌာနမှ စာရေးမလေးက စီစဉ်ညွှန်းပေးရသည်။ သန့်ရှင်းရေးသမားများက တာဝန်ယူဆောင်ရွက်ရပါ၏။

"ရထားဥသြသံ ကြားရပြီ"

တိုင်ကပ်နာရီကြီး လှမ်းကြည့်လိုက်တော့ ည ၇ နာရီ ၃၅မိနစ်တိတိ။ ငါးမိနစ်သာ ခါတိုင်းထက် နောက်ကျလေသည်။

ဘူတာနှင့် ခရမ်းပြာသည် မဝေးလှ။





တည်းခိုခန်းပိုင်ရှင် မျှော်လင့်ထားသည့်အတိုင်းပင် ပထမဆုံး ဂွစ်ကားတစ်စီး ဆိုက်လာသည်။ အသက်ကြီးကြီး၊ အမျိုးသမီးဝဝကြီးတစ်ဦးနှင့် အဖော်မိန်းကလေးတစ်ယောက်၊ ယောက်ျားပါတစ်ယောက်။

နောက် ဆိုက်ကားသုံးစီး။

နောက်ဆုံးတွင် မြင်းလှည်းနှစ်စီး။

အားလုံး ပေါ်တီကိုအောက်သို့တိုင် ဆိုက်ရပ်ကြလေသည်။

အမျိုးသမီးကြီးနှင့်အဖွဲ့က တစ်ည ဝင်တည်းပြီး နက်ဖြန် "ဇရပ်လု"သို့ သွားမည်ဆို၏။

သူတို့ကိစ္စပြီးတော့ အမျိုးသားနှစ်ယောက်က ကုန်သည်ဟု ဆိုသည်။ သုံးရက်စာ ငွေကြိုပေးထားလေသည်။

"လာရပြန်ပြီ ညီမရေ"

"ဩော်...အစ်ကိုကြီးပါလား၊ တစ်ယောက်ခန်းက နှစ်နေရာပဲ ရှိတော့တယ်၊ သုံးနဲ့ကိုး၊ ဘယ်အခန်း ယူမလဲ"

"ကိုးပဲပေး၊ နောက်ဘက် ထောင့်ခန်းလည်း မဆိုးပါဘူး"

မျက်နှာသိ တည်းခိုနေကျမို့ စာရင်းရေးရင်း ပြုံးထားရသည်။

"ရုံးချိန်းက နက်ဖြန်လေ"

"ဟုတ်ကဲ့"

"ဒီလူသတ်မှုကတော့ အစ်ကိုကြီးတို့ လိုက်ခဲ့တဲ့ အမှုတွေထဲမှာ အတော့်ကို နက်ရှိုင်းရှုပ်ထွေးတယ်"

ရှေ့နေ **"ဦးထင်လင်းကျော်"**က သူ အမှုဆိုင်ရန် လာရောက်ရသော အကြောင်းများကို ပြောနေသည်။ သူသည် ပျဉ်းမပြာစခန်းမြို့မှ



www.burmeseclassic.com

www.burmeseclassic.com

နှစ်သက်လက်ခံသော ရှေ့နေတစ်ဦးပင်၊ သူလိုက်သမျှအမှုများ နိုင်လေ့ရှိသဖြင့် အမှုသည်တို့က အားကိုးတကြီး ငှားရမ်းလေ့ရှိကြ၍...

သူ ဤမြို့သို့ မကြာခဏ ရောက်လာတတ်သည်။ ခရမ်းပြာဖွင့်ပြီးမှ သူ တည်းခိုသည်မှာပင် ၇ ကြိမ်မြောက် ရှိပါပြီ။

ဦးတပ်ခေါ်ရသော်လည်း သူ့အသက်က သုံးဆယ်ကျော်မျှသာ၊ အသားဖြူဖြူ၊ ကိုယ်ခန္ဓာပြည့်ပြည့်၊ အရပ်မနိမ့်မမြင့်နှင့် လူကြီးလူကောင်းတို့၏ အင်္ဂါရပ်မျိုးပါ။

"သော့ရပြီ၊ အပေါ်တက်တော့မယ်နော်"

ရှေ့နေ ဦးထင်လင်းကျော်က သူ့လက်ဆွဲအိတ်ကိုဆွဲပြီး အပေါ်ထပ်သို့ တက်ရန် ဟန်ပြင်လိုက်၍...

"ဟဲ့... မောင်စိုးရေ၊ အစ်ကိုကြီးကို လိုက်ပို့လိုက်ပါဦး"

ဤတည်းခိုခန်းတွင် ထာဝရ လာရောက်တည်းခိုသူဖြစ်၍ အားလုံးနှင့် သိနေကျွမ်းနေလေပြီ။ မောင်စိုးက သူ့အိတ်ကို ဆွဲ၊ သူက မောင်စိုးပခုံးကို ဖက်လျက် အပေါ်ထပ်သို့ တက်သွားကြပါ၏။

"ကဲ... ကျွန်တော်တို့ကို စာရင်းရေးဦးမှာလား"

စားပွဲပေါ်သို့ မှတ်ပုံတင်ကတ်နှစ်ခုတင်ပြီး ဂျင်းဘောင်းဘီနှင့် အမျိုးသားက မကျေနပ်သော ပုံစံနှင့် ပြောလိုက်သည်။ စောစောဆီက ဦးထင်လင်းကျော် လေကျသွားသည်ကို သူကျေနပ်ဟန်မတူ။

"အခန်းပုံစံ ကြည့်ဦးမလားရှင့်"

"မလိုပါဘူး၊ နှစ်ယောက်ခန်း တစ်ခန်းရရင် တော်ပါပြီ"

"ဟုတ်ကဲ့...ဒါဆို အခန်း နံပါတ် ၁၃ အားပါတယ်"





"ဟာ...အန်လပ်ကီးပဲ"

နံပါတ်ဆယ့်သုံးကို နိမိတ်မကောင်းဆို၍ နံရံမှ သော့တွဲကို သိမ်းနေသောလက်က တုန့်သွားပြီး...

"မကြိုက်ဘူးလားရှင်"

"မကြိုက်ဘူး"

"ဒါဆို... ဆယ့်ခုနစ်ရော"

"ရတယ်"

သူ့ကို သော့ပေးပြီး သူတို့၏ မှတ်ပုံတင်မှ အမည်များ၊ မှတ်ပုံတင်အမှတ်များကူးပြီး...

"ဒီမှာ ဘယ်နှရက် တည်းခိုပါမလဲရှင်"

"ကြိုက်ရင် ကြာကြာနေမယ်၊ ခုတော့ သုံးရက်ပဲရေးထား"

"ဟုတ်ကဲ့ပါရှင်"

သုံးရက်ဟု ဖြည့်ပြီးတော့...

"ဘယ်မြို့က လာပါသလဲ"

"မန္တလေးက"

"ဒီကို ဘာတာဝန်၊ ဘာအလုပ်အကိုင်နဲ့ လာပါသလဲရှင်"

"အလုပ်အကိုင် ပြောရဦးမလား... ဟန်းနီးမွန်း ထွက်လာတာဗျ"

"သြော်...ဟုတ်ကဲ့...ဟုတ်ကဲ့"

သူ့မျက်နှာကို မကြည့်ရဲတော့။ တာဝန်ရှိသည်များကို ဖြည့်စွက်ပြောကြားပြီး သူတို့ ထွက်သွားလေမှ ရင်ပေါ့ရတော့သည်။ သည်လို



www.burmeseclassic.com

www.burmeseclassic.com



စကားပြော မပြေပြစ်သော သူမျိုးကိုလည်း မကြာခဏ တွေ့ရတတ်ပါသည်။

"ကျွန်တော်..."

"ဩော်..."

ပျားရည်ဆမ်းခရီးရှင် ကြင်စဦး ဇနီးမောင်နှံကို စာရင်းငုံ့သွင်းနေ၍ မကြည့်မိ။ နောက်ထပ် တည်းခိုမည့်ဧည့်သည်က အားနာဟန်နှင့် အသံပြုလာလေမှ မော့ကြည့်လိုက်ပြီး...

"မှတ်ပုံတင်လေး ကျေးဇူးပြုပါရှင်"

"ကျွန်တော်... ကျွန်တော်..."

တိုးတိုး တိမ်တိမ် အသံလေးကြောင့် မော့ကြည့်လိုက်တော့...

"အို"

လူငယ်တစ်ယောက် ရှုံ့ထိတ် လှုပ်ရှားနေသော စိတ်သဏ္ဌာန်၏ အရိပ်က မျက်နှာမှာ ပေါ်လွင်နေသည်။

သူသည် စာရေးမလေး၏ မျက်နှာကို ကြည့်လိုက်ပြီးမှ စာရေးမလေး၏ လက်ယာရင်ဘတ်ပေါ်မှ သူ့အမည် ထိုးထားသော ပလတ်စတစ် စာတမ်းလေးကို ဖတ်ကြည့်သလို ငေးနေသည်။

## "မြလေးငုံ"

မြလေးငုံပါ ရောယောင်ပြီး သူ့ရင်ဘတ်ကို လက်နှင့် စမ်းမိရင်း ဧည့်သည် လူငယ်ကို အကဲခတ်ကြည့်လိုက်မိသည်။





"မြင်ဖူးသလိုပဲ"

မြလေးငုံ မှတ်ဉာဏ်အင်အားကောင်းသည်၊ မြင်ဖူးသလိုပဲဟု ဒိတ်မှာ အထင်ရှိသည်နှင့် လျှပ်တစ်ပြက် စဉ်းစားကြည့်သည်။ မရ...

"သူနဲ့တူတဲ့မျက်နှာမျိုး ငါသိဖူး၊ မြင်ဖူးတာပဲ ဖြစ်ရမယ်၊ သူ့ကို မသိတာတော့ သေချာပါတယ်"

သည်သို့တွေးရင်း သူ့ကိုကြည့်လိုက်တော့... စိတ် သိပ်လှုပ်ရှားနေသည့်အသွင်က သူ့မျက်နှာမှာ အထင်းသား...

"ကျွန်မ ဘာကူညီရမလဲရှင်... ခရမ်းပြာမှာ တည်းခိုမလို့ပါလား"

"ခင်ဗျာ"

"ကျွန်မ မေးတာ မကြားလို့လားဟင်"

"ကြားပါတယ်"

"ရှင်"

မြလေးငုံ၏ မျက်နှာကို သူ အသေအချာ ကြည့်နေပုံက သတိမရှိသည့် သူတစ်ယောက်ပမာပါ။

ငြိမ်သက်နေသောအကြည့်၊ မာန်လျော့နေသော မျက်နှာ၊ ပါးစပ်ကလေးက ပွင့်ဟလျက်...

"အို... ငယ်ငယ်လေးပဲ ရှိပါသေးလား"

နှစ်ဆယ်ပင် ပြည့်ပုံမရသေး။

သူသည် သာမန်တည်းခိုရန် လာသော ဧည့်သည်ဖြင့် မဟုတ်တန်ရာ။



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မာလုံလောက်သော အကြောင်းတစ်စုံတစ်ရာ၊ သူနှင့်အတူ ပါလာလေမည်။ ထို တစ်စုံတစ်ရာသော အကြောင်းဟူသည်မှာလည်း တိုးတက်အောင်မြင်သော တက်ကြွဖွယ်အဖြစ်မျိုး မဟုတ်နိုင်ရာ။

မြလေးငုံ ထင်သည့်အတိုင်းပင်။

"ကျွန်တော်... ကျွန်တော်..."

"ပြောပါကွယ်"

"ကျွန်တော် ခရမ်းပြာကို လာပါတယ်၊ ဒါပေမယ့် တည်းခိုဖို့ မဟုတ်ပါဘူးခင်ဗျာ"

"ဟင်"

သူ့ဘေးတွင် အဝတ် ဆယ်စုံထက် ည်း ပါနိုင်မည့် ခရီးဆောင် အကောင်းစားအိတ်ကြီးနှင့် ဂစ်တာတစ်လက်။

"ဟုတ်ပါတယ်၊ ကျွန်တော် တည်းခိုချင်တာ မဟုတ်ပါဘူး၊ နေချင်တာပါ"

"ဘာကို ဆိုလိုတာလဲဟင်"

"ကျွန်တော် ဒီမှာနေခွင့် ရချင်တယ်၊ ငွေပေးစရာလည်း မရှိဘူး၊ ထမင်းစားစရာလည်း မရှိပါဘူး၊ ဒါကြောင့် ကျွန်တော့်ကို ကြိုက်တာခိုင်းပါ၊ ဒီမှာ နေခွင့်ပေးပါ"

"အို...အဲ...အဲဒါတွေက ဒီကနဲ့ မဆိုင်ပါဘူး၊ တည်းခိုခန်းပိုင်ရှင်ကို ပြောမှဖြစ်မှာပါ"

"ကျွန်တော် ဦးပိုင်သနဲ့ တွေ့ပါရစေ"

"သြော်... ဦးလေး ဦးပိုင်သနဲ့ သိတယ်လား"





"ကျွန်တော်က မသိပါဘူး၊ သူက ကျွန်တော့်ကို သိပါလိမ့်မယ်"

သူ့စကားကြောင့် မြလေးငုံပင် ဘာပြန်ပြောရမှန်းမသိတော့။

ဒီအရွယ်နဲ့ ဒီအရွယ် သိချင်းသိရင် လူငယ်ကသာ လူကြီးကို သိနေသင့်တာပေါ့။

"ဒီကောင်လေး စိတ်မှ မှန်ရဲ့လား"

ဆိုသော သံသယမျက်ဝန်းနှင့်ပင် မြလေးငုံ ကြည့်မိသည်။ ဝတ်ထားသည်က အကောင်းစားများချည်း၊ ဖိနပ်ပင်လျှင် လေးငါးရာတန်မည့် ဝပ်ကင်းရှူး။

သို့ပေမယ့် သူပြောသလို သူ့တွင် ငွေတကယ် ပါလာပုံမရ။ အရာအားလုံးကို သိမ်ငယ်စွာ စိုးရိမ်နေပုံရသည်။

ပထမဆုံး မြင်တွေ့ရသော မိနစ်ပိုင်းများဆီက သူ့မျက်ဝန်းမှာ မျက်ရည်ကြည်များပင် သီဝေလို့။

သူသည် ဘယ်လိုအခြေအနေကလာလာ သူ့တွင် သောကတစ်စုံတစ်ရာ ပါလာသည်။ အန္တရာယ်တစ်ခုခုကို ရင်ဆိုင် ရတော့မည်ဟူသော ရင်မငြိမ်းဖွယ် ပြဿနာများနှင့် ရောက်လာသူဆိုသည်ကဖြင့် သေချာလေပြီ။

"ဒါဆို ခဏစောင့်ပါ၊ ဦးပိုင်သကို သွားပြောပေးပါ့မယ်၊ ဘယ်သူ လာတယ်လို့ ပြောလိုက်ရမလဲဟင်"

"သူနဲ့တွေ့မှပဲ ပြောပါရစေ"

"ကောင်းပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ လျှိုကွက်ကို စိတ်ခပ်ပျက်ပျက်နှင့်ပင် မြလေးငုံ အပေါ်ထပ်သို့ တက်ခဲ့ရသည်။

အင်္ဂလိပ်မဂ္ဂဇင်းတစ်အုပ်ကို ဦးပိုင်သ ဖတ်နေပါ၏။

သိန်းများစွာတန်သော "ခရမ်းပြာ တည်းခိုရိပ်သာပိုင်ရှင် သူဌေးကြီး ဦးပိုင်သ"ဟု အများအမြင်၌ ဝင့်ထယ်နေပါသော်လည်း...

ဦးပိုင်သ၏ ဘဝနှင့်ဒုက္ခ၊ သောကများကို သိခွင့်ရနေသော ဦးပိုင်သ၏ တူမဝမ်းကွဲ မြလေးငုံမှာ ဦးပိုင်သ၏ဘဝကို ရင်နာမိပါသည်။

"ဦးလေးကို တွေ့ပါရစေဆိုပြီး ကောင်လေးတစ်ယောက် အောက်မှာ ရောက်နေပါတယ်၊ အဲဒါ..."

"မောင်စိုး... သွားခေါ်လာခဲ့စမ်း"

မြလေးငုံက ပြန်ဆင်းရန် ဟန်ပြင်လိုက်၍...

"နေဦး... မြလေးငုံ၊ ကောင်လေးကို ခေါ်ထားတယ်လေ"

"ဦးလေးနဲ့ ဖြေရှင်းရမယ့်ကိစ္စပဲ ဖြစ်မှာပါ"

"ဘာပဲဖြစ်ဖြစ်လေ... ဒီတစ်ညတော့ တည်းခိုခွင့် ပေးရမှာပဲ အဲဒါ စီစဉ်ပေးရအောင်ပါ၊ အောက်မှာ မမိုးပွင့် ရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့... ရှိပါတယ် ဦးလေး"

"မမိုးပွင့်"သည် မလေးငုံ၏ လက်ထောက်စာရေးမလေး ဖြစ်သူပါ။

မကြာမီ မောင်စိုးနှင့်အတူ စောစောက အားငယ်ရှင် ကောင်လေးက ဂစ်တာနှင့် အိတ်ကိုထမ်းပြီး တက်လာသည်။





မြလေးငုံသို့ပင် စောစောကလို စိုက်ကြည့်ရင်း ဆိုဖာပေါ်တွင် ဖြည်းဖြည်းသာသာ ထိုင်ရှာသည်။

"ဆိုပါဦးကွ...ကိစ္စ"

"ကျွန်တော် ဦးပိုင်သနဲ့ တွေ့ချင်လို့ပါ"

"ပိုင်သဆိုတာ ငါပဲ"

သူက မြလေးငုံကို တစ်ချက်လှည့်ကြည့်လိုက်ပြီးမှ...

"**မိုင်းခမြို့**'က '**ဦးမင်းညို**'ကို သိပါသလားခင်ဗျာ"

"မင်းသိရိ ဦးမင်းညိုလား"

"ဟုတ်ပါတယ် ဦး"

"ဟော..."

ယင်းအမည်ရှင်သည် ဦးပိုင်သနှင့် အလွန်အမင်း ရင်းနှီးကျွမ်းဝင်ခဲ့သူဟု ဦးပိုင်သ၏ ပြုံးရွှင်တက်ကြွသော အမူရာက ဖော်ပြနေလေသည်။

"မိုင်းခမြို့"

"ဦးမင်းညို"

မင်းသိရိ ဆန်စက်ပိုင်ရှင် ဦးမင်းညိုဆိုသော အသံများကြောင့် မြလေးငုံသည်လည်း အသက်ရှူ ရပ်မတတ် အံ့ဩစိတ်နှင့် ကြောင်နေဆဲ...

"ဒါဆို မင်းက..."

"ဦးမင်းညိုရဲ့ သားပါ"

"ဟိုက်"



www.burmeseclassic.com

www.burmeseclassic.com

မြလေးငုံ၏နှုတ်မှ အာမေဋိတ်သံ လွတ်ကျသွားရခြင်းပါ။ မြလေးငုံသည် သူ့ပါးစပ်ကို လက်ကလေးနှင့် ပိတ်ကာရင်း အံ့ဩတကြီးဖြင့် သူ့ကို ငေးကြည့်နေဆဲ...

"ဒါဆို မင်းဟာ ဦးမင်းညီရဲ့ တစ်ဦးတည်းသော သားလေး "ညီမြင့်ညို"ပေါ့၊ ဟုတ်လားဟင်"

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော် အညိုပါ"

ယင်း စကားစုကို မြလေးငုံသို့ တည့်တည့်ကြည့်ပြီး ညီမင်းညိုက ပြောနေ၏။

"ဒါဆို...မင်း သူ့ကို မသိဘူးလား"

ဦးပိုင်သက မြလေးငုံသို့ လက်ညှိုးညွှန်၏။

သူ ဦးပိုင်သကို မကြည့်တော့။ မှိုင်းရိပ်ငွေ့ဝေနေသော မျက်ဝန်းမှာ အင်အားများ ဝင်လာသလို၊ မြလေးငုံသို့ အားပါးတရ စိုက်ကြည့်ရင်းက...

"အညိုလေ...မမငုံရယ်"

"ဟယ်... အညို"

ထိုညက ပျဉ်းမပြာ စခန်းမြို့လေးမှာ...

လေငြိမ်၏။

မိုးသားကင်းစင်၏။

ငွေလရောင်သည် ဖြူဖွေးအေးမြစွာ ထိန်ထိန်သာပါသတည်း။

◆ ◆ ◆



"ပျောက်လို့ လိုက်ရှာတာ ဒီရောက်နေတာကိုး၊ အို... ကလေးကို ဘာလို့ ထမင်းခွံ့နေရတာလဲ၊ ဆန်ကြမ်းတွေစားရင် ဗိုက်နာတော့မှာပဲ"

**"ဒေါ်တင်တင်ဦး"**၏ အသံကြောင့် ငါးနှင့်နယ်ပြီး ခွံ့အံ့ဆဲဆဲ ထမင်းလုပ်က ရပ်တန့်သွားရတော့သည်။

"ဆန်ကြမ်းတွေစားရင်..."

ဆန်စက်ဝင်းအတွင်းမှာ နေပါလျက်၊ စပါးပုံကြီးကို နေ့စဉ်မြင်တွေ့နေရပါလျက်နှင့် မြလေးငုံတို့အိမ်တွင် ဘယ်သောအခါမှ ဆန်ဖြူ ဆန်နုများကို မစားရ၊ သူတို့ စားရသမျှလေးထဲမှ အကောင်းဆုံးကိုရွေးပြီး ကလေးကို ကျွေးနေမိသည်ကပင် ကြီးမားသော အပြစ်ကြီးဖြစ်ရပါလေပြီ။

"မလိုက်ဘူး... မလိုက်ဘူး"

"မမငုံနဲ့နေမယ်"

"ကြီးကြီးတို့အိမ်မှာ နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့မိခင်လက်ထဲမှာ ကော့ကန်ပြီး အညို့ ထွန့်ထွန့်လူး ငိုတော့သည်။

"သူဌေးကတော်ရယ်၊ ကလေး ဒီလောက်ငိုနေတာ ခေါ်မသွားပါနဲ့ရှင်၊ မြလေးငုံကို ထမင်းသွားယူခိုင်းလိုက်ရမလားဟင်"

"အို...ထမင်းကြောင့်ချည်း မဟုတ်ဘူး၊ ဒီလိုဟင်းမျိုးတွေနဲ့ စားလို့ ဘယ်ဖြစ်မလဲ"

ဆန်စက်သူဌေးကတော် ဒေါ်တင်တင်ဦးက မာန်တင်းလွန်းသောမျက်နှာနှင့် ပြောပြီး သူ၏သားလေးကို မနိုင်မနင်း သယ်ဆောင်ရင်း အိမ်ကြီးဆီသို့ ပြန်သွားတော့သည်။

"ကြီးကြီးရေ၊ ဟင့်...ဟင်း..."

"မမငုံ၊ မမငုံရေ... လာခေါ်ပါ"

ဆိုသော ညီမင်းညို၏ အသံကုန် အော်ငိုသံလေး တဖြည်းဖြည်း ဝေးသွားတော့မှ...

"အင်း...ခက်တယ်၊ သူတို့ကျွေးတဲ့ စွပ်ပြုတ်တွေ၊ ကြက်ဥတွေကြာတော့လည်း ကလေးက ဘယ်စားချင်ပါ့မလဲ အေ"

"ဟုတ်ပါရဲ့အမေရယ်၊ ငါးအုပ်ဖား ရေချိုချက်ကလေးနဲ့ ထမင်းနဲ့ နယ်ကျွေးနေတာ၊ မောင်လေးက စားလိုက်တာမှ အရမ်းပဲ၊ သနားပါတယ်နော်"

မြလေးငုံ၏ မိခင်က တွေတွေလေး ငေးရင်း ခေါင်း တဆတ်ဆတ် ညိတ်ရှာသည်။





"ကလေးက ဒီမှာ အဖော်တွေရှိတော့ ပျော်တာပေါ့၊ လူပဲ၊ လူလိုစားချင်မှာပေါ့၊ သနားပါတယ်"

"ဟဲ့... မိငုံ၊ ကြားသွားမှဖြင့်အေ... သူတို့လည်း ဆီဥထောပတ်တွေနဲ့ လူလိုစားနေတာပဲ၊ ညည်းစကားကလည်း"

"မဟုတ်တဲ့ဘူး အမေရဲ့၊ ဗိုလ်လိုစားနေတာကို ပြောတာ"

"ဒါဆိုလည်း မြန်မာလို မစားဘူးလို့ ပြောစမ်းပါအေ၊ ညည်းစကားကြီးကလည်း"

မြန်မာပြည်မှာ နေသူတို့သည် ငပိရည်၊ တို့စရာ၊ မုန့်ဟင်းခါး၊ လက်သုပ်၊ လက်ဘက် စသည်တို့ကို ကြိုက်တတ်ကြမြဲပါ။

စက်သူဌေး ဦးမင်းညီတို့အိမ်တွင် ဒါမျိုးမရှိ၊ ယခုလို ငါးရေချိုချက်ကိုပင် မစားကြ၊ ငါးကိုပင် ဗိုလ်လိုချက်စားကြသည်။ အတုံးလေးများ၊ အသီးအရွက်များနှင့် ချိုအီအီချက်သည်။ ငြုတ်သီးမပါ။

ယင်းရောဂါကို ဦးမင်းညီ နိုင်ငံခြားသို့ ခေတ္တ ဆေးကုသွားပြီး အပြန်တွင်မှ ရလာခြင်းဖြစ်လေသည်။

နဂိုတည်းက သူဌေးသမီး ဒေါ်တင်တင်ဦးမှာ ပို၍ပင် ဘဝင်မြင့်နေတော့သည်။ ယောက်ျား၏ စီးပွားရေးကလည်းကောင်း၊ အခြေခံရံကလည်းပေါ့၊ ကလေးကလည်း တစ်ဦးတည်းသော သားယောက်ျားလေး ဖြစ်နေ၍ သူ့ဘဝက ပြည့်စုံလွန်းသဖြင့် အရာတိုင်းကို အကျယ်ချဲ့ နေနိုင်တော့သည်။

မြလေးငုံတို့ကဖြင့် အရာတိုင်းကို အကျဉ်းရှန်းရသော မိသားစုပါ၊ စားလည်းသင့်မျှရုံ၊ နေလည်းသင့်မျှရုံ၊ နောက်ဆုံး နာမကျန်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်ကအစ ဆရာမောင်ဆေးနီမှုန့်နှင့် ကွမ်းရွက်ပြုတ်ရေ လောက်နှင့် ပြီးသွားရသည်။

သည်လိုမနေ၍လည်း မဖြစ်။

မြလေးငုံတို့အဖေ "ဦးသိန်းကြွယ်"က မင်းသူရိန် ဆန်စက်မှ စက်ပြင်ဆရာကြီး၊ တစ်လမှ နှစ်ရာရသည်။ ကလေးက ခုနစ်ယောက်၊ မြလေးငုံက အငယ်ဆုံး၊ ယခုမှ ဆယ်နှစ်သမီး၊ လေးတန်းကျောင်းသူပါ။

"အမေ၊ သူတို့က မောင်လေးကို ဘာလို့ ဒီမှာ မနေစေချင်တာလဲဟင်...၊ ကလေးက လစ်တာနဲ့ ပြေးလာတာပဲ၊ သနားပါတယ်"

"ဩော်...အဆင့်ချင်း မတူဘူးလေ"

"အညိုနဲ့သမီးတို့က အဆင့်ချင်း မတူဘူး၊ ဟုတ်လားအမေ"

"အေးပေါ့၊ သူတို့က သူဌေး၊ တို့က ဆင်းရဲသား..."

"ဩော်..."

အညို ဟူသည် သူနှင့် တူညီသောအရပ်မှာ မရှိ။ လက်လှမ်းမမီနိုင်အောင် မြင့်သောနေရာတွင် ရှိနေလေသူဟု ထိုစဉ်ကတည်းက မြလေးငုံ သိထားနားလည်ခဲ့ရလေသည်။

"မြလေးငုံရေ... ထုတ်ဆီးတိုးမယ်ဟေ့

အိမ်ရှေ့မှ နှိုးဆော်သံကြောင့် ချဉ်ပေါင်ဟင်းရည် မြောနေသော သံဇလုံထဲမှ ထမင်းကို ပလုပ်ပလောင်း ယူနှိုက်စားလိုက်ပြီး လက်ကျန်ဟင်းရည်ကို ဇလုံလိုက် မော့သောက်ချလိုက်သည်။ ဇလုံကိုရော၊ လက်ကိုရော မစင့်တစင်ဆေးပြီး အိမ်ကပြင်ပေါ်မှ လွှားခနဲ ခုန်ချလိုက်သည်။





မြလေးငုံတို့အဖွဲ့က တောင့်သည်။

ဘဝတူ ဆန်စက် အလုပ်သမားများ၏ သားသမီးများက စာသင်ခန်းတစ်ခန်းစာမျှ ရှိလိမ့်မည်။ မြလေးငုံတို့လို သုံးတန်း၊ လေးတန်း၊ ငါးတန်းအရွယ်ကချည်း တကျိုပ်ကျော်မည်။

"ဟေအေးဟာ ထုတ်ဆီး မတိုးချင်ဘူး၊ သူခိုး၊ ပုလိပ်လုပ်မယ်"

"ဂုံညင်းထိုး လိမ့်ရအောင်ပါ"

"ဗုတ်တလုပ်တောက်တဲ့ ကစားမယ်"

"ဖန်ခုန်မလား"

"ကြိုးခုန်ရအောင်"

"လိုက်တမ်း ပြေးတမ်းပဲ ကစားမယ်"

ကစားတဲ့ဆီကို မရောက်ခင် ကစားဖို့ ရွေးနေသည်ကိုက ဘျက်ကျူက်ညံနေသည်။

နောက်ဆုံးတော့... ၊

"သူခိုး၊ ပုလိပ် လုပ်တာပဲ ပျော်စရာ ကောင်းပါတယ်ဟာနော်"

မြလေးငုံ၏ဆန္ဒအတိုင်း ဖြစ်သွားခဲ့သည်။

မြလေးငုံတို့တစ်သိုက် ဆော့လိုက်ကြတာမှ ဝက်ဝက်ကို ကွဲလို့၊ အသံတွေနာပြီး အသံပါ ပြာလာအောင်လည်း အော်ကြ၊ ဟစ်ကြ၊ သိုက်ကြ၊ ဖမ်းကြနှင့် တပျော်တပါးကြီး ဆော့ကစားနေချိန်မှာ...

ညီမင်းညိုသည် ဖလန်ထည် အင်္ကျီလေးကို ဝတ်လျက်၊ သိုးမွေးထုပ်ကလေးကို ဆောင်းလျက်နှင့် ကလေးထိန်း ကရင်မကြီး၏



www.burmeseclassic.com

www.burmeseclassic.com

ပေါင်ပေါ်တွင် ထိုင်ရင်း မြလေးငုံတို့ ဆော့ကစားနေသည်ကို ကြည့်နေရှာသည်။

"ကလေးဆိုတာ ဆော့မှ ကျန်းမာတာ"

ဆိုသော အမေတို့မူကို ဆန့်ကျင်၍ ကလေးက တကယ်ပင် မကျန်းမာ၊ ချူချာသည်။

ဒေါ်တင်တင်ဦးတို့က ကလေးကို မဆော့စေချင်၍တော့ မဟုတ်၊ မြလေးငုံတို့လို အောက်တန်းစား သားသမီးများနှင့် မရောနှောစေချင်၍သာ ဖြစ်သည်။

သူတို့နှင့် တူသည့် တန်သည့် အဆင့်ကလည်း ဤဆန်စက်ဝင်းကြီးအတွင်းမှာ မရှိ။ သူတို့လို သူတို့က သူတို့တစ်ဦးတည်းသာ ရှိလေသည်မဟုတ်ပါလား။

ကလေးသည် မြလေးငုံ ကစားရာသို့သာ အာရုံစိုက်၍ လိုက်ကြည့်နေရှာသည်။

မြလေးငုံကမူ သတိမထားမိ။ ကစားသည့်နေရာ၌ အာရုံဝင်စားကာ ခုန်ပေါက်ပြေးလွှား လုပ်နေ၍ အညို့ကိုပင် မကြည့်မိ။

သူခိုး လုပ်ရသော မြလေးငုံကို မိလာသည်။ သစ်ကိုင်းချောက်တစ်ချောင်းကို ချိုင်းမှာ ညှပ်ပြီး ဦးထုပ်စုတ်တစ်လုံး ဆောင်းထားသော 'ခွေးပု'က တကယ့် ပုလိပ်ဟန်နှင့် မြလေးငုံကို ချုပ်ကိုင်ဖမ်းဆီးခေါ်လာပြီး...

"သူခိုးမိပြီဟေ့၊ သူခိုးမိပြီ"

ခွေးပုက ကြေညာတော့...





"ချဟေ့...ရိုက်ကွ"

"စွပ်ထိုးပစ်"

ညာသံပေးကြပြီး ကလေးတစ်အုပ်က မြလေးငုံကို ဟန်ဆောင်ပြီး ရိုက်ကြ၊ နက်ကြ၊ ထိုးကြ၊ ကြိတ်ကြတော့...

"မလုပ်ရဘူး... မလုပ်ရဘူး"

"လွှတ်... မမငုံကို လွှတ်ရမယ်"

ဆိုသော အသံလေးက ထွင်းဖောက်လာပြီး ဝါးခနဲ ငိုလိုက်သော ညီမင်းညီအသံကြောင့် အားလုံး ရပ်သွားကြသည်။

သူတို့တွေမှာ အပြစ်ရှိကြသလို သူဌေးသားလေးကို အားလုံး ငေးကြည့်နေကြရှာသည်။

ဤမြင်ကွင်းလေးကို မြလေးငုံ ဘယ်သောအခါမှ မေ့နိုင်မည်မဟုတ်။

ဖလန်ထည်အင်္ကျီတဖားဖားနှင့် တွေ့သမျှ ကလေးများကို ငိုရင်း လိုက်ရိုက်လေတော့သည်။

"မမငုံကို မရိုက်ရဘူး

ဟူသော စကားကို ငိုရင်း ပြောရှာသည်။

ခံစားချက် ပြင်းလွန်းစွာဖြင့် ဒေါသတကြီး ဝမ်းပမ်းတနည်း ဖြစ်နေရှာသော ညီမင်းညီ၏ လှုပ်ရှားချက်များကြောင့်...

"မောင်လေး... မောင်လေး... အလကားလုပ်တာ၊ အပျက်ပျက်လုပ်တာ၊ မမငုံ မနာဘူး...သိလား"



www.burmeseclassic.com

www.burmeseclassic.com

မြလေးငုံက သူ့အတွက် ယူကြုံးမရဖြစ်နေရှာသော၊ ဒေါသတကြီး ဖြစ်နေရှာသော မောင်လေး အညိုကို မနိုင်မနင်းနှင့် ကောက်ချီလိုက်သည်။

ချွေးစေးများ၊ မျက်ရည်စီးကြောင်းများ အောက်မှ အညို၏ ပါးပြင်နီနီလေးကို ရှိုက်မက်မြတ်နိုးစွာ နမ်းလိုက်မိပါ၏။

ထိုနေ့က...

အညိုကလည်း မြတ်လေးငုံ၏ ပါးပြင်ကို အခါခါ ရှိုက်နမ်းပါသတည်း။

◆ ◆ ◆



ငါးနှစ်သားလေး ညီမင်းညို ကျောင်းစ၍ တက်ရပြီ...။

ကလေးကို တိုက်ထဲက အပြင်မထုတ်၊ လမ်းထွက်တော့လည်း ကားနှင့်မို့ ညီမင်းညိုမှာ ပတ်ဝန်းကျင်နှင့် ထိတွေ့မှု လုံးဝမရှိသော ကလေးတစ်ယောက် ဖြစ်နေခဲ့ရာမှ...

"ကျောင်း" ဟူသည်မှာ ကြောက်စရာ ကမ္ဘာကျယ်ကြီးအဖြစ်နှင့် ညီမင်းညို အကြောက်ကြီးကြောက်ပြီး အလန့်ကြီး လန့်နေရှာတော့သည်။

"ဟဲ့... ဟဲ့... ကလေးလေး ပြေးလာတယ်"

အတန်းပိုင်ဆရာမပင် အလန့်တကြား ပြောယူရအောင် ညီမင်းညို ငို၍ အတန်းတွင်းသို့ ပြေး ါလာသည်။

မြလေးငုံက အတန်းထဲမှ ပြေးထွက်ပြီး ညီမင်းညိုကို ဆီးဖက်ထားလိုက်ရပါ၏၊ အော်၍ပင် မငိုဝံ့ရှာ။ ရှိုက်သံပြင်းပြင်းကို ကြိတ်ခဲရင်း မြလေးငုံကို အားကိုးတကြီးဖြင့် တအားဖက်ထားရှာတော့သည်။

"မြလေးငုံ အတန်းအပြင်ထွက်ပြီး ကလေးကို ချော့လိုက်ဦး၊ ဒါ... ဟိုစက်သူဌေးသားလေး မဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ပါ ဆရာမ"

မြလေးငုံက ညီမင်းညိုကို ချိုပိုးရင်း အတန်းအပြင်သို့ ထွက်ခဲ့ရပါ၏။

မြလေးငုံက ငိုနေသော မောင်လေးအညိုကို တအားဖက်ပွေ့ထားလိုက်သည်။

ညီမင်းညိုအတွက် အားအကိုးဆုံးသော ရင်ခွင်မှာ နားမှီခွင့်ရရှိသွားသဖြင့် အကြောက်ပြေသွားသော်လည်း ရပ်တန့်လို့မရသော ရှိုက်သံလေးက ဆင့်ဆင့်ထွက်လာသည်။

"အတန်းထဲ ပြန်မသွားဘူး၊ အညို မမငုံနဲ့ပဲ နေမယ်နော်"

"အေးပါ... နေရမှာပေါ့"

ဆရာမကလည်း ခွင့်ပြုထားသဖြင့် မြလေးငုံ နေရဲနေသည်။

အိမ်မှာက နေ့လယ် အိပ်နေကျ။ ကျောင်းမှာက မအိပ်ရသည့်ပြင် စိတ်ရောလူပါ ပင်ပန်းယွန်းရှာသဖြင့်...

ထိုနေ့က အညိုသည် သူ့ မမငုံ၏ ပေါင်ပေါ်၌ အိပ်ပျော်သွားရှာသည်မှာ ညနေ ကျောင်းဆင်းသည့်တိုင်အောင်ပါ...။

အတန်းပိုင် ဆရာမကလည်း စက်သူဌေး ဦးမင်းညီကို အကြောင်းစုံ ပြောပြပါ၏။

မိုင်းခမြို့တွင် အချမ်းသာဆုံး၊ ကျောင်းကိစ္စမှာ အလှူငွေအများဆုံး ထည့်ဝင်သော စက်သူဌေးမင်းကို မြတ်လေးငုံတို့၏ အတန်းပိုင် ဆရာမကလည်း မျက်နှာလုပ်ချင်ပုံရသည်။





မြလေးငုံကို ကလေးက ဘယ်လိုခင်တွယ်အားကိုးကြောင်း၊ သူကလည်း မြတ်လေးငုံကို ခွင့်ပြုပါကြောင်း၊ ကလေး စိတ်ဆင်းရဲနေလို့ မြလေးငုံနှင့် အတူရှိပါစေဆိုသော အကြောင်းများကို ဝေဝေဆာဆာ ပြောကြားလေတော့သည်။

"မြလေးငုံပါ လိုက်ခဲ့လေ"

"ရှင်"

"သားလေးက မြလေးငုံကို သိပ်ချစ်တာ၊ နောက်ဆို အမြဲပဲ ဦးလေးတို့ကားနဲ့ ကျောင်းတက်တော့ ဟုတ်လား"

"ဟုတ်... ဟုတ်ကဲ့"

ဦးမင်းညီ၏ အမိန့်ဖြင့် မြလေးငုံတို့ ကြော့ကြော့မော့မော့ကြီး ကျောင်းတက်ခွင့်ရခဲ့လေပြီ။

ကားပေါ်မှနေ၍ သူငယ်ချင်းများကို လျှာထုတ်၍ ပြောင်ပြခြင်း၊ လက်ညှိုး ကွေးချည် ဆန့်ချည်လုပ်၍ ကရော် ကရော်ပြုကာ သရော်လှောင်ပြောင်ခြင်းများကို လုပ်သွားလိုက်သေးသည်။

သူများကား ကပ်စီးရပါလားဟု ရှက်ရမှန်းလည်း မသိသေး။

သုံးတန်းနှင့် အနီးဆုံးနေရာသို့ပင် သူငယ်တန်းကို ရွှေ့ပေးရသည်အထိ ဦးမင်းညီ၏ အရှိန်ဝါက ကြီးပါဘိ။

"သားလေးက မြလေးငုံနဲ့ အတူနေရမှ ကျောင်းတက်မယ်ဆိုလို့"

ဆိုသော စကားတစ်ခွန်းကြောင့်ပါပင်၊ ထိုနေ့ကစ၍...

"အညို့ကို တွေ့ချင်ရင် မြလေးငုံကို တွေ့အောင်ရှာ"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ပြောစမှတ် ပြုယူရအောင် ညီမင်းညိုက မြလေးငုံနား မခွာတော့။

သည်သို့ဖြင့်...

ရက်တွေ ပြောင်းကာ နှစ်များစွာကို ကုန်စေခဲ့သော ကာလသို့ ရောက်ခဲ့လေပြီ။

မြလေးငုံထက် ငါးနှစ်နီးပါး ငယ်သော ညီမင်းညိုမှာ မြလေးငုံ အပျိုစင်လေးဖြစ်လာသည့်တိုင် သူက ကလေးဘဝမှ လုံးဝ မပြောင်းလဲ ရှာသေး။

ကလေးတစ်ယောက် အဖြစ်နှင့် မြလေးငုံက အညိုကို ချစ်သည် ထက်...

အညိုသည် မြလေးငုံကို အစ်မတစ်ယောက်အဖြစ်နှင့် ပို၍ လိုက်လဲနှင့်နဲ့စွာ ချစ်ရှာ အားကိုးရှာခဲ့သူပါ။

ထိုနှစ်များ အတောအတွင်း၌ အဖြစ်အပျက်တစ်ခု ရှိခဲ့သေးသည်။ အညိုကိုပင် မမွေးဖွားသေး၊ မြလေးငုံ နှစ်ခါလည်လောက် မမှတ်မိတတ်သေးသော အရွယ်က...

မြလေးငုံ မိခင်၏ မောင်ဝမ်းကွဲတော်စပ်သော "ကိုပိုင်သ" တစ်ယောက် မြလေးငုံတို့ထံသို့ ရောက်လာခဲ့သည်။

မင်းသိရီ ဆန်စက်မှာ အလုပ်လုပ်ရန် ရောက်လာခြင်း ဖြစ်ပါ၏။

ကိုပိုင်သ၏ ရိုးသားခြင်း၊ ကြိုးစားခြင်း၊ သစ္စာရှိခြင်းများ ကြောင့် ဦးမင်းညီက လွန်ကဲစွာ သဘောကျရှာသည်။ သူ့ဆန်စက်မှ





အလုပ်သမားတစ်ယောက် ဖြစ်သော်လည်း ရွယ်တူမို့ သူငယ်ချင်းလို ဆင်းတတ်ပါ၏။ ဦးမင်းညီပေါ်တွင် အစစအရာရာ ကောင်းရှာသော ဦးပိုင်သအတွက် ဦးမင်းညီကလည်း အစီအစဉ်တစ်ခု ပြုလုပ်ပေး ခဲ့သည်။

ဒေါ်တင်တင်ဦးတွင် အစ်မဝမ်းကွဲ အပျိုကြီးတစ်ဦးရှိပါ၏။ ကပ်စေးနည်းသလောက် မတရားချမ်းသာသည်။ မိဘများ၏ အမွေကို တစ်ယောက်တည်း ပိုင်ဆိုင်ခွင့် ရရှိထားသော သူဌေးမ အပျိုကြီး ဖြစ်လေသည်။

ကိုပိုင်သထက် ရှစ်နှစ်လောက်တော့ ကြီးသည်။

"ကိုပိုင်သက သိပ်တော်တဲ့လူ၊ မမ မပိုးအိမ်နဲ့ ပေးစားကြရ အောင်လားနော်"

ဟူ၍ဒေါ်တင်တင်ဦးအား တင်ပြပြီး ကိုပိုင်သနှင့် မပိုးအိမ်ကို နီးစပ်အောင် ဦးမင်းညီ ဆောင်ရွက်ပေးခဲ့ရှာသည်။

သည်သို့ဖြင့်...

ကိုပိုင်သနှင့် မပိုးအိမ်တို့ မိုင်းခမြို့မှာ ခမ်းနားစွာ လက်ထပ် ဖြစ်ခဲ့လေတော့သည်။

လက်ထပ်ပြီး ဆန်စက်မှာပင် အတူတွဲနေခဲ့ရာမှ ငါးနှစ်၊ ခြောက်နှစ်မျှအကြာ ကလေးနှစ်ယောက်ရပြီးချိန်တွင် ဦးပိုင်သ၏ အစီစဉ်ကြောင့်...

"အမေ...ဦးလေးတို့က ဘာလို့ ပြောင်းသွားတာလဲဟင်..."



www.burmeseclassic.com

www.burmeseclassic.com

"သြော်...ကိုပိုင်သက လူရည်လည်တယ်၊ အရည်ချင်းရှိတယ် မဟုတ်လား၊ ဒီမှာနေရင် ကိုမင်းညီလက်အောက်ခံပဲ ဖြစ်မှာမို့ ပျဉ်းမပြာ စခန်းမြို့ကို ပြောင်းရွှေ့သွားတာပေါ့"

"ဦးလေး ဦးမင်းညီနဲ့ ရန်ဖြစ်လို့လားဟင်"

"ဘယ်ကဖြစ်ရမှာလဲ၊ ဆရာကလည်း သူ့ကို သိပ်ကျေနပ်တာ၊ သူကိုယ်တိုင်ကလည်း ဆရာ့ကို အတိုင်းမသိ ကျေးဇူးတွေတင်နေရှာတာပါ"

"ဦးလေးကပြောတော့ အမေတို့က သူ့ကျေးဇူးရှင်တွေဆို"

"သြော်...သိတတ်တဲ့သူမို့ ပြောတာပါ၊ အမေတို့ဆီမှာလာပြီး နေခွင့်ရလို့ သူခုလို ကောင်းစားသွားတာကို ရည်ရွယ်ပြီး ပြောရှာတာပါ"

အမေက ရှင်းပြပြီး...

"အင်း... ပိုင်သကတော့ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုတဲ့ စကားပုံအတိုင်း ကောင်းစားသွားပြီ၊ ညည်းအဖေသာ သေချင်တဲ့ကျား တောပြောင်းဆိုတဲ့ အဖြစ်မျိုးနဲ့ မကြုံရပါစေနဲ့လို့ ဆုတောင်းရတော့တာပဲ"

"ဟင်...အဖေက ဘာဖြစ်လို့လဲ"

"တို့မိသားစုအားလုံး ဇရပ်လှမြို့ကို ပြောင်းကြမလို့"

"ရှင်...အမေ"

"ဒီမှာက လခလည်း မတိုး၊ အပြင်အလုပ်ကလည်း မဖွယ်ဘူး လေ၊ ခုဆို ကလေးတွေကကြီးလာတော့ ကျောင်းစရိတ်ကိုက နည်းတာ





မဟုတ်ဘူး မြလေးငုံ၊ ညည်းတောင် ဒီနှစ် ကိုးတန်းတက်ရတော့မှာ မဟုတ်လား"

မိဘများ၏ အစီအစဉ်ဖြင့် မြလေးငုံတို့ တစ်မိသားစုလုံး ထိုနှစ် ကျောင်းပိတ်ထားသော နွေရက်များက မိုင်းခမြို့ကို စွန့်ခွာကာ ဇရပ်လှ မြို့ကြီးသို့ ပြောင်းရွှေ့လာခဲ့ကြသောနေ့က...

"အို... အညိုရယ်၊ အညို၊ ဒီလောက်ငိုနေတော့ သွားရမယ့် မငုံတောင် မပျော်တော့ဘူး"

မြလေးငုံတို့ ပြောင်းကြတော့မည် ဆိုကတည်းက မြလေးငုံတို့ အပျော်ကြီး ပျော်နေခဲ့လေသည်။

နယ်မြေသစ်သို့ ပြောင်းရွှေ့ရမည် ဆိုလေတိုင်း ကလေးများက ပျော်တတ်ကြစမြဲပါ။

အညိုသည် မြလေးငုံတို့ ပြောင်းရွှေ့ကြတော့မည်ဟု သိစဉ် ကတည်းက တငိုတည်း ငိုနေတော့သည်။

ယနေ့တော့ ထာဝရ ခွဲခွာရခြင်းအဖြစ်နှင့် မြလေးငုံ နှုတ်ဆက် တော့ အညိုသည်...

မြလေးငုံ၏လက်ကို သူ့ရင်မှာ ပိုက်ပွေ့ပြီး ဝမ်းနည်းကြေကွဲ လွန်းစွာ ရှိုက်၍ရှိုက်၍ ငိုရှာလေတော့သည်။

အမှန်တော့...

မြလေးငုံကို အညိုချစ်ရသည်ထက် အညိုသည် အဆပေါင်း များစွာ မြလေးငုံကို ပိုပြီးချစ်သည်၊ အားကိုးသည်၊ မြတ်နိုးတွယ်တာ လွန်းရှာသည်။


www.burmeseclassic.com

www.burmeseclassic.com

"တိတ်ပါ အညိုရယ်၊ မမင့် ပြန်လာခဲ့မှာပေါ့"

"ညာတာပါဗျာ၊ မမင့်တို့ ဘယ်တော့မှ ပြန်မလာပါဘူး၊ အညို သိပါတယ်"

"သြော်...ကွယ်"

အပျိုစင် အပျိုဦးလေး မြလေးငုံမှာ ကလေးလေးအညို့ကို ဘယ်လိုနှစ်သိမ့်ရမည်မှန်း မသိတော့...

အညို့ကို ခွဲမသွားပါနဲ့ မမင့်...

အညို့ကို ခွဲမသွားပါနဲ့ မမင့်ရယ်...

ဆိုသော အသံတုန်တုန်လေးနှင့် ပြောရင်း ငိုနေရှာသော အညို သည် မြလေးငုံတို့ကား ထွက်ခွာ၍ ဝေးကွာလာသည့်တိုင် ငို၍ ကျန်ရစ် ခဲ့ရှာသည့်အဖြစ်ကို မြလေးငုံ ရင်နင့်စွာ မြင်ရပြီးသည့်နောက်တွင်...

အဆက်သွယ် ပြတ်သွားခဲ့ကြသည်မှာ...

ယနေ့ထက်ထိတိုင်အောင်ပါ။

◆ ◆ ◆



ပျဉ်းမပြာစခန်းမြို့သည် ပြည်နယ်နှင့် ပြည်မကြားမှ စခန်းမြို့ သေးသာ ဖြစ်ပေသည်။

အမှန်တော့ ပျဉ်းမပြာသည် ရွာအဆင့်ပါ။

ယခင်က လူသူအရောက်အပေါက် နည်းပါးခဲ့သော နေရာဒေသ ဖြစ်ခဲ့လေသည်။

"သဘာဝ ကျောက်တောင်များ"ဝန်းရံနေပြီး "သဘာဝဂူများ"၊ "ဘာဝဂူများ"၊ "ဂူပျောက် (မြေကြီးထဲသို့ ဝင်သွားရသောဂူ)များ"ကို နေရာအနှံ့ တွေ့နိုင်လေသည်။

သဘာဝ တောနက်များရှိ၍ အမဲပစ်မုဆိုးများ နှစ်သက် မွေ့လျော်ရာ နေရာလည်း ဖြစ်ပေသည်။

တောကောင်များ၊ နာနာဘာဝများ၊ လူသားစား သတ္တဝါများ သည်တို့ ကြီးစိုးရာမြေအဖြစ်နှင့် နာမည်ကျော်ခဲ့၍ ခရီးသည်တို့ ရှောင်ရှောင်ကြသော အရပ်ဖြစ်ခဲ့သော်လည်း...

ယခုအခါတွင်...


www.burmeseclassic.com

www.burmeseclassic.com



ရထားလမ်းဆုံးမြို့အဖြစ်နှင့် တိုးချဲ့၊ ဖောက်လုပ်လိုက်ရုံမက “နေမဝင်တောင်”ကို မိုင်းနှင့်ခွဲပြီး ကားလမ်းပါ ဖောက်လိုက်သဖြင့်—

ပြည်မနှင့် ပြည်နယ်သွား ကားလမ်း၊ ရထားလမ်းပေါ်မှ “စခန်းမြို့ကြီး”ဖြစ်လာခဲ့၍ တစ်နေ့တစ်ခြား စည်ကားလာခဲ့သည်။

ပြည်မမှ ပြည်နယ်သို့ သွားလိုသော ခရီးသည်တို့သည် လည်းကောင်း၊ ပြည်နယ်မှ ပြည်မသို့ ဆင်းလိုကြသည့် ခရီးသွားတို့သည် လည်းကောင်း။

ဤပျဉ်းမပြာ စခန်းမြို့လေးမှာ ညအိပ် မရပ်နား၍ မဖြစ်။

သည့်အတွက် ခရမ်းပြာ တည်းခိုရိပ်သာသည် ပို၍ပို၍ စည်ကားတိုးတက်လာခဲ့ခြင်း ဖြစ်တော့သည်။

မြို့လယ်တွင် တိုက်နယ်ဆေးရုံ၊ မူလတန်းကျောင်း၊ ရဲစခန်း စသည်တို့ ထားရှိသည်။

မကျယ်ဝန်းလှသော မြို့ကွက်အတွင်းမှာ စည်ကားနေသော် လည်း…

မြို့ပြင်ဘက်၌မူ ယခင်လိုပင် နိမိတ်ဆိုးများက လွှမ်းမိုးဆဲ—

မြို့သူမြို့သားများမှာ နာမည်ကျော် “မိစ္ဆာဂူ”ရှိရာ မြို့၏ အနောက်ဘက်သို့ မည်သည့်အကြောင်းနှင့်မှ မသွားရဲကြ။

အသည်းငယ်သူတို့က အဝေးမှ မြင်ရသော မိစ္ဆာဂူမည်းမည်း ပုံ့ပုံ့ကြီးကို ကြည့်ပင် မကြည့်ရဲကြ။

မိန်းကလေးများကမူ မိစ္ဆာဆိုသည်နှင့် ကြက်သီး ဖြန်းခနဲ ထသွားလောက်အောင် လန့်ကြောက်တတ်ကြသည်။





ဤဂူကလည်း လှို့ဝှက်ချက် အနန္တ၊ ဆန်းကျယ်မှုက ဇရာမဗို့ သူတို့ စိတ်ဝင်စားကြသည်မှာလည်း မဆန်း။

“ဒီ…ဒီမှာ ခင်ဗျာ”

ညှော်လာချိန်ပါးသော နေ့လယ်ခင်းမို့ မြလေးငုံသည် ဟိုသည် ဆွေးရင်း ငေးနေဆဲ။ လူတစ်ယောက်၏ ခေါ်သံကြောင့် လှည့်ကြည့် လိုက်တော့…

“အို”

သူ့ခေါင်းမှာ ဒဏ်ရာနှင့် ဖြစ်သလို စည်းထားသော ပတ်တီးမှ သွေးနီတွေ စိမ့်အိုင် စိုစွတ်ဆဲ…

သူ့ပုံစံက တစ်ကိုယ်လုံး စုတ်ပြတ်ပေတူးလျက် သူ့အမူရာက ဆိတ်ထိတ်ပျာပျာ…

မျက်လုံးတွေက မကြည်လင်သလို ကြည့်ပုံက အားယူနေရသည့် ဟန်မျိုး။

ဤမျက်နှာစိမ်းကို ကြည့်ရသည်မှာ မြလေးငုံတို့ ကြည့်ဖူးသော အမေရိကန်ရုပ်ရှင်ကားထဲမှ သဲကန္တာရအတွင်း၌ အတိဒုက္ခရောက်နေသူ၊ အစာပြတ်ရေငတ် ဖြစ်နေရသော မင်းသားတစ်ယောက်နှင့် ခြားအောင်ပါ။

“ဘယ်က ရောက်လာပါသလဲရှင်၊ ကျွန်မ ဘာကူညီရမလဲ ဟင်”

“ရေ… ရေတစ်ခွက်လောက် အရင်ပေးပါဗျာ…”



www.burmeseclassic.com

www.burmeseclassic.com

မြလေးငုံက သူ့ကောင်တာနောက်ရှိ ရေခဲသေတ္တာတွင်းမှ ရေခဲ
ရေ တစ်ခွက် ယူပေးပြီး...

"ဒီမှာ ထိုင်ပါ၊ နားပါဦးရှင်"

သူက ရေခွက်ကို အငန်းမရ ယူသောက်ရှာသည်။

"ဘယ်က လာခဲ့ပါသလဲရှင်"

သူ့ပုံစံက တည်းခိုရန်လာသော ဧည့်သည်ပုံစံ မပေါက်၍
မြလေးငုံက နှုတ်ဆက်စကားလို ဆိုလိုက်ရသည်။

"ကျွန်တော်... ကျွန်တော် ဘယ်ကလာမှန်း မသိဘူး"

"ရှင်"

"ကျွန်တော် ဖြတ်ခဲ့တဲ့ နေရာတွေကို ကျွန်တော်မသိဘူး"

"ဘယ်ဘက်က လာလို့လဲ"

"ဟို... အနောက်ဘူးဘူးက"

"အို... အဲ့ဒီဘက်မှာ လူသွားလမ်းနဲ့ ကားလမ်းမှ မရှိတာ
ကျောက်ဂူကြီးတွေကြားက လျှိုလမ်းတွေပဲရှိတာ"

"အစစ်ပေါ့ဗျာ၊ ဂူတွေကြားက ဖြတ်ခဲ့ရတာ၊ ကြောက်စရာ
ကောင်းလိုက်တာမှ ရှုးသွားမတတ်ဘဲ"

"ဟင်... အဲဒီကို ရောက်သွားရအောင် ဘာ[illegible]နေ လာလို့လဲ"

"ကျွန်တော်မသိဘူး"

"ရှင်"

"ကျွန်တော် သိတာ၊ ကျွန်တော် မြင်ရတာ လူတွေ အတုန်းအရုံး
လဲနေကြတယ်။ သွေးတွေက မြင်မကောင်းဘူး"





"အို"

"သံလမ်းပေါ်မှာလည်း အလောင်းတွေ ထပ်လို့ဗျာ၊ ကျွန်တော်
သတိလည်းရရော အဲဒါတွေမြင်တော့ ကြောက်အားလန့်အားနဲ့ စွပ်ပြေး
လာတာ၊ ဘယ်တွေရောက်ကုန်မှန်းကို မသိတော့ပါဘူး"

ယခုချိန်ထိ သူ့အသံရော၊ သူ့တစ်ကိုယ်လုံးပါ တုန်တုန်
သင်ယင် ဖြစ်နေရှာတုန်းပင်။

"ရှင့်ခေါင်းက ဒဏ်ရာကရော"

"အဲဒါလည်း ဘာဖြစ်မှန်းမသိဘူး၊ ညရောက်မှ နာလို့ စမ်းလိုက်
တော့ သွေးတွေ တွေ့တာနဲ့ အင်္ကျီလက်ကိုဖြဲပြီး စည်းထားလိုက်တာ"

မြလေးငုံက သူ့ကို အသေအချာ စိုက်ကြည့်ပြီးမှ သတိရသွား
သလို...

"ရှင် ရထားမှောက်တဲ့အထဲမှာ ပါသွားတယ်နဲ့တူတယ်"

"ဗျာ... ဒီနားမှာ ရထားမှောက်လို့လား"

"ဒီနားတော့ မဟုတ်ဘူး၊ 'ကိုးနဝင်းတောင်ဘူတာ'ကို လွန်းထိုး
အတက်မှာ ရထားတစ်စင်း မှောက်သွားတယ်၊ ဒီကိုလာတဲ့ ရထားပေါ့"

"ကျွန်တော် မသိဘူးဗျာ"

"နေပါဦး၊ အဲဒီရထားမှောက်တာကလည်း ခုဆို ခုနစ်ရက်
လောက် ရှိနေပါပြီ"

"ကျွန်တော်လည်း နေ့ညပေါင်းများစွာ တောထဲမှာ မျက်စိ
လည်နေခဲ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဟုတ်ပါလိမ့်မယ်၊ ကဲ... ဘာပဲ ဖြစ်ခဲ့ဖြစ်ခဲ့လေ... ခဏနားလိုက်ပါဦး၊ ဆေးခန်းလည်း ရှိပါတယ်၊ ညနေမှာ ဆရာဝန် လာပါလိမ့်မယ်၊ အဲဒီတော့မှ ဒဏ်ရာကို ပြကြည့်တာပေါ့နော်"

"ကျေးဇူးပါပဲဗျာ"

"ထိုင်ပါရှင်၊ ပြီးတော့ ဆက်သွယ်ရမယ့်လိပ်စာ ပေးပါ၊ ရှင့်အိမ်မှာ တယ်လီဖုန်း ရှိသလားဟင်"

"အိမ်"

သူက မကြားဖူးသော စကားတစ်ခုကို ရွတ်ဆိုသလို ပြောလိုက်ပြီး...

"အိမ်... အိမ်... အဲဒါကို တစ်ချိန်လုံး ကျွန်တော် စဉ်းစားလာခဲ့တာပါဗျာ"

"ကျွန်တော်လေ ဘယ်ကလာမှန်းလည်း မသိဘူး၊ ဘယ်ကို သွားရမှန်းလည်း မသိဘူး၊ အိုဗျာ၊ နောက်ဆုံး ကျွန်တော့်ကိုယ်ကျွန်တော်လည်း ဘယ်သူမှန်း မသိဘူး"

"ရှင်"

သူ့စကားနှင့် သူ့ပုံစံကိုကြည့်ပြီး မြလေးငုံပင် ရှုံချင်စိတ်ပေါက်သွားတော့သည်။

ခရီးပမ်းခဲ့သော ဒဏ်၊ စိတ်သောက ဒဏ်နှင့် ခေါင်းမှ သွေးယိုစီးနေသော ဒဏ်ရာများကြောင့် ဤမျက်နှာစိမ်း ညှိုသည်မှာ လူတစ်ယောက်၏ ပုံမှန်အနေအထားမှာ မရှိတော့။





"ကဲပါလေ...ဒီနေရာမှာ ခဏနားပါ၊ စားစရာတစ်ခုခု စီ စဉ်ပေးပါမယ်။ ပြီးတော့ အဖျားမရှိရင် ရေချိုးလိုက်ပါလား"

"ကျွန်တော် ဖျားနေပါတယ်"

"ဒါဆိုလည်း ဆေးခန်းထဲလာပါ၊ လှဲနေလိုက်ပေါ့။

ညနေ ဆရာဝန်လာတော့ ပြကြည့်တာပေါ့နော်...၊ ပြီးတော့ ရှင် ရောက်လာကြောင်းလည်း ကျွန်မရဲ့ဦးလေးကို ကျွန်မ ပြောပြရပါဦးမယ်"

မြလေးငုံက ဦးဆောင်သွားသည့် နောက်သို့ သူ တုန်ချိယိုင်နဲ့စွာ လိုက်လာခဲ့၏။

ဖြူဖွေးသန့်ပြန့်နေသော ခုတင်ပေါ်မှာ ချေးလက်လေးသစ်တက်နေသော သူ့ခြေထောက်နှင့် တက်နင်းပြီးနောက် ညစ်ပတ်နေသော ကိုယ်ခန္ဓာကိုယ်ကြီးနှင့်ပင် အားရပါးရ လှဲအိပ်လိုက်တော့သည်။

"ခံစားမှုမဲ့သော သူတစ်ယောက်"လို သူက ကြောင်စီစီနှင့် တစ်ခန်းလုံးသို့ လျှောက်ငေးကြည့်နေတော့သည်။

မြလေးငုံက အပြင်ထွက်လာပြီး အပေါ်ဆုံးထပ်သို့ စကားပြောနိုင်သည့် အင်တာနယ်ဖုန်းခလုတ်ကို နှိပ်၍...

"ဦးလေးနဲ့ စကားပြောပါရစေ"

"ဦးပိုင်သ ဘဏ်သွားတာ ပြန်မလာသေးပါဘူး မြလေးငုံ"

ဦးပိုင်သ၏ အတွင်းရေးမှူး **'ကိုသက်မော်'**၏ တုံ့ပြန်စကားကြောင့် မြလေးငုံ စိတ်ညစ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီလူကို ငါနေရာပေးထားတာ ဦးလေးက ကြိုက်မှ ကြိုက်ပါ့မလား မသိဘူး"

မြလေးငုံ တွေးရင်း ဘားခန်းမသို့ ဆက်သွယ်နိုင်သည့် တယ်လီဖုန်းခလုတ်ကို ဖိနှိပ်ထားပြီး...

"ညီမင်းညိုကို ခဏခေါ်ပေးပါ"

"ခဏလေးနော်...မမြလေးငုံ"

ခရမ်းပြာ တည်းခိုရိပ်သာ၏ မန်နေဂျာ **'ကိုငြိမ်းအောင်'**က ပြန်ကြားပြီး ခဏအကြာတွင်...

"မမငုံ"

"အလုပ်များနေလား အညို"

"ပြီးခါနီးပါပြီ၊ မမငုံဆီကို အညိုလာတော့မလို့"

"အေး... ဒါဆိုလည်း အလုပ်ပြီးရင် လာခဲ့စမ်း အညို"

"အခု လာခဲ့ရမလား"

"ပြီးခါနီးပြီဆိုရင်တော့ ပြီးအောင်လုပ်လိုက်ဦးလေ အညို၊ ဒါပဲနော်"

ခလုတ်ကို ဖွင့်လွှတ်လိုက်ပြီး ဆေးခန်းရှိရာသို့ လျှောက်လာကြည့်လိုက်တော့...

"အင်း... တော်ပါသေးရဲ့၊ အိပ်ပျော်နေပြီ"

ဟောက်သံများပင်ထွက်ကာ နှစ်ခြိုက်စွာ အိပ်ပျော်နေသော သူစိမ်းကို မြလေးငုံ ခုမှ အသေအချာကြည့်မိသည်။





ညစ်ပတ်ရင့်အိုနေသော သူ့မျက်နှာကို အနီးကပ်ကြည့်တော့ အသက်အစိတ်လောက်သာ ရှိဦးမည့်အရွယ်၊ စစ်ရောင်ဂျာကင်အကျီ ပွပွကြီးက စုတ်ပြဲဖာညစ်ထပ်နေပြီး ဂျင်းဘောင်းဘီကလည်း အပြာရောင်ပင် မပေါ်တော့။ သူ့ဖိနပ်ကို ကြည့်ရခြင်းအားဖြင့် ခရီးကြမ်းမှ ရောက်လာသူဟု သိသာနိုင်ပါ၏။

ထိုစဉ် အပြင်မှခေါ်သော တယ်လီဖုန်းခေါင်းလောင်းသံ မြည်လာ၍ မြလေးငုံ ပြေးထူးလိုက်တော့...

"ဦးလေးပါ မြလေးငုံ"

"ဩော်... ဦးလေး"

"အေး... ဘဏ်ကိစ္စတော့ ပြီးပြီ၊ တို့ဟိုတယ်ကို အသားကန်ထရိုက် သွင်းတဲ့သူနဲ့ စကားပြောစရာကိစ္စလေး ပေါ်လာလို့ ဦးလေး သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့..."

"အခု နေ့လယ် ၂ နာရီကျရင် ဆေးတိုက်ပေးစမ်းပါ"

"ဟုတ်ကဲ့ပါဦးလေး"

"စားပွဲပေါ်မှာ စက္ကူနဲ့ ထုပ်ထားတဲ့ ဆေးနှစ်လုံးရှိတယ်၊ အဲဒါ တိုက်လိုက်ရုံပဲ"

"ဟုတ်ကဲ့ပါ ဦးလေး"

"မြလေးငုံ"

"ရှင်..."

"သတိလည်းထားဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ဦးလေး"

"ကဲ...ဒါပဲ"

"ဩော်... ခဏလေး ဦးလေး"

"ပြော"

"လူစိမ်းတစ်ယောက် ရောက်လာတယ်.............."

မြလေးငုံက အကျဉ်းရုန်းပြီး ပြောပြလိုက်သည့်အခါ ဦးပိုင်သက တစ်ချက် ငြိမ်သွားပြီးမှ...

"ဘယ်အရွယ်လောက်လဲ"

"အစိတ်လောက်"

"ထားလိုက်လေ၊ ဦးလေးပြန်လာတော့မှ ကြည့်လုပ်တာပေါ့၊ ဆေးတက်တိုက်ရင် တစ်ယောက်ယောက် အစောင့်ချထားခဲ့၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဦးလေး"

"ကဲ...ဒါပဲ၊ ဦးလေး ညနေပိုင်းလောက်မှ ပြန်ရောက်နိုင်မယ်"

"ဟုတ်ကဲ့ဦးလေး၊ စိတ်ချ"

တယ်လီဖုန်းချပြီး ပြန်လှည့်လိုက်တော့ အညိုက ကောင်တာပေါ်မှာ လက်ထောက်လျက် မြလေးငုံကို ပြုံးကြည့်ကြိုဆိုနေသည်။

"အလုပ်ပြီးခဲ့ပြီလား အညို"

"ဟုတ်ကဲ့ မမငုံ"

"အညိုလည်းကွယ် မတန်မရာအလုပ်တွေလုပ်ပြီး သက်သက်လာအပင်ပန်းခံနေတာပဲ"





"အညို့အကြောင်း မမငုံကို အစုံပြောပြပြီးပြီပဲဗျာ။ မမငုံနဲ့နေချင်လို့ တမင်လိုက်လာပါတယ်ဆိုမှ၊ ဘာအလုပ်ပဲ လုပ်ရလုပ်ရပေါ့ဗျ"

"ကဲပါ...ထားစမ်းပါ၊ ဒီမှာ..."

"အင်း"

"ဆေးခန်းထဲမှာ လူတစ်ယောက်ရောက်နေတယ်၊ အဲဒါ အခြေနေသွားကြည့်စမ်း အညို"

"ဘာလဲ၊ မမငုံရဲ့ လူလား"

"ဟာ... ဒီကောင်လေးကလည်း၊ တွေ့ရာလူနဲ့ ပေးစားနေတော့တာပဲ၊ သွားကြည့်ချည်၊ သူ ဘာလုပ်နေလဲ၊ ချက်ချင်း ပြန်လာပြောလှည့်နော်၊ မမငုံ အပေါ်ဆုံးထပ် သွားစရာရှိတယ်"

"ဘာသွားလုပ်မှာလဲ"

"ဦးလေးခိုင်းလို့"

"ကြောက်စရာကြီးဗျာ... အဲဒီဟာကြီးနား မသွားနဲ့နော်"

"အဲဒါကြီးကိုပဲ ဆေးသွားတိုက်ရမှာ"

"အညိုပါ လိုက်ခဲ့မယ်"

"ဘယ်လိုက်လို့ ဖြစ်မှာလဲ၊ သူတို့အပေါ်ထပ်ကို လူစိမ်းဘက်တာမှ မကြိုက်တာ၊ ကဲပါ...မမငုံ ပြောတဲ့ လူကို သွားကြည့်စမ်းပါ"

"ရောဂါပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



အညိုက ကလေးစိတ် မကုန်တတ်သေး။ ဆေးခန်းသို့ သွားရသည့် လမ်းပေါ်မှ ကာရံထားသော လက်ကိုင်တန်း နီမွဲနီမွဲလေးကို ကွေ့မဆင်း၊ လွှားကျော်ပြီး ခုန်ဆင်းသွားသည်။

"သြော်... အညိုရဲ့ယ်"

သူ ငယ်စဉ်က နေခဲ့ရသော စက်သူဌေးလင် မယား၏ တစ်ဦးတည်းသော သားလေးဘဝနှင့် ယခုလို တည်းခိုရိပ်သာ၏ သန့်ရှင်းရေး အလုပ်သမားလေးဘဝက ကွာခြားလွန်းလှပါဘိကွယ်။

မိခင်ထံမှ ထွက်ပြေးလာခဲ့သော ညီမင်းညိုကို ဆီးကြိုလက်ခံကာ ခိုလှုံခွင့် ပေးခဲ့ပါသော်လည်း...

ဦးပိုင်သမှာ စည်းစနစ်ကြီးလွန်းသူတစ်ယောက်ဖြစ်၍ အညိုတောင်းဆိုသော...

"ဘာပဲ လုပ်ရ လုပ်ရ"

ဆိုသည့်အတိုင်း အရက်နှင့် အဖျော်ယမကာရောင်းသော ရွှေရည်ဦး ခန်းမ၏ သန့်ရှင်းရေးသမားလေးအဖြစ် ခန့်အပ်ထားလိုက်တော့သည်။

"ဟိုတယ်တစ်ခုလုံး သူ့အလုပ်နဲ့သူ အံဝင်ခွင်ကျ ဖြစ်နေတာ မြလေးငုံ အသိပဲလေ၊ သူ့ကို အလုပ်ပေးစရာမှ နေရာမရှိတော့ သူကလည်း အလုပ် လုပ်ပါရစေ၊ ဒီတိုင်းနေပြီး ဦးလေးထမင်း မစားပါရစေနဲ့လို့ ပြောလာတယ် မဟုတ်လား၊ ဒါကြောင့် အလုပ်ထုတ်ပစ်လိုက်တဲ့ ကောင်လေးနေရာကိုပဲ ခန့်ရမှာပဲ"





ညနေ လေးနာရီတွင် စတင်ဖွင့်လှစ်သည့် ဘားခန်းမကြီးတစ်ခုလုံး၏ သန့်ရှင်းရေးကို အညိုက တာဝန်ယူရရှာသည်။

တံမြက်စည်းလှဲရသည်။ ခုံခင်းလဲရသည်။ ကုလားထိုင်များ နေသားတကျဖြစ်အောင် ထားရသည်။ စားပွဲတိုင်း ပန်းအိုးတင်ပြီး ဒိန်းကတ်ပြားကအစ သပ်သပ်ရပ်ရပ်ဖြစ်အောင် ထားပေးရသည့် ဆယ်ယျာဝစ္စ အလုပ်များကို အညိုသည် နေ့ခင်းတစ်ပိုင်းလုံး လုပ်ရရှာပါ၏။

မြလေးငုံသည်သာ အညို့အဖြစ်ကို ရင်နှင့် တနင့် ရှိနေရပါသော်လည်း အညိုသည်မူ တက်ကြွပျော်ရွှင်စွာ တာဝန်ကြေအောင် လုပ်ဆောင်နေရှာပါသည်။

"မမငုံ"

အညိုက ဖျတ်လတ်စွာ အနားသို့ ပြန်ရောက်လာပြီး...

"ခလောနေတယ်"

အိပ်နေသည်ကို သူ ရည်ညွှန်း၏။

"အေး... သူ့ကိုလည်း မကြာမကြာ သွားကြည့်၊ ဒီနေရာမှာလည်း တယ်လီဖုန်းစောင့်နားထောင် လိုက်ဦးနော်။ မမိုးပွင့် ထမင်းစားပြန်တာ ပြန်မရောက်သေးဘူး"

"ဟုတ်ကဲ့ပါ ခင်ဗျ"

"မမငုံ အပေါ်သွားလိုက်ဦးမယ်၊ သိလား"

မြလေးငုံက လက်မနာရီကို ငုံ့ကြည့်ပြီး သူ့ကောင်တာရှေ့သို့ ထွက်သည်နှင့်...



www.burmeseclassic.com

www.burmeseclassic.com



"အညိုလည်း အပေါ်ဆုံးထပ် လိုက်ခဲ့မယ်ဗျာ"

"ဩော်... ခက်ပါလား၊ တယ်လီဖုန်းစောင့်၊ ဟိုလူကိုကြည့်ပြီး နေခဲ့ပါဆိုမှ"

မြလေးငုံက ထုံးစံအတိုင်း ခပ်ဟောက်ဟောက်၊ ညီမင်းညို ကလည်း ထုံးစံအတိုင်း ခပ်ချွဲချွဲနှင့် ကျန်ရစ်တော့သည်။

ဓာတ်လှေကားရှိသော်လည်း မြလေးငုံ မသုံးပါ။

ဦးပိုင်သက သုံးခွင့်ပေးထားသော်လည်း ဇွည့်ကြို စာရေးမ ဆိုသော ကိုယ့်ဘဝ ကိုယ်သိသူမို့ အခွင့်ရေးရတိုင်း မြလေးငုံ အခွင့်ရေး မယူပါ။

အောက်ဆုံးထပ်တွင် ဇွည့်ကြိုခန်း၊ ဆေးခန်း၊ ဘားနှင့် စားသောက်ခန်းများ ထားရှိပြီး...

ပထမထပ်နှင့် ဒုတိယထပ် နှစ်ထပ်လုံး အပြည့် တည်းခို အိပ်စက်ရန် အခန်းများဖွဲ့ထားသည်။

တတိယထပ်မှာတော့ ဦးပိုင်သတို့မိသားစု နေထိုင်ကြသော ခန့်ညားကျယ်ဝန်းလွန်းသည့် အထပ်ပါ။

ထိုအထပ်၏ အထက်တွင် ထက်ဝက်နောက်ဆုတ်၍ ဆောက် ထားသော အထပ်တစ်ထပ် ရှိပါ၏။ ထိုအခန်းထိ ဆိုပါလျှင် အင်္ဂလိပ် အခေါ် Fourth Floor မြန်မာလို ရည်တွက်လျှင် ငါးထပ်မြောက်ပါ။

ထိုအခန်းတွင် သံတိုင်များ အခိုင်အမာ စိုက်ထူကာရံ၍...

"ဒေါ်ပိုးအိမ်ကို ထားရှိသည်"





လွန်ခဲ့သော သုံးနှစ်ကျော် ကာလက သူ၏ တစ်ဦးတည်းသော သား သူရိန်ပိုင်၏ မျက်နှာနှင့် အရိုးစု ကိုယ်ခန္ဓာ အလောင်းကြီးကို မြင်ပြီးကတည်းက...

သွက်သွက်လည်အောင် ရူးသွပ်သွားခဲ့သည်မှာ...

ကြာလေ ဆိုးလေ...

နေမြင့်လေ အရူးရင့်လေမို့ ယခုအချိန်တွင် ဒေါ်ပိုးအိမ်မှာ ဘာဆိုဘာမှ မသိရှာတော့။ သူ့ခင်ပွန်းနှင့် သူ့သမီးကိုလည်း မသိတော့ ပါချေ။

လူ့လောကတွင် လူသားတစ်ယောက် အဖြစ်နှင့် ရပ်တည်နိုင် စွမ်းသော အသိဉာဏ်အားလုံး ဆုံးရှုံးခဲ့ရှာလေပြီ။

နှစ်သောင်းမျှသော ငွေအတွက် ဥစ္စာချောက်မိခဲ့သည်။

ဤငွေကြေးကို သက်သာစေအောင်၊ မပေးရအောင် ကြံဆောင် ခဲ့သော လောဘစိတ်သည်...

သားကိုလည်း မရှုမလှ သေဆုံးစေခဲ့သည်။

သူကိုယ်တိုင်လည်း ဘာကိုမှ မသုံးမစွဲ၊ မစားမသောက်ရပါဘဲ နှင့် သွက်သွက်လည်အောင် ရူးသွပ်နေရှာသော မိန်းမကြီးတစ်ဦး အဖြစ်နှင့် သံလှောင်အိမ်တွင်းမှာ ရှိနေရရှာလေပြီတည်း။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"ကြီးကြီး... ကြီးကြီးပိုးအိမ်"

ကျောပေးအနေအထားနှင့် ထိုင်နေသည်။ လုံးဝ လှည့်မကြည့်

အပေါ်ထပ် တစ်ထပ်လုံး မှောင်နေသည်။ ပြင်ပ အလင်းရောင်ကို မကြည့်နိုင်။ ပြတင်းတံခါး ပွင့်သည်နှင့် ကျုံးအော်သည်ဟု ဆိုသည်။

ဦးပိုင်သကိုယ်တိုင် အလင်းရောင်ဝင်သော မှန်တံခါးများကို အနက်ရောင် ပိတ်အထူကန့်လန့်ကာကြီးများနှင့် လိုက်လံပိတ်ဆည်းခဲ့ရသည်ဟု ဆိုပါ၏။

ဤအပေါ်ထပ်သို့ တတိယအကြိမ်မြောက် မြလေးငုံ ရောက်ဖူးခြင်းပါ။

ပထမအကြိမ်က ဦးပိုင်သနှင့် ဒုတိယအကြိမ်က **"စန္ဒာပိုင်တို့ စနီးမောင်နှံ"** နှင့်...

တစ်ယောက်တည်း လာရသည်က ယခုတစ်ခေါက်တည်းသာ...

အပေါ်ထပ်သို့ ဝင်ကတည်းက ချဉ်တူးတူးအောက်သိုးသိုး အနံ့ဆိုးကို အရင်ရသည်။ လေကောင်းလေသန့် ဝင်ခွင့်မရသည့်အပြင်





သန့်ရှင်းမှု လုံးဝလုပ်ခွင့်မရသော ဒေါ်ပိုးအိမ်၏ ကိုယ်နံ့နှင့် စားကြွင်းစားကျန်အနံ့တို့က လွှမ်းဝေ့နေလေသည်။

"ကြီးကြီးဒေါ်ပိုးအိမ်... ကြီးကြီးဒီမှာ..."

လူတစ်ယောက်၏ ခေါ်သံပါလားဟုလည်း သူ သိမှတ်နိုင်စွမ်းပုံမရ။

သူ့အခန်းတွင်း၌ နီကျင်ကျင်မီးရောင်က အားနည်းစွာ လင်းနေသည်။

ဆံပင်ရှည်ကြီးများက ဖရိုဖရဲ ကျောပေါ်မှာ ပြန့်ကျနေသည်။ ဆံပင်ဖြူနှင့် ဆံပင်နက်တို့က ထက်ဝက်စီလောက် ကျိုးတိုးကျဲတဲဖြစ်နေ၏။

"ဒုက္ခပဲ၊ ကြောက်စရာကြီး၊ ငါ လှည့်ပြန်ရကောင်းမလား"

လက်ထဲမှ ဆေးထုပ်နှင့် ရေခွက်ကို ပြန်ချရန် ကြံရွယ်နေဆဲ...

"အဟီး...အသားလား။ အသားပေး... အသား ပြန်ပေးလေ၊ ဟော... ဟော့..."

"အမယ်လေး"

အော်ဟစ်ပြီး ခုန်ထလာသော အရူးမကြီးကြောင့် မြလေးငုံ လန့်ပြီး နောက်သို့ လန်လဲကျမတတ် လန့်သွားရသည်။

လက်ထဲမှ ရေခွက်လည်း လွှတ်ကျသွားသဖြင့် ရေတို့မှောက်ကျဖိတ်စင်ကုန်လေပြီ။

"ပေးလေ အသား"

"ငါ့သား အသားပေးလေ"



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ပိုးအိမ်၏ ခေါင်းထဲမှာ သည်တစ်ခုသာ ရှိသည်။

တစ်ချိန်က သူ့သား၏ ကိုယ်ခန္ဓာကို မြင်ရသည်မှ စတင်ပြီး-

အသားပြန်ပေး ဆိုသော အော်သံသည် ယနေ့ထက်ထိအောင် ပါ။ စကားလုံးအဖြစ် သူပြောသော အသံလည်း ဤ "အသားပြန်ပေး" တစ်ခုတည်းသာ ဖြစ်လေသည်။

မျက်နှာကလည်း ကြည့်ပါဦး။

ပိန်လှီလွန်းသဖြင့် အရည်များ တွန့်ရှုံ့ချောက်ကပ်နေသည်။ ပါးစပ်ကြီး ဖြဲထားသဖြင့် ဝါကျင်သော သွားကြီးများက အငေါ်သား။

နဂိုက မျက်လုံးဝိုင်းဝိုင်းပြူးပြူးမို့ ပိန်သွားသည့်အခါ မျက်လုံးသာ ကျန်တော့သလို တစ်မျက်နှာလုံး အထင်ရှားဆုံးက မျက်လုံးပြူးပြူးဝိုင်းဝိုင်းကြီး။

ဘာအသိဉာဏ်မှ မရှိသော သူရူးမကြီးမို့ သူ့မျက်လုံးပြူးပြူးကြီးက ဝိုင်းဝိုင်းလည်နေသည်။

"အသားပေးတဲ့"

"အို"

သံတိုင်များကြားမှ လက်သည်းရှည်များနှင့် သူ့လက်ကြီးတဘက်က ရုတ်တရက် ထွက်လာသဖြင့် မြလေးငုံ နောက်သို့ ဆုတ်လိုက်ပြီး...

"အို...မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဒီမိန်းမကြီးနဲ့ ငါ ကြာကြာမနေရဲဘူး"





မြလေးငုံမှာ ကြောက်စိတ်များကြောင့် လှည့်ပြန်ရန် ဆုံးဖြတ်လိုက်၏။

"ဆေးတိုက်တာ မသောက်ဘူး၊ ရေခွက်ပါ ပုတ်ချလိုက်တယ်လို့ ပြောမယ်၊ ဒီရေခွက်လည်း ကောက်မနေတော့ဘူး"

ယင်းဆုံးဖြတ်ချက်များနှင့်အတူ မြလေးငုံသည် အောက်ထပ်သို့ ပြန်ဆင်းရန် တံခါးလက်ကိုင်ကို လှည့်လိုက်တော့...

"ဟင်... ဘာဖြစ်တာလဲ"

အလွယ်တကူ လှည့်ဖွင့်၍ရနိုင်သော တံခါးလက်ကိုင်သည် ကြပ်၍နေသဖြင့် ထပ်လှည့်တော့လည်း မရ။

"အို... သော့ကျသွားပါလား၊ ဖွင့်မရတော့ဘူး၊ ဘယ်လိုဖြစ်သွားရတာလဲ"

မြလေးငုံက အားနှင့်ဖိ၍ ပွင့်အောင်ကြိုးစားနေဆဲ...

**"ဟိတ်"**

အသံနက်ကြီးနှင့် စူးစူးဝါးဝါး အော်သံကြောင့် လှည့်ကြည့်လိုက်တော့...

"ဟာ"

သံတိုင်များသည် ဒေါ်ပိုးအိမ်၏ အရှေ့ဘက်မှာ ရှိရမည့်အစား သူ၏ အနောက်ဘက်မှာ ရှိနေလေသည်။

"ဘုရား... ဘုရား... သူ... သူ"

အမှန်ပါပဲ၊ သူ သံတိုင်များအပြင်သို့ ရောက်နေလေပြီ။

"ဟေး... ငါ့အသားပေး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အသားပေးတဲ့"

"အို... အို၊ မဟုတ်ဘူး... မဟုတ်ဘူး၊ ကျ... ကျွန်မ"

မြလေးငုံ ခြေစုံရပ်ပြီး လက်ကလေး ကာယမ်း၍ ပြောနေသည်နေရာသို့ သူတဟုန်ထိုး စွပ်ပြေးလာ၍...

"အား... အမယ်လေး၊ သွား... သွား"

မြလေးငုံက ရှောင်တိမ်းပြီး အခန်းတွင်းမှာ ပတ်ပြေးနေရတော့သည်။

သေမင်းနှင့် စစ်ခင်းရသည်ဆိုသည့် စကားအတိုင်းပင် မြလေးငုံမှာ ဤအရူးမကြီးလက်မှ လွတ်အောင် မပြေးနိုင်လျှင် တွေးဝံ့စရာမရှိတော့။

"အား... အား"

တံခါးဆီသို့ ပြန်ပြေးပြီး အင်အားရှိသမျှ တွန်းဖွင့်ရင်း...

"အမယ်လေး... လာကြပါ၊ ကယ်ကြပါ"

ဖွင့်မရသည့်အဆုံး တံခါးကို ကိုယ်နှင့်တိုက်၊ လက်နှင့်ထုပြီး အသံကုန် ကျူးအော်ဟစ်နေသော မြလေးငုံကို သူ ဖမ်းမိသွားလေပြီ။

"အို...လွှတ်...လွှတ်"

ဖမ်းဆုပ်ထားသော သူ့လက်တွင်းမှ အင်အားနှင့် ဆောင့်ရုန်းပစ်လိုက်ပြီး တဟုန်ထိုး စွပ်ပြေးရာသို့ ဒေါ်ပိုးအိမ်ကလည်း နောက်မှ အင်တိုက်အားတိုက် လိုက်နေတော့သည်။

ပြေးလေ လိုက်လေ၊ မြလေးငုံမှာ အမှောင်ကမ္ဘာတွင်းမှ အင်အားမဲ့ သားကောင်ငယ်လေးတစ်ယောက် ဖြစ်နေရပြီ။





ပြင်ပသည် သူတို့နှင့် သီးခြားလိုဖြစ်နေပြီး... ဤအထပ်တစ်ခုလုံး ပိန်းပိတ်မတတ် မှောင်နေ၍ မြလေးငုံမှာ မမြင်မစမ်းကြားထဲက ကြောက်လန့်တကြား ပြေးနေရာက...

"အား"

"ဝုန်း"

ဆိုသော အော်သံနှင့် လဲကျသံကို တဆက်တည်းလို ကြားရပြီးသည်၏နောက်တွင် မြလေးငုံ ထနိုင်သည့်အင်အား မရှိတော့။

စောစောဆီက သူ ဖိတ်ကျခဲ့သော ရေခွက်ကို နင်းမိ၍ မြလေးငုံချော်အလဲ...

ဒေါ်ပိုးအိမ်က မြလေးငုံ၏ ကိုယ်ပေါ်သို့ တမင်သက်သက်ဆပ်လျက် လှဲချလိုက်ပြီးနောက်...

"အား...အား...လွှတ်...လွှတ်"

ကြောက်လန့်လွန်းသော စိတ်ကြောင့် အသံများ မပီသတော့။

အင်အားရှိသမျှ ရုန်းကန်ပါသော်လည်း လက်ရှိအင်အားထက်နှစ်ဆကြီးမားသော အရူးတို့၏ အင်အားဖြင့် မြလေးငုံ၏ ကိုယ်ပေါ်မှ ခွစီးလျက်...

"အမယ်လေး"

မျက်လုံးကြီး အပြူးသားနှင့် အနီးကပ် စိုက်ကြည့်လိုက်ပြီး သူ၏ သန်မာသော လက်သည်းရှည် လက်ကြီးများနှင့် မြလေးငုံ၏ လည်ပင်းကို ညှစ်သတ်နေချိန်မှာ...



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ခြင်း၊ လန့်ခြင်း၊ အသက်ရှူကြပ်ခြင်း၊ နာကျင်ခြင်းစသော ဝေဒနာပေါင်းစုံဖြင့် သတိလစ်အံ့ဆဲဆဲ၊ သေအံ့မူးမူးအချိန်မှာ—

"အ...အ...အို"

သူ့လက်က ဖြေလွှတ်သွားသည်။

ကိုယ်ပေါ်၌ ပိလေးနေသော ဒေါ်ပိုးအိမ်၏ ခန္ဓာကိုယ်မှာ လွင့်စင် လန်ကျသွားတော့သည်။

"လွှတ်ပြီ"

ဆိုသော အသိကြောင့် မြလေးငုံ ကျုံးထပြီး ထွက်ပြေးမည် လုပ်တော့...

"မြလေးငုံ မပြေးနဲ့"

အောင်မြင်သော အမိန့်သံကြောင့် ခြေလှမ်းတုန့်ပြီး လှည့်ကြည့်လိုက်တော့...

"ဟင်...ရှင်...ရှင်..."

"မကြောက်နဲ့ မြလေးငုံ၊ သူ့ကို မိထားပြီ"

မြလေးငုံမှာ လည်ပင်းကို ကိုင်လျက် မျက်လုံးအဝိုင်းသားနှင့် တောင့်တောင့်ကြီး ရပ်ကြည့်နေမိချိန်မှာ...

"ဝုန်း"

"ဂျိုင်း"

ဆိုသော အသံများ ဆက်တိုက်လို ကြားလိုက်ရသည်။

ဒေါ်ပိုးအိမ်ကို သူ့အခန်းတွင်းသို့ ချောင့်တွန်းပို့လိုက်သံနှင့်





ငြင့်နေသော သံတံခါးကြီးကြီးကို ဆွဲပိတ်ပြီး သော့ခတ်လိုက်သံတို့ ဖြစ်လေသည်။

"မကြောက်နဲ့ မြလေးငုံ၊ သူတစ်နာရီလောက် ကောင်းကောင်း အိပ်နေမှာပါ၊ မေ့ဆေးနည်းနည်း ရှူခိုင်းလိုက်တယ်လေ"

ဇက်ပိုးကို အုပ်ထည့်လိုက်ခြင်းဖြစ်ပါ၏။

"ခဏလေး၊ ဒါတွေ နေသားတကျဖြစ်အောင် လုပ်လိုက်ဦးမယ်"

သူက မှောက်ကျနေသောခွက်ကို ကောက်၍ နေရာမှာ ပြန်ထားသည်။ ရေကွက်ကို သုတ်လိုက်သေးသည်။ မြလေးငုံ ဆွဲသဖြင့် ရွှေ့ပွင့်နေသော ကန့်လန့်ကာ နက်ကြီးကို ဆွဲဆန့်ပြီး...

"ကဲ... အားလုံး နေသားတကျဖြစ်ပြီ၊ လာ... ဒီဘေးဘက်က ကြောင်လိန်လှေကားက ဆင်းကြမယ်"

သူသည် ခေတ် ရွက်ဖွယ်များကို ဆက်တိုက်လုပ်ပြီး ခပ်တိုးတိုးနှင့် ခပ်မြန်မြန် စကားများကို ပြောကြားလျက် မြလေးငုံကို ဆွဲခေါ်လာတော့သည်။

သူ တက်လာရာလမ်းပင် ဖြစ်ပါလိမ့်မည်။ အခန်းထောင့်ချောင်ထဲမှ စတိုခန်းတံခါးကို ကျင်လည်စွာဖွင့်ပြီး ကြောင်လိန်လှေကားမှ အပြေးဆင်းလာကြဆဲမှာပင် မြလေးငုံမှာ မနေနိုင်တော့ပါဘဲနှင့်...

"ရှင်...ရှင် စောစောကရောက်လာတဲ့ ဒေါက်တာနဲ့လူပါနော်"

"ဟုတ်ပါတယ် မြလေးငုံ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မရဲ့ဒုက္ခကို ရှင် ဘယ်လိုလုပ်ပြီး သိလဲရှင်၊ ကျေးဇူးတင်လိုက်တာ၊ ရှင်သာ မကယ်ရင် ကျွန်မသေပြီ"

"လာ...လာ...အောက်ရောက်မှပြော၊ အန္တရာယ်တွေ ဝိုင်းနေတယ် မြလေးငုံ"

သူ ဦးဆောင်ခေါ်သွားသည့်နောက်မှ ဆင်းလိုက်ခဲ့ပြီး ကားဂိုထောင်အကွယ်သို့ ရောက်လေမှ...

"မြလေးငုံ၊ ညီမင်းညိုကို ပြောနေတာတွေ ကျွန်တော် ကြားရတယ်၊ မြလေးငုံ အပေါ်မတက်ခင်မှာ မြလေးငုံကို သတ်ပစ်ဖို့ ကြံစည်နေကြပြီလို့ ကျွန်တော်ရိပ်မိတာနဲ့ ပြေးတက်လာခဲ့တာ"

"ရှင်...ကျွန်မကို...ကျွန်မကို ဘာကြောင့် သတ်မှာလဲရှင်၊ ဟင်..."

"မြလေးငုံကိုသတ်ဖို့ ကြံစည်တယ်ဆိုတာသာ သိတယ်၊ ဘာကြောင့် သတ်ချင်တယ်၊ ဘယ်သူက သတ်ချင်တယ်ဆိုတာ ကျွန်တော် မသိသေးဘူး"

"ဒါတွေနဲ့ထပ်တူ ကျွန်မသ ၂င်တာ တစ်ခုရှိပါတယ်၊ အဲဒါ သိပါရစေရှင်။ ရှင်ဟာ ဘယ်သူလဲဟင်"

"ဒီ ခရမ်းပြာက တစ်ယောက်ယောက်နဲ့ စာရင်းရှင်းဖို့ ရောက်လာတဲ့ လူတစ်ယောက်လို့သာ မှတ်ထားပါဦး"

"အို... ဘယ်... ဘယ်သူ့ကိုလဲ ဟင်"

"ရှူး... လူသံတွေကြားတယ်၊ ဒီဘက်ကို လာနေကြပြီ၊ ဒီမှာ ကျွန်တော်ပြောတာ သေသေချာချာနားထောင်"





"ဟုတ်...ဟုတ်ကဲ့"

"ကောင်တာမှာ ဟန်မပျက် ပြန်နေပါ၊ ဆေးတိုက်ပြီးပြီလို့ ပြောလိုက်ပါ၊ အခု အဖြစ်ပျက်ကို ဘယ်သူ့ဆို ဘယ်သူ့မှ မပြောနဲ့၊ ကြားလား"

"ဟုတ်ကဲ့ပါရှင်"

"ကဲ...စောစောကပုံစံအတိုင်း ပြန်နေကြမယ်၊ မြလေးငုံ သွားတော့"

"ဟို... ကျွန်မ"

"သွားတော့လေ...သွားတော့၊ လာနေကြပြီ"

သူ့အမိန့်ကြောင့် ကားဂိုဒေါင်နောက်ဘက်မှပင် လှည့်ကာ နောက်ဖေးခန်းများမှတစ်ဆင့် သူ့အလုပ်စားပွဲရှိရာသို့ ပြေးလာခဲ့ရတော့သည်။

မျက်စိ မျက်နှာပျက်လျက် ဖရိုဖရဲ ဖြစ်လာသော မြလေးငုံကို ကြည့်ကာ...

"ဟင်...မမငုံ...မမငုံ၊ ဘာဖြစ်လာလဲဟင်"

"ဘာ...ဘာမှ မဖြစ်ဘူး အညို၊ ဟန်မပျက်နေစမ်း"

ဆံပင်များကို သပ်တင် အကျီမျိုးကို ဆွဲစန့်လုပ်ရင်းက...

"ဆေးခန်း...ဆေးခန်းကို သွားကြည့်စမ်း"

အညို သွားမည်ပြုတော့...

"အို...နေ...နေ...မမငုံပဲ သွားကြည့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မြလေးငုံမှာ ဆေးခန်းရှိရာသို့ ခပ်သွက်သွက် လျှောက်လာပြီး ကြည့်လိုက်တော့…

“အို…သူ”

စောစောဆီက ပုံစံအတိုင်းပင် သူက နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေဟန် ပုံစံဖြင့်…

“အညို စောစောက တစ်ခေါက် လာကြည့်သေးတယ်၊ ဒီအတိုင်းပဲ”

နောက်မှာ အညိုပါလာ၍ မြလေးငုံ သူ့နေရာသို့တိုင် သွား၍ မဖြစ်တော့။

“ဩော်… လျှင်မြန်လိုက်ပါတဲ့ သူရယ်”

“ဆယ်မိနစ် မပြည့်မီအချိန်မှာ မိန်းကလေးတစ်ယောက်ရဲ့ အသက်ကို ထိုက်ထိုက်တန်တန် ကယ်ပေးရှာတယ်”

“မြလေးငုံလေ…ဘာပဲဖြစ်ဖြစ်၊ ဘယ်သူနဲ့ပဲ ဖြိုင်ဖြိုင် ရှင့်ဘက် ကပဲ ရပ်တည်ပေးပါ့မယ်”

“စိတ်ချပါနော်”

◆ ◆ ◆



“မမငုံ”

“ဟင်…”

“ဒီညနေ မမငုံ အော့(ဖ်)နော်”

“အေး”

“လေးနာရီကစပြီး အားမှာလား”

“ဒါပေါ့”

“ဒါဆို ဟိုနေရာ သွားကြရအောင်”

“ဘယ်နေရာလဲ အညို”

“မိစ္ဆာဂူကြီးဘက်ကိုပေါ့”

“အမယ်လေး… ကြားရတာတောင် ကြက်သီးထတယ်၊ အေးအေးနေစမ်းပါကွယ်”

“ဒါနဲ့ မမငုံပဲ မကြောက်ဘူးဆို၊ အညိုနဲ့ တစ်နေ့လောက် လျှောက်ကြည့်ရအောင် ဆို”



www.burmeseclassic.com

www.burmeseclassic.com

"ဒါ၊ အရင်တုန်းက ပြောတာ၊ ဒီနေ့တော့ ကြောက်လိုက်တာ အသက်ထွက်မတတ်ပါပဲ"

"ဟင်... မမင့်ကလည်း ဘာမှဖြင့် မတွေ့ရသေးဘဲနဲ့၊ ဘယ်လို ဖြစ်တာလဲ"

"အသာနေစမ်းပါ အညိုရယ်"

"အသာ မနေနိုင်ပါဘူးဗျာ၊ ပြောစမ်းပါ၊ ဘာဖြစ်နေရတာလဲ မျက်စိမျက်နှာတွေလည်းပျက်လို့"

အညိုက တဖွတ်ထိုးသမားလေး...

ပြဿနာ အလုံးစုံကို တင်ပြ၍ မဖြစ်သေး။ စောစောက အသက်ထွက်မတတ် ကြောက်လန့်ခဲ့ရသော အဖြစ်ပျက်ကို အညို့အား ပြောကြားသင့်မသင့် ချင့်ချိန်ရပေဦးမည်။ ဤကိစ္စသည် အပြင်ရန် မဟုတ်။ အတွင်းရေး အရှုပ်အထွေးသာ ဖြစ်ကြောင်း ကြိုတင်သိထား နားလည်မိသော မြလေးငုံ ခဏတော့ ကြိတ်မြိုနေရပေလိမ့်ဦးမည်။

"မမင့်"

"ဟေ..."

တုန်နေသောလက်ကို ထိန်းလျက် စာရင်းရေးနေရင်း ထူးလိုက်တော့၊ အညိုက...

"စောစောကလူဟာ မမင့်နဲ့ တစ်နည်းမဟုတ် တစ်နည်းတော့ ပတ်သက်လိမ့်မယ်ထင်တယ်၊ သူ ရောက်တည်းက မမင့် ဣန္ဒြေ မဆည်နိုင်လောက်အောင် မူပျက်နေတာ အညိုမသိဘဲ နေပါ့မလားဗျ"

"အေး...အေး...သူ့ကို ကြောက်လို့ပေါ့"





"ဘာလို့ ကြောက်ရမှာလဲဗျ၊ အညိုတစ်ယောက်လုံး ရှိနေတာနဲ့"

စိတ်ညစ်ရတဲ့အထဲ ရယ်ချင်မိသေးသည်။ သူ့ကိုယ်သူ အားကိုးစွာ ယောက်ျားကြီးတစ်ယောက်အဖြစ်နှင့် ခံယူနေသော်လည်း သူ့အသက်က ယခုမှ နှစ်ဆယ်ပင် မပြည့်သေး။

"နော် မမင့်၊ ညနေကျရင် မိစ္ဆာဂူနဲ့ "နေမဝင်တောင်" ဘက် သွားရအောင်ပါ"

"အညိုဟာလေ၊ အမြဲပဲ တစ်ခုခု ပူဆာနေရမှ၊ ဟော...ဝမ်းသာလိုက်တာ၊ ဦးလေးကား ဝင်လာပြီ၊ သွားတော့ အညို၊ သွားတော့"

သည်တော့လည်း သုတ်ခနဲ လစ်ပြေးရရှာသည်။ သူ့ ကျရာ ဘာဝန်ချိန်က မပြီးသေးဘူး မဟုတ်လား။

"ဦးပိုင်သ..."

သူသည် ဖိုင်တွဲများ တစ်ထပ်ကြီး ပွေ့ပိုက်လျက် ကားထဲမှ ထွက်လာသည်။

တိုက်ပုံအကျႌ အညို၊ ရှပ်အကျႌအဖြူ၊ ရခိုင်ပုဆိုး မီးခိုးရောင်နှင့် လူကြီးပီသစွာ ဝတ်ဆင်လျက် ဝင်လာသော်လည်း...

"ငါ့ကို သူ့မိန်းမ အရူးမကြီးဆီကို တမင်
လွှတ်လိုက်တာများလား"
"သူ မသွား ်ငတည်းက တံခါးတွေဖွင့်ခဲ့ပြီး
ငါ့ကို အပေါ် သွားခိုင်းတာများလား"



www.burmeseclassic.com

www.burmeseclassic.com

သံသယစိတ်၊ သံသယမျက်ဝန်းများဖြင့် သူ့ကို စောင့်ကြို ကြည့်နေဆဲ၊ ဦးပိုင်သသည် ဟန်ဆောင်ခြင်းဟူသော အမူရာ မြူတစ်မှုန်စာမျှ မကပ်ငြိပါဘဲနှင့်...

"ဆေးတိုက်ပြီးပြီလား မြလေးငုံ"

"ဟုတ်...ဟုတ်ကဲ့"

"ဘယ်နဲ့လဲ၊ ကောင်းကောင်းမွန်မွန် သောက်ရဲ့လား၊ ခိုင်းပြီးမှ မြလေးငုံကို အားနာနေမိတယ်၊ တစ်ခါတလေ အဆင်မပြေဘူးလေ၊ မြလေးငုံကတော့ နားလည်မှုရှိပြီးသားပါလေ"

မြလေးငုံ ဘာမှ မပြောဖြစ်နိုင်မီ သူက ပင်ပန်းနေသည့်ကြားက အားယူ၍ ပြုံးပြီး အပေါ်ထပ်သို့ တက်သွားတော့သည်။

ချောက်ချားဖွယ် အဖြစ်ကြောင့် လှုပ်ရှား... သော စိတ်က စိုးမိုးနေ၍ ကယ်တင်ရှင် မျက်နှာစိမ်း ညွှန့်သည်၏ အကြောင်းကို ဦးပိုင်သအား မပြောဖြစ်လိုက်တော့...

ဘာပဲဖြစ်ဖြစ်၊ ဒီနေ့တော့ ပြောမှဖြစ်လေမည်။ သူပိုင်အဆောက်အအုံအတွင်းမှာ ခိုလှုံခွင့် ပြုမပြုက သူ့ဆုံးဖြတ်ချက်အတိုင်းပဲပေါ့။

ခဏမျှအကြာတွင်...

"မြလေးငုံ"

ယနေ့ ညွှန့်ထွက် ညွှန့်ဝင် စာရင်းကို ငုံ့ရေးနေစဉ် ဦးပိုင်သ၏ ခေါ်သံကြောင့် ဆတ်ခနဲ တုန်သွားရသည်။ ငါးထပ်ပေါ်မှ သည်မျှ မြန်မြန်ဆန်ဆန် ပြန်ဆင်းလာလိမ့်မည်ဟု မမျှော်လင့်မိခဲ့။





"မြလေးငုံ ဆေးတက်တိုက်တုန်းက ဘာများ ထူးထူးခြားခြား ဖြစ်ခဲ့သေးသလဲ ဟင်"

"ရှင်...ဘာ...ဘာဖြစ်လို့လဲဟင်"

"အခန်းထဲမှာ ရန်းယင်းဆန်ခတ် ဖြစ်ထားတဲ့ ပုံသဏ္ဌာန်မျိုး တွေ့ရလို့ ဦးလေး ချက်ချင်း ပြန်ဆင်းလာခဲ့တာ"

"ဟို...ဟို...မြလေးငုံနဲ့တော့ ဘာမှမဖြစ်ပါဘူးရှင်"

"သူ ဆေးရော သောက်ရဲ့လား"

"ဟုတ်ကဲ့"

"ဒါဆို တစ်ယောက်ယောက်များ အခန်းထဲ ဝင်မွှေသွားသလား မသိဘူး"

"ဘာဖြစ်နေလို့လဲဟင်"

"ဘာဖြစ်သွားလဲလို့ စဉ်းစားလို့ကိုမရလို့၊ မပိုးအိမ် အပြင်ကို လွတ်ထွက်လာသလိုပဲ"

"အို"

"လွတ်ရအောင်လည်း သူ့အချုပ်ခန်းကို ခတ်တဲ့သော့က ဦးလေးခါးကြားမှာပဲရှိတာ"

မြလေးငုံမှာ မျက်လုံးအဝိုင်းသားနှင့်သာ ဦးပိုင်သို့ ငေးကြည့်နေမိတော့သည်။

သူ ပြောသည့်အတိုင်းဆိုပါလျှင် ဒေါ်ပိုးအိမ်၏ အချုပ်ခန်းတံခါးကို သူမှတစ်ပါး မည်သူများ ဖွင့်လို့ရနိုင်ပါမလဲ။



www.burmeseclassic.com

www.burmeseclassic.com

"သူကိုယ်တိုင် ဖွင့်ခဲ့ပြီး ငါ့ကို တမင်သွားခိုင်းတာများလား ကွယ်"

"အို...ဖြစ်နိုင်စရာအကြောင်း မရှိပါဘူးလေ"

"ဒေါ်ပိုးအိမ်လက်ချက်နဲ့ ငါအသက်သေသွားအောင် ဖန်တီးလုပ်ကြံစရာ ဘာအကြောင်းမှကို မရှိပါဘူး"

ဘယ်သူက ဒီလိုကြံစည်ထားတာလဲ။

ဘာ့ကြောင့် ငါ့ကို စီရင်ချင်ရတာလဲ။

ဘယ်သူ့လက်ချက်များလဲကွယ်။

"မြလေးငုံ"

ထပ်ဆင့်မေးခွန်းများဖြင့် ဝက်ပါအတွေးမှာ ခြာလည်ဝဲနေဆဲ ဦးပိုင်သ၏ ခေါ်သံကြောင့် လန့်ဖျပ်သွားရသည်။

"မြလေးငုံနဲ့ မပိုးအိမ် တစ်ခုခုများ ဖြစ်ခဲ့ကြသလား"

"ရှင်...ဘာမှမဖြစ်ပါလား ဦးလေး၊ ဘာဖြစ်လို့လဲဟင်"

စိုးရွံ့ ထိတ်လန့်စိတ်များကို ချက်ချင်းဖုံးဖိ၍ ဟန်ဆောင်မှုရာဖြင့် ဘာမှမသိသလို မေးလိုက်ရခြင်းအကြောင်းရင်းက...

"မျက်နှာစိမ်းကယ်တင်ရှင်"

အတွက် အကာအကွယ်ပင် ဖြစ်ပါလေသည်။

အကယ်၍ အဖြစ်မှန်ကို တင်ပြမိခဲ့လျှင် ကယ်တင်ရှင်အတွက် စိုးရိမ်ဖွယ်ဖြစ်မလာနိုင်ဟု မဆိုသာ။





"စာရင်းရှင်းဖို့"ဆိုသော သူ၏ တီးတိုး စကားဝှက်ကလည်း ရှိသေးသည်။

သူ စာ ရင်းရှင်းမည့်သူမှာ ဦးပိုင်သ ကိုယ်တိုင်လား၊ ဒီအိမ်က တစ်စုံတစ်ယောက်လား၊ ဘာကိုမှန်း တွေးတတ်နိုင်စွမ်းအား မြလေးငုံတွင်မရှိ။

လက်ရှိအခြေအနေအရ ကယ်တင်ရှင်ကို ကာကွယ်ပေးရန်သည်သာ အဓိက လိုအပ်ချက်ပါ။

ဦးပိုင်သသည် မြလေးငုံကို လုံးဝဥဿုံ ယုံကြည်စိတ်ချခဲ့ပါသျက် ယခုကိစ္စတွင် သူ့ရင်၌ မတင်မကျ၊ စနောင့်စနင်း ရှိနေပြီဖြစ်ကြောင်း မြလေးငုံ ရိပ်မိပါသည်။

ဤအကြောင်းကို မသိသလိုလုပ်ကာ...

"သြော်...ဦးလေးကို အရေးကြီးတာ ပြောစရာ ရှိပါတယ်"

"ဟင်... ဘာလဲ"

"လူစိမ်းတစ်ယောက် ရောက်နေပါတယ်၊ ဖုန်းဆက်တုန်းက ပြောတဲ့ လူရဲ့ကိစ္စပါ"

"သူ အခု ဘယ်မှာလဲ"

"ဆေးခန်းထဲမှာပါ"

"လာတည်းတဲ့ ဧည့်သည်မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး ဦးလေး၊ မိစ္ဆာဂူရဲ့ အနောက်ဘက်အရပ်က ရောက်လာတာပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"မျက်စိလည်လမ်းမှားပြီး တောထဲမှာ လေးငါးရက် ကြာခဲ့မယ် ထင်ပါတယ်တဲ့၊ သူ့ကိုယ်မှာလည်း ဒဏ်ရာတွေနဲ့၊ ပြီးတော့လေ..."

"အင်း"

"သူ့ကိုယ်သူ ဘယ်သူဘယ်ဝါရယ်လို့ ပြန်စဉ်းစားလို့ မရဘူးတဲ့"

"အင်း...သူ စဉ်းစားလို့မရဘူးဆိုတာ စဉ်းစားစရာပဲ။ ဘယ်သူ့ ကိုမှတော့ သိပ်ပြီး ယုံလို့မရဘူးနော်၊ ကဲ... ဆေးခန်းထဲ သွားကြည့် ကြရအောင်"

ဦးဆောင် လမ်းကြောင်းစကား ပြောကြားသွားသော ဦးပိုင်သ ၏နောက်မှ မြလေးငုံ လိုက်ရတော့သည်။

စောစောကအတိုင်း ပုံမပျက် ပက်လက်အနေအထားနှင့် လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်တွင် ယှက်တင်၍ တခေါခေါနှင့် သူ အိပ်ပျော်နေသည်။

အိပ်ပျော်ချင်ယောင် ဆောင်နေခြင်းလည်း ဖြစ်လေမည်။

ရင်ဘတ်ပေါ်တွင် ယှက်တင်ထားသော သူ၏လက်ဝဲဘက် လက်သူကြွယ်ပေါ်မှ စတီးလက်စွပ်ကို ဦးပိုင်သက တစ်ချက် ကိုင် ကြည့်လိုက်သည်။ မျက်နှာပြင်ပေါ်မှာ အစင်းအရစ်များနှင့် ဘာအမှတ် အသားမှ ထူးထူးခြားခြားမပါရှိသည့် လက်စွပ်ပါ၊ သာမန် လမ်းဘေး တွင် ဝယ်၍ရနိုင်သော စတီးလက်စွပ်တစ်ကွင်းဖြစ်ကြောင်းနှင့်





၎င်းလက်စွပ်၏ ပုံသဏ္ဌာန်ကို အမှတ်မထင်ပင် မြလေးငုံ မှတ်သား ထိုက်မိသည်။

၎င်းအမှတ်သညာသည် သူနှင့် ပတ်သက်၍ ကြေကွဲဖွယ် သိမှတ်စရာ ဖြစ်လာလိမ့်မည်ဟု မြလေးငုံ မသိရှိသေး။

"ဟော့... ဟိတ်... ထစမ်း"

ဦးပိုင်သက အတော်ကြီး လှုပ်နှိုးတော့မှ သူနိုးထလာသည်။ အိပ်ချင်မူးတူးပုံစံနှင့် ဘာမှ မသိသလိုလို ကြောင်စီစီ ကြည့်နေ၍...

"မင်း... ဘယ်ကလာတာလဲ၊ မင်း... နာမည် ဘယ်သူလဲ၊ ပြောစမ်း"

"ကျွန်တော်... ကျွန်တော်"

"ပြောလေ"

"ကျွန်တော်မသိဘူးခင်ဗျ"

"ဒီကို ဘယ်သူက လွှတ်လိုက်တာလဲ"

"ဟင့်အင်း...အဆောက်ဦးတွေ့လို့ ပြေးလာတာ"

"ဘယ်က လာတာလဲ"

"ဟိုးဘက်က"

"ဒီမှာ...ဟော့ကောင်"

ဦးပိုင်သက ပြတ်သားသောလေသံ မာမာဖြင့်...

"တို့ နေရာက တည်းခိုရိပ်သာ၊ ဇရပ် မဟုတ်ဘူး၊ ဒါကြောင့် ဘယ်ကလာမှန်းမသိတဲ့၊ မှတ်ပုံတင်မပါတဲ့ လူကို တို့ရိပ်သာမှာ လက်မခံနိုင်ဘူး၊ မင်း...ပြန်တော့"



www.burmeseclassic.com

www.burmeseclassic.com



ဦးပိုင်သ၏ စကားကြောင့် မြလေးငုံ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားရသည်။ သူ့အသက်၏ ကယ်တင်ရှင်ကို သည်နေရာမှ လျှင်မြန်စွာ ပြန်၍ ထွက်မသွားစေချင်သေးပါ။ သူနှင့် ဆွေးနွေးတိုင်ပင်လိုခြင်းများ သူ့အကြောင်း သိရှိလိုခြင်းများ စသော ဆန္ဒများက ရင်နှင့်အပြည့်။

“ကျွန်တော်...ကျွန်တော် ဘယ်ကိုပြန်ရမလဲ ခင်ဗျာ”

“မင်းအိမ်ကို မင်းပြန်ပေါ့”

“ကျွန်တော့် အိမ်ကိုလည်း ကျွန်တော် မသိဘူး၊ ကျွန်တော် ဘယ်သူမှန်းလည်းမသိလို့ပါ ခင်ဗျာ၊ ဦးလေးတို့ ထားချင်တဲ့နေရာမှာ ထားပါ၊ ခဏလောက် ခိုကိုးပါရစေ၊ ကျွန်တော့်ခေါင်းမှာလည်း ဒဏ်ရာကြီးနဲ့ပါ”

အူအူအအ ပုံစံနှင့် တောင်းပန်တော့ ဦးပိုင်သ တွေဝေသွားသည်။

“ဦးလေး”

“ပြော... မြလေးငုံ”

“ဆရာဝန်လာချိန်လည်း နီးနေပါပြီ၊ သူ့ကို ဆရာဝန်နဲ့ စစ်ဆေးပြီးမှ လက်ခံသင့်လည်း လက်ခံတာပေါ့၊ အတိတ်မေ့တာ မဟုတ်ခဲ့ရင်လည်း နှင်ထုတ်ရမှာပေါ့နော် ဦးလေး”

“အေး... ဒါဆိုလည်း ခဏစောင့်လိုက်သေးတာပေါ့”

ဦးပိုင်သက လက်မှနာရီကိုကြည့်ပြီး ပြောလိုက်၏။ ဆရာဝန်လာရန် နှစ်နာရီမျှလောက်သာ လိုတော့သည်။

မြလေးငုံနှင့်သူ မျက်လုံးချင်းဆုံတော့...





“ရှင့်ကို ခဏ အချိန်ဆွဲထားတာပါ၊
မြလေးငုံက တလဲကူညီခွင့်ရအောင်ပါနော်...”

ဆိုသော မြလေးငုံ၏ ရင်ထဲမှ အပြောကို သူ သိရှိနားလည်နိုင်ပါလိမ့်မည်။

“မြလေးငုံ”

“ဟုတ်ကဲ့ ဦးလေး”

“ညီမင်းညိုရော”

“ရွှေရည်ဦး ခန်းမမှာပါ”

“ပြန်ခေါ်လိုက်ပြီး သူ့ကို စောင့်ခိုင်းထားလိုက်စမ်း”

“ဟုတ်ကဲ့... ဦးလေး”

“ခုတလော ဧည့်သည်ကအစ နည်းနည်းစိစစ်ပြီး လက်ခံစမ်း၊ သံသယရှိရင် မန်နေဂျာ မောင်ငြိမ်းအောင်ကိုပြော၊ သူစီစဉ်လိမ့်မယ်”

“စိတ်ချပါ ဦးလေး”

“အပေါ် ပြန်တက်လိုက်ဦးမယ်”

ဦးပိုင်သ ရေးကြီးသုတ်ပြာနှင့် အပေါ်သို့ တက်သွားလေမှ...

“အချိန်ဆွဲပေးထားတာ ကျေးဇူးတင်ပါတယ်”

“ဒီက တင်ရမှာပါ၊ သူ ကယ်ပေလို့ပေါ့”

“ဒီလိုပေါ့ဗျာ”

“သူက ဘယ်သူလဲဟင်၊ ဘယ်သူ့ကို စာရင်းရှင်းဖို့ ရောက်လာတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေပြောလို့ ဘယ်ဖြစ်ပါ့မလဲ"

"သိပ် သိချင်တာပဲ၊ နောက်ပြီး အပေါ်ကို ဘယ်နည်းနဲ့ရောက်လာတာလဲဟင်"

"ရှူး...ဒါတွေ မဆွေးနွေးနဲ့ဦးလေ"

"ဆရာဝန် လာပြီးရင် သူပြန်သွားရမှာ။ မြလေးငုံ ဘာမှ သိလိုက်ရမှာမဟုတ်ဘူး"

"မပြန်ရပါဘူး၊ ပြန်ရရင်လည်း ဒီနားပတ်ဝန်းကျင်မှာ ကိုယ်ရှိနေမှာပါ"

"ဟင်"

"မြလေးငုံနဲ့ ဆက်သွယ်မှာပါ၊ စိတ်ချနော်"

သူ့အသွင်က မြင်စနှင့် သီးခြား..

ဦးပိုင်သနှင့် ပြောစဉ်ကလို "ငကြောင်"ပုံစံမျိုးလည်း လုံးဝ မဟုတ်တော့။

"မြလေးငုံ ဆိုတဲ့ နာမည်က လှတယ်၊ ဒါပေမယ့်... လူနဲ့ မလိုက်ဘူး"

"ရှင်"

"လူက မတရားလှတယ်လေ၊ နာမည်က လှရုံပဲဆိုတော့ ဘယ်လိုက်ပါ့မလဲ"

"အို..."

"အဟား...ဟား"





"အညီ့ကို သွားခေါ်လိုက်ဦးမယ်"

"ကောင်းပါပြီ ခင်ဗျာ"

◆ ◆ ◆

"ချောက်"

ဆိုသော အသံ ထွက်ပြီးမှ ကိုသက်မော်က လက်ရုပ်လိုက်သည်။

အောက်ထပ် ဆေးခန်းတွင်းမှ မြလေးငုံနှင့် ညော်စိမ်းတို့ စကားပြောနေကြသည့် အသံများအားလုံးကို အသံဖမ်းစက်မှ တစ်ဆင့် အပေါ်ဆုံးထပ်မှ ဖမ်းယူနားဆင်ရုံမက တိတ်ခွေမှာပါ ကိုသက်မော်က အသံသွင်းယူထားလိုက်ခြင်းဖြစ်သည်။

ဦးပိုင်သ ပြန်တက်လာပြီးမှ တိတ်ခွေကို တစ်ပတ်ပြန်ရစ်၍ ပြန်ဖွင့်ပြလိုက်ခြင်းသာ ဖြစ်ပါတော့သတည်း။

ဤသို့ပင် အခန်းတိုင်း၌ လျှို့ဝှက်အသံဖမ်းစက်များ ထားရှိကြောင်းကို မည်သူမျှ မသိရှိကြပါချေ။

မြလေးငုံနှင့် မျက်နှာစိမ်းညော်သည်တို့သည် ဦးပိုင်သတို့ မျက်ခြေမပြတ် စောင့်ကြပ်ကြည့်ရှုခံရတော့မည့် "သားကောင်"နှစ်ဦး ဖြစ်သွားကြောင်း သူတို့ခမြာမှာ မသိကြရှာပါ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

စန္ဒာပိုင် ပထမဆုံး ကားပေါ်မှ ဆင်းလာသည်။

ဒီမှ သွားစဉ်ကလို ဆံပင်ရှည်ရှည် စန့်စန့်မဟုတ်။ ဆံပင်တိုကို ကော့ကော့ဝေဝေလေး ကောက်ထားပြီး အလယ်က ခွဲထားသည်။ ဂျပန်ရှန် ခရမ်းပွင့် ဝမ်းဆက်နှင့် ပခုံးအထက်မှာ သိုင်းထားသည့် ကြိုးနစ်ချောင်းမှလွဲ၍ အသားများအားလုံး ပေါ်နေသည်။ လည်ပင်းတွင် စိန်ကြိုးတစ်တန်းသွားက ဖိတ်ဖိတ်တောက်လျက်ပါ။

အနားသို့ ရောက်မ…ကပင် ရေမွှေးနံ့က ကြိုရသည်။ ဖိနပ်မြင့်က ငါးရာအထက်တန်၍ စလင်းဘက်က သုံးရာကျော်ပေမည်။

စန္ဒာပိုင်၏ တစ်ကိုယ်လုံး …ဖိတ်တောက်မျှ လှပမွှေးကြိုင်စွာ ရှိနေလေသည်။

စန္ဒာပိုင်၏နောက်က စန္ဒာပိုင်၏ ချစ်လှစွာသောခင်ပွန်း

**"ကိုဟန်သာဦး"**

သူက အတက်ချီကေ့(စ်)ကို ဆွဲလျက် နေကာ မျက်မှန်နှင့် ဘောင်းဘီနှင့် ဖြစ်သည်။





ကိုဟန်သာဦးနှင့် စန္ဒာပိုင်တို့ ဇနီးမောင်နှံမှာ မြင်သူတို့ အားကျဖွယ်ကောင်းလောက်သော စုံတွဲတစ်တွဲ ဖြစ်လေသည်။

သူတို့နောက်ဘက်ဆီက ဆင်စွယ်နှစ်ရောင် မာစီးဒီးကားအသစ်ချပ်ချွပ်ကြီးက ငြိမ့်ခနဲ လျှောထွက်သွားချိန်မှ ခရမ်းပြာပေါ်သို့ သူတို့ တက်လာခဲ့ကြသည်။

"မြလေးငုံရေ… စန္ဒာ့ဆံပင်ပုံ လှရဲ့လား၊ ကြည့်ပါဦး၊ ဆက်တင်အသစ် လုပ်လာတာ"

စန္ဒာပိုင်က တစ်ပတ်လှည့်ပြလိုက်တော့ ဆံပင်ညွန့်လေးများက ဆုဝဲဖြာဝေသွားတော့သည်။ ပြုံးသည့်ပုံစံက အမိ…

"မလှလည်း လှတယ်သာပြောလိုက် မြလေးငုံရေ…သစ်သီးဘိတ်နဲ့ ချောကလက်တွေ ဝယ်လာတယ်"

ကိုဟန်သာဦးက ဝင်နှောက်တော့ စန္ဒာပိုင်က နှုတ်ခမ်းကို တမင်နူပြပြီး သူ့ခင်ပွန်း၏ ပခုံးကို ခပ်ဖွဖွလေး ထုလိုက်သည်

ဇနီးမောင်နှံ ကြည်စယ်နေကြသည်ကို အပျိုစင်လေး မြလေးငုံမှာ ရှက်ရွံ့ပြုံးလေးဖြင့် အကြ…ကိုလွှဲလျက်…

"တကယ်လှတာပါ၊ ဒီနေ့ ဝတ်စုံနဲ့ ဒီနေရာနဲ့က သိပ်လိုက်လို့ စန္ဒာရဲ့အလှက ပိုကြွနေပါတယ်"

မြလေးငုံပြောတော့မှ စန္ဒာပိုင်က သတိရသွားသလို တိုက်အတွင်းခန်းမှာ အနုအရင့် ချယ်သထားသော ခရမ်းပြာရောင်များကို လှည့်ပတ်ကြည့်ရှု၏၊ နောက် သူ့ကိုယ်မှ ခရမ်းပြာပွင့် ဝတ်စုံကိုငုံကြည့်၍…



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်...အစစ်ပဲ၊ ကိုကိုရေ...တကယ်မိတယ်နော်၊ နောက် ဒီအရောင်မျိုးပါတာဆို ဝယ်ခဲ့နော်..."

"ဒီအရောင်ကြိုက်ရင် ဒီထက် လိုက်တာရှိတယ်"

"ဘာလဲ"

"တစ်မြို့လုံး ပွင့်နေတဲ့ ဖျဉ်းမပန်းတွေ ခူးပေးမယ်၊ တစ်ကိုယ်လုံး ဖုံးအောင် သီဝတ်ပါလား"

"ကြည့်ပါလား၊ အဝတ်ဖိုးမကုန်အောင် သူ သက်သက် ဉာဏ်ထွင်တာ"

သူတို့ကို မြလေးငုံ မကြည့်တော့၊ ရေးပြီးသား စာရင်းများကို ပြန်လည်စိစစ်ဟန်ဖြင့် ဘောလ်ပဲန်လေးနှင့် မထိတထိ တို့နေရလေသည်။

"ကျွန်တော်တို့ သွားနေတဲ့ ငါးရက်အတွင်းမှာ အဝင်အထွက် အတော်များသလား၊ ခဏကြည့်ရအောင်"

မြလေးငုံက ငွေဝင်ငွေထွက် စာရင်းစာအုပ်ကြီးကို ကိုဟန်သာဦး၏ဘက်သို့ လှည့်ရွှေ့ပေးလိုက်သည်။

စန္ဒာပိုင်သည် ဦးပိုင်သ-ဒေါ်ပိုးအိမ်တို့၏ တစ်ဦးတည်းသော သမီး...

လွန်ခဲ့သည့် သုံးနှစ်ခန့်က ရက်စက်စွာ အသတ်ခံခဲ့ရသည့် သူရိန်ပိုင်၏ တစ်ဦးတည်းသော အစ်မပါတည်း။

သားမက်ဖြစ်သော ကိုဟန်သာဦးသည် ဦးပိုင်သ၏ လုပ်ငန်းမှန်သမျှကို စိတ်ဝင်စားရှာသည်။





လုပ်ငန်း၏ အစိပ်အပိုင်းတော်တော်များကို သားမက်ဖြစ်သူနှင့် ခွဲကန်လွှဲ၍ ရလေသည်။

သည်လိုသားမက်မျိုးကိုရ၍သာ တော်တော့သည်။ စန္ဒာပိုင်ကို ကြည့်ပါ။

သို့မဟုတ် ပိုင်ဆိုင်သော လုပ်ငန်းကြီးဟူ၍ပင် သူသိရဲ့လားဟု မေးချင်စရာ။

ဘာဆိုဘာကိုမှ စိတ်မဝင်စား၊ သူ့ကိုယ်သူ လုဖို့သည်သာ စန္ဒာပိုင်၏ အဓိက ရည်မှန်းချက်။

သွက်သွက်လည်အောင် ရှုးနေရှာသော မိခင်ကြီးအနားကိုလည်း မကပ်။

တစ်ချိန်က အရိုးခြောက်ကိုယ်ခန္ဓာနှင့် မျက်နှာတစ်ခုသာ ပုံပျက်အောင် ရက်စက်စွာ သတ်ဖြတ်ခြင်း ခံခဲ့ရသည့် "သူရိန်ပိုင်" ဆိုသော မောင်လေးတစ်ယောက်အကြောင်းကို သူ သတိမှ ရပါသေးခဲ့လားလို့ သံသယဝင်စရာပင်။

အမှန်တော့ ဦးပိုင်သသည် သောကအလယ်မှ ပင်ပန်းမှုဒဏ်ခံနေသူတစ်ဦးပါ။ သနားစရာ။

အသတ်ခံလိုက်ရသော သားလေးကို သူ တမ်းတမ်းတတ ရှိနေရှာဆဲပါ။

'သူ့ကြောင့်'ဟု စိတ်နာရမည့် ဇနီးသည်ကလည်း လူမှန်းသူမှန်း မသိအောင် ရှုးနေ၍ ဤအရှုးတာဝန်ကလည်း ကြီးမားလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတည်းသော သမီးကလည်း လုံးဝ အားမကိုးရ၍ ဤလုပ်ငန်းကြီး လည်ပတ်ရာတွင် စိတ်ပါလက်ပါရှိရှာသော သားမက်ကို ဦးပိုင်သ အားကိုးရှာသည်။

ယခုလည်း စန္ဒာပိုင်၏ ဆန္ဒအရ အလုပြင်ဆိုင်သို့ ကိုဟန်သာဦးက လိုက်ပို့ရခြင်းပါ။

စန္ဒာပိုင်တို့ အလှကြိုက်လိုက်ပုံက အိမ်ထောင်ပြီး သားမွေးချင်သည်အထိ။

သူ၏ အလှပျက်မည်၊ အပျော်အပါး ခံစားမှုကို ထိပါးလာမည် စိုးရိမ်၍ ကလေးမယူသေးဟု ဆိုလေသည်။

အမှန်တော့ စန္ဒာပိုင်သည် မြလေးငုံ၏ ခြေဖျားပင် မီအောင်လှသူ မဟုတ်ပါသော်လည်း...

အဖိုးတန် ရတနာများ၊ သစ်လွင်တောက်ပသော အဝတ်စားအပြင်ဆင်များနှင့် ဝန်းဝိုင်းပင့်တင်လိုက်တော့လည်း အလှရှိန်က ပွင့်လာသည်။ လည်ပြန် ကြည့်ယူရလောက်အောင် ဆွဲဆောင်မှုရှိသော အလှရှင်တစ်ဦး ဖြစ်သွားရတော့သည်။

မြလေးငုံသည်မူ...

နေစရာ တစ်ခန်း၊ စားစရာ အပြည့်နှင့် လခ တစ်ရာ ရှစ်ဆယ်သာ ရရှိသူပါ၊ ထိုငွေအနက်မှ မိသားစုများသော မိဘ များကို ငွေတစ်ရာ ပို့ပေးနေရ၍ တန်ဖိုးများသော အဝတ်စားများနှင့် မချယ်သနိုင်။





ဘာအဖြည့်ခံမှ မပါ၊ ပင်ကို အလှနှင့်သာ နေရသော်လည်း "လှလိုက်တာ"ဆိုသော ဘွဲ့ထူးကို လူတော်တော်များများက ပေးအပ်သွားခဲ့ဖူးကြသည်။

သည်အထဲမှာ အကဲဆုံးကတော့ အညိုပဲပေါ့။

"ချောင်းနေတာ ကြာပြီ၊ ဟိုလင်မယား တက်သွားမှ မမငုံနားအပ်ဝံ့တာဗျ"

"ကြည့်စမ်း...လန့်လိုက်တာ"

"လူကို သရဲများမှတ်နေလား"

"သရဲဆို သံဗုဒ္ဓေ ရွတ်ထုတ်ရင် သွားချင် သွားမှာ"

"ဟုတ်တယ်၊ အညိုကတော့ ဘယ်လို အင်အားနဲ့ နှင်လို့မှ သွားဘူး၊ မမငုံနဲ့နေချင်လို့ ထွက်ပြေးလာခဲ့တဲ့ကောင်ပဲ"

"အောင်မယ်၊ သူ့အမေ နောက်အိမ်ထောင်ပြုလို့ ပထွေးနဲ့ နေချင်လို့ ထွက်ပြေးလာပြီးတော့များ"

"ဟုတ်တယ်၊ ဒါပေမယ့် တခြားထွက်ပြေးရင်လည်း ရပါတယ်၊ မမငုံနဲ့ နေချင်လွန်းလို့ ဒီမှာ ကျွန်ခံနေနေရတာလည်း မမငုံ သိရဲ့နဲ့များဗျာ"

"အေး...အဲဒီလို မတန်မရာ အလုပ်တွေ လုပ်နေရလို့ အညို့ကို ဒီမှာ မနေစေချင်တာပေါ့"

"ရပါတယ်ဗျာ၊ ဘာတွေပဲလုပ်ရ လုပ်ရ၊ ဘယ်လောက်ပဲ ဆာဆာ၊ မမငုံရဲ့ မျက်နှာကို ကြည့်ခွင့်ရလိုက်ရင် အားလုံးပြေပါတယ် မမငုံရယ်"



www.burmeseclassic.com

www.burmeseclassic.com



ငယ် သံယောဇဉ်လေးနှင့် အားကိုးတကြီး ရောက်ရှိလာပြီးမှ...

အရွယ်ပြောင်း စိတ်ကြောင့်၊ ဆန်းသစ် ချစ်စိတ်နှင့် ချစ်နေပြီ ဖြစ်ကြောင်း မြလေးငုံ သိပါသည်။

သို့ပါသော်လည်း...

အညို့ပေါ်တွင် မောင်လေးတစ်ယောက်အဖြစ်နှင့် ချစ်နိုင်သည် ထက်တော့ ဘယ်လိုမှ ပို၍မရ။

"မမငုံ"

"ဟင်"

"မမငုံ"

"ဘာလဲ"

"ဟာဗျာ... ခေါ်ရတာ အားမရှိလိုက်တာ၊ သူ့းပုံက တကယ် အောက်တယ်"

"ခစားလျက်ပါ ဘုရားလို့ ထူးရမှာလား"

"ဒီလောက်ကြီး မလိုပါဘူးဗျာ၊ အကြင်နာသံလေးတောင် မပါတာ တကယ်ဝမ်းနည်းစရာပဲ"

"အညိုကလည်းကွယ်၊ စိတ်ညစ်ရတဲ့အထဲ"

"အဲဒီ စိတ်ညစ်ရတဲ့အထဲကို အညိုလည်း ဝင်ချင်တယ် မမငုံ"

"ဟယ်..."

"တကယ်ပါ၊ မမငုံ စိတ်ညစ်ရင် အညိုညစ်မယ်၊ မမငုံ ပျော်ရင် အညိုပျော်မယ်၊ အညိုဟာ မမငုံပဲ၊ မမငုံဟာ အညိုပဲ"





"လူနှစ်ယောက်ဟာ နှစ်ယောက်ပဲ အညို၊ ဘဝနှစ်ခုဟာ နှစ်ခုပဲ၊ ကျော်ဝင်စေတဲ့ အရည်မှမဟုတ်ဘဲ၊ ဘယ်လိုလုပ်ပြီး ရောနှောလို့ရမှာလဲ၊ ဒါတွေက စိတ်ကူးယဉ် စာဖွဲ့သူတွေရဲ့ တင်စားချက်ပဲ၊ အပြင်မှာဒါမျိုး မဖြစ်နိုင်ဘူး"

"တော်ဗျာ...မကြားချင်ဘူး"

"နင်...မရိုင်းနဲ့နော် အညို၊ ငါ့ကို အော်စရာမလိုဘူး"

"ကျုပ် မရိုင်းဘူး၊ ခင်ဗျားသာ ဟိုလူ ရောက်လာမှ ဂယောင် ချောက်ချား ဖြစ်နေတာ"

"ဒီလူ့အကြောင်း ဘာမှထည့်ပြောစရာ မလိုဘူး"

"ဒီကောင်ထိရင် ဒီလောက်နာရအောင် ဘယ်တုန်းက ညားနေကြလို့လဲ"

"ဟင်...ကဲ...ကဲ"

ကြီးမားသော ဒေါသတရားက ထိန်းမရတော့။

ရှက်ကြောက် နာကျည်းခြင်း တွန်းအားများကြောင့် အညို့ပါးကို နှစ်ချက်ဆင့်၍ ရိုက်ချပစ်လိုက်မိသည်။

မမျှော်လင့် မထင်မှတ်ပါဘဲနှင့် အရိုက်ခံလိုက်ရ၍ အညိုသည် ခံစားမှုမဲ့စွာ ကြောင်ကြောင်ကြီး ရပ်နေပြီးမှ...

နီမြန်းသွားသော သူ့ပါးကို လက်နှင့် ဖြည်းဖြည်းချင်း အုပ်စမ်းသည်။

အောက်နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ရင်း မျက်ရည်တို့ ပေါက်ပေါက်ကျလာပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com


ဘာဆို ဘာတစ်ခွန်းမှ မပြောတော့ပါဘဲလျက် ချာခနဲ လှည့်ထွက်သွားတော့သည်။

မြလေးငုံမှာ ဘာကိုထပ်၍ ဆုံးဖြတ်ရမှန်း မသိနိုင်အောင် စိတ်ရှုပ်ယောက်ယက်ခတ်မှု လှုပ်ရှားသွားရပါပြီ။

"လက်လွန်သွားပြီ"ဆိုလေ့ရှိသော အမှားမျိုးအတိုင်း တကယ်ကို လက်လွန်သွားမိချေပြီ။

အညို့စကားအရ ပါးရိုက်လိုက်မိသည်ကို ချက်ချင်းလိုနောင်တဖြစ်ချင်မှ ဖြစ်မိပေမည်။

ယခုတော့...

အညို့မျက်ရည်သည် သူ့နှလုံးသားပေါ်မှာ ပူလောင်စွာ စီးဆင်းသွားသလို ခံစားလိုက်ရပြီမို့။

"အညို... မောင်လေး"

မြလေးငုံ ခရမ်းပြာရှေ့သို့ ပြေးထွက်လာပြီးခါတော့ အညိုမရှိတော့ပါချေ။

"အညိုရော ဟင်...အညို"

"ညီမင်းညိုလား"

"ဟုတ်ကဲ့"

ခြံတွင်း သန့်ရှင်းရေးသမားကြီး ဦးသန်းက ခြံဝသို့ လက်ညှိုးထိုးပြရင်း...

"လေယာဉ်ကွင်းသွားမယ့် ကားထဲကို တက်လိုက်သွားပြီလေ"

မြလေးငုံ လှမ်းကြည့်လိုက်ချိန်မှာ ဘက်(ဒ်)ဖို့ ကားစုတ်ကြီးသည် ခရမ်းပြာခြံဝင်းတွင်းမှ ချိုးကွေ့ထွက်သွားခဲ့လေပြီ။

ပြေးလိုက်လို့လည်း မမီ၊ ခေါ်၍လည်း မကြားသာတော့ပါချေ။

"အညိုရယ်"

ရင်ထဲမှ တမ်းတရင်း မျက်ရည်စို့စို့ဖြင့်သာ သူ့ကောင်တာသို့ မြလေးငုံ ပြန်လာချိန်မှာ...

"မမိုးပွင့် ရှိသားပဲ၊ ဟိုစည့်သည်ရှိနေတဲ့ ဆေးခန်းနားမှာပဲ မြလေးငုံ သွားစောင့်နေလိုက်ပါ"

အပေါ်ထပ်ဆီမှ အသံဖမ်းသူ နားဆင်ပြီးသား ဦးပိုင်သသည် ဘာမှ မဖြစ်သလို ဘာမှမသိသလို ပုံစံနှင့် မြလေးငုံကို ဆေးခန်းသို့ သွားစေပါ၏။

သူတို့နှစ်ဦး ပြန်လည်ဆုံတွေ့ချိန်မှာ ဒီထက် လေးနက်သော အကြံအစည်များကို ပြောဆိုကြပေလိမ့်မည်ဟု ဦးပိုင်သ ထင်၍ သွင်ပေးလိုက်ခြင်းပါ။

မြလေးငုံကတော့ ဘာမှ မသိရှာ။

ဦးပိုင်သ၏ အတွင်းရေးမှူး ကိုသက်မော်သည် သူတို့၏ စကားများကို လျှို့ဝှက်အသံဖမ်းစက်မှတစ်ဆင့် အသံများကို သွင်းယူထားပြီးဖြစ်လိမ့်မည်ဟု ဦးပိုင်သ သိသည်။ စိတ်ချသည်။ အရေးကြီးသည်က မြလေးငုံ ဟိုအခန်းတွင်းမှာ အချိန်ကြာကြာနေဖို့ပါ။

"ဦးလေးကို ပြောစရာရှိလို့"

"ဘာများလဲ မြလေးငုံ"



www.burmeseclassic.com

www.burmeseclassic.com

"အညိုလေ...အညို"

"ညီမင်းညို ဘာဖြစ်လို့လဲ"

"လေယာဉ်ကွင်းကို သွားကြမယ့် ဧည့်သည်တွေနဲ့ အတူ သူလိုက်သွားပြီ ဦးလေးရဲ့၊ မြလေးငုံနဲ့လည်း စိတ်ဆိုးကြတယ်၊ အဲ... အဲဒါ သူ လေယာဉ်ပျံပေါ် မတက်နိုင်ခင် သွားခေါ်ပေးပါ ဦးလေးရယ်"

"ဩော်...ငါ့တူမနဲ့၊ လေယာဉ်ပျံဆိုတာ ဘတ်(စ)ကားလို တက်စီးလို့ ရတာမှ မဟုတ်တာ၊ သူ့မှာမှ လက်မှတ်မရှိတာ၊ ဒီနေ့ ဘယ်လိုလုပ်ပြီး စီးလို့ရမှာလဲ။ လေယာဉ်လက်မှတ်ဆိုတာကလည်း ခုဝယ် ခုရတာမှတ်လို့ တစ်ပတ်လောက် ကြိုးစားမှ ရတာလည်း သိသားနဲ့၊ မပူပါနဲ့၊ သူပြန်လာမှာပါ"

"သူပြန်လာမှာ မဟုတ်တော့ဘူးထင်ပါတယ် ဦးလေး"

"ဒီမပြန်လို့ သူ ဘယ်မှာမှ သွားစရာမရှိတာ၊ သူ့အမေဆီလည်း သူဘယ်တော့မှ မပြန်တော့ဘူးလို့၊ အပြီးပြတ် ပြောပြီး ထွက်လာခဲ့တာပဲ"

"ဒါဆို အညို ဘယ်ကိုသွားမှာတဲ့လဲ ဟင်၊ ဦးလေး မှန်းနိုင်တယ်လား"

"သူ ပျဉ်းမပြာက ဘယ်မှမခွာပါဘူး စိတ်ချ၊ အထူးသဖြင့် မြလေးငုံကို စွန့်ခွာပြီး သူဘယ်လိုနည်းနဲ့မှ မပြန်ပါဘူး မြလေးငုံ စိတ်ချပါ... ညီမင်းညို ညနေကျ ပြန်လာမှာပါ၊ ကဲ... ဆေးခန်းထဲ သွားလိုက်စမ်းပါဦး၊ ဦးလေး တယ်လီဖုန်းဆက်စရာရှိလို့"

"ဟုတ်ကဲ့ပါ ဦးလေး"





ကိုယ်ခန္ဓာသည်သာ ကယ်တင်ရှင်၏ အနားသို့ တိုးသွားသည်။ စိတ်ကမူ ပူပန်ခြင်း အစိုင်အခဲများကို သယ်ဆောင်လျက် အညို့နောက်သို့ လိုက်ပါသွားမိချေပြီ။

"မြလေးငုံ"

သူက ရွှန်းဝေသော အပြုံးများနှင့် လှမ်းခေါ်တော့ မြလေးငုံက အနားသို့ ပြေးကပ်သွားရင်း...

"ရှူး...အမူရာတွေ ချက်ချင်း ပြောင်းမသွားနဲ့လေ၊ ဦးလေးက သိပ်ပါးတာ၊ သိသွားလိမ့်မယ်"

"ရပါတယ်၊ ဒီမှာ တော်ကြာ ဆရာဝန်လာရင် ဘယ်လိုလုပ်မလဲ"

"အဲဒါ ဒီက မေးရမှာ"

"ကျွန်တော့်ကို ခရမ်းပြာမှာ ဆက်နေခွင့်ရအောင် ကူညီပါသားဗျာ"

"အဲဒါ ကျွန်မ ဘယ်တတ်နိုင်မလဲ"

"ဘာပဲဖြစ်ဖြစ်၊ ကျွန်တော့်ရည်ရွယ်ချက် မအောင်မြင်ခင် မပြန်ချင်သေးဘူးဗျာ"

"ဘာရည်ရွယ်ချက်လဲ"

"ကျွန်တော့်မိသားစုကို ဒုက္ခပေးခဲ့တဲ့အတွက်"

"ဟင်... ဘယ်သူကလဲ"

"ဒီကပေါ့"

"ဦးလေးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါတော့"

"ရှင်က ဘာလုပ်မှာလဲ ဟင်"

"လက်ချင်းယှဉ်ဖို့လာတာ မဟုတ်ပါဘူး၊ အသက်ချင်း ယှဉ်
အတွက်ပါ မြလေးငုံ၊ ကျွန်တော့်နှမလေးရဲ့၊ အို...ဒါတွေ နောက်
ပြောမယ်ဗျာ"

"နေ့လယ်က ကူညီတဲ့အတွက်တော့ တကယ်ကျေးဇူးတင်
တယ်။ ဒါပေမယ့် ရှင်ရောက်လာတဲ့အတွက် ကျွန်မ တကယ်စိတ်ည
တယ် သိလား၊ ခုပဲ အညို..."

"ရှူး"

သူက ဘာကို သိလိုက်ကြားလိုက်သည် မသိ၊ ပါးစပ်
လက်ညှိုးကန့်လန့်ပိတ်လျက် ဘာစကားမှ မပြောတော့၍...

မြလေးငုံ စကားရပ်ထားလိုက်တော့သည်။ သူ့ကြောင့်
သူ့အတွက်၊ ညီမင်းညိုကို မြလေးငုံ ပါးရိုက်လိုက်မိချေပြီ။

ကိုယ်တိုင်လည်း မရည်ရွယ်ပါဘဲနှင့် ရုတ်တရက် ဒေါ
ကြောင့် လျှပ်တစ်ပြက် ဆောင်ရွက်လိုက်မိသည်ကို မှားလေပြီ
မြလေးငုံ သိလိုက်ချိန်မှာ...

အညို ထွက်သွားခဲ့လေပြီ။

အညိုနှင့် ပတ်သက်၍ တစ်စုံတစ်ခု ဆောင်ရွက်ရန်ပင် အခွ
မသာတော့။

ဆရာဝန်သည် ခါတိုင်းရောက်တတ်သည့် အချိန်ထက် စော
စွာ ရောက်ရှိလာခဲ့သည်။





ဤဆေးခန်းတွင်းမှ ပြောသမျှ ဆိုသမျှတို့ကို အပေါ်ဆုံး
ထပ်ဆီမှ လျှို့ဝှက်အသံဖမ်းစက်နှင့် အလုံးစုံ ဖမ်းယူနားဆင်နေလေ
သည်ဟု မြလေးငုံကို လုံးဝ မရိပ်မိ မသိရှိခဲ့ကြ။

ဦးပိုင်သ၊ ကိုဟန်သာဦးနှင့် အတွင်းရေးမှူး ကိုသက်ဖေ...ကို၏
အထူးအစီအစဉ်ဖြင့် ဆရာဝန် ကြိုတင်ရောက်ရှိလာခဲ့လေပြီ။

"ကဲ...ဘယ်လိုဖြစ်သလဲ"

ဆရာဝန်က နားကြပ်တပ်၍ စမ်းသပ်ပြီး သူ့ကို စစ်မေးသည်။

သူကလည်း အူအူအအ ပုံစံနှင့် မြလေးငုံနှင့် တွေ့စဉ်ကလို
အိုက်တင်မျိုးနှင့် ထပ်မံသရုပ်ဆောင်တော့သည်။

"ကိစ္စမရှိဘူး၊ စိတ်မပူနဲ့နော်၊ ဆရာကုပေးမယ်၊ အဆုတ်လည်း
အအေးပတ်ထားလို့ လောလောဆယ် ဆေးရုံတက်မှဖြစ်မယ်"

"ဗျာ..."

"ဆေးရုံမှာ သက်သာအောင် ခဏကုပြီးတော့မှ သက်ဆိုင်ရာ
ဦးနှောက်နဲ့အာရုံကြောဌာနကို ပို့ပေးမယ်၊ ဟုတ်လား"

"ဒီ ပျဉ်...မှာ အဲဒီဆေးရုံရှိလား"

"ဘယ်...

"ရန်ကုန်မြို့ကို ပို့ရမှာပေါ့"

"ဆရာရယ်၊ ကျွန်တော် မသွားပါရစေနဲ့။ ဒီမှာပဲ နေပါရစေ၊
ကျွန်တော့်ကို ဆေးရုံမတင်ပါနဲ့ဗျာ၊ ဘာကိုမှ သတိမရတာကလွဲရင်
ကျွန်တော် လူကောင်းပါ"



www.burmeseclassic.com

www.burmeseclassic.com

"အေးလေ... ဒါပေမယ့် ဒီနေရာက တည်းခိုရိပ်သာပဲ၊ မှတ်ပုံ
တင် မရှိတဲ့ လူစိမ်းကို တို့ လက်ခံခွင့်မရှိဘူး"

"ဒီမှာ... ခင်ဗျား နှစ်နေရာပဲ စဉ်းစား"

ဦးလေး၏ အတွင်းရေးမှူး ကိုသက်မော်က ဝင်ပြောသည်။

"ဆေးရုံကိုသွားမလား၊ သက်ဆိုင်ရာ ရဲစခန်းကို အကြောင်း
ကြားပြီး ရဲလက် အပ်လိုက်ရမလား"

"ဟာဗျာ... ကျွန်တော် သူခိုးမှ မဟုတ်တာ၊ ရဲစခန်းကို မသွား
ချင်ပါဘူး"

"ဒါဆို ဆေးရုံပဲသွား၊ ဟုတ်လား"

"ဒေါက်တာ ထွန်းလွင်"က ခပ်တည်တည်ပင် ပြောပြီး သူ့စားပွဲ
သို့ သွား၍ သက်ဆိုင်ရာ ဆေးရုံတာဝန်ခံ ဆရာဝန်ထံ ညွှန်ကြားစာ
ရေးပေးရင်း...

"ကိုသက်မော် ဆေးရုံကားကိုပဲ ဖုန်းဆက်ခေါ်လိုက်လေ..."

"ဟုတ်ကဲ့...ဆရာ"

သူ့စာအုပ်ငယ်မှ စာရွက်ကို ဆုတ်ဖြဲပြီး ကိုသက်မော်သို့ လှမ်း
ပေးရင်း ပြော၏။

ပျဉ်းမပြာစခန်းမြို့မှာ သူဌေးတစ်ဦးက လှူဒါန်းထားသော
လူနာတင် ကားသစ်နှစ်စင်းရှိသည်။ ဆေးရုံတင်ရမည့် လူနာအတွက်
ထိုကားကို ဖုန်းဆက်ခေါ်လိုက်လျှင် ချက်ချင်း ရောက်လာသည်။
လူနာအိပ်စင်နှင့် သူနာပြုဆရာမတစ်ဦး ပါလာမည်။





လူနာကို တင်ဆောင်သွားမည်၊ လူနာရှင်သည် ငွေနှစ်ဆယ့်
ငါးကျပ်တော့ အလှူပြါဝင်ရမည်။ တတ်နိုင်လျှင် တတ်နိုင်သလို ပို၍
ထည့်ဝင်နိုင်သည်။ ဤငွေသည် ဆေးရုံအတွက် လိုအပ်သလို သုံးစွဲနိုင်
သော အလှူငွေဖြစ်လာလေမည်။

နဂိုကပင် ဒေါက်တာထွန်းလွင့်နှင့် ကြိုတင်ညှိနှိုင်းပြီးသား ဖြစ်ပုံ
ရသည်။ ဆယ့်ငါးမိနစ်အတွင်းမှာ ဆေးရုံကား ရောက်ရှိလာ
တော့သည်။

"ကျွန်တော့်ကို ဆေးရုံမှာ လာတွေ့ပါ"

မြလေးငုံ၏ နားနားသို့ ကပ်၍ ပြောကြားပြီး သူထွက်သွားရ
တော့သည်။

ကိုသက်မော်က ဦးဆောင်ခေါ်သွားပါ၏။

ချက်ချင်းလိုပင် သူနာပြုလူနာတင်ကား ထွက်သွားသံကို
ကြားလိုက်ရချေပြီ။

"ဩော်...သူရယ်...နာမည်လေးတောင်မှ မသိလိုက်ရပါလား
ကွယ်"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ကိုဟန်သာဦးကိုယ်တိုင် အညို့ကို ရှာဖွေတွေ့ရှိလာသည်။

သို့ပါသော်လည်း ခရမ်းပြာသို့ အညို ပြန်လည်လိုက်ပါမလာခဲ့ပေ။

"သူ့ကို လမ်းစရိတ် နည်းနည်းပေးပါတဲ့၊ သူ ခရမ်းပြာကို ပြန်မလာချင်တော့ဘူးတဲ့"

"ဟင်... သူ... သူက ဘယ်ကိုသွားမှာတဲ့လဲရှင်..."

"သူ သွားချင်တဲ့နေရာကို မြလေးငုံ သိချင်လို့လား"

"ဟုတ်ကဲ့"

"ခရမ်းပြာကို ပါပဲ"

"ရှင်"

"ခရမ်းပြာဆိုတာထက်ကို မြလေးငုံ ရှိရာအရပ်ဆိုရင် ပိုမှန်မယ်ဗျ"

"သူ မြလေးငုံကို စိတ်ဆိုးသွားတာပါ"

"အဲဒါ...အချော့ခံချင်လို့ မြလေးငုံရဲ့"

"ဟာ...အလကား"





မြလေးငုံ ရှက်ရှက်နှင့် မျက်နှာလွှဲရင်း ပြောလိုက်ရတော့သည်။ ရင်းနှီးပွင့်လင်းသော သဘောနှင့် ကိုဟန်သာဦး၏ ရယ်သံက ဝန်းကျင်ပြင်သို့ လွင့်ပျံသွားရသည်။

ယနေ့သည် ညီမင်းညို ခရမ်းပြာမှ ပျောက်ဆုံးသွားသည်၏ နှစ်ရက်မြောက်နေ့ ဖြစ်လေသည်။

ပထမညဥ့်က ဟိုလူ့ကိစ္စကရှုပ်၊ ညှော်သည်သစ်တွေက စုပြုံရောက်ရှိလာပြီး ပေးစရာ အခန်းပင် မလောက်မင ဖြစ်ခဲ့ရသည်မို့ ဝန်ထမ်းများအားလုံး မအားကြရ။

မြလေးငုံမှာ အလုပ်ရှုပ်ရင်းကပင် ညီမင်းညိုကို ရှာပေးပါရန် ဦးပိုင်သအား ပြောစော့...

"ဒီကောင်လေး ပြန်လာမှာပါ၊ ပူမနေစမ်းပါနဲ့ မြလေးငုံ"

ဟု ပေါ့ပေါ့တန်တန်လေးပြော၏။ ပြီးတော့...

"သူ့မှာ ပြန်စရာအိမ်မှ မရှိဘာ၊ မတင်တင်ဦးကို သူ့သိပ်စိတ်နာနေတယ်လေ။ ဒီအရွယ် သားယောကျ်ားလေးတိုင်း ပထွေးနဲ့ ဘယ်နေချင်ကြမှာလဲ၊ ပြီးတော့ သူ မြလေးငုံကို သိပ်သံယောဇဉ်ကြီးရှာတာ၊ ကြည့်နေ၊ ပြန်လာမှာပါ"

ဦးလေးစကားအရ စောင့်ခဲ့သည်မှာ နာရီငါးဆယ့်ကျော်လာတော့ မြလေးငုံ၏ရင်မှ အညို့အတွက် ပူပန်ရခြင်းအစိုင်အခဲသည် မွှင့်ကွဲခဲ့လေပြီ။

"ကိုဟန်သာဦးကိုပဲ အကူညီတောင်းပါရစေ"

"ပြော...မြလေးငုံ၊ ဘာလုပ်ပေးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com

"အညို...မြလေးငုံကို စိတ်ဆိုးပြီး ထွက်သွားတယ်၊ နှစ်ရက်တောင်ရှိပြီ၊ သူ ဒီစန်းကျင်တစ်ဝိုက်မှာပဲ ရှိမှာပါ။ အချိန်အား ရခဲ့ရင် ရှာပေးပါလို့..."

"အားအား မအားအား ရှာပေးပါ့မယ်ဗျာ"

အားတက်ခြင်း၊ ဝမ်းသာခြင်း၊ ကျေးဇူးတင်ခြင်းတို့ စုပေါင်းထားသော မြလေးငုံ၏ အပြုံးမျက်နှာလေးကို ကြည့်ပြီး ကိုဟန်သာဦးက...

"ခဏာလေးနော်၊ ဘဏ်ရဲ့သွင်းငွေ ထုတ်ငွေ စာရင်းဘဲလဲန့်(စ)လေး ကိုက်အောင် ရေးပြီးရင် သွားပေးမယ် ဟုတ်လား"

"ရပါတယ်၊ ချက်ချင်းကြီးရယ် မဟုတ်ပါဘူး"

"ချက်ချင်းကြီးပဲ ကူညီချင်တယ်ဗျာ၊ ဒါမျိုး ကူညီရတာ ပိုပြီး ကုသိုလ်ရတယ်ဗျ၊ ဒါပေမယ့် သိဘယ်မဟုတ်လား၊ ယောက်ျားမကြီး ကြည်အောင်လည်း ဖားရသေးတယ်လေ"

ကိုဟန်သာဦးတစ်ယောက် ဆက်ဆံသူတိုင်းနှင့် သင့်တင့်နေသည်မှာ သူ၏ သဘောထားဖြူစင်မှု၊ ကူညီတတ်မှုများကြောင့်ပင် ဖြစ်လေသည်။

အမှန်တော့ မြလေးငုံနှင့် ဘာမှ သွေးမစပ်သော ကိုဟန်သာဦးကိုသာ အကျိုးရယ်၊ အကြောင်းရယ်၊ ပြောရဲဆိုရဲသည်။ ညီအစ်မနှစ်ဝမ်းကွဲ တော်သော စန္ဒာပိုင်ကို ဘာမှ မပြောရဲ၊ မဆိုရဲ၊ သူကလည်း ဘာမှ မကူညီဖူးခဲ့။





ကိုဟန်သာဦးတစ်ယောက် ညနေစောင်းတည်းက ခရမ်းပြာမှ ထွက်ခွာသွားလိုက်သည်မှာ ညရှစ်နာရီထိုးပြီး မြလေးငုံ ဂျူတီအော့ဖ်ချိန်နောက်မှ ပြန်ရောက်လာခဲ့သည်။

"ရှာလိုက်ရတာ အနံ့ပဲ မြလေးငုံရေ၊ တွေ့မယ့်တွေ့တော့ ဘယ်မှာလဲ၊ သိလား"

"ဟင်... တွေ့ပြီလား၊ ဘယ်မှာလဲဟင်"

"ကိုးနဝင်းတောင်တက်လမ်းက ပျဉ်းမသုံးပင်ဆိုင်ကုန်းလေးပေါ်မှာ ခင်ဗျ"

"ဟင်... သူ အဲဒီမှာ ဘာလုပ်နေလဲ"

"ဘာလုပ်ရမှာလဲ၊ အဲဒီကုန်းထိပ်ကလေးကနေ ကြည့်ရင် ဒီခရမ်းပြာကို လှမ်းမြင်နေရတယ် မဟုတ်လား"

"ဟင်"

"အဲဒီကနေ မြလေးငုံကို မှန်းပြီး ဆွေးနေမှာပေါ့ဗျာ၊ ဟား... ဟား"

"ဟာ...ကိုဟန်သာဦးကလည်း"

ကိုဟန်သာဦး၏ နောက်ပြောင်သော စကားကို ရှက်ရွံ့သော်လည်း ကြည်နူးစိတ်က လျှပ်ရောင် ဝင်းသလို သောက ရင်တွင်းမှာ ထွန်းလင်းလာ၏။

◆ ◆ ◆


www.burmeseclassic.com

www.burmeseclassic.com

အချိန်က ညဦး ၉ နာရီ မိနစ် ၄၀ ရှိလေပြီ။

မိုးက စိပ်စိပ်ရွာနေ၏။

မြလေးငုံတို့ ဦးတည်သွားနေသည့်အရပ်က အနောက်စူးစူး

မိစ္ဆာဂူရှိရာ လမ်းအတိုင်း...

စကားသံများ တိတ်ဆိတ်သွားကြချိန်၊ သာကတွေ ပြေငြိမ်းချိန်၊ ကြည်နူးမှုငယ်များ ရပ်တန့်ချိန်...

တို့ စုစည်းဖြစ်ထွန်းချိန်မှာ မြလေးငုံ၏ ရင်တွင်းသို့ "စိုးရိမ်ကြောက်လန့်ခြင်း"များ ဝင်ရောက်လာခဲ့ပြီ။

ကိုဟန်သာဦးက သူ၏ မာစီးဒီးကားကြီးကို တည်ငြိမ်စွာ အာရုံစိုက်၍ မောင်းနှင်နေသည်။

မှန်ရေသုတ်တံ မှန်မှန်ရွေ့လျား ယမ်းခါနေပုံကိုက မိစ္ဆာတစ်ကောင် ယိမ်းထိုးနေသလို ချောက်ချားစရာ။

ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်အောင် မှောင်နေသည်။

မိုးစက်ပွင့်များကြားမှ လေသည် အမင်္ဂလာသတင်းဆိုးများကို သယ်ဆောင်လာသလို နှလုံးသားသို့တိုင် အေးစိမ့်စေသည်။





ကြက်သီးဖြန်းဖြန်းထစေသည်။

အကာလ ညအချိန်။

မိစ္ဆာဂူသို့ ဦးတည်ရာလမ်း ဝန်းကျင်တစ်ခုလုံး မှောင်ပိတ်၍ မိုးစိပ်စိပ်ရွာနေဆဲ...

သွားနေရသည်က သွေးမစပ်သော အမျိုးသားငယ်တစ်ဦးနှင့် သူနှင့် နှစ်ယောက်တည်း။

မြလေးငုံ၏ နှလုံးသားတို့ ထိတ်ထိတ်ခုန်လာအောင် ကြောက်ရွံ့နေဆဲမှာပင်...

**"အ...အ...အား..."**

**"အား...အား...အိုး...ဟီး"**

ဆိုသော အသံနက်ကြီးသည် မိစ္ဆာဂူဘက်မှ စူးစူးဝါးဝါးကြီး ထွက်လာသည်နှင့် တပြိုင်တည်း...

"ဟာ"

"ကျွိ...ကျွိ"

ဆိုသော အသံတို့ တဆက်တည်း ထွက်လာပြီး၊ ကားက တုံ့ခနဲ ရပ်သွားတော့သည်။

"အမယ်လေး...ဘာ...ဘာ...ဖြစ်တာလဲဟင်..."

"ဟို...ဟို"

ကိုဟန်သာဦးသည်လည်း ကားဆက်မမောင်းနိုင်ရှေ့ဘက်



www.burmeseclassic.com

www.burmeseclassic.com

အောင် ချောက်ချားစိတ်ဖြင့် ဘရိတ်ကို နင်းထားရင်းက မိစ္ဆာဂူကြီး ရှိရာသို့ လက်ညှိုးထိုးထား၍...

"ဘာ...ဘာဖြစ်တာလဲ၊ မြလေးငုံ ကြောက်တယ်ရှင်"

တစ်ကိုယ်လုံး ကျင်ခဲမတတ် ကြောက်ရွံ့ခြင်းက လွှမ်းခြုံ၍ မြလေးငုံ၏ အသံတုန်တုန်လေးကို ကြားရလေမှ ကိုဟန်သာဦးက မေ့နေရာမှ သတိပြန်လည်လာသည့် ရှုတစ်ယောက်လို...

"မကြောက်နဲ့ မြလေးငုံ...မကြောက်နဲ့၊ ဒါ မိစ္ဆာဂူရဲ့ အော်သံပဲ"

"မိစ္ဆာဂူ အော်သံ"

"ဟုတ်တယ်"

"အမယ်လေး... ပိုကြောက်လာပြီ၊ ပြန်ကြပါစို့ရှင်"

"လှည့်ပြန်ကြမလား"

"ဟုတ်ကဲ့... ပြန်မယ်၊ ကြောက်တယ်၊ မိစ္ဆာဂူက အခုလို အော်ရင် လူတစ်ယောက်ယောက် သေတယ်ဆို..."

"ဟုတ်တယ်"

"အို... ကြောက်လှပါပြီ၊ ပြန်ကြပါစို့ ကိုဟန်သာဦးရယ်"

သူက ဘက်(က)ဂီယာသွင်းပြီး ကားကို နောက်ပြန်ဆုတ်သည်။ အမှောင်လမ်းမှာ ဝမ်းတဝါးဝါး ဆုတ်ရင်းက ရုတ်တရက်ကြီး ရပ်လိုက်ပြီး...

"မြလေးငုံ"

"ဟင်"

"ကျွန်တော် ညီမင်းညိုအတွက် စိတ်ပူလာပြီ"





"ရှင်"

"ပျဉ်းမသုံးပင်ဆိုင် တောင်ကုန်းမှာမှ သူရှိပါဦးမလား"

"အို... ဘာပဲဖြစ်ဖြစ်၊ ကျွန်မ မသွားရဲတော့ဘူး၊ ဦးလေးကိုပဲ ပြန်ဖွင့်ပြောကြပါစို့နော်၊ ပြန်... ပြန်ကြရအောင်ပါ"

"မဖြစ်ဘူး... မြလေးငုံ၊ ဂူအော်ရင် လူခေါ်တာပဲ၊ ညီမင်းညို မိစ္ဆာဂူဆီ မရောက်ခင်မှာ ကျွန်တော်တို့ သွားကြရအောင်ပါ"

ကား၏ မိုင်ပြဒိုင်ခွက်မီးရောင် လဲ့လဲ့လေးဖြင့် ကိုဟန်သာဦး၏ မျက်နှာကို ဖြတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

သူ့ကို မယုံရဲတော့။

အညို့အတွက်လည်း စိတ်ပူလှပြီ။

နောက်သို့လည်း လှည့်ပြန်ချင်ပါပြီ။

မြလေးငုံ ဘာလုပ်လို့ ဘာပြောရမှန်း မသိခင်မှာပင်...

"အို... အို"

ကား၏ မီးကြီးနှစ်သွယ်ကို ရူးရူးဝါးဝါးကြီး ထိုးဖွင့်လျက် ရှေ့သို့ မောင်းထွက်လိုက်၍...

"မသွားနဲ့...မသွားနဲ့၊ ကျွန်မ ကြောက်တယ်၊ ပြန်မယ်... ပြန်မယ်"

မြလေးငုံ အော်ပြောနေသော်လည်း၊ ကိုဟန်သာဦးသည် ကြားသလို၊ မသိသလိုဖြင့် ကားရှိန်ကို မြှင့်ပြီး တဟုန်ထိုး မောင်းထွက်နေ၍...

"ရပ်...ရပ်...ကျွန်မ အော်လိုက်မယ်နော်၊ ကယ်...ကယ်ကြပါ"



www.burmeseclassic.com

www.burmeseclassic.com



"မြလေးငုံ"

သူက မြလေးငုံထက် ပိုမိုကျယ်သော အသံနှင့် လှမ်းဟောက် လိုက်ပြီး ကားကို လက်ဝဲဘက်သို့ ကွေ့ချိုးချလိုက်၍ ယိမ်းထိုးပြိုလ မတတ် ဖြစ်သွားပြီးချိန်မှာ...

"အသံကွဲအောင်အော်လည်း ဒီနေရာမှာ ဘယ်သူမှ မကြား နိုင်ဘူး မြလေးငုံ၊ ကျွန်တော် စေတနာနဲ့ ကူညီနေတာဗျ၊ ရှေ့မှာ ရောက်တော့တယ်"

သူ့စကားသည် အမှန်လား...

သူသည် အန္တရာယ်ကောင်လား ဆိုသည်များကို မြလေး ဘယ်လိုမှ မတွေးတတ်တော့။

မိုးစက်အောက် လမ်းဆိုးလမ်းကြမ်းအပေါ်မှာ မာစီးဒီးသည် အရှိန်ပြင်းစွာ ပြေးလွှားပြီး ခဏအကြာမှာပင်...

"ဟောဟိုမှာ ပျဉ်းမသုံးပင်ဆိုင် ရောက်ပြီ၊ အဲဒီ ကုန်းအောက် ရောက်ရင် ကြိုက်သလောက်အော်တော့၊ တောင်ပေါ်မှာ ဘုန်းကြီး ကျောင်းရှိပြီ"

ကိုဟန်သာဦး၏ အသံက ဒေါသကြောင့်လေလားပင် တုန်ခါ ၍ မာနေသည်။

ဘာမှ မဝေခွဲတတ်နိုင်သော မြလေးငုံမှာ ကြောက်ကြောက် ရွံ့ရွံ့နှင့် သူ့ကိုကြည့်ပြီးသာ ငြိမ်နေလိုက်ရတော့သည်။

အင်မတန် ငြိမ့်ငြောင်းသော မာစီးဒီးကို ဆောင့်ခနဲ ရပ်ချ လိုက်၏။





"ပွမ်...ပမ်"

သာယာသော မာစီးဒီးဟွန်းသံသည် တိတ်ဆိတ်သော နှင်းကျင်မှာ ကျယ်လောင်သွားတော့သည်။

တုံ့ပြန်သံ ဘာမှ မကြားရ...

ဟွန်း ထပ်ပြီး နှစ်ဆင့်တီးသည်။

မိုးတွင်းပေါက် အကောင်ငယ်တို့၏ စီစီစူးစူး အော်မြည်သံမှ လွဲ၍ ဘာဆိုဘာမှ မကြားရ။

သံဘော်ဒီပေါ်သို့ မိုးပေါက်များ ကျကြွေသံ တဖျောက်ဖျောက် ချောက်ချားစရာ ကောင်းလှပါ၏။

"ညီမင်းညို... ညီလေး"

"ညီလေး... ညီမင်းညို"

ကိုဟန်သာဦးက လက်ဝါးနှစ်ဘက်ကို ပါးစပ်ဘေးမှာ ဘွယ်ကာလျက် အသံကုန် ဟစ်လိုက်တော့မှ...

"ဘယ်သူလဲဗျ"

တမိုးသားလုံး မြလေးငုံ၏ နှလုံးအိမ်ပေါ်မှာ ရွာချလိုက်သလို ခင်အေးရပါပြီ။ အညို့အသံမှ အညို့အသံ အစစ်ပါပဲရှင်။

"တို့ပါကွ... မင်း မမငုံလည်း ပါတယ်၊ ငါ... ဟန်သာဦး လေကွာ"

"ကျွန်တော် မထနိုင်ဘူး အစ်ကို"

"ဟင်"

မြလေးငုံ အညို့အသံ ဖျော့ဖျော့လေးကို ကြားရပြီးချိန်မှာ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... မြလေးငုံ၊ ခင်ဗျားကောင်လေးကို ခင်ဗျား သွားသာ ခေါ်ချီတော့ဗျာ"

ကိုဟန်သာဦးအသံမှာ စေတနာဝတ်ရည်တို့ ဆိတ်သုဉ်းလေပြီ။

စေတနာရှင်ကို အထင်မြင်လွဲမိလေခြင်းဟူသော နောင်တ တရားဖြင့် စကားပြောရန် ရည်ရွယ်သော်လည်း ဘာစကားလုံးမှ ရှာမရ။

အညိုနှင့်လည်း တွေ့ချင်လှပြီမို့ မြလေးငုံသည် မိုးစက်များ ကြားမှပင် တောင်ကုန်းငယ်ရှိရာသို့ ပြေးတက်လာခဲ့သည်။

ကားထဲမှ အပြင်ကို ကြည့်ရသလောက် အပြင်ရောက်တော့ မမှောင်လှ။

ပျဉ်းမသုံးပင်ဆိုင် တောင်ကုန်းငယ်သည် နေမဝင်တောင်ကြော တောင်စွယ်ငယ်ဖြစ်၏။ သူ့အထက်မှာ သူ့ထက် သုံးဆမျှလောက် မြင့်သော တောင်ထိပ်တွင် "ဆုတောင်းပြည့်စေတီတော်" ရှိလေသည်။

ဤပျဉ်းမသုံးပင်ဆိုင် တောင်ကုန်းလေးမှာ တကယ်ပင် ပျဉ်းမ သုံးပင်၏ အလယ်မှာရှိပြီး တောင်တက်ဘုရားဖူးများ နားနေရန် ဇရပ်သဖွယ် အကာမပါ အမိုးနှင့် အခင်းလေး လုပ်ထားသည်။

အင်သားကြမ်းခင်းပြင်မှာ အညိုသည် လဲလျောင်းလျက် မထနိုင်သည်ထက် မထချင်ခြင်းသာ ဖြစ်ပါလိမ့်မည်။

"အညို"

သူ မထူး၊ မထူးတော့ နဂိုက ကြောက်လက်စ ရောဂါ ပြန်ဝင်လာပြန်သည်။





"အညို... အညိုမှ ဟုတ်ရဲ့လားဟင်"

စိုးရွံ့သံလေးနှင့် တုန်တုန်ယင်ယင် ခေါ်လိုက်တော့ အညိုက ကျုံးထပြီး...

"မမငုံ...မမငုံရယ်"

မြလေးငုံကို သိမ်းကျုံးဖက်ပြီး အညို ငိုတော့သည်။

"အို...ကိုယ်တွေလည်း ခြစ်ခြစ်တောက်ပူလို့၊ အဝတ်တွေက လည်း စိုလို့ပါလား အညိုရယ်"

"သေပါစေဗျာ၊ အညို့ဘဝက သေသွားတာကမှ ကောင်းပါ သေးတယ်"

"မငိုပါနဲ့ အညိုရယ်၊ မမငုံ တောင်းပန်ပါတယ်၊ အညို့ကိုလေ တောင်းပန်ဖို့ မမငုံ လာခေါ်တာပါ၊ ကဲ...လာထ၊ ပြန်ကြပါစို့နော်"

"မမငုံ"

"ဟင်"

"အညို့ကို ပါးရိုက်နိုင်လောက်အောင် မုန်းတယ်နော်"

"မဟုတ်ရပါဘူး အညိုရယ်၊ ကဲ... ဒီမှာ ဒါတွေနောက်မှ ပြောကြရအောင်ပါ၊ ကိုဟန်သာဦးကို အားနာစရာကောင်းလိုက်တာမှ အညိုရယ်။ ဒါတွေလည်း ခရမ်းပြာရောက်မှ ပြောပြပါ့မယ်၊ လာ... သာ၊ သွားကြပါစို့နော်"

"မမငုံ"

"အညို"

"အညို့ကို မုန်းသလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးနော်၊ အရေးထဲမှာ"

"ပါးရိုက်တာ မနာဘူးဗျ၊ မုန်းတာကို နာတာ၊ မမုန်းဘူးဆိုရင် ပြန်လိုက်မယ်၊ ဘာမှ မပြောရင် ပြန်မလိုက်ဘူးဗျာ... ဒါပဲ"

"မမုန်းပါဘူး၊ နည်းနည်းလေးမှ မမုန်းပါဘူးကွယ်... နော်... ကဲ...ကဲ၊ လာ...သွားကြပါစို့ အညိုရယ်"

သူ့ကို ပွေ့မယူရုံ တွဲ၍ခေါ်လာရသည်။ ရေစိုအောက်မှ ပူရှိန်... နေသော သူ့အသားသည် အဖျားဒီဂရီ တစ်ရာသုံးအောက် ရောက်မည်... မထင်။

မိုးရေ စွတ်စိုနေသော တောင်ဆင်း လမ်းလေးမှာ ချော်လွန်း... နေ၍ ချော်မလဲရန် မနည်း သတိထားပြီး တစ်ယောက်ကိုတစ်ယောက်... ကင်းတင်းကျပ်ကျပ် ဖက်တွယ်လျက် ဆင်းသက်လာခဲ့ရပါ၏။

"မြလေးငုံ ကျွန်တော့်ကို ယုံပါပြီနော်"

မိုးတွေရွာနေပါလျက် ကားအပြင်သို့ထွက်ပြီး ကားတံခါးကို... ဖွင့်ကြိုရင်း ငြင်သာစွာပြောလာ၍...

"မြလေးငုံလည်းလေ ချောက်ချားလွန်းလို့ အထင်မှားသလို... ဖြစ်ပြီး ပြောမိဆိုမိတဲ့အတွက် ဘယ်လိုတောင်... ...မုန်းတောင် မ... တော့ပါဘူးရှင်"

"ရပါတယ်ဗျာ... မြလေးငုံရဲ့ ရတနာထုပ်ကလေး ပြန်ရတာ... ကိုပဲ ဝမ်းသာတော့၊ ကျွန်တော်က ...ထားလိုက်"

"ရတနာထုပ် မဟုတ်ပါဘူး ကိုဟန်သာဦးရယ်၊ ချဉ်ပတ်ထုပ်... လေ၊ ကြာလေ...ချဉ်စရာကောင်းလေ"





"ကဲ... ခရမ်းပြာရောက်မှပဲ ချဉ်ချင်ချဉ်၊ ချိုချင် ချိုကြ၊ ခုတော့ ...မြန်သွားကြစို့၊ စောစောက အော်သံကြီးကို မြလေးငုံမပြောနဲ့၊ ...ကျွန်တော်တောင် ကြောက်တယ်"

ညီမင်းညိုသည် ကားထဲအရောက်တွင် နောက်ကူရှင်... ...မှီလှဲနေရာမှ ခေါင်းထောင်ထ၍...

"ဘာအော်သံလဲ အစ်ကို"

"မိစ္ဆာဂူအော်သံပေါ့"

"ဟင်"

"ဒီနားတစ်ဝိုက်မှာ မိုးသည်းညတွေ၊ လသာလွန်းတဲ့ညတွေ၊ ...င်းမှုန်ပိတ်ဆီးတဲ့ ညတွေ၊ အဲ... ထူးခြားတဲ့ညတွေမှာ ဆိုပါတော့၊ ...ဒီလိုပဲ မိစ္ဆာဂူကြီးထဲက အော်သံကို ကြားရတယ်လို့ ပြောပြော ...နေကြတာ၊ ခုမှပဲ ကြားရတော့တာဗျ၊ ကျွန်တော်တောင် ကြက်သီးထ ...တယ်"

"ဘာအော်သံလဲဟင်၊ ကျွန်တော်သိပ်မူးပြီး အိပ်ပျော်သွားတယ် ...င်တယ်၊ ဘာသံမှ မကြားလိုက်ဘူး၊ ဘယ်လိုအသံမျိုးလဲ အစ်ကို"

"ဘာပြောရမှန်းတောင် မသိပါဘူးကွာ"

"လူတစ်ယောက် မချိမဆံ့ကြီး အော်လိုက်သလိုပဲ"

"ဟုတ်တယ်နော် မြလေးငုံ၊ လူတစ်ယောက် အသက်ထွက်အံ့ ...ဆဲမှာ မချိမဆံ့ ကြုံးအော်လိုက်တဲ့အသံမျိုးကြီး"

"အမယ်လေး... ဒီလမ်းက ဖြတ်ပြန်ရမှာတောင် ကြောက်လာပြီ ...ဟန်သာဦးရယ်"



www.burmeseclassic.com

www.burmeseclassic.com

"အညို ရှိပါတယ်၊ မကြောက်ပါနဲ့ မမငုံရဲ့"

အားပေးသူ၏ လေသံက အားရဖွယ်မရှိ၊ အဖျားဒဏ်၊ အချမ်းဒဏ်ကြောင့် တုန်ခိုက်နေရှာသည်။

မြလေးငုံတို့ နောက်ထပ် ဘာစကားမှမပြောဖြစ်ကြတော့။

ရှေ့ခန်းမှ ကိုဟန်သာဦးသည် ပို၍သည်းလာသော မိုးကြောင့် ကြမ်းတမ်းသောလမ်းကို အထူးဂရုစိုက်၍ မောင်းနေရရှာလေသည်။

ကားနောက်ခန်းမှာ အညိုနှင့် နီးနီးကပ်ကပ် မထိုင်လို၍ တံခါးဘက်ထောင့်ကို ကပ်မှီထိုင်လာသော မြလေးငုံ၏ ပေါင်ပေါ်သို့ ကလေးငယ်တစ်ယောက်လို အညိုက လှဲအိပ်ချလိုက်တော့သည်။

မြလေးငုံနှင့် အသားချင်းထိလာသော သူ့ကိုယ်ခန္ဓာမှာ ခြစ်ခြစ်တောက်အောင် အပူရှိန်ပြင်းထန်လာသောကြောင့် သူ့ကို ရှောင်ဖယ်၍ မခိုင်းရက်တော့၊ သူ့ပခုံးစွန်းလေးကိုပင် ပွေ့သလိုကိုင်ဖက်၍ လာခဲ့ရတော့သည်။

"မိစ္ဆာဂူ"

ခပ်လှမ်းလှမ်းမှာ မည်းမည်းပုံ့ပုံ့ကြီးကို မြင်လိုက်ရသည်။

ချွန်သည့်နေရာချွန်၊ ကားသည့်နေရာ ကားနှင့် တစ္ဆေအကြီးကြီး တစ်ကောင် ထိုင်စောင့်နေသလို စိတ်မှာထင်လာ၍ မျက်နှာလွှဲလိုက်ရသည်။

အကြောက်တရားသည် ကိုယ်ခန္ဓာကို ဘယ်နေရာက ဝင်လာစေသည်မသိ၊ ကျောထဲမှ စိမ့်ခနဲဖြစ်သွားပြီး ရင်တွေထိတ်ထိတ်ခုန်လာသည်။





တစ်ခုခုကို ကြောက်ဖူးကြပါသလား...

ဤကြောက်စရာအရာကို တစ်ခါတည်း မျက်နှာလွှဲရဲသွားနိုင်သူသည် တကယ်မကြောက်သူပါ။ သိပ်ကြောက်လေ...မရဲ တရဲနှင့် ခိုး၍ ကြည့်ချင်လေပါပင်။

ကားပေါ်ပါသော သုံးယောက်လုံး ငြိမ်လာကြသည်။

မြလေးငုံပေါင်ပေါ်မှာ ခေါင်းအုံးအိပ်လာသော ညီမင်းညိုသည် သူ့အဖျားဒဏ်နှင့်သူ ငြိမ်လျက်။

ကိုဟန်သာဦးက စိုးရိမ်စိတ်လွန်ကဲစွာ ကားကိုမောင်းလျက်...

မြလေးငုံမှာဖြင့် ကိုဟန်သာဦးသို့ အားနာစိတ်၊ အညို့အတွက် ပူပန်စိတ်... မိစ္ဆာဂူကြီးကို ကြည့်ပြီး ကြောက်စိတ်များဖြင့် စိတ်ပင်ပန်းလွန်းစွာ ပြန်လာရချိန်မှာ...

"ဟော..."

"ဘာလဲဟင်"

"ဟို... ဟိုက ဝင်းခနဲလက်သွားတယ်"

ကိုဟန်သာဦး၏ ကားသည်ပင်လျှင် ပရမ်းပတာဖြစ်သွားတော့သည်။

"ဂူ... ဂူ... ကြီးထဲက ဝင်းခနဲ နှစ်ချက်တောင် လက်သွားတယ်၊ ဘာ... ဘာ... ဖြစ်တာလဲဟင်"

မြလေးငုံ ကြည့်နေဆဲမှာပင်... သာမန် မီးရောင် မဟုတ်ဘဲ ဖြူဖြူဖွေးဖွေး လင်းလင်း အတန်ကြီးနှစ်ချက် စက္ကန့်ပိုင်းမျှသာ ခြားလျက် လင်းလက်ပြီးနောက် ပြန်ငြိမ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"စုန်း... စုန်းတောက်စားတယ်ဆိုတာမျိုးလား"

"မြလေးငုံ မသိဘူး၊ ဒါတွေကို ကိုဟန်သာဦး လက်ခံလား၊ ယုံကြည်လားဟင်"

"ကျွန်တော်လည်း မသိဘူးဗျာ၊ ချောက်ချားစိတ်နဲ့ လျှောက်တွေးမိတာပါ၊ မဖြစ်ပါဘူး၊ ဒီနေရာက အမြန်ဆုံးလွတ်ပါမှ"

မာစီးဒီးမို့သာ တော်တော့သည်။ တခြားကားဆို တစ်စစီ ဖြစ်လိမ့်မည်။

ကိုဟန်သာဦးက ကားကို တရကြမ်းမောင်းပြီး မိစ္ဆာဂူသွားကားလမ်းထိပ်အရောက်တွင်...

**"အား...အ...အား...ဟီး"**

ဆိုသော အသံနက်ကြီးကြောင့်...

**"အမယ်လေး"**

ဟူသော မြလေးငုံ၏ အော်သံသည် ကားစတီယာရင်ကို အရမ်းကွေ့ချိုးပြီး အပြင်းမောင်းနှင်မှုအောက်တွင် တိမ်ပျောက်သွားရတော့သည်။

လမ်းခွဲရောက်ပြီး ကျောခိုင်းလမ်းမှ ပြန်လာရပါလျက် မြလေးငုံသည် နောက်သို့ လှည့်ဖြစ်အောင် လှည့်ကြည့်လိုက်မိသေးသည်။

နောက်ထပ်တော့ ဘာသံမှ မကြားရ။ ဘာကိုမှ မမြင်ရတော့။

မိစ္ဆာဂူကြီးသည် စောစောက အတိုင်းသာ မည်းမည်းပုံပုံကြီးနှင့် တဖြည်းဖြည်း ဝေး၍ဝေး၍ ကျန်ရစ်ခဲ့လေတော့သည်။





ခရမ်းပြာသို့ ရောက်ခါနီးမှာ ကိုဟန်သာဦးသည် စိုးရိမ်စိတ်လွန်ကဲလွန်းသော အမူရာများနှင့်...

"ကျွန်တော် ဒီလမ်းသွားပြီး ညီမင်းညိုကို ကယ်တယ်၊ မြလေးငုံကို ကူညီတယ်ဆိုတာ အဘိုးကြီးလုံးဝ မသိပါစေနဲ့နော် မြလေးငုံ"

"စိတ်ချပါရှင်၊ ဘယ်ပြောပါ့မလဲ"

"အဲဒီ လမ်းဘက်ကို ဘယ်တော့မှ မသွားကြနဲ့လို့ ခဏခဏ မှာထားတာ"

"ဘာဖြစ်လို့လဲဟင်"

"ကျွန်တော်လည်း မသိဘူး၊ သူ့ကား ယူသွားတာကိုလည်း ကြိုက်မှာ မဟုတ်ဘူးလေ"

"အားနာလိုက်တာရှင်၊ မြလေးငုံတို့ကို စေတနာနဲ့ ကူညီပေးတာမို့ ဦးလေးကို ဘယ်လိုနည်းနဲ့မှ ပြန်မပြောပါဘူး၊ စိတ်ချပါ"

ကျေးဇူးတင်စကားများကို အထပ်ထပ်ပြောကြားရင်း ခရမ်းပြာသို့ ပြန်ရောက်ကြပြီးသည့်နောက်တွင်...

ကိုဟန်သာဦးတစ်ယောက် မိုးထဲ ရေထဲ၊ ညကြီး မင်းကြီးမှာပင် မြင်မကောင်းအောင် ပေကျံလာသော မာစီးဒီးကားကြီးကို သူကိုယ်တိုင် ရေဆေးနေရရှာလေတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

မြလေးငုံ၏ လက်တစ်ခုလုံး ထုံကျဉ်နေလေပြီ။ ရေခဲနှင့် ထိတွေ့နေရသည့်အချိန်က သုံးနာရီကျော်သွားပြီ။

"ဘယ်လို နေသေးလဲ"

"မှိန်းနေတယ်၊ အဖျား လုံးဝမကျဘူး"

ညီမင်းညိုအတွက် ရရှိထားသော ပျဉ်ထောင်အိမ်ခန်းလေးမှာ ဖြစ်သည်။ တဘက်ခန်းက တံခါးစောင့်လုပ်သားကြီး "အဘမှုန်"—

ဒီဘက်အခန်းက အညို့အခန်း။ သီးသန့်ဆန်သော ဤနှစ်ခန်းတွဲ အိမ်လေးမှာ အညို့ကို ထားပေးသည်။ ခရမ်းပြာ တိုက်ကြီးနှင့်လည်း အနီးဆုံးနေရာပါ။

တချို့ အလုပ်သမားများကျတော့ ခြောက်ခန်းတွဲ၊ ရှစ်ခန်းတွဲ အိမ်ထောင်သည်လိုင်းများပါဆိုတော့ လူရှုပ်လှသည်။ ယခု နေရသည်က သီးသီးသန့်သန့်၊ သပ်သပ်ရပ်ရပ်ကလေးပါ။

တဘက်ခန်းမှ အဘမှုန်သည် အကြီးကျယ် ဖျားနေသော အညို့ကို သတင်းမေးပြီး လှည့်ပြန်ခါနီးမှာ...

"အဘမှုန်... ဦးလေးကို သွားပြောပေးပါ၊ ဆရာဝန်လာရင်..."



"ဟဲ့... ဟိုမှာ လာနေကြပြီပဲ"

အဘမှုန် ပြရာသို့ကြည့်လိုက်တော့ ဦးလေးကိုယ်တိုင်နှင့် ဒေါက်တာထွန်းလွင်တို့ နှစ်ယောက်၊ ကောင်လေးတစ်ယောက်က နောက်မှ ဆေးအိတ်ကလေးကို ဆွဲလျက်...

"ဆရာပြောတဲ့အတိုင်း တစ်ချိန်လုံး ရေခဲတင်ပေးနေတာပါပဲ၊ အဖျားက လုံးဝမကျဘူး၊ နောက် သိပ်လည်း မှိန်းတာပဲ၊ မျက်စိကို လုံးဝ မဖွင့်ဘူးဆရာ"

စိုးရိမ်စိတ်များဖြင့် အညို့အခြေအနေကို တင်ပြမိ၏။

ဒေါက်တာထွန်းလွင်က ညီမင်းညိုကို အဖျားတိုင်းသည်။ အသေအချာ စမ်းသပ်သည်။ ပြီးတော့...

"ဆေးရုံတင်လိုက်တာပဲ ကောင်းမယ်"

"အို...ဆရာရယ်၊ သိပ်...သိပ်များစိုးရိမ်ရသလားရှင်"

"မစိုးရိမ်ပါနဲ့ မြလေးငုံရဲ့၊ အိမ်ထက် ဆေးရုံက အစစအရာရာ ပြီးကောင်းတာပေါ့၊ ဆေးရုံတက်လိုက်ရင် နေကောင်းသွားမှာပါ၊ ဆရာ စာရေးပေးလိုက်မယ်"

"ဦးလေး"

"ဘာလုပ်ပေးရမလဲ မြလေးငုံ"

"မြလေးငုံ လခ ကြိုထုတ်ခွင့်ပြုပါ၊ အညို့အတွက် ဆေး..."

"ဟာ... ဒါတွေ ဦးလေးရဲ့တာဝန်ပါ"

"နောက်တစ်ခုလည်း ပြောပါရစေ"

"ပြော"



www.burmeseclassic.com

www.burmeseclassic.com



"မြလေးငုံကို ခွင့်ပေးပါ၊ အညို့အနားမှာ သွားစောင့်ပါရစေ"

"စောင့်လေ... ရပါတယ်၊ တို့မြို့ဆေးရုံက သိပ်စည်းကမ်းကြီးတာမှ မဟုတ်တဲ့၊ လူစောင့်လို့ရတာပဲ။ ညီမင်းညို ဆေးရုံက ဆင်းတဲ့အထိ မြလေးငုံကိုလည်း ခွင့်ပေးတယ်၊ သူ့အတွက် လိုအပ်သမျှ ဆေးဝါး၊ အစားအသောက်ကအစ ဦးလေးတာဝန်ယူပါတယ် မြလေးငုံ"

"ကျေးဇူးတင်လိုက်တာ ဦးလေးရယ်"

"ဒါဆို... ယူစရာ ငွေစရာလေး ထည့်ထား၊ ဦးလေး ကားစီစဉ်ပေးလိုက်မယ်၊ မြလေးငုံလည်း တစ်ခါတည်း လိုက်သွားပေါ့... ဟုတ်လား"

"ဟုတ်ကဲ့ပါ၊ ဦးလေး"

◆ ◆ ◆



"မမငုံလည်း နှစ်နေ့နဲ့ နှစ်ညလုံးလုံး စောင့်ရတာ ပင်ပန်းလှပါပြီဗျာ"

"ပင်ပန်းပေမယ့် အညို အဖျားကျသွားလို့ စိတ်ချမ်းသာရပါပြီကွယ်"

"ဟုတ်တယ်၊ ဆေးရုံကို ဘယ်လိုလုပ်ပြီး ခေါ်လာကြလဲလို့တောင် အညို မသိဘူး"

"အဖျားက သိပ်ပျင်းနေတာကိုး၊ ဆေးရုံရောက်တော့ အဖျားဒီဂရီ တစ်ရာ့ခြောက်တဲ့၊ အမယ်လေး... ကြောက်လိုက်တာမှ မပြောနဲ့တော့"

"ဘာကို ကြောက်တာလဲ"

"ဘာကို ကြောက်ရမလဲ။ ရှင်သေမှာ ကြောက်တာပေါ့"

နွမ်းနေရှာသော အညို့မျက်နှာလေးမှာ လန်းလာသော အပြုံးများဖြင့်...

"အညိုသေရင် မမငုံရော လိုက်သေမှာလားဟင်"

"အမယ်လေး... မသေနိုင်ပါဘူး"

"အညိုကတော့ သေမှာပဲ၊ မမငုံ သေရင် ကိုယ့်ကိုကိုယ်သောင်



www.burmeseclassic.com

www.burmeseclassic.com



သတ်သေနေစရာ မလိုပါဘူး၊ အလိုလို အသည်းနှလုံးကွဲပြီး လိုက် သေမှာ"

"ရင်ထဲက အသည်းနှလုံးဆိုတာ ကိုယ်ကွဲချင်တိုင်း ကွဲလို့ ရတာမှတ်လို့"

"သေလို့မရလည်း ရတဲ့နည်းနဲ့ လိုက်သေမှာပဲ"

"တော်စမ်းပါ အညိုရယ်၊ ပြောရ ဆိုရတာ အခုထိ ကလေး ဆန်တုန်း"

သူက ပြုံးပြီး... မြလေးငုံ၏ လက်ကလေးကို ဖက်တွယ်ထား ရှာသည်။ မြလေးငုံက မငြင်မသာ ရုန်းလိုက်ပြီး ခုတင်အနီးက ဗီရိုပုလေးပေါ်မှာ ဟောလစ်ဖျော်ရန် ပြင်နေသည်။

ဦးပိုင်သ၏ အရှိန်အဝါနှင့် ငွေကြေးအ...နှိမ်အကျခံပေးခြင်း များကြောင့် ဆေးရုံမှလည်း နှစ်ယောက်တည်း ထားသော သီးသန့် ခန်းမှာ နေရသည်။

တဘက်ခုတင်မှ လူနာက ဆီးချိုရောဂါရှင် အဘိုးကြီး။

အနာများ မြင်မကောင်းအောင် ပေါက်ပြီး မကျက်နိုင်သည့် အတွက် ကိုယ်အင်္ဂါ အစိတ်အပိုင်းများကိုပါ လှစ်ဟဆေးထည့်ရ သည်ဘက်လူနာနှင့် ကန့်လန့်ကာ အဖြူခြားပေးထားသည်။

သည်အတွက် အညိုတစ်ယောက် ဆေးရုံပေါ်မှာတင် အပျော် ကြီး ပျော်နေပေတော့သည်။

"မမငုံ"

"ဘာလဲ အညိုရယ်"





"လာဗျာ... အနားကို"

"ဒီမှာ ဟောလစ်ဖျော်နေတာ မမြင်ဘူးလား"

"အဲဒါတွေ တိုက်မနေစမ်းပါနဲ့၊ ဒီကောင့် အားဆေးက မမငုံရဲ့ ...က်နှာဗျ"

မြလေးငုံ ဘာမှ သူ့ကို စကားတုံ့ပြန် မနေတော့။ ခပ်တည်တည် ...င် ဟောလစ် ဆက်ဖျော်နေမိသည်။

"မမငုံ"

မြလေးငုံ မထူးဘဲ တမင်နေမှန်း သူသိတော့...

"မမငုံ... မမငုံ... မမငုံ... မမငုံ"

"ဟဲ့... ဟိုဘက်မှာ လူနာနဲ့၊ ဘယ်လိုဖြစ်နေတာလဲ"

"ဘာလို့ အဝေးကြီး သွားနေရတာလဲ၊ အော်နေမှာပဲ၊ မအော် ဆချင်ရင် ဒီနားမှာ လာနေပါလားဗျ"

သူ့ အဖြစ်သည်းခြင်းများကို တစ်ခါတလေတော့လည်း ကြည်နူးသား။ ခုလို ပိုလွန်းပြန်တော့လည်း စိတ်ညစ်လာသည်။ ...က်စောင်းကြမ်းကြမ်းကြီး ထိုးပစ်လိုက်ပြီး ဟောလစ်ကို ဆက်ဖျော် ...၏။ သောက်ဖို့ အနေတော်ဖြစ်ရန် အေးအောင်လုပ်ပြီးမှ သူ့နားသို့ ...ာပ်ပြီး...

"ကဲ...ထ"

"ထူမှ"

"စိတ်ညစ်လိုက်တာ အညိုရယ်၊ ထစမ်းပါ"

"ပျော်လိုက်တာ မမငုံရယ်၊ ထူစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



မြလေးငုံ မပြုံးဘဲ မနေနိုင်တော့။ ဟောလစ်ပန်းကန်ကို ပြန်ချပြီး သူ့ကို မေ့ထူလိုက်တော့...

"အညို့ တစ်သက်လုံးဖျားနေရင် ကောင်းမှာပဲနော်"

"မပြောကောင်းတာတွေကွာ"

"မပြောကောင်းတာပြောလည်း မသေပါဘူး၊ ဒီကောင်မ ဘယ်တော့မှ မသေဘူး၊ ကြည့်နေ... မမငုံသေမှ လိုက်သေမှာ"

မြလေးငုံက သူ့ကို ဟောလစ်ကုန်အောင်တိုက်ပြီးချိန်မှာ...

"မမငုံ"

"ဘာလဲ အညိုရယ်"

"မမငုံ ရိုက်ထားတဲ့ ပါးကဒဏ်ရာ မကျက်သေးဘူးဗျ၊ အဲဒါ အတွက်..."

"သေလိုက်"

မြလေးငုံ ဟောလစ်ပန်းကန်ဆေးရန် ထွက်လာတော့၊ အညို ရယ်သံလေးက ပြေးလိုက်လာသည်။

ဆေးရုံ၏ဘေးဘက် လက်ဆေးဇလုံများထားရာ နေရာ၌ မြလေးငုံ ပန်းကန်ဆေးနေဆဲ...

"အရိုးခြောက်ကြီး... အရိုးခြောက်ကြီး"

နားထဲသို့ ကြားလာရသော အသံဆန်းကြောင့် နားစွင့်လိုက် မိသည်။

"အရိုးခြောက်ကြီး သယ်လာတယ်တဲ့၊ အမယ်လေး... ကြောက်လိုက်တာ၊ ငါတော့ မကြည့်ရဲပါဘူးအေ"





"ကျွန်မလည်း ကြောက်တာပဲ၊ ဒါပေမယ့် ကြည့်ချင်လွန်းလို့ သွားကြည့်တာ"

အမျိုးသမီးလူနာဆောင်ဘက်သို့ ဖြတ်သွားသော အမျိုးသမီး နှစ်ယောက်၏ စကားဆန်းကြောင့် ဆေးရုံ၏ စင်္ကြံလမ်းသို့ မြလေးငုံ ထွက်လာခဲ့သည်။

နောက်ထပ် တီးတိုးပြောရင်း လျှောက်လာသော မိန်းမ နှစ်ယောက်အား...

"အရိုးခြောက်ကြီး တွေ့ခဲ့လားဟင်"

"ဟိုမှာ သယ်လာပြီလေ"

လက်တွန်းလှည်း ခပ်စုတ်စုတ်ပေါ်တွင် အဝတ်ဖြူကို ဖြစ်သလို ခြုံပြီး တွန်းလာနေသော ကုလားနှစ်ယောက်ကို မြင်ရသည်။

"အရိုးခြောက်ဆိုတော့ ရင်ခွဲရုံ ပို့စရာ မလိုဘူးပေါ့နော်...၊ အလောင်းတွေထားတဲ့ဆီပဲ ထားမှာထင်တယ်"

"ပြောတတ်ဘူး"

"ဆရာဝန်တွေ စစ်ဦးမယ်ထင်တယ်၊ ဟို-အဆောင်ဘက် တွန်းသွားပြီ"

သူတို့စကားကို နားထောင်ရင်း တွန်းဝင်လာသော လူသေတင် သံလှည်းကြီးကို လှမ်းကြည့်မိသည်။ လှည်းသံကြီး တကျိုင်းကျိုင်းက ပြီး ချောက်ချားစရာ။

"အဲဒါကြီး ဘယ်က ယူလာတာလဲရှင်"

မြလေးငုံ စပ်စုမိတော့ ပြောချင်နေသော အမျိုးသမီး နှစ်ယောက်က...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကရှိမလဲ၊ ဂူပေါက်ကြီးထဲကပေါ့၊ မိစ္ဆာဂူကြီးရှေ့ လေ"

"ဟင်"

"ဒီလိုပဲ၊ တစ်နှစ်တစ်ယောက်လောက် ဒီဂူက လူသား နေကျ"

"ဘယ်... ဘယ်သူက စားတာလဲဟင်"

"ပြောတတ်ဘူး၊ မိစ္ဆာဂူ လူသားစားခါနီးဆို အော်တယ် ပြောတာပဲ"

"အော်တယ်... ဟုတ်လား"

"ဟုတ်တယ်၊ အသံနက်ကြီးနဲ့ မချိမဆံ့ အော်သံကြားပြီး လူတစ်ယောက်ရဲ့ အရိုးစုကို တွေ့ရပြီသာမှတ်တော့"

"အို"

လွန်ခဲ့သော သုံးရက်က မြလေးငုံကိုယ်တိုင် ကြားခဲ့ရ မိစ္ဆာဂူအော်သံကြီးကို ချက်ချင်း ပြန်လည်သတိရလာသည်။

"ဒီ... ဒီအရိုးခြောက်ကြီးကို ဘယ်နေ့က တွေ့တာလဲဟင်"

"ဒီနေ့မနက်ဘဲ၊ ဂူပေါက်ကြီးနားမှာ ရှဉ့်ရှာတဲ့လူ တွေ့လာတာ"

"ဟင်"

"လူတွေက ရဲစခန်းပြော၊ ရဲစခန်းက သွားကြည့်ပြီး ဆေးရုံ သွားယူလာရတာပေါ့"

"ဘယ်သူ့သေတာလဲဟင်"





"သြော်... အရိုးစုကြီးပါဆိုမှ ဘယ်လိုလုပ်ပြီး ဘယ်သူမှန်း ဦးမှာလဲ၊ ညီမရဲ့"

အမျိုးသမီးနှစ်ယောက်အနက်၊ တစ်ယောက်က ဖြေသည်။ ာက်တစ်ယောက်က...

"အမယ်...ဟိုနှစ်ကတွေ့တဲ့ အရိုးခြောက်ကြီးကတော့... ပိုင်ရှင် ပါတယ်တော်"

မြလေးငုံက စိတ်ထက်သန်စွာဖြင့်...

"ဘယ်သူဘယ်ဝါဆိုတာ သိသွားတယ်လား"

"ထင်ရတာပါ ညီမရယ်၊ ခရမ်းပြာမှာ လာတည်းတဲ့ အလွတ် ယောက်ဆိုလား"

"အငြိမ်းစား ရဲအရာရှိပါဟဲ့"

"အေး...အေး ထားပါတော့၊ အဲဒီလူလည်း ခရမ်းပြာဟိုတယ် မှာ လာတည်းရင်း အချိန်တန်တော့ ပြန်မလာဘူးတဲ့၊ လူပျောက်မှုနဲ့ တိုင်ရတယ်၊ နောက်တော့ အဲဒီအရိုးခြောက်ကြီး တွေ့တာပဲ"

"အဲဒီ အငြိမ်းစားရဲအရာရှိရဲ့ အရိုးစု ဆိုတာရော သေချာသတဲ့ လားရှင်"

"မပြောတတ်ဘူး၊ သူ့အိမ်က လိုက်လာကြတာပဲ၊ အရိုး ခြောက်ကြီးဆိုတော့လည်း ဟုတ်လား မဟုတ်လား ဘယ်သိနိုင်ပါ့ လဲ"

"အင်းပေါ့နော်"

"ဟိုးနှစ်...လွန်ခဲ့တဲ့ သုံးနှစ်ကျော်တုန်းကတော့ ဒေါ်ပိုအိမ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



သားလေးကို သတ်တာ ရှင်းတယ်၊ မျက်နှာကို ချန်ထားတော့ သူရိန်ပိုင် မှန်း သိကြရတာပေါ့"

"အေးလေ... ကောင်းတယ်၊ လောဘ ကြီးလွန်းတော့ သားလည်းဆုံး၊ သူလည်းရှုံး"

မြလေးငုံမှာ ခရမ်းပြာနှင့် ပတ်သက်သူ။ ဦးပိုင်သ၏ တူ ဝမ်းကွဲဆိုသည်ကို သူတို့ သိကြဟန်မတူ။

အချိန်ပြည့် အလုပ်တာဝန် မရှိကြသော ပညာမဲ့ အမျိုးသမီး တချို့တို့သည် သူတစ်ပါးအကြောင်း စုံစမ်းခြင်း၊ သတင်းဖြန့်ဝေခြင်း တို့၌ မွေ့လျော်တတ်၏။

ဤအမျိုးသမီးတို့သည်လည်း သူတစ်ပါးကိစ္စကို ကိုယ့် မိသားစုကိစ္စထက် ပိုမိုစိတ်ဝင်စားစွာ သတင်းဖြန့်ဝေတတ်သူများ ဖြစ်ပုံရသည်။ ဤသို့ သတင်းဖြန့်ဝေနေရသည်ကိုပင် ဟုတ်လှပြီ ထင်ကာ ဂုဏ်ယူနေတတ်ကြသော အမျိုးအစားပါ။

လူမှုရေး ရှုထောင့်မှကြည့်လျှင် မကောင်းမြတ်လှသော်လည်း မြလေးငုံအတွက်မူ သူတို့၏ သတင်းသည် အလွန်အမင်း စိတ်ဝင်စား ဖွယ်ရာပါ။

"အစ်မတို့ပြောတဲ့ သူရိန်ပိုင် ဆိုတဲ့ ကောင်လေးကို သတ်တဲ့လူ ကို မိသွားပြီဆို"

"ဟုတ်တယ်၊ ပြန်ပေးတစ်ဂိုဏ်းလုံးကို မိသွားတာ၊ ပြန်ပေး ဂိုဏ်းခေါင်းဆောင်က မြို့ပေါ်မှာ ထင်ထင်ပေါ်ပေါ်နေတဲ့ သူဌေး ဦးကျင်လှိုင်လေ"





"ဩော်"

"သူက ဦးပိုင်သတို့နဲ့ စီးပွားရေး ပြိုင်ဘက်ပေါ့၊ ခုတော့ ထောင်ထဲမှာ သေပြီထင်ပါရဲ့၊ သူ့တပည့်တွေလည်း ထောင်ကျတာ ပေါ့"

"အဖွဲ့က အများကြီးလားရှင်"

"အားလုံး ခုနစ်ယောက်"

"ရက်စက်လိုက်ကြတာနော်"

"အင်း...သူတို့ဖမ်းပြီး တစ်နှစ်ကျော်လောက် ငြိမ်သွားသေး တယ်၊ ခုမှ မနှစ်က တစ်ယောက်၊ ဒီနှစ်တစ်ယောက်"

"အဲဒီ ပြန်ပေးဂိုဏ်းက သတ်တာပဲလားရှင်"

"ကျန်တဲ့တပည့် ဖြစ်ချင်ဖြစ်မှာပေါ့"

"ဟဲ့... အားလုံးဖော်လို့ အားလုံး မိသွားပါပြီတဲ့ မြရင်ရဲ့"

"ဒါဖြင့် ဒါတွေ ဘယ်သူဆက်သတ်နေလဲ"

"ဒါတော့ ဘယ်သိမလဲအေ လူသားစား မကောင်းဆိုးဝါးတွေ မိစ္ဆာဂူထဲမှာ ရှိတယ်လို့ ပြောနေကြတာပဲ။

သူတို့ချင်း ဦးတည်သွားကြပြန်သည်။

သူရိန်ပိုင်ကို ပြန်ပေးဆွဲပြီး သတ်သည့်ဂိုဏ်းကို မိသွားပြီဟု... သည်ဖွဲ့မပြော စခန်းမြို့ကို ရောက်စကပင် မြလေးငုံ ကြားသိခဲ့ရသည်။

ယခုအချိန်ထိ ဦးလေး ဦးပိုင်သသည် ဒီအကြောင်းကို စပ်၍ပင် မပြော။ သားအတွက် ပရိဒေဝကို မဆွစေလို၍ မြလေးငုံကလည်း ဘာမှ မမေးခဲ့။



www.burmeseclassic.com

www.burmeseclassic.com

မမြရင်ဆိုသူနှင့် ကျွန်တစ်ယောက်သည် ဘာမှမသိနားမလည် ရှာသော ချောချောကောင်မလေးကို သတင်းဦးပေးခဲ့ရလေသည်ဟု ကျေနပ်သောမျက်နှာနှင့် ပြုံးပြီး မိန်းမလှုနာဆောင် ဘက်သို့ ဆက်လျှောက်သွားကြလေတော့သည်။

မြလေးငုံ၏ ရင်၌မရှင်း...

မိစ္ဆာဂူကြီး...

ရူးရူးဝါးဝါးအော်သံများ...

အရိုးစုခန္ဓာကိုယ်ကြီး...

စသော ချောက်ချားဖွယ်များကို တွေးတောလျက်... အခန်းတွင်းသို့ ပြန်ဝင်လာကာ... ညီမင်းညို နားတွင် ထိုင်မိချိန်မှာ...

"အညို နေကောင်းသွားပြီလား"

"ကျွန်တော့်ကို-အညိုလို့ မခေါ်နဲ့ဗျ"

"မင်းအစ်မက မင်းကိုခေါ်လို့ ခေါ်မိတာပါကွာ"

"ကျွန်တော့်နာမည် ညီမင်းညိုဗျ၊ အညိုဆိုတာ ကျွန်တော့်မမငုံ တစ်ယောက်တည်း ခေါ်ဖို့အတွက်"

"အညိုကလည်း"

"ဟုတ်တယ် မမငုံရဲ့၊ မိန်းမနာမည်ကြီးကို တခြားလူတွေ ခေါ်တာ မကြိုက်ပါဘူး"

"မင်း မမကရောကွာ"

"ဒါက ကျွန်တော် မွေးပေါက်စတည်းက ကျွန်တော့်မမငုံက ခေါ်လာတာဗျ၊ ဦးလေးတို့က ခုမှသိတာ၊ ယောက်ျားနာမည်ပဲ ခေါ်ပေါ့ဗျ"

တဘက်လူနာ၏ ဒရိုင်ဘာဦးလေးကြီးကို အညိုက ဗျချင်းသပ်အောင် မကျေမနပ်နှင့် ပြောနေလေတော့သည်။

သဘောကောင်းပုံရသော ဒရိုင်ဘာကြီးက အညို့ကို ကလေးတစ်ယောက်လို အမြင်နှင့် ရယ်ရယ်မောမော စကားပြောနေကြချိန်မှာ...

"အညို... မမငုံ အပြင်ခဏသွားဦးမယ်"

"ဘယ်လဲ"

"အိမ်သာ"

"မြန်မြန် ပြန်လာနော်"

ဒေါသမျက်စောင်းတစ်ချက် ပစ်လွှတ်ခဲ့ပြီး မြလေးငုံ စင်္ကြံလမ်းအတိုင်း လျှောက်လာခဲ့သည်။

အိမ်သာသို့ မဟုတ်ပါ၊ ရင်၌ စိုးစိုးထင့်ထင့် ဖြစ်နေမိသော အကြောင်းရာ တစ်ခုကို ဖြေရှင်းရန်အတွက်ပါ။

အညို့ကို ဆေးရုံတင်ပြီး နောက်တစ်နေ့ အညို သက်သာလာချိန်မှာ...

"ကယ်တင်ရှင်"ကို မြလေးငုံ လိုက်ရှာခဲ့သည်။ မတွေ့။

ကယ်တင်ရှင်ဟူသည် ခရမ်းပြာသို့ အတိတ်မေ့သူအဖြစ်နှင့် ဘန်ဆောင်ရောက်လာခဲ့သော ပဟေဠိသမား၊ ပုဏ္ဏာအပြည့်နှင့်လူ၊ မြလေးငုံ၏ ကယ်တင်ရှင်...




ကြောင်နှစ်ကောင်စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒေါက်တာ ထွန်းလွင် ဘင်လိုက်တာပဲ။ ခရမ်းပြာကို ရောက်လာတဲ့လူလို့ ပြောတာပဲ၊ သူ့ကို ဘာမေးလို့မှလည်း မရဘူး၊ အဲဒါနဲ့ ဆေးရုံမှာ အတွင်းလူနာအဖြစ် လက်ခံပြီး စီ-အဆောင်မှာ ထားလိုက်တာပဲ၊ အဲ... မနက်ကျတော့ သူ့နေရာမှာ မရှိတော့ဘူး၊ ဘယ်မှာမှလည်း ရှာလို့မတွေ့ကြဘူး"

"ကျွန်တော်တို့ ဆေးရုံကလည်း သိတဲ့အတိုင်း သိပ်ပြီး လုံလုံခြုံခြုံ ကာရံထားနိုင်တာမဟုတ်တော့ ညဉ့်ကြီးသန်းခေါင် သူ့သဘောနဲ့ သူလည်း ထွက်သွားလို့လည်း ရနိုင်တာပဲပေါ့"

မြလေးငုံ စုံစမ်းစဉ်က သက်ဆိုင်ရာမှ ပေးခဲ့သော အဖြေများ...

"စာရင်းရှင်းဖို့ ရောက်လာခဲ့တယ် ဆိုသောသူ"

"မြလေးငုံ၏ အသက်ဘေးမှ ကယ်တင်ခဲ့သောသူ"

"ခရမ်းပြာ၏ လျှို့ဝှက်တံခါးကို ဖွင့်ဝင်နိုင်လေသောသူ"

ယခု သူ ပျောက်ဆုံးနေ၏။

"အရိုးခြောက်ကို အခု တွေ့ကယ်ဆိုတော့..."

"အို...သူ...သူ...သူ မဟုတ်ပါ၊ စေနဲ့ရှင်..."

မြလေးငုံမှာ တုန်တုန်ယင်ယင်နှင့် ဆုတောင်းရင်း... လျှောက်လာခဲ့သည်။ အခန်းဝ၌ လူတွေ အုံနေသည်၏ နောက်မှ ရပ်လျက်...

"ဝင်မကြည့်ရဘူးတဲ့လားဟင်"

"အထဲမှာ ဘယ်သူမှ မရှိဘူး၊ ကျွန်မတို့က မကြည့်ရဲလို့ မကြည့်ကြတာ"





အဝတ်ဖြူ အုပ်ထားသော အရိုးခြောက်ကို လှမ်းကြည့်နေဆဲ...

"ဖယ်ကြ... ဖယ်ကြ၊ ဆရာလာပြီ"

ရင်ခွဲရုံမှ ကုလားက ကျူးအော်လိုက်၍ လူတွေရှဲကုန်ကြသည်။ အားလုံးလောက်နီးနီး ပြန်ကုန်ကြချိန်မှာ တာဝန်ကျဆရာဝန် ရောက်လာသည်။

"ဒေါက်တာ"

"ဆို... ကျွန်တော် ဘာကူညီရမလဲ"

"ကျွန်မ... ကျွန်မ... အ... အမျိုးတစ်ယောက် ပျောက်...နေလို့၊ အဲဒါ..."

"ဟုတ်ပြီ၊ ကြည့်ရဲလို့လား"

"သူများ... ဖြစ်နေမလားလို့ရှင်"

"လာလေ... ဝင်ကြည့်ပေါ့၊ သဲလွန်စများ တွေ့လိုတွေ့ငြား"

"ဟုတ်... ဟုတ်ကဲ့၊ ဒေါက်တာ"

ဆရာဝန်က မြလေးငုံကို အခန်းတွင်းသို့ ဝင်စေပြီးသည်နှင့် တံခါးကို ဆွဲပိတ်လိုက်သည်။

အလင်းရောင် မလုံလောက်သော အခန်းတွင်းမှာ ဒေါက်တာရယ်၊ သူ့လက်ထောက် တစ်ယောက်ရယ်၊ အရိုးစု ခန္ဓာ တစ်ခုရယ်။

"အို"

ဆရာဝန်က ရုတ်တရက်ပင် အဝတ်ဖြူကို ခပ်ကြမ်းကြမ်း လှန်ပစ်လိုက်သည်။

မြလေးငုံ မကြည့်ရဲ၍ မျက်နှာ လွှဲပစ်လိုက်ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ပုပ်သိုးညှီစို့သော အနံ့က မနှေ ူ့စရာ၊ ရင်ဒွဲ ပျို့တက်လာသည်။

မြလေးငုံတို့ မြင်ဖူးသော မျက်လှည့်ထဲမှ ခေါင်းခွံမျိုး။

ဆေးကျောင်းမှ အရိုးခြောက်မျိုးလို အရိုးစုချည်း ချောပြောင်မနေ။ မရဲတရဲ ကြည့်ပြီး မျက်နှာဆီသို့လည်း ကြည့်လိုက်မိရော...

"အမယ်လေး"

လန့်အော်ပြီး မျက်နှာကို လက်ဝါးနှင့် ကာပိတ်လိုက်မိသည်။

အို... ကြောက်စရာ ကောင်းလိုက်တာမှ သွေးပျက်သွားမတတ်ပါ။

"ဟား... ဟား၊ ခင်ဗျား မကြည့်ရဲတော့ဘူး ထင်တယ်"

"ဟုတ်ကဲ့... ဟုတ်ကဲ့၊ ကျွန်မ... ကျွန်မ သွားပါရစေတော့ရှင်"

"တကယ်တော့ မိစ္ဆာဂူက လူသားစားတယ်ဆိုတာ မဟုတ်နိုင်ပါဘူးဗျာ၊ လူ့ကိုယ်ခန္ဓာက ဒ. သားစတွေကို စားသွားစေနိုင်တဲ့ အပြင်းစား ဓရဲမီးနဲ့ တစ်ကိုယ်လုံးကို စိမ်နှစ်ခံလိုက်ရတာပါ၊ အင်မတန်မှ ရက်စက်တဲ့ လူသတ်နည်းနဲ့ အသ ာက်ခံရရှာတာပါ"

"ရှင်"

ဆရာဝန်ကတော့ သာမန်အမှုကိစ္စတစ်ခုလိုပင် ခပ်အေးအေးပြုံးလျက် တံခါးဖွင့်ရန် ထွက်သွားတော့ တန်းလန်းကျနေသော အဝတ်ဖြူစကြီးနှင့် တိုက်မိ၏။

အရိုးခြောက် လက်ကြီးက ဘတ်ဆို ဆောသို့ ပြုတ်ကျလာ၍...

"အား"





သူ့ခန္ဓာကိုယ်နှင့် ဆက်လျက်သားမို့ အရိုးစုလက်ကြီးကအောက်သို့ မရောက်၊ ဘေးမှာ တန်းလန်းကြီးကျပြီး ယမ်းနေ၍...

မြလေးငုံမှာ ဤအရိုးစု လက်ကြီးနှင့် သူ့နှလုံးသားကို လှမ်းဆွဲယူလိုက်သည်ဟုပင် ထင်မိသည်။ ရင်ဒွဲ ကြောက်လန့်ခြင်းအဟုန်ကဖွင့်ကွဲတော့မတတ်။

တံခါး ဖွင့်လိုက်တော့ အလင်းရောင်ဘန်းက ထိုးဝင်လာသည်။

အပြင်သို့ ထွက်ခါနီးဆဲဆဲမှာ လက်ခနဲလို မျက်စိထဲမှာ အဖြူရောင်တစ်ခု မြင်လိုက်ရ၍ နောက်ဆုံးအနေနှင့် လှည့်ကြည့်လိုက်တော့...

"အို... အို... ဒါ... ဒါဟာ"

မြလေးငုံက လက်ညှိုးထိုးပြီး အလန့်တကြားနှင့် ကြုံးအော်လိုက်မိသည်။

"ဘာလဲ... ဟင်... ဘာလဲ"

ဆရာဝန်က မြလေးငုံ၏ လက်မောင်းကို ဖေးမကိုင်တွယ်ပြီး ဆေးလာသည်။ ဆရာဝန်သာ ကိုင်မထားလျှင် မြလေးငုံ ကစင့်ကလျားလဲကျသွားနိုင်သည်။

ယခုတော့...

ရပ်တည်နိုင်စွမ်းမရှိပြီ ဖြစ်၍ ကြမ်းပြင်မှာ ထိုင်ချလိုက်ရတော့၏။

သည်တော့ လက်ချောင်းအရိုးစုများကို ပိုမိုနီးကပ်စွာ မြင်သာလာရသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်သူကြွယ်၏ လက်ဆစ်ကို လွန်မထွက်နိုင်ဘဲ… အရိုးခြောက် လက်သူကြွယ် ပတ်လည်တွင် ချောင်ကျနေသော…

"စတီးလက်စွပ်"

ကယ်တင်ရှင်ဆေးခန်းတွင် အိပ်ပျော်ဟန်ဆောင်နေစဉ်က သူ့လက်ပေါ်မှာ အသေအချာ အမှတ်ထင်ထင် မြင်ခဲ့ရသော သူ၏ စတီးလက်စွပ်ပါပင်။

"ဘာဖြစ်လို့လဲ… ဘာတွေ့လို့လဲ"

"မြလေးငုံမှာ ဘာအသိမှ မရှိတော့သလို… ဘာမှ မဖြေမိဘဲ မျက်လုံးအဝိုင်းသားနှင့် ရှိနေ၍…

"ဟုတ်ပြီ၊ ဒီလက်စွပ်ဟာ ခင်ဗျား အမျိုးရဲ့လက်စွပ်လား ဒါလေးတော့ သံသယကျန်သား…"

ဦးနောက်ထဲမှာ ဘာမှ မစဉ်းစားပါဘဲနှင့် မြလေးငုံ ခေါင်းယမ်းမိလျက်သား…

"မဟုတ်ဘူးလား"

"ဟုတ်ကဲ့… မဟုတ်ဘူး"

"ဟင်… ဒါနဲ့"

"ကျွန်မ… ကျွန်မ သွားတော့မယ်"

ယဉ်ကျေးမှုဆိုသည်တို့ ဘယ်ရောက်ကုန်မှန်း မသိတော့၊ ဆရာဝန်ကို ဘာတစ်ခုမှ ချင့်စွာ မဆက်ဆံမိပါဘဲနှင့် မြလေးငုံသည်… ညီမင်းညိုရှိရာ အခန်းဆီသို့ တဟုန်ထိုး ပြေး၍ ပြန်လာခဲ့လေတော့သည်။

◆ ◆ ◆



"နေထွန်းနီ" ရောက်နေတယ်ဆိုတာကို ညီမင်းညို လုံးဝမသိစေနဲ့"

"နေထွန်းနီ ရောက်နေတယ်လို့ သွားမပြောလိုက်နဲ့"

"နေထွန်းနီကို ဂရုစိုက်ပါ၊ သူသွားချင်တဲ့ နေရာတွေ အနှံ့ လိုက်ပို့ပေးပါ"

ဆိုသော ဦးပိုင်သ၏ အမှာစကားများကြောင့် နေထွန်းနီ ဆိုသူ ရေမ်းပြာသို့ ရောက်လာပြီးကတည်းက မြလေးငုံ စိတ်ဝင်စားနေမိသည်။

"နေထွန်းနီဆိုတာ ဘယ်သူလဲ"

ဆိုသော သိချင်သည့် ဆန္ဒကြောင့်…

"အညို"

"မမငုံ"

"မမငုံ မေးချင်တာတစ်ခုရှိတယ်၊ စိတ်ဆိုးစရာဖြစ်ခဲ့ရင်လည်း ခွင့်လွှတ်ပါနော် အညို"



www.burmeseclassic.com

www.burmeseclassic.com



"မမင့်ရယ်...မမင့်နဲ့ ပတ်သက်လာရင် ခွင့်မလွှတ်နိုင်တဲ့အရာ-အညို့မှာ မရှိစေရပါဘူးဗျာ၊ မမင့်ကိုလည်း ဘယ်တော့မှ စိတ်မဆိုးရက်ပါဘူး"

"ဒါဆို မမင့် မေးမယ်နော်"

"မေး"

"နေထွန်းနီဆိုတာ ဘယ်သူလဲဟင်"

"ဘာ"

အညိုသည် အိပ်ရာမှ ဆတ်ခနဲ ထထိုင်ပြီး ချက်ချင်းလိုပင် မျက်နှာတစ်ခုလုံး နီမြန်းလာကာ...

"ဒီနာမည်ကို မမင့် ဘယ်ကသိလာတာလဲ ဟင်... ပြောစမ်း"

သူ့အေါ်သံကြောင့် မြလေးငုံပင် အမှားကျူးလွန်လိုက်မိသူလို အလန့်ကြီး လန့်သွားရပါပြီ။

"မမင့်"

"ဘာလဲ အညို"

"ဒီနာမည်ကို ကျွန်တော် မကြားချင်ဘူး၊ ကမ္ဘာပေါ်မှာ ဒီအမည်နဲ့ ဒီလူ မရှိစေချင်ဘူး မမင့်ရယ်"

အညိုသည် ဒေါသများ ပြေလျော့သွားကာ မြလေးငုံ၏ ပခုံးမှာ နှမ်းလျှစွာမှီပြီး ချက်ချင်းပင် မျက်ရည်များ ဝိုင်းတက်လာတော့သည်။

"ဒါဆို မမင့် သိပါပြီ အညိုရယ်၊ မတ်မကောင်းစရာတွေ မတွေးနဲ့တော့ကွယ်နော်၊ အညို ခုမှ နေကောင်းကာစလေး ရှိသေးတာ"





"ဟုတ်ကဲ့ပါ မမင့်၊ အညို့ဘဝမှာလေ မမင့်ရှိနေရင် အားလုံးပြည့်စုံနေပါပြီဗျာ၊ အညို့ကိုသာ မမင့်နားမှာ နေခွင့်ပြုပါနော်... မမင့်"

"အညိုရယ်"

"အညိုလေ အတိတ်ကအကြောင်းတွေ ဘာဆိုဘာမှ မသိချင်ဘူး၊ အညို့ဘဝဟာ သေဆုံးသွားပြီလို့ ထားလိုက်ချင်တယ်ဗျာ၊ အခု အညိုဟာ မမင့်အတွက် ထပ်မံမွေးဖွားလာတဲ့ ဘဝသစ်တစ်ခုလို့ မမင့် မှတ်ယူပေးပါနော်၊ ဒီကမ္ဘာလောကကြီး တစ်ခုလုံးမှာ မမင့်သည်သာ အညို့ရဲ့ မြတ်နိုးရာ၊ အားကိုးရာ၊ တွယ်တာရာ၊ ခိုမှီရာပါဗျာ"

အညို့ပါးပြင်မှ မျက်ရည်စလေးများကို သုတ်ပေးမိရင်း မြလေးငုံပါ မျက်ရည်ဝိုင်းလာသည်။

"နေထွန်းနီ ဟူသည် အညို့မိခင်၏ ဒုတိယခင်ပွန်း"

လူပျိုလေး အညိုသည် သူ့ပထွေး နေထွန်းနီ ဆိုသူကို ဘယ်လိုနည်းနှင့်မှ ကြည့်နိုင်မည် မဟုတ်။ အတူနေနိုင်မည် မဟုတ်ပါ၍ သွင့်လာရှာသူပါ။

ဦးမင်းညီ သွေးတိုးရောဂါကြောင့် ဆန်စက်တွင်းမှာပင် ရုတ်တရက် လဲကျပြီး သေဆုံးသွားသည်။ ဦးနောက်ကြောပြတ်သွားသည်ဟု ဆိုပါ၏။ သူ အလွန်အမင်းချစ်ရှာသော သားကို ထားရစ်ခဲ့ရလေပြီ။ ဦးမင်းညီ ဆုံးပြီး သုံးနှစ်မပြည့်ခင်မှာပင် ဒေါ်တင်တင်ဦးက နေထွန်းနီကို ကောက်ယူလိုက်သဖြင့် အညို့အနေနှင့် နေထွန်းနီကို သတ်ပစ်ချင်လောက်အောင် မုန်းတီးစက်ဆုပ်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ယခု... သည် ခရမ်းပြာသို့ နေထွန်းနီ ရောက်ရှိနေပြီဆိုသည် ကို သူ မသိ၍သာ တော်တော့သည်။

ဆေးရုံတွင် ဆရာဝန်က ဆက်လက်၍ နေစေချင်သေးသည်

အဖျားကျပြီမို့ အိမ်မှာသာ နားပါရစေတော့ ဟူသော မြလေး ၏ ပန်ကြားချက်ကြောင့် ဆေးရုံမှ ဆင်းခွင့်ရခဲ့သည်။

ယခုအခါတွင်ဖြင့် အညို့အတွက် ရရှိထားသော အခန်းလေး အတွင်းမှာ တစ်နေကုန်နီးပါး အညို့နားမှာ မြလေးငုံ ပြုစုနေရပါ၏ ညကျမှ မြလေးငုံ ကိုယ့်အခန်း ကိုယ်ပြန်အိပ်သည်။

တဘက်ခန်းက အဘမှုန်သည် အညိုနှင့်အတူ လာအိပ်ပေး ရှာသည်။

ယခုလို နေ့လယ်ဘက်ကျတော့ တစ်အိမ်လုံး နှစ်ခန်းလုံး မမငုံရယ်၊ အညိုရယ် နှစ်ယောက်တည်းပါ။

"မမငုံကို ဒီကောင့်အကြောင်း ဘယ်သူက ပြောလဲဟင်"

"ဩော်... ခရမ်းပြာမှာ ပြောနေကြသံ ကြားလို့ပါ"

"ဘာပြောကြလို့လဲ"

"တိတိကျကျ မသိပါဘူး၊ ဒီအမည်ဟာ အညိုနဲ့ပတ်သက်မယ် ထင်လို့ မေးကြည့်တာပါ၊ ကဲပါလေ... အညိုပဲ ဒီအကြောင်းတွေ မေ့လိုက်ချင်တယ်ဆို၊ တခြားအကြောင်းပဲ ပြောကြရအောင်ပါ"

"တခြားအကြောင်းဆိုရာမှာလည်း မမငုံကို အညို အဘယ်မျှ တွယ်တာရပါကြောင်းနဲ့..."

"တော်ပါတော့ အညိုရယ်၊ မမငုံလည်း ပြန်ဦးမှထင်တယ်





"အလုပ် ဝင်ရမှာလားဟင်"

"ဦးလေးက အညို့ကို ပြုစုဖို့ သုံးရက်ထပ်ပြီး ခွင့်ပေးထားခဲ့တယ်လေ"

"ဒါဆို နေပါဦး မမငုံရာ၊ မမငုံနားမှာပဲ အညို နေချင်လွန်းလို့ပါဗျာ"

ညီမင်းညိုသည် မြလေးငုံ၏ လက်ကလေးကို မြတ်နိုးစွာ ဆုပ်ကိုင်ရင်း ပခုံးထက်မှာ မှီလျက်က ပြောလိုက်သည်။

အညို့ ထိတွေ့မှုသည် ရင်သိမ့် ကြည်နူးဖွယ်အတိ ပြီး၏။ မှောက်မပါ၊ ကြင်နာမှု သက်သက်၊ တွယ်တာ အားကိုးခြင်း သက်သက်သာ ဖြစ်ကြောင်း မြလေးငုံ သိပါသည်။

သည်တစ်ပတ်အတွင်း အညိုနှင့် အချိန်မလပ်လှောက်အောင် ထိတွေ့ ရင်းနှီးခွင့်ရနေသဖြင့် မြလေးငုံသည်လည်း ကြီးမားသော အကြင်နာများဖြင့် အညို့အပေါ်တွင် သံယောဇဉ်နှိုင်းမြဲစွာ ရစ်နှောင်မိပါပြီ။

"မမငုံ"

"အညို"

"မမငုံကိုလေ အညို သိပ်ချစ်တယ်ဗျာ"

"အို"

ဘယ်လိုပင် တရင်းတနှီး နေခဲ့ပါသော်လည်း ဒီစကားမျိုး ရုတ်တရက်ကြီး ကြားလိုက်ရတော့ မြလေးငုံ၏ နှလုံးသည်းပွတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဗဟိုပြု၍ ရှက်ခြင်း၊ လန့်ခြင်း၊ ကြည်နူးခြင်းတို့ ပေါင်းဆုံသေ
လျှင်သည် ရင်တစ်ပြင်လုံးကို လှုပ်ခတ်ပါသတည်း...။

"မမင့်"

မြလေးငုံ မထူးတော့၊ အညိုက မီထားရာမှ ခွာပြီး မြလေးငုံ
ပခုံးနှစ်ဘက်ကို ကိုင်လျက် တည့်တည့်ကြည့်လာသည်။

"မမင့် အညို့ကို စိတ်ဆိုးသွားပြီလားဗျာ"

ခေါင်းငုံ့ထားသော်လည်း မြလေးငုံ၏ သိုသိပ်သော နှစ်လိုဖွယ်
အပြုံးကို အညို ရှာဖွေတွေ့ရှိပြီ။

"မမင့်ရယ်၊ အညိုတို့ ပွင့်လင်းကြပါစို့ဗျာ"

မြလေးငုံ၏ ငုံ့နေသော မျက်နှာလေးကို အညိုက မြတ်နိုးလွ
စွာ ကြည့်ပြီး...

"မမင့်ကိုလေ အညို ရင်ပွင့်ကွဲမတတ် သိပ်ချစ်နေပါတယ်
ဆိုတာရော မမင့် ယုံရဲ့လားဟင်"

နှလုံးသည်းပွတ်မှ လာသော စကားသည် လိမ်ညာခြင်း
ကင်းပါ၏။

"ဟာ... မမင့်ရယ်၊ ဝမ်းသာလိုက်တာဗျာ"

ယုံကြည်မှုကြောင့် မြလေးငုံ ခေါင်းညိတ်လိုက်မိသည်ထင်၏
သူ့ကိုယ်သူပင် သတိမရ။ အညိုက အားရ ဝမ်းသာစွာ ရင်ချင်းအပ်၍
ဖက်တွယ်ရင်း...

"အညို့အချစ်ကို ယုံရင် ကျေနပ်လှပါပြီ၊ ဝမ်းသာလှပါပြီ
မမင့်ရယ်..."





ပိုက်လှဲသော ကြည်နူးခြင်းများကြောင့် အညို့အသံလေးများ
ခါနေသည်။

"အညို နေမကောင်းခါမှ မမင့် အညို့အပေါ်မှာ ဘယ်လောက်
ကြင်နာတယ်၊ သံယောဇဉ်ကြီးတယ်ဆိုတာ အညို သိရပြီဗျာ၊
...မမင့်"

"ဟင်"

"ဒီ သံယောဇဉ်တွေကို အခြေခံပြီး မမင့်ရယ် အညို့ကို သနား
ကြင်နာစွာနဲ့ ချစ်နိုင်ပါတယ်၊ မဟုတ်လားဟင်... ဟင် မမင့်"

သည်တစ်ခါတော့ စောစောဆီကလို အမှတ်မဲ့ ခေါင်းညိတ်
ကမိသည်မဟုတ်။ ရင်မှ ကြီးမားမွန်မြတ်သော ချစ်ခြင်းမေတ္တာ
ခြခံကြောင့် မြလေးငုံသည် အညို့ရင်ခွင်မှာ မျက်နှာအပ်ပြီး...
ခေါင်းညိတ်လိုက်ပါသတည်း...။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

နေထွန်းနီနှင့် ကိုဟန်သာဦးတို့သည် ငယ်သူငယ်ချင်းများ
ဖြစ်ခဲ့ကြသည်ဟု ဆိုပါ၏။ တစ်ယောက်နှင့်တစ်ယောက် ကွဲကွာ
သွားကြရာမှ ပြန်လည် ဆုံဖြစ်မယ့် ဆုံဖြစ်တော့လည်း...

နေထွန်းနီက ဒေါ်တင်တင်ဦး၏ ခင်ပွန်း အဖြစ်နှင့်...

ကိုဟန်သာဦးကတော့ ဒေါ်တင်တင်ဦး၏ ကျေးဇူးမကင်းသ
ဦးပိုင်သ၏ သားမက်အဖြစ်နှင့်...

ကိုယ့်ဇနီးနှင့် သူ့ယောက္ခမနှင့်က ပတ်သက်နေကြသူများ
ဖြစ်၍...

သူတို့နှစ်ဦးလည်း ဤခရမ်းပြာမှာ လာရောက် ဆုံဆည်းဖြ
ရခြင်း ဖြစ်ပေသည်။

ကိုဟန်သာဦးနှင့် ကိုနေထွန်းဦးတို့နှစ်ဦးကို ကိုသက်မော်က
မကြည်သောမျက်နှာနှင့် လှမ်းကြည့်နေပါ၏။

ကိုသက်မော်မှာ ဦးပိုင်သ၏ တကယ့်ညာလက်ရုံး ဖြစ်လေ
သည်။ ဦးပိုင်သ၏ အတွင်းရေးနှင့် ငွေရေးကြေးရေးကအစ ယုံကြည်
စိတ်ချရသူ ဖြစ်သည်။





ဦးပိုင်သ၏ ပြဿနာအထွေထွေကို ကိုင်တွယ်ဖြေရှင်းပေးရ
သော အတွင်းရေးမှူးတစ်ဦးလည်း ဖြစ်ပါ၏။

ကိုသက်မော်က အိမ်ထောင်မရှိ၊ လူပျို လူလွတ်မို့ ဤခရမ်းပြာ
မှာပင် ထာဝရနေထိုင်သူ ဖြစ်လေသည်။

"နေထွန်းနီ"

သူသည် အသားဖြူဖြူ ဆံပင်ကောက်ကောက်၊ အရပ် မနိမ့်
မမြင့်နှင့် အကောင်းစား အဝတ်အစားများကြောင့် သားနားလွန်းသူပါ။

သူက အိမ်ထောင်သည်။ သမီးလေးနှစ်ယောက်၏ဖခင်။
သူ့ဇနီး "ခင်မြင့်ဦး"မှာ ရုံးစာရေးမလေးတစ်ဦး။

ဇနီးနှင့် သမီးလေးများတာဝန်ကို ယူဖို့ထက် သူ့ကိုယ်သူ
ပြတ်သဖို့သာ စိတ်ကူးနေသူဖြစ်၏။ ယောကျ်ားတစ်ယောက်
ပ်လုချင်လျှင် အင်မတန်မှ တစ်ကိုယ်ကောင်းဆန်တတ်သူသာ
ဖြစ်ချေသည်။

အလုပ်အကိုင်က မယ်မယ်ရရ မရှိ။ ကားပွဲစား ယောင်ယောင်၊
ကျောက်စိမ်းပွဲစား ယောင်ယောင်နှင့်၊ ပရိုက်ဗိတ်တက္ကစီကားပေါ်မှ
ဆင်းဘဲ နေတတ်သည့်သူ။

နောက်ဆုံးတော့ စက်သူဌေးကတော် မုဆိုးမကြီး ဒေါ်တင်တင်
ဦးနှင့် ချိတ်ဆက်သွားမိရာက...

ခင်မြင့်ဦးကို မရမက တရားဝင် ကွာရှင်းခွင့်တောင်းယူကာ
ဇနီးနှင့် သမီးလေးနှစ်ယောက်ကို သွင်သွင်ကြီးပစ်ထားလိုက်သော
တစ်ကိုယ်ကျိုးရှာ ယောကျ်ားတစ်ဦးသာ။



www.burmeseclassic.com

www.burmeseclassic.com



နေထွန်းနီက အသက်နှစ်ဆယ့်ငါးနှစ်၊ ဒေါ်တင်တင်ဦးက
လေးဆယ့်ငါးနှစ်။ သူတို့ ကွာခြားကြသော အသက်က ညီမင်းညီ
၏ တစ်သက်စာ...

နေထွန်းနီ အိမ်သို့ ဝင်နေ ထွက်နေစဉ်ကလည်း မရိပ်မိ
အပြင်သို့ သွားကြလာကြစဉ်ကလည်း မစွပ်စွဲမိ။ ထင်ကိုမထင်၊ မိခင်
ဖြစ်သူကို ဒီလိုထင်ရကောင်းမှန်းလည်း ညီမင်းညို နားမလည်ခဲ့။

**"ဒီနေ့ပဲ နေထွန်းနီနဲ့ ဒေါ်တင်တင်ဦးတို့**
**ရုံးမှာ တရားဝင် လက်ထပ်လိုက်ကြပြီ။ ပေလီ**
**ကို ဟန်းနီးမွန်း ထွက်သွားကြပြီ"**

ဆိုသော သတင်းစကားများကို ကြားသိရပြီးသည်၏ နောက်
နေ့မှာပင်...

အညိုတစ်ယောက် သူ့မမငုံ့ရှိရာ ခရမ်းပြာသို့ ဂစ်တာ
တစ်လက်၊ လက်ဆွဲအိတ်တစ်လုံးနှင့် ရောက်ရှိလာခဲ့ခြင်း ဖြစ်လေ
တော့သည်။

ဤနေထွန်းနီသည်...

ပေါင်းစည်းနေကြသော သားအမိနှစ်ဦး၏ ဘဝကို ကွဲကွာ
စေသည်။

အညို့ကို အမြင့်ဘုံမှဆွဲချပြီး လေလွင့်စေ၊ ဆင်းရဲစေ၊ အားငယ်
စေအောင် ဖန်တီးခဲ့လေသောသူ။





မြလေးငုံမှာ နာကျည်းဖွယ်ရာ လူတစ်ယောက်ကို ယခုမှ မြင်ဖူး
သည်။ နေထွန်းနီကိုကြည့်ပြီး အဘိဓ္ဓာပွားနေမိတော့သည်။

နေထွန်းနီနှင့်အတူ ကိုဟန်သာဦးပါ မြလေးငုံ၏ ကောင်တာ
နောက်မှ ဆိုဖာတွင်ထိုင်၍ စကားပြောနေကြသည်။

"အချိန်တောင် နည်းနည်း နောက်ကျနေပြီ၊ အမှန်တော့...
အဲဒီ မိစ္ဆာဂူဘက်ကို သွားရင် စောစောသွားတာပဲ ကောင်းတယ်"

"ဘာဖြစ်လို့ အဲဒီမိစ္ဆာဂူကို ဒီလောက် ကြောက်နေကြတာလဲ
သူငယ်ချင်း"

ကိုဟန်သာဦးက ဘာမှမဖြေ၊ ကောင်တာ စားပွဲပေါ်မှ စာရင်း
စာအုပ်များကို ဖြန့်ရင်း မြလေးငုံ နားစွင့်လိုက်သည်။

"သူငယ်ချင်း သိပြီးသားအတိုင်းပါပဲ၊ အော်သံကြားပြီးရင်
လူစားတယ်"

"ဘယ်လို"

"လူတစ်ယောက်သေတယ်ပေါ့၊ အသားတွေစားပစ်ပြီး အရိုးစု
ခန္ဓာကို ဂူပေါက်ကြီးရှေ့မှာ လာ[illegible]ထားတယ်တဲ့လေ၊ ဒါတွေကလည်း
တကယ်ကြုံနေတော့ ယုံရခက် မယုံရခက်ပဲ သူငယ်ချင်း"

"ဂူပေါက်ကြီးနဲ့ မိစ္ဆာဂူက ဘယ်လောက်ဝေးလို့လဲ"

"ကပ်ရက်နီးပါးပဲ၊ မိစ္ဆာဂူရဲ့ မြောက်ဘက်ထောင့်မှာ ဂူပေါက်
ကြီးပဲ"

"ဂူပေါက်ကြီးကရော ဘာတွေ ထူးခြားလို့လဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"သူကတော့ မထူးခြားလှပါဘူး၊ ငယ်သေးသေးပါ၊ ဟိုဘက်ရော ဒီဘက်ရော ပေါက်နေတယ်လေ၊ ဒိုးယိုပေါက် သွားလို့ရတယ်"

"အရိုးစုကို ဒီဂူပေါက်ကြီး အနားမှာ တွေ့ရတယ်လား..."

"အထဲမှာကို ထားတာ၊ ဂူပေါက်ကြီး ဆိုတာက ပေနှစ်ဆယ်လောက် ရှည်တာပါ။ ဟိုဘက်ဒီဘက် လှမ်းမြင်နေရတာ"

"မိစ္ဆာဂူကျတော့ရော"

"တို့ မြို့ဘက်က အပေါက်ရှိတယ်။ နောက်ကို ဘယ်ဘက်ထိအောင် ပေါက်သွားသလဲလို့ ဘယ်သူမှမသိကြဘူး။ ဘယ်သူမှ မဝင်ရဲကြဘူး။ တချို့က ပြောတော့လည်း... နေမဝင်တောင်ဘက် ပေါက်တယ်တဲ့၊ တချို့က ပြောတော့လည်း ကိုးနဝင်းတောင်စွယ်တဲ့"

"ဘာပဲဖြစ်ဖြစ်၊ စိတ်ဝင်စားစရာတော့ ကောင်းသားနော် ဟန်သာဦး"

"သြော်... အော်သံတွေကြားပြီး လူသားစားတယ်လို့ နာမည်ကြီးလို့သာ လန့်နေကြရတာ၊ တကယ်တော့ မြန်မာ့ကန်ရယ်၊ နေမဝင်တောင်တန်းရယ်၊ ကျောက်ဂူတွေ ယ်ဟာ တကယ် သာယာတာ၊ ပြီးတော့ ခုလိုအချိန်မှာ ပျဉ်းမပန်းဟွေ ပွင့်နေတော့ ခရမ်းပြာရောင် တွေလွှမ်းပြီး တကယ်လှတယ်သူငယ်ချင်း..."

"ငါသွားချင်လှပြီကွ"

"ကားပြန်လာတော့မှာပါ၊ စန္ဒာက တကယ်အရစ်ရှည်တယ်၊ သူသွားရင် တော်တော်နဲ့ ပြန်မရောက်ဘူး..."

"ဒီမှာ ဟန်သာဦး"





"အေး"

"တို့မိစ္ဆာဂူထဲ ဝင်ကြည့်ကြရအောင်"

"ဟော့ကောင်... အေးအေးနေစမ်း၊ ဒီကလူတွေမပြောနဲ့ ရဲအဖွဲ့ကတောင် အဖွဲ့သားအပြည့်နဲ့ တစ်ခါတည်းဝင်ဖူးတာ"

"မင်း ကြောက်လှချည်လား"

"ကြောက်သင့်တဲ့ ကိစ္စပဲ၊ ကြောက်ရမှာပေါ့ကွ"

"နေပါဦး၊ အဲဒီ ရဲအဖွဲ့ဝင်တုန်းက ဘာတွေ့လဲ"

"ဒီက သူရိန်ပိုင်ကို ပြန်ပေးဆွဲတဲ့ တရားခံတွေမိလို့ ဖော်လို့ ဝင်ကြည့်တာ၊ ဘာမှ ရှာမရခဲ့ဘူး။ အထဲမှာလည်း ရေတွေစိမ့်ဝင်ပြီး မည်းမှောင်နေတာပဲတဲ့၊ ဂူရဲ့ အကွေ့တစ်ခုက အပေါက်ထိပ်မှာ ကျောက်ဖျာလို့ ကျောက်ပြားကြီး ပိတ်နေလို့ ဆက်မသွားရဲဘဲ ပြန်လာခဲ့ကြတယ်၊ အဲဒီနောက် ဘယ်သူမှ ဒီထဲကို မသွားရဲကြတော့ဘူးကွ"

"လူသားစားတယ်ဆိုတာ...တော့ မဟုတ်နိုင်ဘူး မဟုတ်လား..."

"အေး... ဆရာဝန်တွေရဲ့ ထင်မြင်ချက်ကတော့ သိပ်ပြင်းတဲ့ အက်စစ်ငရဲမီးထဲမှာ စိမ်နှစ်ဂ...်လို့ အသားစတွေ စားကုန်တာလို့ ဆေးပညာရှုထောင့်က မှတ်ချက်ချကြတာပဲ"

"ဆန်းတော့ ဆန်းသားကွ၊ ငါ လေ့လာချင်တယ်"

"ဒါဆို မင်းဟာမင်းသွား၊ ငါမလိုက်ရဲဘူး"

"သူရဲကောင်း မှတ်တမ်းဝင်ဖြစ်သင့်တဲ့ သတ္တိမျိုးပါလားကွ၊ ငါက အချိန်မရလို့ တစ်နေ့သပ်သပ် ဝင်ကြည့်ချင်တယ်"

"မင်းက ပြန်ဖို့ ဘာလို့ ချက်ချင်းကြီး လောနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အဘွားကြီး မျှော်နေမယ်လေကွာ"

အညိုရဲ့မိခင်၊ သူ၏ ဇနီးသစ်ကို ခေါ်လိုက်ပုံက "အဘွားကြီး" တဲ့...

"ဒါနဲ့... မင်းအဘွားကြီးကို မင်းက သိပ်ပိုင်တယ်ဆို"

"ပိုင်တာက သူ့အကြောင်းကိုသိလို့ကွ၊ သူက ပြန်ခဲ့ပါဆိုတဲ့ အချိန်မှာ ရောက်အောင်ပြန်သွားပြီး မမှာတဲ့ အချိန် မရောက် ရောက်အောင် ဘယ်လိုနည်းနဲ့ လာခဲ့ရပါတယ်၊ ဘာညာ ဘာညာ လျှောက်ညာလိုက်ရင် ကျပြီသာမှတ်"

"မင်းက ဒီအဘွားကြီးကို အပိုင်ကြံထားတဲ့ သဘောလား၊ အဘိုးကြီး မရှောခင်တည်းကလား"

"အဘိုးကြီး ဆုံးပြီးမှပါကွ၊ မင်းကလည်း၊ ငါသူ့ကို ချစ်လည်း ချစ်ပါတယ်၊ ငါချစ်တာထက် ငါ့အဘွားကြီးက ငါ့ကို ပိုချစ်တာ"

"ခင်မြင့်ဦးတို့ရော"

"ဒါတွေ ခဏခေါက်ပေါ့ကွာ၊ ငါ့သမီးလေးတွေတော့ ငါ ဘယ်ပြတ်နိုင်မလဲ၊ မိဘဆိုတာ ဒီလိုပါ"

"မိဘဆိုလို့ အခု မင်းလာတဲ့ကိစ္စအားလုံး ပြီးပြီလား"

"အင်း... ဆိုပါတော့"

"ဒီက အဘိုးကြီးက ဘာပြောလဲ"

"အားလုံး ပြေလည်ပြီ၊ ဒါတွေ လမ်းရောက်မှ ပြောကြစို့"

မြလေးငုံ လှမ်းအကြည့်မှာ နေထွန်းနီနှင့် မျက်ဝန်းချင်း ဆုံလေသည်။





မြလေးငုံ၏ရှေ့မှာ ပြောလို့မဖြစ်ဘူးဆိုသည့် သဘောဖြစ်ကြောင်း မြလေးငုံ အကင်းပါးစွာ နားလည်လိုက်ပါသည်။

ဤနေထွန်းနီ ရောက်ရှိလာခြင်းမှာ အညို့ကိစ္စလည်း တစ်နည်း မဟုတ်တစ်နည်း ပါရှိမည်ဟု မြလေးငုံ သိပါ၏။

"စောင့်နေရတာ ကြာပြီလား၊ အားနာလိုက်တာ"

ထုံးစံအတိုင်း စန္ဒာပိုင်က ပြေးဖက်ပြီး ပြေလည်ပြုံးရွှင်စွာ နှုတ်ဆက်ရှာသည်။

"ဒါဆို ငါတို့သွားကြစို့ သူငယ်ချင်း"

ကိုဟန်သာဦးက ရှေ့မှ ဦးဆောင် ဆင်းသွားတော့သည်။

နေထွန်းနီကလည်း အကောင်းစား နိုင်ငံခြားဝတ်စုံဖြင့် သူ့ နောက်မှ လိုက်ဆင်းသွားပါ၏။

ကိုဟန်သာဦး၏မျက်နှာကို ခံပြင်းသောအကြည့်များဖြင့် ကိုသက်မော်က ကြည့်ရင်း ကျန်ရစ်ခဲ့ကြောင်း မြလေးငုံ အကဲခတ်မိ ခဲ့ပါပြီ။

"သြော်... သူတို့ချင်းလည်း မပြေလည်ကြဘဲကိုး"

သူဌေး၏ သားမက်နှင့် သူဌေး၏ အတွင်းရေးမှူးတို့ မပြေ မလည် ဖြစ်ကြသည်မှာ ထူးဆန်းသော အကြောင်းအရာမျိုးတော့ မဟုတ်ပါ။

ကိုဟန်သာဦးက အပြေလည်ဆုံးဖြစ်ပေမယ့် သူ့ကိုလည်း သံသယနယ်မြေက ဖယ်ထုတ်လို့မဖြစ်သေး၊ ကိုသက်မော်၊ မင်းနေကျာ



www.burmeseclassic.com

www.burmeseclassic.com



ကိုငြိမ်းအောင်နှင့် ဦးပိုင်သတို့ ကိုယ်တိုင်လည်း ခရမ်းပြာကို ခြေကုတ်ယူလျက် တစ်စုံတစ်ခုသော မကောင်းမှုများ ပြုနေကြသည်။

သို့မဟုတ်...

မကောင်းမှု ပြုသူများနှင့် ဆက်စပ်နေပေလိမ့်မည်ဟု မြလေးငုံ တွေးလာနိုင်ပါပြီ။

မြလေးငုံ၏ အသက်ကို ကယ်တင်ခဲ့ရာသော ကယ်တင်ရှင်မှာ သည်ခရမ်းပြာနှင့် ပတ်သက်သော လက်ချက်ကြောင့် သေဆုံးရခြင်း ဖြစ်လေသည်ဟု...

မြလေးငုံ အသေအချာ ယုံကြည်ပြီးသားပါ။

လူတစ်ယောက်၏ အသွေးအသား အကြောမြှင်များ၊ နှလုံးသည်းပွတ်၊ အသည်းအဆုတ် စသော ကိုယ်ခန္ဓာပစ္စည်းများအားလုံးကို ဆုံးရှုံး ဖျက်ဆီးလျက်၊ ရက်စက်ခြင်းမက ရက်စက်လှစွာသော သတ်နည်းဖြင့် သတ်ခဲ့သော တရားခံ...

မိစ္ဆာဂူဆီမှ အော်သံကြီးများ...

ခရမ်းပြာ၏ အရှုပ်အထွေး...

စသည်များကို ရင်လေးစွာ တွေးတောနေဆဲ...

"မြလေးငုံ... နားတော့လေ"

"ဩော်... မမိုးပွင့် ရောက်လာပြီကို..."

နေ့လယ် နှစ်နာရီတွင် ဂျူတီချိန်းရန် မမိုးပွင့် ရောက်ရှိလာလေပြီ။





သူကလည်း နောက်ဘက် အလုပ်သမားတန်းလျားမှ စားဖိုဆောင် တာဝန်ခံ၏ သမီးမို့ ကျယ်ဝန်းသော ခရမ်းပြာဝိုင်းထဲမှာပင် နေထိုင်ရသူဖြစ်ပါ၏။

မြလေးငုံကို ယခင်လို တစ်နေကုန် မခိုင်းတော့၊ အညီနှင့်အတူ ဆေးရုံမှ ပြန်ဆင်းလာပြီးကတည်းက နံနက် ရှစ်နာရီမှ နေ့လယ် နှစ်နာရီအထိ တစ်ပတ်၊ နောက်တစ်ပတ်တွင် ညနေ နှစ်နာရီမှ ည ရှစ်နာရီအထိ တစ်ပတ်၊ အလှည့်နှင့် အလုပ်ဝင်ရလေသည်။

"ကဲ...သွားပါ မြလေးငုံရဲ့၊ ဟိုမှာ မျှော်လို့ လည်ပင်းရှည်လှရောမယ်"

"ရှည်ပစေ"

"ညီမင်းညိုက မြလေးငုံကို သိပ်ချစ်တာပဲနော်"

"အလကား... အဖြစ်သဲနေတာ"

"သဲတာ မဟုတ်ပါဘူး မြလေးငုံရာ၊ တကယ် ချစ်ရုံမကဘူး၊ သိပ်လည်း အားကိုးရာတာ၊ သူ့အဖြစ်ကလည်း သနားစရာပဲနော်"

လိုင်စင်ရ ချစ်သူများဆိုသလို ညီမင်းညိုနှင့် မြလေးငုံတို့ ချစ်ကြိုက်နေကြပြီ ဆိုသည်ကို ခရမ်းပြာ အဖွဲ့သားများအားလုံး သိကြသည်။

ဦးပိုင်သ ကိုယ်တိုင် သိသည်။ ကျေနပ်စွာ နှုတ်ဆိတ်နေသည်မို့...

မြလေးငုံမှာ နေ့လယ် အလုပ်နားချိန်မှာ အညို့အခန်းလေးသို့ ဝင် ချက်ပြုတ်ကြ၊ စားသောက်ကြနှင့် အိပ်ချိန်မှလွဲ၍ အမြဲ မခွာ။



www.burmeseclassic.com

www.burmeseclassic.com



မြလေးငုံမှာ ခရမ်းပြာ၏ ဘေးဘက်မှထွက်ပြီး အညို့တန်းလျားရှိရာ နောက်ဘက်သို့အလာတွင် ကားဂိုထောင်ဘေး၌ မျက်နှာစိမ်းလူနှစ်ယောက်နှင့် ကိုဟန်သာဦးတို့ ရပ်ပြီး စကားပြောနေကြ၏။

မြလေးငုံ ဖြတ်လာချိန်မှာ ဂျာကင်နှင့်၊ ဘောင်းဘီနှင့်၊ နေကာမျက်မှန်များ တပ်ထားကြသော သူစိမ်းနှစ်ယောက်မှာ မော်တော်ဆိုင်ကယ်ပေါ်သို့ တက်ထိုင်ပြီး စက်နှိုးလိုက်ကြတော့သည်။

မြလေးငုံသို့ သူတို့နှစ်ယောက်၏ အကြည့်များက စူးစူးဝါးဝါး။

◆ ◆ ◆



ပါရမီကံ × ရင့်သန်တယ် × နွဲ့မူဟန် × လှဂုဏ်ကြွယ် × တဲ့ သူရယ် × ဘယ်လို ရေးကြောင်းကံ × ဆုပန်လာတယ် × မြင်သူတိုင်းကရယ် × ချစ်ကြည်ညိုဖွယ် × မျက်စိထဲက × ထွက်ပါဘူး × လှမှုး ယုံကွယ် × စွဲမိပြီကွယ် × × ×

× × ×

ရာသန်ပန် × ရွှယ်ကိုးလို့ရယ် × × လွဲရှောင်သွေပါဘူး ယုံကွယ် × × မြတ်ဘုရားထံပါ × စကားဆိုမယ် × ယောကျ်ားတံခွန် × ထူးလို့ချွန် × × မမဖို့ဆိုရင် × အားသွန်မယ် × × ထောက်ထားစေကြောင်း × × တောင်းပန်မယ် × × ×



www.burmeseclassic.com

www.burmeseclassic.com

“ကဲ...တော်ပါပြီကွာ၊ မင်း မမင့် လာနေပါပြီ”

အဘမှုန်၏စကားကြောင့် ဂစ်တာလေးကို သေးမှာချရင်း

“ကျွန်တော်မြင်တယ် အဘရဲ့၊ အဘဆိုခိုင်းတဲ့ သီချင်းအတိုင်း မဆိုဘဲ မမင့်ကြားအောင် မမင့်အတွက် ကျွန်တော်က တမင်ဟစ်ဆို တာဗျ၊ အဟား...ဟား”

“အညိုနော်”

မြလေးငုံ မျက်စိပျက် မျက်နှာပျက်နှင့် ပြောလေသူက ကြည်နူး စွာ ရယ်မောလေ၏။

“ကဲ အဘလည်း နှစ်နာရီဆို လူလဲရမယ်၊ သွားလိုက်ဦး မယ်ဟေ့”

အဘမှုန်ခြံတံခါးစောင့်ရန် ပြန်သွားချိန်မှာ

“ဘာဖြစ်နေတာလဲဗျ၊ မျက်နှာကြီးက ရှုလို့ပုတ်လို့”

“ဘာဖြစ်ရမလဲ လူတွေရှေ့မှာ ဒါမျိုး မပြောပါနဲ့လို့ ပြောထား ရက်သားနဲ့”

“တမင်ပြောတာဗျ”

မြလေးငုံ တကယ် ဒေါသထွက်သွား၍ အခန်းတွင်းသို့ ဆောင့်ကြီးအောင့်ကြီးနှင့် ဝင်လာခဲ့ပြီး ကုလားထိုင်ပေါ်မှာ ပစ်ထိုင်ချ လိုက်ချိန်မှာ...

“ဟောဒီ သိပ်လှတဲ့ မမြလေးငုံဟာ ကျွန်တော့် ချစ်သူ ဘယ်သူမှ ကြည့်ခွင့် ရိုတ်ခွင့်မရှိလို့၊ တစ်တိုင်းပြည်လုံး ကြားအောင် တောင် အော်နေချင်တာသိလား”





“သေအောင် အော်ပါလား”

“အော်ဆိုအော်မယ်ဗျာ၊ မမင့်လည်း လိုက်သေမလား”

“ဘာလို့သေရမှာလဲ”

“ဒါဆို အညို ဘယ်တော့မှ အရင်မသေဘူး၊ မမင့်အရင် သေရမယ်”

“ဘာ”

“မမင့်သေတာနဲ့ အညိုက လိုက်သေမှာ”

“ဖယ်စမ်းပါ အဓိပ္ပာယ်မရှိတဲ့စကားတွေ ပြောမနေနဲ့...”

“မဖယ်ဘူးဗျာ၊ မျှော်နေရတာ ကြာလှပြီ၊ ခွဲနေရတာ ရှစ်နာရီ တိတိရှိပြီ မမင့်ရဲ့။

အညိုက တစက္ကန့်လေးတောင် ခွဲနေချင်တာ မဟုတ်ဘူး...”

မြလေးငုံ ထိုင်နေသော ကုလားထိုင်၏ အောက်ကြမ်းပြင်ပေါ် သို့ သူထိုင်ချလိုက်ပြီး မြလေးငုံ၏ ပေါင်ပေါ်မှာ မှီလှဲရင်း ပြောရှာသည်။

အညိုသည် သာမန်ချွဲနွဲ့သည့် ပုံစံမျိုးချည်း မဟုတ်ရှာ။ မိခင် နှင့် ကွဲကွာနေရာမှ ပြန်တွေ့ရသော ကလေးငယ်တစ်ယောက်လို တော်နိုးအားကိုးစွာ တွယ်တာနေပါကြောင်း မြလေးငုံ သိရလေတိုင်း...

အကြင်နာရင်မှ ကရုဏာစမ်းရေသည် အတားဆီးမဲ့ စီးဆင်းပါ တော့သည်။

“မမမောင်လေး ထမင်းဆာလှရောပေါ့ကွယ်”

ပေါင်ပေါ်မှ သူ့ခေါင်းလေးကိုသပ်ပြီး ပြောမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အညို ထမင်းစားပြီးပြီလားဟု မေးစရာကိုမလို၊ ဘယ်လောက် ဆာဆာ စောင့်နေရှာမည်ဟု မြလေးငုံ သိပြီးသား၊

"ဆာလား... မဆာလားတောင် မသိပါဘူး၊ မမငုံကို သိပ်ချစ်တယ်ဆိုတာပဲ သိတယ်"

"အညိုရယ်"

သူ့မျက်နှာကို မယူပြီး နဖူးချင်း ဖိကပ်ထိတိုက်ထားလိုက်မိသည်။

သည်တော့ အညို၏ ကြမ်းတမ်းသော ထိတွေ့ပွေ့ဖက်မှုကို တုံ့ပြန်ခံယူရရှာ၏။ ရင်လိုက် နှမ်းမောဖွယ် ကြာရှည်သောအနမ်းကို ပေးဆက်လာသည်။

"မမငုံ"

"ရှင်"

"နာသွားလားဟင်"

နှုတ်ခမ်းလေးကို ကိုင်စမ်းရင်း မေးလာသော သူ့ရင်ခွင်မှာ မျက်နှာအပ်ပြီး ခေါင်းခါပစ်လိုက်ရသည်။

"မမငုံ အလုပ်က ပင်ပန်းလာတယ်၊ ဆာလည်းဆာလှရော့ပေါ့၊ အညို ထမင်းသွားနွေးလိုက်ဦးမယ်၊ မမငုံ နားနေပါနော်"

ညီမင်းညို မီးဖိုခန်းလေးထဲ ဝင်သွားတော့မှ မြလေးငုံက အပေါ် အဖြူနှင့် ခရမ်းပြာရောင် ပြောင်ဝတ်ထားရသော တာဝန်ဝတ်စုံကို ချွတ်ပြီး... ဘလောက်(စ)တစ်ထည်နှင့် ပါတိတ်လုံချည်အဟောင်းတို့ကို လဲလှယ်ဝတ်ဆင်လိုက်ရသည်။ နောက်ဖေးဘက်ကို ဝင်သွား





တော့ ပုံမကျပန်းမကျနှင့် အညိုလေးတစ်ယောက် မီးဖိုထဲမှာ ထမင်းခူးနေရှာသည်။

"ဖယ်... ဖယ်။ မမငုံ လုပ်ပါ့မယ်"

"အညို မမငုံဖို့ ကြက်ဥကြော်ထားတယ်"

"အမယ်... ကြော်တတ်လို့လား"

"မမငုံ မောင်ပဲဗျာ၊ ဒီလောက်တော့ ရပါတယ်"

သူက ဟိတ်ဟန်အပြည့်ဖြင့် ဒယ်အိုးထဲမှ ကြက်ဥကြော်ကို ခွာတော့ မရ။

မြလေးငုံ သိလိုက်ပြီ၊ အနံ့ကလည်း ထောင်းခနဲ မဟုတ်လား။

လျှပ်စစ်ဖိုပေါ်မှာ ကြက်ဥကို ခွဲကြော်လိုက်ပြီး တဘက်မလှန်ဘဲနှင့် မီးပိတ်လိုက်သော်လည်း အိုးမချဘဲ ထားလိုက်သဖြင့် ကြက်ဥ၏ အခြားသော မျက်နှာမှာ ဒယ်အိုးဖင်နှင့် အပြိုင် မည်းတူးနေလေပြီ...။

"ဟာဗျာ... သေရော"

သူ့ကြက်ဥကြော် သူကြည့်ပြီး စိတ်ညစ်သွားလေ... မြလေးငုံက ရယ်ရလေပါ။

"လာပါ... ကြက်ဥအမည်းကြော်လေး ထက်ခြမ်းခွဲပြီး နှစ်ယောက် ဟဲကြတာပေါ့"

"စားမနေပါနဲ့တော့ဗျာ၊ လွှင့်ပစ်လိုက်တာပဲ ကောင်းပါတယ်၊ မမငုံ စားစေချင်လို့ တမင်ကြော်ထားကာမှ..."

ကြက်ဥကြော်နှင့် အပြိုင်မည်းနေသော အညို့မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး မြလေးငုံ ရယ်လျက်က... ကြက်ဥကြော်၏ အတူးများကို စားနှင့်ခြစ်ပစ်လိုက်တော့ စား၍ဖြစ်လာသည်။

မနက်အစောကြီးတည်းက မြလေးငုံ့ထပြီး ငါးမြစ်ချင်းလေး [illegible] နှစ်ဆယ်သားဝယ်၍ ဆီပြန်ရေကျန် အချိုချက်ထားသည်။ ခရမ်းချဉ်သီးငါးပိချက်၊ ဖန်ခါးသီးနှင့် သခွားသီး တို့စရာများပါ စီစဉ်ခဲ့ပြီးသား။

အညို့ စေတနာပိုသော ကြက်ဥကြော်ကြောင့် ထမင်းဝိုင်းလေးမှာ ရယ်ပွဲဖွဲ့စရာလေးနှင့် ပို၍ မြိုင်ရတော့သည်။

"မမငုံ စားပါ"

"အရိုးစူးမှာစိုးလို့"

အညိုက ထမင်းဆက်မစားတော့၊ ငါးအရိုးထွင်နေသော မြလေးငုံ့ကို ထိုင်ကြည့်ပြီး...

"ဘာလို့ ဒီလောက်တောင် ရက်ရက်စက်စက် လှနေရတာလဲ မမငုံရယ်"

"အညို့ ကြည့်ဖို့လေ"

"မမငုံက အပြင်ရောက်နေတော့ လူတွေက ဝိုင်းဝိုင်းကြည့်နေတာ နည်းနည်းလေးမှ မကျေနပ်ဘူးဗျာ၊ အားလုံး လိုက်ထိုးပစ်ချင်တယ်၊ မမငုံကို အပြင်မှာကို မထားချင်ဘူး"

"ဘာ... ဘယ်လို"

"မမငုံကို အခုလို အပြင်မှာ ထုတ်မထားချင်ဘူးဗျ။ ဒီမှာ... ဒီကောင့်ရင်ထဲက ထွက်လို့မရအောင် တစ်ခါတည်း မြှုပ်ထားလိုက်ချင်တယ် သိလား"





အချစ်လွှမ်း ခံစားမှုဝေဒနာ စကာမှန်း သိသော်လည်း... ရင်မှာ ကြည်နူးရပါဘိခြင်း။

အရိုးထွင်ပြီးသား ငါးများကို အညိုက စုစည်းယူပြီး သူ့ပန်းကန်မှာ ထည့်သည်။ မြလေးငုံ၏ ပန်းကန်ထဲမှ ထမင်းကိုပါ သိမ်းယူ၍ သူ့ပန်းကန်မှာ ပုံ၏။ ထမင်းများနှင့် ငါးအရည်ရော ငါးပိချက်ရော အားလုံးရော၍ ဗလဘိုင်ဖြစ်အောင် နယ်ပြီးတော့...

"ဟဲ့လေ မမငုံ"

မြလေးငုံ့ကို တစ်လုပ်ခွံ့လိုက်၊ သူက တစ်လုပ်စားလိုက်နှင့် ထမင်းဝကြသည်အထိ။

ပန်းကန်ဆေးတော့လည်း အတူတူ၊ ထမင်းဝိုင်းသိမ်းတော့လည်း အတူတူ၊ အဝတ်များကို လျှော်ပေးတော့လည်း အနားကမခွာ၊ မြလေးငုံ၏ ထဘီလျှော်သည်က အစ ရေလောင်းပေးရှာသည်။

ညီမင်းညိုနှင့် မြလေးငုံတို့မှာ ညဘက် တစ်ယောက်တစ်ခြားစီ အိပ်လျက် အချစ်ဥပဒေနယ်မကျွံအောင် နေဖြစ်ကြသည်မှ လွဲ၍...

ယခုလို နေ့လယ်နေ့ခင်း တစ်ချိန်လုံးမှာ တစ်ယောက်နှင့်တစ်ယောက် မျက်စိအောက်ကကို အပျောက်မခံနိုင်ကြ၊ ညားခါစလင်မယားလို မောင်နှံလို ဝါး ဥတွဲ အမြဲမခွဲမခွာပါ။

ဩော်... မြလေးငုံဆိုသော မိန်းမချောလေးအတွက် အချစ်ကြီး ချစ်တတ်ရှာသော အညို၏ ရင်ခွင်သာမှာ နားခိုခွင့်ရခြင်းသည်... ကြည်နူးချမ်းမြေ့ခြင်းအတိ ရှိလှပါဘိ။

သောကအသွယ်သွယ် ပြယ်ရပါဘိကွယ်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ရှေ့နေ ဦးထင်လင်းကျော် လိုက်နေသော လမ်းစပျောက်အော
ရှုပ်ထွေးလှသည့် လူသတ်မှုကြီးက နောက်ထပ် စစ်ဆေးရက်
တစ်ပတ်ခြား၍ ချိန်းလိုက်သည်။

နဝင်းရပ်မှ မယားပါသားနှင့် ပထွေးတို့ အမျိုးများ၏ အမွေ
လည်း မယားပါသား "တင်ဝင်းဦး"က အမှု ထပ်အပ်သဖြင့် သ
တစ်ပတ်လုံး ဦးထင်လင်းကျော် မပြန်တော့။

ဦးထင်လင်းကျော်မှာ ဥပဒေစာအုပ်များကို သဲ ကြီးမဲကြ
ဖတ်နေဆဲ...

"ဟိုက်... မီးပြတ်သွားပြီ"

တစ်ခန်းလုံး ပိန်းပိတ်အောင် မှောင်ကျသွားခဲ့လေပြီ။

ဦးထင်လင်းကျော် တည်းခိုနေသည်က အခန်းနံပါတ်
နောက်ဘက်ထောင့်ဆုံးမှ တစ်ဆစ်ချိုးကွေ့လေးဘေးက အခန်း။

ခရမ်းပြာ တည်းခိုရိပ်သာကြီး တစ်ခုလုံး ဘယ်အခန်းမှ
မပြတ်ပါဘဲ သူ့တစ်ခန်းတည်းကွက်၍ မီးပြတ်သွားသည်ဟုဖြင့်
မသိရှာပါ။





"ဟာ... အပြင်မှာ မိုးကြီးလေကြီး ချနေပါလား"

မိုးမပက်သော်လည်း လေကြမ်းကြောင့် ကန့်လန့်ကာများ
ယမ်းလွင့်နေသည်ကို ဖယ်ရှားပြီး တံခါးကို မနည်းဆွဲပိတ်ရသည်။

"ဂျုန်း... ဂျုန်း"

ဆိုသော မိုးခြိမ်းသံတို့က မိုးသည်းညမှာ ချောက်ချားဖွယ်ပါ။

အားငယ်တတ်သော အမျိုးအစား မဟုတ်၍ ဦးထင်လင်းကျော်
မှာ လျှပ်ရောင် တဝင်းဝင်း၊ မိုးချုန်းသံ တဂျ ဂျုန်း ကြားမှာပင်
အိပ်ပျော်သွားတော့သည်။

ဦးထင်လင်းကျော် အိပ်ပျော်ပြီး နာရီဝက်ခန့်အကြာ အိပ်မော
ကျချိန်လောက်မှာ...

တံခါးဘုလုံးလေး လည်လာသည်၊ သော့ခတ်ပိတ်ထားသော်
လည်း သော့က ဘယ်အချိန်မှာ ဘယ်သူ ပြန်ဖွင့်သွားခဲ့သည်မသိ။

လေပြင်းထန်နေသော အသံကြားမှာပင်...

"ကျွိ"

ဆိုသော တံခါးမြည်သံနှင့်အတူ အိပ်ခန်းဆောင်၏ တံခါးမ
ကြီးက တဖြည်းဖြည်း ပွင့်လာပြီး...

ဝတ်ရုံရှည်ဖြူဖြူကြီးနှင့် ဆံပင်များ ဖားလျားချထားသော
သူတစ်ယောက် တရွေ့ရွေ့ ဝင်လာသည်။

လူတစ်ယောက်ဖြစ်ကြောင်း သေချာသော်လည်း တစ္ဆေ
တစ်ကောင်၊ မကောင်းဆိုးဝါး မိစ္ဆာတစ်ကောင်နှယ် သူ့ပုံစံက
ကြောက်စရာကြီး။



www.burmeseclassic.com

www.burmeseclassic.com



ဖားလျားချထားသော ဆံပင်တို့က အဖြူနှင့်အနက် ဆတူရောယှက်လျက် မြင်ရသည်။ မျက်နှာနေရာမှာတော့ အရိပ်ကျနေ၍ မတွေ့ရ။

ဤ၀တ်ရုံရှည် အဖြူနှင့်လူသည် ရွှေ့ရုံမျှ လှမ်းလာပြီးနောက် ခြင်ထောင်နားသို့ ရောက်လာသည်နှင့် ဖျတ်လတ်လျင်မြန်လွန်းစွာ...

"ဗို...ဗို"

ဆိုသော အ ံများထွက်လာအောင် ခြင်ထောင်ကို ရုတ်တရက် ဆွဲဖယ်လိုက်ပြီး ဓ နှင့် တအားစွပ်ထိုးတော့သည်။

"အား...အ...အား..."

ဆိုသော ရင်ခေါင်းမှလာသည့် အသံနက်ကြီးဖြင့် မချိမဆံ့ အော်ရင်း ဦးထင်လင်းကျော်မှာ အတတ်နိုင်ဆုံး ပြန်လည်တိုက်ခိုက်ရှာသည်။

တစ်ကိုယ်လုံး သွေးချင်း ရဲခနဲ ပွက်ခနဲ ထွက်လာပါလျက်နှင့် လူသတ်သမား၏ဓားကို မရမက ဝင်၍လုယူသည်။

လူသတ်သမားကလည်း ဒ အားကောင်းလွန်းစွာ ပြန်လည်ရုန်းကန်၍ ဦးထင်လင်းကျော်ရော သူပါ ခုတင်ပေါ်မှ လုံးထွေး လိမ့်ကျလာကြသည်။

"ဒုန်း"

ဆိုသော အသံကြီးနှင့်...

"ဒေါက်"





ဆိုသော အသံငယ်တို့ တစ်ပြိုင်တည်းလို ထွက်ပေါ်လာ၏။ လူသတ်သမား၏ဓား လွတ်ကျသွားလေပြီ။

"အင့်... အင့်..."

ဆိုသော မချိမဆံ့ အသံက လူသတ်သမားထံမှ ပေါ်လာသည်။

ဦးထင်လင်းကျော် အနိုင်စီးက ရနေသဖြင့် လူသတ်သမားက အားကုန်အင်ကုန် ရုန်းကန်၍ သူ့လက်မှ လွတ် က်သွားချိန်မှာ...

ဦးထင်လင်းကျော် ကြုံးထပြီး လက်လှမ်းမီရာ ဆွဲလိုက်တော့...

"အား"

ဖားလျားကျနေသော ဆံပင်ကို ဆွဲမိသည်၊ လူသတ်သမားက နောက်သို့ ခေါင်းလည်ကျလာကာ သူ့ခေါင်းကိုသူ ချက်ချင်း လက်နှင့် ဒမ်းအုပ်၊ ဆုပ်ကိုင်ကာ ဆောင့်ရုန်းပစ်လိုက်တော့...

ဦးထင်လင်းကျော်၏လက်မှာ ဆံပင်တွေ တစ်ထွေးကြီး ကျွတ်ကျန်ရစ်ပြီးချိန်မှာ...

"ဟိတ်၊ မ...မပြေးနဲ့"

ပြောရင်း နောက်က ဆက်လိုက်တော့ လူသတ်ကောင် ဖြူဖြူကြီးသည်... နောက်ဘက် ဝရန်တာမှတစ်ဆင့် ကြောင်လိန်လှေကားကို တွယ်တက်ပြီး အပေါ်ထပ်သို့ လေလို လျင်မြန်သောအဟုန်ဖြင့် ပြေးတက်သွားလေတော့သည်။

အဖြစ်အပျက်က မိနစ်ပိုင်းမျှသာ ကြာသော်လည်း ဦးထင်လင်းကျော် အတွက်မှာမူ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ဟာ... ဒီမှာ... ဒီမှာ"

"အို...သွေးတွေလည်း အိုင်ထွန်းလို့ပါလား"

"အို... ဟို ရှေ့နေပဲ"

မီးများလင်းပြီး အသံများ ကြားလိုက်ရပြီးချိန်မှာ ဦးထင်လင်း ကျော် တစ်ယောက် လုံးဝ သတိလစ်သွားလေတော့သည်။

သူ့ ကိုယ်ခန္ဓာအောက် ကြမ်းပြင်မှာ သွေးများ စီးဆင်းအိုင်ထွန်း နေပေသည်။

သူ့လက်မှာ အနက်တစ်ဝက် အဖြူတစ်ဝက် ရောယှက်နေသော ဆံပင်တစ်ထွေးကြီးကို ဆုပ်ကိုင်လျက်...

သူ ငြိမ်သက်သွားလေပြီ။

◆ ◆ ◆



ရဲဝန်ထမ်းများအားလုံးရှေ့တွင် စိတ်အလှုပ်ရှားဆုံးဖြစ်နေသူက ဦးပိုင်သ...

ဒုတိယက ကိုဟန်သာဦး၊ သူ့မျက်နှာမှာ သွေးမရှိတော့။

အတွင်းရေးမှူး ကိုသက်မော်နှင့် မန်နေဂျာ ကိုငြိမ်းအောင်တို့ ကလည်း စိတ်လှုပ်ရှားမှုများကို အတတ်နိုင်ဆုံး ကွယ်ကာဖုံးပိတ်လျက် ဇက်စိပျက် မျက်နှာပျက် ဖြစ်နေကြလေသည်။

သံတိုင်များ၏ နောက်တွင် ဒေါ်ပိုးအိမ်သည် နွမ်းမောစွာဖြင့် ကြမ်းပြင်ပေါ်၌ လျောင်းအိပ်နေ၏။ ဆံပင်ဖြူ ဆံပင်နက်တို့ ရောယှက် နေသော ဆံပင်ရှည်များက ရှုပ်ထွေးစွာ ကြမ်းပြင်ပေါ်မှာ ပုံကျနေ လေသည်။

ထဘီကို ဝတ်ပေး၍ မရတော့သဖြင့် အင်္ကျီရော လုံချည်ပါ တွဲဆက်ထားသည့် အင်္ဂလိပ်မတို့၏ ဂါဝန်လို အဖြူဝတ်ရုံရှည်ကြီးကို ခြုံပေးထားရ၏။

"ဒီလို အန္တရာယ်ပေးတတ်တဲ့ အရူးတစ်ယောက်ကို ခင်ဗျားတို့ သွတ်မထားသင့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အမြဲ သော့ခတ်ထားတာပါဗျာ၊ ဘယ်လိုလုပ်ပြီး သူဖွင့်ထွက်သွားလဲ မပြောတတ်တော့ပါဘူး"

ဦးပိုင်သက စိတ်ညစ်ညူးလွန်းသော လေသံနှင့် ပြောလိုက်ချိန်မှာ ကိုဟန်သာဦးနှင့် ကိုသက်မော်တို့က တစ်ယောက်မျက်နှာ တစ်ယောက် ပြိုင်တူ လှည့်ကြည့်လိုက်မိလျက်သား ဖြစ်သွားကြသည်။

"မေမေ...မေမေလူတစ်ယောက် သတ်လိုက်ပြန်ပြီဆို၊ မေမေ့ကြောင့်..."

အော် ငိုရင်း ဝင်ပြေးလာသော စန္ဒာကို ကိုဟန်သာဦးက လှမ်းဆွဲထားလိုက်ပြီး...

"စန္ဒာ...စန္ဒာ အိပ်ရာက လန့်နိုးလာပြီး ဘာတွေလျှောက်ပြောနေတာလဲ"

"ဒါနဲ့ သူတို့ကပြောတော့ ဦးထင်လင်းကျော်ကို မေမေ သတ်လိုက်လို့ သေပြီဆို၊ သွေးတွေနဲ့ အလောင်းကို ဆေးရုံသယ်သွားကြပြီဆို"

"နေစမ်း စန္ဒာ၊ ဒီမှာ အရေးကြီးတဲ့ ပုဂ္ဂိုလ်တွေ လာစစ်ဆေးနေတယ်၊ မင်းပါးစပ် ပိတ်ထားစမ်း"

ကိုဟန်သာဦးက သူ့ဇနီးကို ဒေါကန်ကန်နှင့် လှမ်း၍ ဟိန်းဟောက်ပစ်လိုက်ချိန်မှာ ရဲအရာရှိက စန္ဒာပိုင်ကို တည်ငြိမ်စွာ ကြည့်ပြီး...





"ကိုထင်လင်းကျော် မသေသေးပါဘူး၊ ဆေးရုံမှာ အစွမ်းကုန် အသက်လုနေကြဆဲပါ၊ ဒီမှာ... ဒီအခန်းသော့ကို မစန္ဒာပိုင် ကိုင်သလား..."

"ဟင့်အင်း... ဟင့်အင်း၊ စန္ဒာ ဘယ်တော့မှ မကိုင်ဘူး။ ကြောက်လွန်းလို့၊ ဖေဖေပဲ အမြဲကိုင်တာ..."

စန္ဒာပိုင်သည် ကိုယ်ရည်ကိုယ်သွေး ပြည့်ဝလွန်းသူ မဟုတ်သော်လည်း ကျပ်မပြည့်ဘူးဟုလည်း ပြော၍တော့ မဖြစ်ပါ။ စဉ်းစားဆင်ခြင်နိုင်စွမ်း အားနည်းသူဟုသာ ကောက်ချက်ချရပါလိမ့်မည်။

စန္ဒာပိုင်၏ စကားအဆုံးမှာ အားလုံး ငြိမ်သွားကြသည်။

ရဲအရာရှိနှင့် အဖွဲ့က စောစောဆီက စစ်မေးစရာကိစ္စများကို ဆက်လက် စစ်မေးရေးမှတ်ပြီး...

"အခုလို အန္တရာယ်ပေးတတ်တဲ့ အရူးမျိုးကိုအိမ်မှာ မထားသင့်သော့ဘူး ဦးပိုင်သ၊ ပြီးတော့ ဦးပိုင်သတို့ကလည်း ကိုယ့်မိသားစုချည်းနေတာမဟုတ်ဘူး၊ အများနဲ့ ဆက်ဆံရတယ်ဆိုတော့"

"ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော် နားလည်ပါတယ်"

"မြန်မာတစ်ပြည်လုံးမှာလည်း အသေအချာ ထိန်းသိမ်းနိုင်တဲ့ စိတ်ကျန်းမာရေးဆေးရုံကလည်း ရန်ကုန်ကစ်မြို့တည်းမှာပဲ ရှိတယ်လေ၊ ဒီတော့ သူ့ကိုမပို့ဖြစ်ခင်မှာ ဒီအမှုမျိုး နောက်ထပ် မဖြစ်ရလေအောင် အတတ်နိုင်ဆုံး ထိန်းသိမ်းထားပါ"

"ဟုတ်ကဲ့ခင်ဗျာ၊ စိတ်ချပါ"

ရဲအရာရှိနှင့်အဖွဲ့ ပြန်သွားချိန်မှာ ဦးပိုင်သ၊ ကိုဟန်သာဦး၊



www.burmeseclassic.com

www.burmeseclassic.com



ကိုသက်မော်၊ ကိုငြိမ်းအောင်နှင့် စန္ဒာပိုင်တို့မှာ သံတိုင်များနောက်ဆီမှ ဒေါ်ပိုးအိမ်ကိုသာ စူးစူးစိုက်စိုက် ကြည့်နေကြသည်။

တစ်ယောက်နှင့်တစ်ယောက် ဘာစကားမှ မပြောဖြစ်ကြ...

နာမည်သတင်း ကျော်စောခြင်းများဖြင့် အရှိန်တက်၍ ဝင်ငွေကောင်းနေသော ခရမ်းပြာ တည်းခိုရိပ်သာကြီးမှာ...

ပိုင်ရှင်၏ဇနီး အရူးမကြီးက ဧည့်သည်များကို လိုက်သတ်နေသည် ဆိုသော သတင်းသာ ပျံ့နှံ့သွားခဲ့ပါလျှင်...

စီးပွားရေး၏ ရေသောက်မြစ်ကို ပိုင်းဖြတ်လိုက်သည်နှင့် မခြားပါ။

အားလုံးသည် ခရမ်းပြာကို မှီခိုနေရချိန်ဖြစ်၍ ဤအခန်းတွင်းမှ လူငါးယောက်လုံး ရင်မသက်ပြင်းများကို ချလိုက်ကြသည်။

အားလုံးသည် ဒေါ်ပိုးအိမ်ကို ဝိုင်းကြည့်နေကြသော်လည်း ဤယောက်ျားသား လေးယောက်၏ သံသယမြားဦးသည် တစ်ယောက်မှ တစ်ဦးသို့ ချိန်ရွယ်လျက်...

နှုတ်က မဖွင့်ဟကြသော်လည်း စိတ်က တစ်ယောက်နှင့်တစ်ယောက် မယုံမကြည် ရှိနေကြလေပြီ ဆိုသည်ကို သူတို့ချင်းသာ သိကြပါလေမည်။

◆ ◆ ◆



"ဒီလောက်ပြောရင် မြလေးငုံ နားလည်ပါပြီ အန်တီတင်ရယ်"

"သားလေးရဲ့ ဘဝရှေ့ရေးနဲ့ တိုးတက်မှုဟာ မြလေးငုံအပေါ်ထဲ မူတည်နေပါတယ်ကွယ်"

"ပြောတော့ ပေးပါမယ်၊ စိတ်ချပါ၊ လိုက်နာတာ မလိုက်နာတာကတော့ အညို့အပေါ်မှာပဲ မူတည်ပါတယ်အန်တီတင်"

"မြလေးငုံ ပြောရင် ရကိုရမှာပါ၊ သူ ဒီရောက်နေတာလည်း..."

"အန်တီတင့်သားကို မေးကြည့်ပါနော်၊ သူ ဒီရောက်လာတာ ...ဟာသူ လာတာပါ"

"မြလေးငုံဆီ လိုက်လာတာ မဟုတ်လား"

"လိုက်လာတာ ဆိုပေမယ့် မိုင်းခမြို့က ပြောင်းလာပြီးကတည်း ... အညို့နဲ့ မြလေးငုံ လုံးဝအဆက်သွယ်မရှိပါဘူး အန်တီတင်၊ ...လေးငုံ သူ့ကို မှတ်တောင် မမှတ်မိပါဘူး၊ ကိုယ့်ဦးလေးဆီမှာ ...ယ့်ဟာကိုယ် အေးအေးဆေးဆေး အလုပ်လာလုပ်နေတာ အလကား ...သနာလာရှာကြတယ်"

မိုင်းခမြို့က မင်းသီရိဆန်စက်ဝင်းကြီးထဲမှ နေရစဥ်တုန်းက

www.burmeseclassic.com

www.burmeseclassic.com



တော့ ဒေါ်တင်တင်ဦးကို မြလေးငုံတို့ တစ်မိသားစုလုံး လေးစားခဲ့ ကြောက်ရွံ့ခဲ့ရသည်ပါ။

ယခုတော့...

သူ့ကို နည်းနည်းလေးမှ ကြောက်နေစရာ မလိုတော့။

သူ၏အတိတ်က မာန်မာနထောင်လွှားခဲ့ပုံများနှင့် လက် ဘဝတွင် ညီမင်းညိုလို လူပျိုရွယ် သားငယ်လေးကို မထောက်ထား ပါဘဲ နေထွန်းနီလို သူ့ထက် အသက်ထက်ဝက်မျှ ငယ်သော တစ်ဦးကို လက်ထပ်ရဲအောင် အရှက်မဲ့သောမိန်းမ၊ ရမက်ကြီးသော မိန်းမ၊ သူ၏ သာယာမှုအတွက် သားလေး၏ အရှက်မျက်ရည်နှ ဘဝကို ချခင်းနင်းရက်သော မိန်းမအဖြစ်နှင့် မြလေးငုံ ဒေါ်တင်တင် ကို ရွံမုန်းမိပါသည်။

"မြလေးငုံ"

"အင်း"

"ကျောင်းတော်က ရန်စတွေနဲ့ ပြန်ချေပနေတာလားဟင်"

"အို...မဟုတ်ပါဘူး အန်တီတင်၊ ကျောင်းတော်က ရန်စ ဆိုရအောင်လည်း အန်တီတင်တို့နဲ့ ခွဲခွာခဲ့စဉ်ကာလက မြလေး ကလေးသာသာ အရွယ်ပါရှင်"

"ဒါဆိုလည်း ပြေပြေလည်လည် ပြောပါကွယ်"

"မြလေးငုံ မရိုင်းစိုင်းဝံ့ပါဘူး အန်တီတင်၊ အခုဟာက အညို့ မြလေးငုံက ထိန်းသိမ်းထားလို့ အညိုပြန်မလာတာဆိုပြီး အန်တီတ က စွပ်စွဲလို့ပါ"





"အန်တီတင် ဒီလိုပြောတာ မဟုတ်ပါဘူး မြလေးငုံ၊ အဲဒီလိုမျိုး စ်သွားခဲ့ရင်လည်း ခွင့်လွှတ်ပါလို့ ပြောပါရစေ"

"ရပါတယ် အန်တီတင်၊ တကယ်တော့ မြလေးငုံဟာ ဦးပိုင်သ တူမ ဝမ်းကွဲဖြစ်သလို အညိုဟာလည်း ဒေါ်ပိုးအိမ်ရဲ့ တူဝမ်းကွဲလေး မဟုတ်လားရှင်"

မြလေးငုံတို့ လူမှန်းမသိတတ်မီကာလ၊ အညို့ကိုပင် မမွေးဖွားရ သးမီ ကာလက...

ငွေကြေးရှင် အပျိုကြီး ဒေါ်ပိုးအိမ်နှင့် ဆန်စက်မှ စာရေးလေး ပိုင်သနှင့် လက်ထပ်ခွင့်ရအောင် ဦးမင်းညီနှင့် ဒေါ်တင်တင်ဦးတို့ပင် ျင် စီစဉ်ခဲ့ကြသည့် ဇာတ်လမ်း မဟုတ်ပါလား။

"အေးလေ... ဒါပေမယ့် စန္ဒာကလည်း ကိုယ့်မောင်လေး တ်တယ်ဆိုပြီး နည်းနည်းလေးမှကို ကြည့်ရှုတာ မဟုတ်ပါဘူး။ ဒေါ်ပိုးအိမ်ကလည်း သိတဲ့အတိုင်း၊ ပြီးတော့လည်း ဒီမှာ အမှုအခင်း ဘွ ဖြစ်နေကြတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါကြောင့်လည်း အညို့ကို မြလေးငုံ ဂရုစိုက် စ်တာပါ ပါတယ် အန်တီတင်"

"သိတဲ့အတိုင်း၊ သန့်ရှင်းရေးသမားလုပ်ခိုင်းသတဲ့ကွယ်၊ တ်ရက်စက်စက်၊ ကိုပိုင်သကလည်း ဘဝမေ့သွားပြီ၊ သားလေးရဲ့ ဖဟာ သူ့ကျေးဇူးရှင်တစ်ဦးဆိုတာတောင် သူမေ့သွားပြီလေ"

အညို့ဘဝကို သိခွင့်ရတော့ မိခင်၏အကြင်နာက သွန်ကျ သည်။ သားပေါ် ကရုဏာသက်သည်နှင့်အမျှ ခိုင်းရက်လေခြင်းဟု



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဦးပိုင်သကို အန်တီ ဒေါ်တင်တင်ဦး နာကျည်းနေသည်။

"သားအခြေအနေကို ကြည့်ခိုင်းပြီး ငွေငါးထောင် ပို့လိုက်တ
သား ခုလို အလုပ်မဆင်းရဘဲ နေခွင့်ရတာ မြလေးငုံရဲ့"

နေထွန်းနိုသည် အညို့အတွက် ငွေငါးထောင် သယ်ဆော
လာပို့သူဖြစ်ကြောင်း အညိုရော မြလေးငုံပါ မသိခဲ့ကြ...

"မြလေးငုံရယ်... မြလေးငုံကိုပဲ တောင်းပန်ပါရစေတော့"

"ရှင်"

"အန်တီပြန်ရင်... သားလေး တစ်ပါတည်း လိုက်ခဲ့အောင်
မြလေးငုံ ပြောပေးပါနော်... မြလေးငုံ ပြောရင် ရမှာပါကွယ်"

ဒေါ်တင်တင်ဦး၏ အသံက တုန်ပြီး မျက်ရည်တို့ ဝဲလာသည်

"အညို့ကို ပြန်လိုက်သွားပါလို့ ပြောပေးရမယ်...တဲ့"

ရင်၌ နာကျင်မှုဝေဒနာကို ဖြစ်ထွန်းစေရမည့် စကားပါလား

"သားလေးဘဝဟာ ဒီတောမြို့လေးမှာ ဇာတ်သိမ်းခွင့် မပေး
လိုက်ပါနဲ့ မြလေးငုံရယ်...၊ သူ့ ပညာရေးလမ်း ဖြောင့်ဖြောင့်ဖြူးဖြူး
ပေါ်မှာ ဆက်လျှောက်ပါစေကွယ်"

ဒေါ်တင်တင်ဦး စကားအဆုံးတွင် မြလေးငုံ ခေါင်းကို
ဖြည်းဖြည်းချင်း ညိတ်မိလျက်သား ဖြစ်နေသည်။

**"ညီမင်းညို ဒီနှစ် ဆယ်တန်းအောင်သည်"**

ဆိုသော သတင်းစကားသည် ဒေါ်တင်တင်ဦးထက် အရ
ရောက်နှင့်နေပါ၏။





သူ ဆယ်တန်း ဖြေပြီးချိန်မှာ ဒေါ်တင်တင်ဦး နောက်အိမ်
ထောင် ပြုလိုက်သဖြင့် ထွက်ပြေးလာခဲ့သော အညိုမှာ...

ဆယ်တန်း အောင်စာရင်းထွက်တော့ သင်္ချာဂုဏ်ထူးနှင့်
အောင်မြင်ခဲ့လေပြီ...။

အညိုရော မြလေးငုံပါ ဆွေ့ဆွေ့ခုန် ဝမ်းသာခဲ့ပါသော်
သည်း...

"အညို ကျောင်းဆက်တက်ရန်"

ဟူသော ရည်ရွယ်ချက်ဖြင့် ဒေါ်တင်တင်ဦး လာရောက်ခေါ်ယူ
မိမ့်မည်ဟု သူတို့နှစ်ဦးလုံး မထင်မိခဲ့ကြ...၊

ယခုတော့...

"အညို ပြန်လိုက်သွားပါ"

ဟု မြလေးငုံက ပြောပေးရမည်...တဲ့။

မိမိ၏ နှလုံးသည်းပွတ်ကို ဆွဲတင်ယူဆောင်သွားမည့်သူ
ရောက်လာခဲ့ချေပြီ...

ပညာရေးအတွက်... အညို့ဘဝ တိုးတက်ရေး အတွက်
လေးငုံ... ပေးလှူစွန့်လွှတ်နိုင်ရမှာပေါ့လေ။

"စိတ်ချပါ၊ အန်တီတင်၊ ...အညို ပြန်လိုက်သွားပါလို့ မြလေးငုံ
သေအချာ ပြောပေးပါ့မယ်ရှင်၊ ဆုံးဖြတ်ချက်ကတော့ အညို့ဆန္ဒ
အတိုင်းပဲ ဖြစ်ပါလိမ့်မယ်..."

"မြလေးငုံ ပြောရင် သားလေးက မလွဲမသွေ နားထောင်မှာ
လေ၊ ဒါပါပဲကွယ်၊ အန်တီတင် လေဆိပ်လမ်းဘက် ခဏသွားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်နော်..."

ခရမ်းပြာမှ ဒေါ်တင်တင်ဦး ထွက်ခွာသွားလေပြီ...

မနေ့ည သူ မရောက်လာမီကတည်းက...အညိုနှင့် မြလေး
တို့... နေ့မဝင်တောင်စွယ် တောင်ကုန်းပေါ်မှာ တည်ထားသော
ဆုတောင်းပြည့်စေတီသို့ နှစ်ယောက်အတူ သွားရန် ချိန်းဆိုပြ
ပြီးသား...

♦ ♦ ♦



ကုန်းမြေတစ်ခုလုံး ခရမ်းပြာရောင် ဆေးခြယ်ထားသည်သို့ ဖြစ်နေ၏။

ပျဉ်းမပွင့်ကြွေ တို့သည် ကုန်းမြေတစ်ခုလုံး မြေကွက်လပ်ပေါ်ဘဲ အပျံ့အနှံ့ ဖြန့်ခင်းထားသည်သို့ ဖြစ်စေရအောင် ကြွေသက်နေပါ၏။

ဖိနပ်မစီးရသော ကုန်းမြေမို့ နူးညံ့အိမွတ်သော အတွေ့ဖြင့် ပျဉ်းမပွင့်ကြွေများပေါ်မှာ..

ညီမင်းညိုနှင့် မြလေးငုံတို့ လက်တွဲလျက် လှမ်းလျှောက်သွားခဲ့ကြသည်။

"ဒီမှာ ထိုင်ရအောင် မမငုံ"

"ဘုရား အရင်ဖူးကြရအောင်လေ"

"ဟင့်အင်းဗျာ၊ ဘုရားက ဘယ်တော့ဖူးဖူး..."

"ဘာဖြစ်လို့ ထိုင်မှာလဲ၊ ဘုရားပေါ်ရောက်မှ နားကြမယ်လေကွယ်"

"မရဘူးဗျာ၊ ဒီမှာထိုင်ရမယ်၊ ပြီးတော့ ဒီတစ်ချိန်လုံး ခရမ်းပြာရဲ့ အရှုပ်အထွေး ကိစ္စအပေါင်းကို မပြောကြစတမ်းနော်"



www.burmeseclassic.com

www.burmeseclassic.com



ညီမင်းညိုက ပျဉ်းမပင်စည်အောက်မှာ ပစ်ထိုင်ချလိုက်ပြီး မြလေး၏ လက်ကို တအားဆွဲယူလိုက်တော့ သူ့ရင်ခွင်ပေါ်မှာ ပုံလျက်သား လဲရသည်။

"အလာတုန်းက ဆိုက်ကားစီးလာရတာ ကျောချင်းကပ်ဖ တောင်ကုန်းတက်တော့လည်း အောချင်းတိုက်"

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ၊ အခုလို တည့်တည့် ကြည့်ချင်လို့၊ အနီးကပ် ကြည့်ချင်လို့၊ ဒီကောင့် ရင်ခွင်ထဲမှာ အခုလို အကြာကြီး ဖက်ထားပေး ချင်လို့၊ သိရဲ့လား"

"ဖယ်စမ်း...အညို၊ မမင့် မကြိုက်ဘူး သိလား၊ ဒါ ဘုရား ကုန်းတော်ပေါ်ကြီးမှာ"

"ဘာဖြစ်လဲဗျ၊ ဘုရားက သူ့ကုန်းမြေမှာ မချစ်ရဘူးလို့ ပညတ်မထားတာ၊ ပြီးတော့ ဘယ်သူမှလည်း မရှိဘဲနဲ့"

"ဘယ်သူ ရှိရှိ မရှိရှိ... ခုလို လေဟာပြင်ကြီးထဲမှာ စိတ်မရဲဘူး မမင့် ရှက်တယ်၊ လွှတ်စမ်း အညို၊ မမင့် မကြိုက်ဘူး"

စိတ်ဆိုး မာန်ဆိုးဖြင့် သူ့ကို ဆောင့်တွန်းပစ်လိုက်မိသည်။

မြလေးငုံ တကယ် မျက်နှာတည်တည်နှင့် ဒေါသထွက်လာ တော့ အညို ငြိမ်သွားရုံမက မျက်နှာလေးလည်း ငယ်သွားပါ၏။

"စိတ်မဆိုးလိုက်ပါနဲ့ မမင့်ရယ်၊ သိပ်ချစ်လွန်းလို့ပါဗျာ"

မြလေးငုံ ဘာမှ မဖြေဖြစ်မိ...





"မမင့် အခုလို မျက်နှာ ညိုးသွားရင် အညို မနေတတ်တော့ဘူး၊ မကြိုက်ရင် ရိုက်ဗျာ၊ စိတ်တော့ မဆိုးနဲ့၊ အရင်တစ်ခါလို ရိုက်လေ"

ကယ်တင်ရှင်နှင့် ပတ်သက်၍ အပြောခံရစဉ်က စိတ်လိုက် မာန်ပါ ပါးရိုက်လိုက်မိသည့် အကြောင်း၊ သည်ကုန်းမြေမှာ အညို လာနေရာမှ အပြင်းဖျားခဲ့ရသည့် အကြောင်းများကို မြလေးငုံ ပြန်လည် တွေးမိလာစေတော့ အကြင်နာလှိုင်းရှိန် မြင့်လာသည်။

"ဒါဆိုလည်း ဘုရား အရင်သွားကြမယ်နော်၊ ထလေ မမင့်"

အညိုက ထိုင်ရာမှထပြီး မြလေးငုံ၏ အလိုဆန္ဒအတိုင်း ဖြစ်စေ ရန် ပြောရှာသည်။

"အညို... မောင်လေး"

"ဗျာ...မမင့်"

"ပြန်ထိုင်ပါကွယ်၊ ခဏနေမှ သွားကြတာပေါ့၊ ဒီနေ့ အချိန် လည်း ရပါတယ်၊ မမင့်ရဲ့ အားရက်ပါ"

"မမင့် ဆန္ဒဟာ အညို့ ဆန္ဒပဲ၊ မမင့် လုပ်ချင်တာ အညို လုပ်ချင်တာပဲ၊ အညိုဟာ အညို မဟုတ်ပါဘူးဗျာ၊ အညိုဟာ မမင့်ပါ၊ သိပ်ချစ်ရတဲ့ မမင့်ရဲ့ ဆန္ဒအတိုင်း အားလုံးဖြစ်စေရပါ့မယ်"

"အညို... မမ မောင်လေးရယ်"

သနား အကြင်နာတို့ ပေါင်းစပ် အခြေခံသော ချစ်ခြင်းမေတ္တာ မဏ္ဍိုင်၏ အထွတ်အထိပ်မှနေ၍ အညို့ကို မြလေးငုံ လှမ်းလင့် ကြိုဆို ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လိုက်လျောလွန်းသော၊ ခွင့်လွှတ်နိုင်လွန်းသော၊ ညှာတာတတ်ရှာသော ချစ်ရသူ၏ လက်ခုံလေးကိုဆွဲယူပြီး မြလေးငုံက ငုံ့မွှေးလိုက်သည်။

"ဒါနဲ့ မရပါဘူးနော်၊ ကြွေးကျန်ပါသေးတယ်"

မြလေးငုံမျက်နှာ ကြည်သည်နှင့် သူ ရယ်ရယ်မောမော ဖြစ်တော့သည်။

"ဘာလဲ"

"ပါးရိုက်ထားလို့ ချိုင့်နေတဲ့နေရာကို အနမ်းနဲ့ ပြန်ဖို့ပေးမယ်လို့ ပြောထားတာလေ"

"သွား...ဒီနေရာကြီးမှာ ကြွေးလာမတောင်းနဲ့"

"ရပါတယ်...ရပါတယ်၊ ... အကြွေးဆိုတာ ကြာလေ အတိုးတက်လေဆိုတာတော့ မမေ့နဲ့ဗျနော်..."

သောကအားလုံးကို မေ့ပျောက်စွာဖြင့် မြလေးငုံ နှစ်ခြိုက်စွာ ရယ်မောမိပါသည်။

"မမငုံဟာလေ... တည်တည်ကလေးနေတော့ သိပ်လှတယ်၊ ခုလို ရယ်လိုက်တော့လည်း မတရားလှတယ်ဗျာ"

"ချစ်တဲ့မျက်စိနဲ့ ကြည့်ရင် အရာအားလုံး လှပတယ်တဲ့ အညီရဲ့"

"သူများချစ်သူထက်ကို အညီ့ချစ်သူက အဆတစ်ရာသာပါတယ်ဗျာ၊ ဒီမှာ မမငုံ၊ ဒီနေ့လေ မမငုံကို အထူး အစီအစဉ်တစ်ရပ် အနေနဲ့ တောင်းဆိုချက်ကြီးနှစ်ရပ်ကို တောင်းဆိုမလို့ဗျ"





"ဒီကလည်း ပြောစရာရှိတယ် ရှင့်"

"ပြောစရာရှိတာ နောက်မှပြော၊ အညီက အရင်ဦးတာ အညီပဲ အရင်ပြောမယ်၊ နော်... မမငုံနော်"

"အမယ်လေး တောင်းဆိုချက်ကြီးနှစ်ရပ် ဆိုပါလား၊ ကြောက်စရာကြီးနော်..."

ညီမင်းညို မချင့်မရဲ ဖြစ်ထွန်းလာ၍ မြလေးငုံ၏ ဖြူဥနေသော လက်မောင်းပြည့်ပြည့်လေးကို ကုန်းကိုက်ပစ်လိုက်မိတော့သည်။

"ခွေးလေး"

"တစ်ကိုယ်လုံး ဝါးစားပစ်လိုမ့်မိမယ်ဗျ၊ သိပ်ပြီး မချင့်မရဲ ဖြစ်အောင် လုပ်မနေနဲ့...သိရဲ့လား"

အံလေးကျိတ်ပြီး မျက်နှာနား ကပ်ပြောလာသော အညီ့ ကျောပြင်ကို ခပ်နာနာလေး ထုပစ်လိုက်မိတော့...

အချစ်ဆုံးနှစ်ယောက်တို့၏ ရယ်သံလေးများ ပွင့်လွင့်ရိုက်ခတ်မှု ကြောင့်ပင် ထင်ရဲ့... ပျဉ်းမပွင့်ဖတ်တို့ သက်ကြွေကျဆင်းလာသည်။

"အဲလောက်ကြီး မကြည့်နဲ့ကွာ၊ မမငုံ ရှက်လာပြီ၊ ပြောစရာ ရှိတာ ပြောလေ"

မြလေးငုံက ခေါင်းငုံ့၍ ပြောလိုက်တော့ ဆံနွယ်ခွေလေးများက ပါးပြင်ဘေးမှာ နွဲ့သွယ်ကျလာပုံလေးကိုက ကြည့်မဝနိုင်စရာပါ။

ညီမင်းညိုက မြလေးငုံ၏ လက်တလေးကိုဆွဲယူပြီး လက်မကို အရင်ချိုး၍ တစ်အဖြစ် ရည်တွက်လျက်...



www.burmeseclassic.com

www.burmeseclassic.com



"နံပါတ်တစ် တောင်းဆိုချက်က အညို့ကို အညိုလို့ မခေါ်ရတော့ဘူး"

"ဟင်"

"တကယ်ပြောတာ၊ ချစ်သူတွေ ဖြစ်သွားကြပြီပဲ၊ ချစ်သူလိုပဲ ခေါ်ရမယ် သိလား၊ "မောင်"လို့ပဲ ခေါ်နော်...ကြားလား"

"အမယ်... မခေါ်ပါဘူး"

"မရပါဘူး၊ ခေါ်ကို ခေါ်ရမယ်၊ ချစ်သူတို့ရဲ့ ဓမ္မသတ်မှာ ကိုယ့်ချစ်သူ သတ်မှတ်ပေးသလိုပဲ ခေါ်ရမယ်တဲ့၊ မလိုက်နာရင် ကျောတစ်ရာ၊ ရင်တစ်ရာ၊ ပါးတစ်ရာ၊ နဖူးတစ်ရာ၊ နှုတ်ခမ်းတစ်ရာ၊ အနမ်းဒဏ် ခတ်ပြီး..."

"ကဲ"

စကားသံမထွက်တော့၊ ကျောကုန်းကို ထုသံနှင့် ရယ်သံတို့သာ ထွက်လာပြီးနောက်မှာ...

"ကဲ... ဒီမှာ တစ်အချက်ပြီးစီး၊ နှစ်..."

မြလေးငုံ၏ လက်ညှိုးကို ( က်ရေသလို ချိုးပြီး...

"အမြန်ဆုံး လက်ထပ်ရမယ်

"အမယ်"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့ ချစ်သက်တမ်းအရှည်ကြီး ဆွဲထားမလဲ၊ တစ်ခါတည်း..."

"အညို"

"ဒီလိုမခေါ်ရဘူးဆို၊ ဒီမှာ မမင့်၊ ဒီလောက်ကြီး ချစ်နေရတဲ့မောင့်ကို ဘာလို့ ညှဉ်းထားမလဲဗျာ၊ မမင့်နဲ့ မောင်နဲ့ ဘယ်တော့မှမခွဲ ဘဲ တစ်ခါတည်း အတူနေကြပါစို့ မမင့်ရယ်နော်...နော်"





ညီမင်းညို ငယ်စဉ်က သူ့အတန်းက ထွက်ထွက်ပြေးလာပြီး...

"မမင့်နဲ့နေမယ်..."

"မမင့်နဲ့နေမယ်..."

ဟု အော်အော်ငိုနေခဲ့ဖူးသည့်အဖြစ်ကို မြလေးငုံ ပြန်လည် သတိရလာမိသည်။

"အညိုဟာ ကလေးမဟုတ်တော့..."

"အညိုလို့ မခေါ်ရပါဘူးလို့ ပြောနေတာ မကြားဘူးလားဟင်"

မျက်နှာတည်ကြီးနှင့် လက်ညှိုးထိုးပြီး ကြိမ်းမောင်းဟန် လုပ်နေသော အညို့ကို မြတ်နိုးလွန်းစွာ ကြည့်ပြီး...

"ကြောက်ပါပြီ မောင်ရယ်"

"ဟာဗျာ"

ညီမင်းညိုသည် မြလေးငုံကို တအားသိမ်းကြုံး ဖက်လိုက်တော့ ရုန်းထွက်နိုင်ရန် ခက်လှပါဘိ။

ဩော်... သူ ခေါ်စေချင်သော "မောင်"ဟု ခေါ်လိုက်မိခြင်းမှာ လွယ်လွန်းသည်ဟု မထင်စေချင်ပါ။

မြတ်နိုးသူ၏ဆန္ဒကို လိုက်လျောလိုသည့် စေတနာကြောင့်ပါဆိုတာကို "သက်ဆိုင်သူ မောင်"သိပါစေ။

"ပြန်ခေါ်စမ်းပါဦး"

"တော်ပြီကွာ"



www.burmeseclassic.com

www.burmeseclassic.com



"မခေါ်ရင် မလွှတ်ဘူး"

မရုန်းသာတော့၍...

"ကဲ...လွှတ်ပါတော့ကွယ်"

"ခေါ်လေ"

"လွှတ်ပြီးရင် ခေါ်မယ်"

"ခေါ်ပြီးရင် လွှတ်မယ်"

သူ့ အပြောလေးကြောင့် မြလေးငုံက စုံမက်မြတ်နိုးခြင်းကြီးစွာဖြင့် မော့ကြည့်လိုက်ပြီးမှ အပြုံးမျက်နှာကို မျက်လွှာချ၍ နှလုံးသား၏ နက်ရှိုင်းသောနေရာမှ ဖြတ်သန်းလာသော လေသံဖြင့်...

"မောင်"

"ဟာ...မမင့်၊ မောင့်...မမင့်ရယ်"

ပျဉ်းမပင်ထက်မှ ငှက်ငယ်လေးနှစ်ကောင်သည် အဆုံးအစမရှိသော ကောင်းကင်ပြင်ဆီကို ပျံသန်းသွားကြလေပြီ။

"ဘုရားကုန်းတော်ပေါ် သွားကြစို့လေ"

"တောင်းဆိုချက်တစ်ခုကို မလိုက်လျော ရသေးဘူးလေ"

"ဒါတော့ ဘယ်လိုနည်းနဲ့မှ မမင့် မလိုက်လျောနိုင်သေးဘူးကွယ်၊ အခု အခြေအနေမှာ ဘယ်လိုလုပ်ပြီး အိမ်ထောင်တစ်ခုကို တည်လို့ဖြစ်ပါ့မလဲ၊ မောင်... နားလည်ပေးပါနော်"

ဘာမှမပြောပေမယ့် မှော်လင့်ချက်မဲ့သော မျက်နှာလေးက ညှိုးရော်လျက်...

"မမင့်"





"ဟင်"

"ဒါဆို ဘယ်တော့များမှ မောင်တို့ ခုလို တူတူနေကြရမှာလဲ မမင့်ရယ်"

"အဲဒီအတွက်လည်း မမင့် မောင့်ကို ပြောစရာရှိတယ်"

"ဘာများလဲ မမင့်ရယ်၊ မောင့်လို သူညကောင်ကို ချစ်ရုံပဲ ချစ်နိုင်မယ်၊ ဘယ်တော့မှ လက်မထပ်နိုင်ဘူးလို့..."

"မဟုတ်ဘူး မောင်၊ လုံးဝ မဟုတ်ရ ပါဘူးကွယ်၊ တစ်ဘဝတာအတွက် လက်တွဲဖို့ မဟုတ်ဘဲနဲ့ ချစ်ရဲတဲ့ မိန်းမမျိုး မဟုတ်ပါဘူး၊ တကယ်စိုးရိမ်ရမှာက မမင့်ပါ"

"ဘာကိုလဲ ဟင်...မမင့်"

"သြော်... မောင်က ငယ်တယ်၊ ချမ်းသာတယ် မဟုတ်လား၊ မမင့်က ဆင်းရဲတဲ့ မိသားစုထဲကပါ၊ လက်ရှိက စာရေးမ၊ ပစ်ချင်းပစ်ရင် မောင်ကသာ မမင့်ကို ပစ်သွားမှာပါလေ"

"ဒီမှာ မမင့်"

"မောင်"

"မမင့်ကို ပစ်သွားတဲ့နေ့ဟာ ကျွန်တော့်ဝိညာဉ်ချုပ်ငြိမ်းတဲ့နေ့၊ မမင့်ကို မေ့သွားမယ့်နေ့ဟာ ကျွန်တော့်နှလုံးခုန်သံ ရပ်သွားမယ့်နေ့ပါဆိုတာ မမင့် ယုံပါဗျာ"

"မောင်ရယ်... မမင့်ရင်ထဲမှာလည်း မောင့်လိုပဲ ရှိတယ်ဆိုတာ မောင် သိပါစေ"

"မမင့်... မမင့်ရယ်၊ တယ်ချစ်ရပါလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မမင့်လည်း မောင့်ကို သိပ်ချစ်ရပါတယ်ကွယ်"

အချစ်ဆုံး နှစ်ယောက်၏ ရင်မှ မေတ္တာထုထည်သည် ဤကမ္ဘာပေါ်မှ အကြီးမားဆုံးသော ဒြပ်ဝတ္ထုများထက် သာလွန်ပါလိမ့်မည်။

နှိုင်းတုစရာ ပမာဏမရှိအောင်ပင် နှစ်ဦးသားရင်မှ အနန္တမေတ္တာတရားက ကြီးမားနက်ရှိုင်းလှပါဘိ။

တိတ်တခိုးအနမ်းပွင့်လေးများကို ချချန်ရစ်ခဲ့ပြီး၊ ပျှဉ်းမပွင့်ကြွေကုန်းမြေပေါ်သို့ နှစ်ယောက်သား လက်တွဲလျက် တက်ခဲ့ကြသည်။

◆ ◆ ◆



"မမင့် ဘာဆုတောင်းလဲဟင်"

တောင်ထွဋ်ထိပ်မှ ဆုတောင်းပြည့်စေတီတော်ကို ဖူးမျှော်အပြီးတွင် ညီမင်းညိုက မေးလာခြင်းပါ။

"အဆီးအတားများဖယ်ရှားပေးတော်မူပါ၊ ပြီးတော့ မောင့်ကို ဘပည့်တော်မရဲ့ အသက်နှင့်အမျှ ချစ်ခွင့်ရလိုပါ၏၊ ပိုင်ဆိုင်ခွင့် ရလိုပါ၏...လို့"

"ဒုတိယနှစ်ပိုဒ် ကြိုက်တယ်၊ ပထမတစ်ပိုဒ် ပယ်တယ်"

"ဟင်...ဘာဖြစ်လို့လဲ မောင်ရဲ့"

"အဆီးအတား ဖယ်ရှားပေးဖို့ ဘုရားမှာ ဆုတောင်းစရာ မလိုပါဘူးဗျာ၊ လာစမ်းပါ၊ ဘာ အဆီးအတား လာမလဲ၊ မောင့်ရဲ့ မေတ္တာအင်အားနဲ့ အားလုံး ကျော်လွှားပြမယ်ဗျ"

"မောင့်ကိုတော့ မမင့် ယုံပါတယ်၊ အခြေအနေဆိုတာ ဘယ်ပြောနိုင်ပါ့မလဲ၊ အခုတောင်..."

"ဆက်ပြောလေ မမင့်၊ အခုတောင် ဘာဖြစ်လဲဟင်"

"အန်တီ ဒေါ်တင်တင်ဦး ရောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အံ့သြခြင်း၊ နာကျည်းခြင်း၊ ခံစားမှုများ တမုဟုတ်ချင်း ညီမင်းညို၏ရင်တွင်းသို့ ဝင်ရောက်လာတော့သည်။

"ဟိုကောင် ပါလား"

"မပါ ပါဘူးမောင်၊ သူတစ်ယောက်တည်းပါ"

"ဘာကိစ္စတဲ့လဲ"

"အညို့ကို ပြန်ခေါ်ဖို့တဲ့"

"ဘာ"

"ပြော်...ဟို...မောင်...မောင် ဆယ်တန်းအောင်လို့ တက္ကသိုလ် တက်ဖို့တဲ့"

"တော်ပါတော့ မမင့်၊ မမင့်နဲ့ တွေ့ပြီးပြီလား"

"အင်း"

"ဒါဆို ပြောလိုက်စမ်းပါ၊ သူတို့အိမ်ကနေ တက္ကသိုလ်ဟက် တစ်လမ်းလုံး စိန်တွေ စီခင်းပေးထားရင်တောင် ဒီကောင် ပြန်မလာ ဘူးလို့"

"မောင်ကလည်းကွယ်"

"မနှစ်သိမ့်နဲ့ မမင့်၊ နေထွန်းနီဆိုတဲ့ကောင်ကို မောင် သတိ လိမ့်မယ်၊ အိုဗျာ...သူတို့နဲ့ဝေးရာ အရပ်မှာ ကျွန်ပဲ လုပ်ရလုပ် လုပ်မယ်၊ အဲဒီ မျက်နှာတွေကို မောင် မကြည့်ပါရစေနဲ့ မမင့်ရယ်"

"မောင်လေးရဲ့ ရင်ထဲက ဝေဒနာတွေကို မမင့် နားလည် ပါတယ်ကွယ်။ ဒါပေမယ့် ပညာရေးကိုတော့..."





"ဘာလဲ၊ မောင် ဘွဲ့ရမှ မမင့်က လက်ထပ်မှာလား"

"မမင့်ရဲ့ မေတ္တာကို မောင် စျေးမဖြတ်ပါနဲ့၊ မောင့်ဒေါသတွေ မမင့်ဘက်ကို လှည့်မလာပါနဲ့မောင်"

"မောင် မှားသွားရင် ခွင့်လွှတ်ပါ"

"မောင်နဲ့ ပတ်သက်လို့ ခွင့်မလွှတ်နိုင်တဲ့အရာဆိုတာ မရှိစေရ ပါဘူး မမမောင်ရယ်"

"ယုံပါတယ်... မမင့်၊ မမင့်ကရော မောင့်ကို ဘာဖြစ်စေချင်လဲ၊ ပြောစမ်းပါဦး"

"မောင် ကျောင်းဆက်တက်စေချင်တယ်"

"မလိုအပ်ဘူးထင်တယ် မမင့်၊ မောင် သူတို့နဲ့လည်း မနေ ချင်ဘူး၊ မမင့်နဲ့လည်း မခွဲနိုင်ဘူး"

ပြတ်သားလွန်းသော ချစ်သူ၏ အဖြေစကားကြောင့် မြလေးငုံ ငြိမ် ဘာပြန်ပြောရမှန်းမသိတော့။

ဆုတောင်းပြည့် စေတီတော်ပေါ်မှ လှမ်းမျှော်ကြည့်တော့ ရေမ်းပြာတည်းခိုရိပ်သာကြီးကို လှပစွာ မြင်ရပါ၏။

မိစ္ဆာဂူကိုလည်း နီးကပ်စွာ မြင်တွေ့ရသည်။

မိစ္ဆာဂူနှင့် ဂူပေါက်ကြီးတို့မှာ အလင်းရောင်အောက်တွင် အေးငြိမ်းစွာ ငြိမ်ဝပ်နေပါ၏။

"ဒီ စနေထောင့် ကိုးနဝင်း ဘုရားမှာရော ဘာဆုတောင်းလဲ မမင့်"

"ဒါ...ဘုရားဖူးပြီးတိုင်း ချစ်သူတွေ မေးနေကျစကားပဲ မောင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မောင်နဲ့ ပေါင်းရပါစေလို့ ဆုတောင်းတယ် မဟုတ်လား ပြော..."

"ဟင့်အင်း၊ မောင်...မမင့်ရဲ့ စကားကို နားထောင်ပါစေလို့ ဆုတောင်းတယ်"

"ဟာဗျာ၊ မောင်က မမင့်ရဲ့စကားကို ဘာများ နားမထောင်တာ ရှိဖူးလဲ၊ ပြော"

"မောင် လိမ္မာတာ၊ မမင့်ကို သိပ်ချစ်တာ မမင့် သိပါတယ် မောင်ရယ်... အခုပြောမှာက...မောင် မလိုက်နာချင်တဲ့ အကြောင်း မမင့် တိုက်တွန်းချင်လို့ပါ"

"ဒါလောက်ဆို သိပါပြီဗျာ၊ ဒီနှစ် ဆယ်တန်းအောင် တက္ကသိုလ်ဆက်တက်ပါလို့ ပြောမလို့ မဟုတ်လား"

"ဟုတ်ပါတယ် မောင်"

"မမင့် မောင့်ကိုချစ်တဲ့အထဲမှာ ဘွဲ့ရမှဆိုတာ ပါလို့လား..."

"မမင့်ရဲ့ မေတ္တာကို အထင်သေးခြင်းဆိုတဲ့ အရာနဲ့ မဖွဲ့ချေပါနဲ့ မောင်ရယ်၊ မောင့်ဘဝအတွက် မမင့် ပြောနေတာပါ"

"ဒီမှာ မမင့်"

"မောင်"

"မောင့်ဘဝမှာ မောင့်အတွက်ဆိုတာ ဘာမှ မလိုအပ်ဘူး၊ မမင့် အတွက် မောင် အသက်ရှင်နေတာ သိလား၊ မမင့်အတွက် အားလုံး စွန့်လွှတ်နိုင်သလို မမင့် လိုချင်တာဆိုရင် ဘာမဆို မောင် ယူပေး ရဲတယ်"





"အချစ်လွန် ဆန္ဒတွေနဲ့ တဘက်စွန်း မရောက်ပါနဲ့၊ သူ့ရဲ ...ဘောင်း မဆန်ပါနဲ့ မောင်ရယ်၊ မောင့်ကို မမင့် ချစ်ခဲ့တာ၊ ခရမ်းပြာရဲ့ ...နဲ့ရှင်းရေးသမားလေးအဖြစ်နဲ့ပါ၊ ဒါပေမယ့် ဒီလိုရှိတယ်ကွယ်..."

အငယ်လေးကို ချစ်မိတော့ အကိုင်အတွယ် လိုကြောင်း ...လည်စွာဖြင့်...

"အခုနေ ဘဝနှစ်ခု ပေါင်းစပ်ကြည့်။ ခရမ်းပြာရဲ့ အစေခံ ...န်းလျားက မမင့်တို့ ဘယ်တော့မှ ထွက်ရမှာ မဟုတ်ဘူး"

သူ ငြိမ်တွေသွားသည်။

"မောင့်မှာ တခြားအလုပ်တစ်ခုရှိမယ်ဆိုမှ မမင့်လည်း ...ဘဝက လွှတ်နိုင်မှာ မဟုတ်လား၊ ငွေမက်တာ၊ ဂုဏ်မက်တာ၊ ...မက်တာ မဟုတ်ပေမယ့် ဘဝနှစ်ခု ရပ်တည်နိုင်ဖို့အတွက်တော့ ...မောင် ကြိုးစားမှ ဖြစ်မှာ မဟုတ်လားကွယ်"

"မောင် ဘာကြိုးစားရမလဲ၊ ပြောလေ မမင့်"

"ပထမ အနေနဲ့ ဘွဲ့တစ်ခုရအောင် ကြိုးစားပါမောင်။ မောင့်မှာ ...ခြေတကျရှိပြီဆိုတာနဲ့ မောင်ခေါ်တဲ့အချိန်မှာ မမင့် ခရမ်းပြာက ...ထွက်လာခဲ့ပါ့မယ်"

"မောင့်အခြေနေကို မမင့် အသိဆုံးပါဗျာ"

"မမင့် တွေးထားတာ တစ်ခုရှိပါတယ်"

"ပြောလေ"

"အန်တီတင့်ဆီကို မောင် ပြန်စရာမလိုတဲ့နည်းပဲ။ အဆောင်မှာ ...ဘာ်ဒါနေပါ၊ အဲဒီအတွက် အန်တီတင်ရဲ့ အထောက်အပံ့ကို မောင်



www.burmeseclassic.com

www.burmeseclassic.com

ယူပါ၊ ကျောင်းပိတ်ချိန်ကျတော့ ခရမ်းပြာကို မောင် ပြန်လာခဲ့လေ

"မောင် သူတို့နဲ့ မပတ်သက်ချင်ဘူး မမင့်ရယ်၊ သူတို့ရဲ ငွေလည်း မောင် မသုံးချင်ဘူး"

"အဲဒါ...မောင် အတွေးမှားနေတာပါကွယ်၊ ဦးလေး ဦးမင်းညို ဟာ မောင့်အတွက် အများကြီးကြိုးစားပြီး မောင်ပညာသင်ဖို့၊ စီးပွားရေး လုပ်ဖို့ ငွေတွေမှ အများကြီး ထားခဲ့တာပါ၊ မောင်သိထားဖို့က သူတို့ နှစ်ဦးရဲ့ငွေ မဟုတ်ဘူး၊ မောင့်ဖေဖေ ရှာခဲ့တဲ့ ငွေ... လို့"

"ထားပါတော့လေ...ဒီအပိုင်းက၊ မမင့်ကို ခရမ်းပြာမှာ ထားခဲ့ မှာ မောင် စိတ်မချဘူး၊ ပြီးတော့... မမင့်ကိုလည်း မောင်ခွဲနိုင်မယ် ထင်ဘူးဗျာ"

အချစ်ဆုံး၏ စကားကို ကြားလိုက်ရသော မြလေးငုံပင်လှ အလှမ်းဦး ဝေဒနာကြောင့် မျက်ရည်တို့ ဝိုင်းစို့လာရပြီ။

"မမင့်"

"မောင်"

"ဒါဆို မောင် ဘာလုပ်ရမလဲ၊ မမင့် ဘာဖြစ်စေချင်သလဲ ပြောလေ"

"ကျောင်းတက်ဖို့ လိုက်သွားပါ"

"ဘာပဲဖြစ်ဖြစ် မောင့်ကို ပစ်ရက်တဲ့ မေမေ့ကို မောင် စိတ်န တယ် မမင့်ရယ်"

"သူ့ရဲ့ လူမှုရေး၊ အိမ်ထောင်ရေးက တစ်ပိုင်းပါကွယ်၊ မောင့်ကို တော့ မိခင်တစ်ယောက်ရဲ့ အတိုင်းအဆမရှိတဲ့ မေတ္တာနဲ့ ချစ်ရှာလို့သ





သူ ခရမ်းပြာအထိ လိုက်လာတာပေါ့"

"ဒါဆို မေမေက မမင့်ကို ပြောခိုင်းတာပေါ့လေ..."

"သူပြောတာ သဘာဝကျလို့ မမင့် မောင့်ကို တိုက်တွန်းနေရ တာပါ၊ ပြီးတော့ မောင့် အမှတ်ဟာ စက်မှုတက္ကသိုလ် ဝင်နိုင်ဖို့ ...လား လောက် ရှိတယ်တဲ့၊ မောင့်ကို အင်ဂျင်နီယာတစ်ယောက် သိပ်ဖြစ်စေချင် တယ်"

"မောင့်အတွက်တော့ ဘာမှ မဖြစ်ချင်ဘူး၊ မမင့်အတွက်ဆိုရင် အားလုံး ဖြစ်ပေးချင်တယ်။ မမင့်ကို မောင် သိပ်ချစ်တယ်ဗျာ"

"မောင်ရယ်"

ချစ်ခြင်း၊ သနားခြင်းသာမက အားကိုးလိုခြင်းစိတ်နှင့် မောင့်ကို တင်းနီးစွာ ဖက်တွယ်ထားလိုက်မိသည်။

ဖြစ်များ ဖြစ်နိုင်ပါလျှင်...

အသိုင်းအဝိုင်းတွေ၊ ဂုဏ်ပကာသနတွေ၊ ပညာတွေ၊ ဥစ္စာတွေ နှင့် ဖွဲ့စည်းထားသော ဤလောကကြီး၏ အပြင်ဘက်သို့ လွင့်သွား အောင် မောင့်လက်ကိုဆွဲပြီး ထွက်ပြေးချင်လှချည်ရဲ့ကွယ်။

"မမင့်"

"ဟင်"

"မမင့် ငိုနေသလား"

"မငိုပါဘူး မောင်ရယ်"

"မငိုပါနဲ့ မမင့်ရယ်၊ မမင့် မျက်ရည်ကို မောင် မကြည့်ရဲ ပါဘူးဗျာ၊ မမင့် ဖြစ်စေချင်တဲ့ အရာအားလုံး မောင် မလိုက်လျောနိုင်တာ



www.burmeseclassic.com

www.burmeseclassic.com

မရှိစေရပါဘူး၊ မမင့်ပဲ ကြိုက်သလို စီစဉ်လေ၊ မောင် အားလုံး လိုက်နာပါ့မယ်”

ဘုရားရင်ပြင်တော်ပေါ်မှာ ဖြစ်သော်လည်း လူသူ တစ်ယောက်မှ မရှိ၍ မြလေးငုံကပင်လျှင် သူ့အချစ်ဆုံး၏ လက်ခုံလေးကို ရှိုက်မက်မြတ်နိုးစွာ နမ်းရှိုက်လိုက်မိသည်။

သူချစ်နိုင်သည်ထက် သူ့ကိုပို၍ ချစ်ရှာသော အချစ်ဆုံး အချစ်ဦး မောင်၏ လက်ကိုတွဲလျက် ကုန်းတော်ပေါ်မှ ပြန်လည်ဆင်းသက်ခဲ့ကြသည်။

ကိုယ့်ချစ်သူသည် ကိုယ့်အတွက် အရာရာ စွမ်းဆောင်ရဲသူအဖြစ်နှင့် ချစ်ခွင့်ရခဲ့သော မြလေးငုံဆိုသည့် မိန်းကလေး၏ ကြည်နူးမှုအပြုံးက ဝန်းကျင်တစ်ခုလုံးမှာ ကြည်လို့ ဝင်းလို့ပါတကား။

◆ ◆ ◆



ခက်ခဲစွာ အသက်ရှူနေရရှာသော ဦးထင်လင်းကျော်ကို ဆိတ်ငြိမ်စွာ အားလုံး ဝိုင်းကြည့်နေကြသည်။

မန္တလေးမှ လိုက်လာသော သူ့ဇနီး၏ တိုးတိတ်သော ငိုရှိုက်သံလေးသာ တစ်ခါတစ်ရံ အခန်းတွင်းမှာ ကြားနေရပါ၏။

သွေးပုလင်းမှ သွေးစက်ရည်များက တစ်စက်ချင်း ကိုယ်ခန္ဓာတွင်းသို့ စီးသွယ်ကျဆင်းနေပါ၏။

“ခဏလေး ဖယ်ကြပါ”

သက်ဆိုင်ရာ ဆရာဝန်နှင့် အထူးသူနာပြုဆရာမ ရောက်ရှိလာပြီး သွေးချိန် တိုင်းသည်။

“ဘယ်...ဘယ်...လိုနေပါလဲဆရာ”

ကိုသက်မော်က တုန်လှုပ်စွာ မေး၍...

“သွေးချိန် တက်လာပြီ၊ ဒီအတိုင်းဆက်ပြီး အခြေအနေကောင်းလာမယ်ဆိုရင် ညနေလောက်ကျ စိတ်ချရပါပြီ”

ဦးထင်လင်းကျော်ဇနီး၏ မျက်ဝန်းများ ဝင်းလက်လာရှာသည်။

သားသမီးက ခြောက်ယောက်၊ ခင်ပွန်းသည်၏ ရှာဖွေကျွေးမွေးမှုဖြင့် နေရရှာသော အိမ်သူမို့ စိတ်ပူရှာပေမည်...



www.burmeseclassic.com

www.burmeseclassic.com


မိခင်နှင့်အတူ ပါလာသော သားကြီးနှင့်သမီးတစ်ယောက်က ဝိုင်းဝန်း ဖေးမထားရှာသည်။

အနီးတွင် မန်နေဂျာ ကိုငြိမ်းအောင်၊ အတွင်းရေးမှူး ကိုသက်မော်နှင့် ဦးပိုင်သ တို့ စုံစုံညီညီ ရှိနေကြသည်။

ဦးပိုင်သ၏ မျက်နှာမှာ သွေးဆုတ်သူလို ဖြူနေသည်၊ အလွန်အမင်း စိတ်ထိခိုက်ခြင်းကို မနည်း အားတင်းထားရပုံရလေသည်။

ကိုသက်မော်က အနားသို့ကပ်ပြီး လက်ဝါးချင်း ဆုပ်ကိုင်လိုက်၏။

နှစ်သိမ့် ဟန်လား၊ သတိပေးဟန်လားဖြင့် မသိ။ ပြီးတော့ အရေးကြီးသော လူနာထားရာ အခန်းမှ ထွက်ခွာသွားတော့သည်။

ဦးပိုင်သလည်း လိုအပ်သော ဆေးဝါးများနှင့် စားသောက်စရာ အစုံအလင်တို့ကို ပေးအပ်၏။ အားပေးစကားများ ပြောကြားပြီး နှုတ်ဆက်ကာ ပြန်ခဲ့ရပါ၏။

အခန်းတွင်းမှ အရင်ထွက်နှင့်ပြီး ဆေးရုံဝတွင် စောင့်နေသော ကိုသက်မော်အား...

"ဒီအမှု ဖြစ်ပြီးမှ ခရမ်းပြာမှာ လာတည်းတဲ့ လူ တစ်ယောက်မှကို မရှိတော့ဘူး သက်မော်"

"ဒေါ်တင်တင်ဦး တစ်ယောက်တော့"

"ဒါက သူ့သားကိစ္စနဲ့ သူ လာတာပါ"

"ဆရာ"

"အေး"

"မြလေးငုံကို ဆရာ ဘယ်လိုမြင်လဲ"

"မင်း ဘာ သံသယ ရှိလို့လဲ"

"အတိအကျ ရယ်တော့ မဟုတ်ပါဘူး၊ သူ့ကိုလည်း နည်းနည်းတော့ စောင့်ကြည့်ဖို့ လိုမလားလို့ပါ"

"စောင့်ကြည့်ဖို့ လိုတဲ့အကြောင်း ပြောဦးလေကွာ..."

"ဟို တလောတုန်းကလည်း ကိုဟန်သာဦးနဲ့အတူ မိစ္ဆာဂူဘက်ကို သူတို့ကားနဲ့ ထွက်သွားကြတယ်"

"အဲဒါ ငါသိပြီးပါပြီ၊ ညီမင်းညိုကို သွားခေါ်တာပါ"

"ကျွန်တော် ပြောရင် ဆရာ စိတ်မဆိုးပါနဲ့"

"ဘာလဲ"

"ကိုဟန်သာဦးကို နည်းနည်းတော့ သတိထားမှ ဖြစ်မယ် ဆရာ၊ သူဟာ အမြတ်မီးပဲ ကျွန်တော်တို့ကိစ္စထဲမှာ ဝင်ဝင်ပါနေတယ်"

"အင်း... ဒါက ငါနေရာပေးထားတာလည်း ပါပါတယ် သက်မော်၊ ဟန်သာဦး မဆိုးပါဘူး"

ကိုသက်မော် ဒီထက်ဆက်ပြော၍ မဖြစ်တော့။

ကိုဟန်သာဦးကို သူ့ယောက္ခမ ကိုယ်တိုင်က ကြည်နေမှတော့ သူဝင်၍ ခြေထိုးနေစရာ မလိုတော့ပြီ။

မျက်နှာကို အပြုံးဆင်ထားရသော်လည်း ရင်ထဲကတော့ မကျေနပ်နိုင်။

ဤ သားမက်နှင့် ဤ ယောက္ခမတို့၏ကြားကို ဝင်နိုင်မည့်



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းရာက ရှာမရသေး၊ အဘိုးကြီးက နေရာပေးလေ၊ ဟန်သာကြီး ကြွလေ ဖြစ်နေသည်။

သူ့လုပ်ငန်းကိစ္စများတွင်လည်း ပါဝင် စစ်မေးခြင်းပြုသည်ကို ကိုသက်မော် နည်းနည်းလေးမှ မခံချင်။

"ညနေမှ အခြေအနေ တစ်ခေါက်လာကြည့်ကြသေးတာပေါ့ကွာ၊ ဟိုမှာကလည်း..."

ဦးပိုင်သ စကားကိုဆုံးအောင် မပြောဘဲ၊ ကားတွင်းသို့ ဝင်ထိုင်လိုက်လေသည်။

ကားနောက်ခန်းမှာ ကိုသက်မော် ထိုင်ပြီးသည်နှင့် ဆေးရုံမှ ထွက်လျက် ခရမ်းပြာသို့ ပြန်လာခဲ့ကြတော့သည်။

◆ ◆ ◆



ခရမ်းပြာတစ်ခုလုံး တိတ်ဆိတ်နေပါ၏။

ဧည့်ဝင် လုံးဝမရှိ။

အရေးကြီးကိစ္စများ မပြီးသေးသော အမျိုးသားဧည့်သည်များမှလွဲ၍ အမျိုးသမီးများ၊ ကလေးပါသော မိသားစုများအားလုံး ခရမ်းပြာကို စွန့်ခွာထွက်သွားကြလေပြီ။

"ဟိုတယ်ပိုင်ရှင်ရဲ့ဇနီး အရှူးမကြီးက လာတည်းတဲ့ ဧည့်သည်တွေကို ဓားနဲ့ထိုးသတ်လို့တဲ့..."

ဆိုသော စကားက နွေညတောမီးနှယ် ဆုံးရှုံးပျက်စီးခြင်းများဖြင့် ပျံ့နှံ့လွှယ်တော့သည်။

"လာ... တို့ အပေါ်ပဲ သွားကြရအောင်"

အပေါ်ဆုံးလေးထပ်၏ သီးသန့်ခန်းလေးဆီသို့ လာခဲ့ကြသည်။

သံတိုင်ခန်း၏ရှေ့မှာ ကိုဟန်သာဦး၊ စန္ဒာပိုင်၊ မြလေးငုံနှင့် ဒေါ်တင်တင်ဦးတို့ ထိုင်နေကြလေသည်။

ဘာအကြောင်း ဆွေးနွေးနေကြသည် မသိ။


www.burmeseclassic.com

www.burmeseclassic.com



ဦးပိုင်သတို့ ဝင်လာချိန်မှာ အားလုံး စကားစ ပြတ်သွားကြ
တော့သည်။

"ဘယ်လိုနေလဲ"

သံတိုင်ခန်းတွင်းသို့ ဦးပိုင်သက မေးငေါ့ရင်း မေးလိုက်တော့

"အဖျားတော့ ကျသွားပြီ၊ အိပ်ဆေးရှိန်ကြောင့် အိပ်နေပါတယ်"

ကိုဟန်သာဦးက ဖြေပါ၏။

"ဆရာ၊ ကျွန်တော့်ကို ခိုင်းစရာမရှိရင် အောက်ဆင်းတော့မယ်"

"ဩော်...အေး...အေး"

ကိုသက်မော်က ကိုဟန်သာဦးကို တစ်ချက်လှမ်းကြည့်လိုက်
သေးသည်။ ပြီးတော့မှ မကြည်လင်သော မျက်နှာနှင့် အောက်သို့
ဆင်းသွားတော့သည်။

"ဖေဖေ့ မန်နေဂျာက တကယ်ကျယ်တယ်၊ သူ့ပဲ ကြောက်နေရ
တော့မတတ်"

"ဩော်... သမီးရယ်"

"သမီးကိုတောင် သူက ဆရာလုပ်ချင်တာ၊ ကိုဦးဆိုရင်လည်း
သူက နည်းနည်းလေးမှ မနာလိုဘူး"

"စန္ဒာကလည်းကွာ"

ဇနီး၏စကားကြောင့် အားနာသွားသည့် အနေနှင့် ကိုဟန်သာ
ဦး က ဝင်ထိန်းပေးသည်။

"ခရမ်းပြာ စတည်ထောင်ကတည်းက လုပ်လာတဲ့ သက်မော်
ကို ဖေဖေ မနိုင်ဘူးသမီး၊ လူငယ်ချင်းလည်း သင့်တင့်အောင်
နေကြကွယ်၊ ဖေဖေ သိပ်စိတ်ညစ်နေတယ် သမီး"

ဦးပိုင်သ၏ စကားကြောင့် အားလုံး ခေတ္တမျှ ငြိမ်သက်
သွားကြသည်။

"ဆေးရုံကလူနာ ဘယ်လိုနေလဲ ကိုပိုင်သ"

"ကောင်းလာပါလိမ့်မယ် အစ်မကြီး"

ဒေါ်တင်တင်ဦး တို့၏ ဆန်စက်မှ အလုပ်သမားဘဝက
ဘက်လာရုံမက ဒေါ်တင်တင်ဦးတို့ စီစဉ်ပေးခဲ့သည့် သူ၏အစ်မ
ဒေါ်ပိုးအိမ်ကို လက်ထပ်ယူခဲ့ပြီး ကြီးပွားချမ်းသာလာသော ဦးပိုင်သ
က ဒေါ်တင်တင်ဦးကို လေးစားစွာ ဆက်ဆံနေရရှာဆဲပါ။

"မမပိုးအိမ်ကို ဘယ်တော့ ရန်ကုန် ပို့မလဲ"

"စီစဉ်ရတာလည်း မလွယ်လှပါဘူး။ ပြီးတော့ သူဖျားနေလို့
ဆေါက်တာထွန်းလွင်နဲ့ ကုနေရဆဲပါ"

"အေး... ခုလို ဒီမှာ တစ်ယောက်တစ်လဲ စောင့်နေကြတာပဲ
ကောင်းပါတယ်၊ နောက်တစ်ယောက် ထပ်သတ်ရင် မလွယ်ဘူး"

ဦးပိုင်သက သံတိုင်နောက်က အခန်းလေးတွင်းမှာ အိပ်ပျော်နေ
သော သူ့ဇနီးကို သွားကြည့်လိုက်သည်။

ခဏကြာမှ မျက်နှာလွှဲကာ စိတ်မသက်သာလွန်းသော အသွင်
ဖြင့် အခန်းတွင်းမှ ထွက်သွားတော့သည်။

အလုပ်တာဝန် ထမ်းဆောင်နေရချိန်ဖြစ်သော်လည်း မည်သည့်
ည့်သည်မှ မလာသဖြင့် အားလပ်နေသော မြလေးငုံကို သူတို့က
ခေါ်ထားခြင်းဖြစ်ပါ၏။







www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင် ကိုဟန်သာဦးနှင့် စန္ဒာပိုင်တို့က ဒေါ်တင်တင်ဦးကို ဧည့်ခံနေရလေသည်။

ဒေါ်တင်တင်ဦးကလည်း သူ့အစ်မဝမ်းကွဲ ဒေါ်ပိုးအိမ်ကို ဝတ္တရားကြေ ကြည့်ရှု သတင်းမေးရင်း...

သူ ကြားချင်လှ သိချင်လှသော သူ့သားလေးအကြောင်းကို မြလေးငုံမှတစ်ဆင့် သိရှိခွင့်ရနိုင်လေအောင် သက်သက်မဲ့ ခေါ်ယူထားခြင်း ဖြစ်လေသည်။

"မြလေးငုံကို ခွင့်ပြုပါဦးနော်၊ ဦးလေးပြန်လာလို့ ဘာများ ခိုင်းစရာရှိလဲ မသိဘူး"

သူ့သားနှင့် တိတ်တခိုး ချစ်ကြိုက်နေမိပြီဖြစ်သော မြလေးငုံမှာ ယောက္ခမလောင်းကြီးရှေ့မှာ ကျွတ်နေသဖြင့် ဦးပိုင်သနောက်မှ လိုက်၍ ထွက်လာခဲ့ရတော့သည်။

သူတို့နားမှ လွတ်ထွက်ခွင့်ရအောင် ဆောင်ရွက်ခဲ့ရုံမဟုတ်ပါ ဦးပိုင်သကိုလည်း အရေးကြီးသော စကားများ ပြောကြားစရာရှိနေပါသည်။

နဖူးကို လက်ပေါ်တွင် ထောက်လျက် ဆိုဖာပေါ်၌ ငုံ့၍ထိုင်နေသော ဦးပိုင်သ၏ သောကရုပ်ပုံကိုကြည့်ပြီး မြလေးငုံ သက်ပြင်းချလိုက်မိသည်။

အသံမပြုဘဲ အနီးမှာ ရပ်နေသည်ကို လှည့်မကြည့်ပါဘဲနှင့် ဦးပိုင်သက...

"မြလေးငုံ ဦးလေးကို တစ်ခုခု ပြောစရာရှိလို့လား..."





"ဟုတ်...ဟုတ်ကဲ့ ဦးလေး"

"အေး...ထိုင်လေ"

သူက ခေါင်းကို ပြန်မတ်၍ ဆိုဖာပေါ်တွင် မှီလိုက်ပြီး မြလေးငုံကို လှမ်းကြည့်၏။

"ဘာပြောစရာရှိလဲ၊ ပြောလေ"

"ဟို... ရဲ... အရာရှိ 'ဦးထွေးခိုင်' လာသွားပါတယ် ဦးလေး"

"ဟင်"

သာမန်တည်းခိုခန်းကိစ္စဟု အထင်ရှိသလို ခပ်ပေါ့ပေါ့လေး မေးလိုက်ရာမှ မြလေးငုံ၏ စကားကြောင့် ဦးပိုင်သ လှုပ်ရှားသွားသည်။

"အောက်ထပ်မှာလည်း ဘယ်သူမှ မရှိတာနဲ့ မြလေးငုံကိုပဲ ပြောသွားပါတယ်၊ မြလေးငုံပဲ သိပါစေ၊ ဦးလေးကလွဲပြီး ဘယ်သူ့ကိုမှ မပြောပါနဲ့ဦးတဲ့"

"ဘာအကြောင်းတဲ့လဲ မြလေးငုံ"

"ဦးထင်လင်းကျော်ရဲ့ လက်ထဲမှာ တွေ့ကြီး ဆုပ်ဆွဲမိသွားတဲ့ ဆံပင်ခြည်တွေနဲ့ ကြီးကြီးဒေါ်ပိုးအိမ်ရဲ့ ခေါင်းက ဖြတ်ယူသွားတဲ့ ဆံပင်နဲ့ယှဉ်ပြီး ဓာတုဗေဒနဲ့ စစ်ဆေးကြည့်တယ်တဲ့"

"ဩော်...ဟိုနေ့က သူနာပြုဆရာမတစ်ယောက်နဲ့ ရောက်လာပြီး မပိုးအိမ်ရဲ့ ဆံပင်ကို ဖြတ်ယူသွားတယ်"

"ဟုတ်ကဲ့... အဲဒါ တခြားစီ ဖြစ်နေပါတယ်"

"ဘာ...ဘာ"

"ခေါင်းတစ်ခုတည်းမှ ပေါက်တဲ့ ဆံပင်မဟုတ်ပါဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



“ဟင်”

ဦးပိုင်သ ငြိမ်သက်လွန်းစွာ ရှိနေ၍ မြလေးငုံလည်း ဘာ မပြောရဲတော့။

“မြလေးငုံ”

“ရှင်… ဦးလေး”

“ဦးထွေးခိုင် ဆိုလိုတာက လူသတ်သမားဟာ မပိုးအိမ် မဟုတ်ဘူးဆိုတဲ့ သဘောလား”

“ဟုတ်ကဲ့… အဲဒီအတိုင်းပဲ ပြောသွားပါတယ်”

“ဒီအကြောင်း ဟန်သာဦး သိပြီလား၊ သမီးကိုရော ပြော သေးလား”

“ဦးထွေးခိုင် မှာသွားတဲ့အတိုင်း မြလေးငုံ ဘယ်သူ့ကိုမှ မပြော ပါဘူး ဦးလေး”

“အေး…နောက်လည်း ဘယ်သူ့ကိုမှ မပြောနဲ့နော်၊ ကြားလား မြလေးငုံ”

“စိတ်ချပါ ဦးလေး”

“နေထွန်းနီ ရောက်လာပြီး ဒီမှာ တည်းခိုသွားတာကိုလည်း နည်းနည်းလေးမှ ဦးလေး သဘောမကျဘူး မြလေးငုံ”

“ရှင်”

“နေထွန်းနီဆိုတာ ဘယ်သူလဲ၊ သိလား”

မျက်လုံးလေး အဝိုင်းသားနှင့် မြလေးငုံ ခေါင်းခါမိသည်၊





“နေထွန်းနီရဲ့ မိန်းမ ‘ခင်မြင့်ဦး’ဟာ… ထင်လင်းကျော်ရဲ့ နှမ ရင်း”

“ဟင်”

“သူ့နှမကို ပစ်ထားတယ်ဆိုပြီး နေထွန်းနီကို လက်သီးနဲ့ ည်း ထိုးဖူးတယ်၊ မယားစရိတ်၊ ကလေးစရိတ်ရအောင်လည်း းတော်ကနေ ထင်လင်းကျော်က ဆောင်ရွက်နေဆဲပဲ”

“ခင်မြင့်ဦးဟာ မယားကြီးဖြစ်ကြောင်း သတင်းစာက ကြော်ငြာ လို့လည်း သူ့အရှက်ကို ခွဲတယ်၊ သူ့ဇနီး ဒေါ်တင်တင်ဦးရဲ့ သိက္ခာ ကျရပါတယ်ဆိုပြီး သူတို့ချင်း အတော်ပဲ ရန်ညိုးကြီးခဲ့ကြဖူးတယ်”

“ဒါဆို ဦးထင်လင်းကျော်ကို ဟိုတစ်ပတ် နေထွန်းနီ လာတုန်း က သတ်သွားတယ်လို့…”

“နိုး…နိုး…၊ မြလေးငုံ ဒီလို ရုတ်တရက်ကြီး စွပ်စွဲလို့ ဘယ်ဖြစ် လဲကွယ်၊ သံသယ ရှိထိုက်စရာ လူလို့သာ ဦးလေး ပြောမိတာပါ”

“ရင်မောစရာပဲ ဦးလေးရယ်”

“ဦးလေးကတော့ သေတောင် သေချင်တယ် မြလေးငုံ”

ရင်မချမ်းမြေ့လွန်းဖွယ်ရာ စကားမို့ တုံ့ပြန်နှစ်သိမ့်စရာ ကားလုံးမရှိပါ။

“သားက သေ၊ သမီးက သုံးမရ၊ ဇနီးက ရူး… ဒါပေမယ့် ခုချိန်မှာတော့ စီးပွားရေးက ကောင်းလာတယ်ဆိုပြီး အားတက်နေ ာမှ ခရမ်းပြာမှာ လူသတ်မှုကြီး ဖြစ်ရတော့ ဘယ်သူ လာတည်း တော့ မလဲကွယ်”



www.burmeseclassic.com

www.burmeseclassic.com



ဦးပိုင်သ၏ အကျဉ်းကျပ်ကြောင့် မြလေးငုံပင် ရင်တင်းကျပ်စွာ သက်ပြင်းချလိုက်မိပါသည်။

"အေးလေ...ဒါဆိုလည်း ပြဿနာက ရှုပ်လာဦးတော့မှာပေါ့"

မြလေးငုံ ဘာမှပြန်မပြောရဲဘဲ ထိုင်နေ၍...

"ကဲ...ကဲ...အောက်ဆင်းချင်ဆင်း၊ ဒီအကြောင်းတွေသာ ဘယ်သူမှ မသိစေနဲ့ဦးနော်"

"မြလေးငုံကို စိတ်ချပါ ဦးလေးရယ်"

မြလေးငုံက ဖြည်းဖြည်းချင်းထပြီး ရွရွလေး နင်းလျက် အောက်ထပ်သို့ ဆင်းသက်လာတော့သည်။

"ဟင်... ကိုငြိမ်းအောင် ဘာရှာလဲ"

"ဩော်... စာရင်း... စာရင်းကြည့်တာပါ"

"မြလေးငုံ ရေးထားတာ ဘာများမှားလို့ပါလဲ"

"မမှားပါဘူး၊ ဒွန်လဆန်းက လာတည်းတဲ့ ဧည့်စာရင်းကို ကြည့်ချင်လို့ပါ..."

"ရက်ကော့(တ်)စာအုပ်မှာ အားလုံးကူးပြီး ရုံးခန်းမှာ မြလေးငုံ ပို့ထားတယ်လေ..."

မန်နေဂျာဖြစ်သော်လည်း မဆိုင်သောနေရာကို လာပြီး ကြည့်ရန်မလို။

စာရင်းစာအုပ်များကို ဖွင့်လှစ်ကြည့်နေသဖြင့် မြလေးငုံ နည်းနည်းလေးမှ မကျေနပ်နိုင်တော့။





စာရင်းစာအုပ်ကို ဟိုလှန်ဒီလှန်လုပ်နေခြင်းမှာ တခြားသော အကြောင်းအရာတစ်ခုခုကို ဖုံးကွယ်ရန်သာ ဖြစ်လေမည်ဟု မြလေးငုံ တွေးထင်မိပါ၏။

"မြလေးငုံမှာ ဘာများ အမှားအယွင်း ရှိပါသလဲ ကိုငြိမ်းအောင်"

ကောင်တာ စားပွဲအောက်မှ ဗီရိုငယ်၏ တံခါးကလည်း ဖွင့်လို့...

"ဒီထဲမှာ ဘာလာရှာတာလဲ ဟင်"

သူ ပိတ်နိုင်ရန် ကြိုးစားသေးသည်။ မမီတော့...

ကိုငြိမ်းအောင်သည် ပိန်ပိန်သွယ်သွယ် အရပ်မြင့်မြင့်နှင့် စူးရှသော မျက်ဝန်း၊ ဖျတ်လတ်မည့် ကိုယ်ခန္ဓာတို့ ရှိပါ၏။

မန်နေဂျာဟူသော ဘွဲ့ထူးအပြင် လူကလည်း ချောသဖြင့် သက်ရှိ တရားဝင်ဇနီးနှစ်ယောက် ရှိသူပါ။

လုပ်ငန်းသဘောအရ တာဝန်ကျေ၍ သစ္စာရှိသော်လည်း မိန်းမဆွသော ယောက်ျားတစ်ယောက်မို့ မြလေးငုံ အမြဲပဲ သူ့ကို ခပ်တည်တည်သာ နေခဲ့သည်။

"ထိုင်ပါဦး ...ငုံ၊ ကျွန်တော် ရှင်းရှင်းပဲ မေးတော့မယ်"

"မေးပါ... ...ငြိမ်းအောင်၊ မေးပါ..."

"မြလေးငုံရဲ့ အံဆွဲ အံဝှက်ထဲမှာရော... လျှို့ဝှက်အသံဖမ်းကိရိယာ တပ်ဆင်ထားသလား..."

"ရှင်"

"အဲဒါ သိချင်လို့ ကျွန်တော် လာရှာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ… ဘယ်လို၊ လှို့ဝှက်အသံဖမ်းကိရိယာ… ဟုတ်လား"

"မသိချင်ယောင် ဆောင်မနေပါနဲ့တော့ မြလေးငုံ၊ ရဲကတောင် ရှာလို့တွေ့သွားလို့ ဖြုတ်ခိုင်းထားလိုက်ပြီ"

"ဒီမှာ ကိုငြိမ်းအောင်၊ သိတဲ့ကိစ္စကို မပြောဘဲ နှုတ်ဆိတ်နေရင်သာရှိမယ်၊ ကျွန်မ ဘယ်တော့မှ မညာဘူး၊ မလိမ်တတ်ဘူးရှင့်၊ လှို့ဝှက် အသံဖမ်းကိရိယာဆိုတာကို ကျွန်မ ခုမှ ပထမဆုံး ကြားဖူးတာ"

"ဒါ တကယ်လား မြလေးငုံ"

"ယုံချင်မှယုံပါ၊ ကျွန်မ ဘယ်တော့မှ ဘယ်သူ့ကိုမှ မညာတတ်ဘူး"

"ဒါဆို ယုံပါပြီ မြလေးငုံ၊ ဒီမှာ"

"အင်းပြော"

"ခင်ဗျားတို့ ကျွန်တော်တို့ အားလုံးရဲ့ အနီးမှာ လှို့ဝှက် အသံဖမ်းကိရိယာတွေတပ်ပြီး အပေါ်ထပ်က ခိုးခိုးနားထောင်နေကြတယ် ဆိုတာရော မြလေးငုံ သိရဲ့လား"

"အို… ကျွန်မ ဘာမှမသိပါလား"

"ဟုတ်တယ်၊ ကျွန်တော်လည်း မသိဘူး… ဟိုနေ့ကဖြစ်တဲ့ လူသတ်မှုကြောင့် ရဲက သဲလွန်စရှာရင်းက တွေ့သွားတာ"

"အို"

"ဒီလိုလုပ်ဖို့တော့ ဘယ်ကောင်းမလဲ"

"ဒါပေါ့ရှင်"





"ကျွန်တော်တို့မှာလည်း ကျွန်တော်တို့ရဲ့ လူမှုရေးကိစ္စတွေနဲ့ပဲ၊ ပြောချင်ရာပြောမယ်၊ ဖုန်းဆက်ချင်တဲ့သူဆီ ဆက်မယ်တဲ့ဗျာ၊ အဲဒါ အားလုံး သူတို့က စောင့်နားထောင်ပြီး အသံတောင် သွင်းယူထားကြတာ"

"ဟာ…ဒါကို ဘယ်သူလုပ်တာလဲဟင်"

"ပထမဆုံး အကြံဉာဏ်ရှင်ကတော့ ဟိုလူလေ၊ ကိုသက်မော်ပေါ့၊ ဝိုင်းနားထောင်ကြတာကတော့ ဦးပိုင်သရော ကိုဟန်သာဦးရောပဲ"

"အို… ဒါတွေ ကျွန်မ ဘာမှ မသိရပါလားရှင်၊ ဘယ်နေရာတွေမှာ လှို့ဝှက်တပ်ထင်ထားတာလဲ ဟင်"

"အစုံပဲ၊ ဘယ့်လောက်မိုက်ရိုင်းလဲ၊ ဧည့်သည်တွေ၊ ဟန်းနီးမွန်း စုံတွဲတွေရဲ့ အခန်းမှာတောင် တပ်ထားတာတဲ့"

"ဟာ"

"ပြီးတော့…စာရင်းခန်း၊ ရုံးခန်းနဲ့၊ စားဖိုဆောင်နဲ့ ဆေးခန်းထဲ အထိ"

"ဆေးခန်း"

"ဟုတ်တ… ကျွန်မ ခဏကြည့်ရတဲ့ ဆေးခန်းထဲမှာတောင် လှို့ဝှက်အသံဖမ်း… က တပ်ထားတာ"

"ဘုရား… ဘုရား"

ရင်ထဲမှာ တိုင်တည်မိသည်။

လွန်ခဲ့သော နှစ်ပတ်က ကယ်တင်ရှင်နှင့် သူနှင့် ဆေးခန်းတွင်းမှာ ပြောမိကြ၊ ဆိုမိကြသည့် လှို့ဝှက်စကားအားလုံးကို သူတို့ကြားပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြရောပေါ့။

"ဒါကြောင့်... ဒါကြောင့်သာ ကယ်တင်ရှင် မရှုမလှ သေဆုံး ရတာဖြစ်မှာ"

"ဒီအကြောင်းကြားရလို့ မြလေးငုံ သိပ်အံ့သြသွားပြီ မဟုတ် လား"

အံ့သြရုံမဟုတ်၊ ထိတ်လန့်လွန်းရသည့်အဖြစ်ကို ကိုငြိမ်း အောင် မသိရှာ။

"ဟုတ်တယ်၊ ကျွန်တော်လည်း တကယ်ပဲ အံ့သြမိတယ် ဘယ်နဲ့ဗျာ... ဒါတော့ လူမှုရေးအရ ရိုင်းပျလွန်းတယ်"

"ဟုတ်ပါရဲ့ရှင်"

"လုပ်ငန်းတာဝန်အရပဲ စစ်ဆေးပေါ့၊ လူတစ်ယောက်ရဲ့ အခွင့် အရေးအားလုံး ခိုးပြီး ဖမ်းယူ နားထောင်တယ်ဆိုတာတော့ သိပ် စော်ကားလွန်းတယ်"

သူကလည်း သူ့ဒေါသနှင့်သူ...

မြလေးငုံကလည်း ကိုယ့်အပူနှင့် ကိုယ်ပါ။

"ရဲကတောင် ပြောသွားတယ်၊ ဒါတွေ ... လုံး ဖျက်လိုက် ပါလို့၊ ဒါတောင် အကုန်မဖြုတ်ကြသေးဘူး၊ ဒါကြောင့် ဒီကောင်တာမှာ ရော ရှိသေးလားလို့ လာရှာတာ၊ ကျွန်တော်က မြလေးငုံ သိပြီးသား ထင်နေတာ..."

"လုံးဝ မသိရပါဘူးရှင်"





မြလေးငုံ၏မျက်နှာ ပျက်လွန်းသော အမူအရာကြောင့် ကိုငြိမ်း အောင် ယုံလေပြီ။

"ဒီမှာတော့ မရှိဘူးနော်"

"မတွေ့ဘူး၊ ဖြုတ်လိုက်ပြီလားတော့ မသိဘူး မြလေးငုံ"

"ဒါဆို ဆေးခန်းထဲ ခဏရှာကြည့်ကြရအောင်လား"

"ရှာလေ"

မြလေးငုံက ဦးဆောင်ပြီး ဆေးခန်းအနှံ့ ရှာကြ ဖွေကြသည်။

ရှာသလောက်တော့ မတွေ့။

"ရှူး"

ကိုငြိမ်းအောင်က ဟန့်တားလိုက်မှ သတိရသည်။

သူတို့ ပြောစကားကို ထပ်၍ ကြားသွားမှာ စိုးရိမ်ရသည် မဟုတ်ပါလား။

"ရွှတ်...ရွှတ်"

ဆိုသော အသံကြောင့် လှည့်ကြည့်လိုက်တော့ ကိုငြိမ်းအောင် က ဘာသံမှမထွက်ဘဲ လက်ညှိုးထိုးပြသည်။

လူနာအိပ်ရသော ခုတင်၏ ခေါင်းရင်းဘက်က မွေ့ယာဖုံး ပါးပါးကို လှန်လိုက်တော့ ခုတင်ဘေးမှာ တကျပ်စေ့ခန့် စပီကာ အပေါက်ကလေးတပ်ပြီး ခုတင်အောက်မှ ကြိုးသွယ်လျက် အုတ်နံရံ တွင်း ထွင်းဖောက်ဝင်သွားသည်။

ဤလျှပ်စစ်ကြိုးသည် လေးထပ်ပေါ်အထိ တက်သွားပြီး သူတို့ ကြိုက်သလို ဖမ်းယူ နားဆင်နိုင်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"သြော်... ငါက ခုတင်နားကပ်ပြီး ခပ်တိုးတိုးပြော၊ သူက ပြန်ပြောတဲ့ စကားတွေအားလုံး စပီကာနား ကပ်ပြောသလို ဖြစ်နေပြီပေါ့"

"စာရင်းရှင်းရအောင် လာတာတဲ့..."

"သူတို့တွေလည်း ကြားမှာပေါ့၊ ဒါကြောင့်သာ..."

"အင်း... ဒီလိုဆိုရင်... ဒီခရမ်းပြာမှာ ယုတ်မာရက်စက်စွာ လှုပ်ရှားနေသူ ရှိနေပြီ၊ သေချာပြီ"

အဲဒီလူဟာ...

ဦးပိုင်သ။

ကိုဟန်သာဦး။

ကိုသက်မော်။

"ဒီသုံးယောက်ကလွဲလို့ ဘယ်သူရှိဦးမှာလဲ"

"ငါ့ကိုတောင် ထပ်ပြီး မကြံစည်ဘူးလို့ မပြောနိုင်တော့ဘူး"

"အန္တရာယ်ဟာ အနီးမှာ ကပ်ဝိုင်းနေပြီပေါ့"

"ငါနဲ့ ကယ်တင်ရှင်နဲ့ [illegible]စကားတွေ ကြားပြီးလို့သာ ကယ်တင်ရှင်ကို သတ်လိုက်တာနေမှာ"

"ဒါဆို ငါ့အလှည့်များ ရောက်လာဦးမှာလားကွယ်"

"ငါ ဘာလုပ်ရရင် ကောင်းမလဲ"

◆ ◆ ◆



"မြလေးငုံ ခုလို ကူညီစီစဉ်ပေးတဲ့အတွက် ကျေးဇူးအထူး တင်ပါတယ်၊ အခုဟာကလည်း သားလေး ကောင်းစားရေးပါ"

"မြလေးငုံ နားလည်ပါတယ်ရှင်"

"သားလေးရဲ့ဘဝဟာ ဒီမှာ နစ်နေမယ့်အစား တက္ကသိုလ် ကျောင်းသားလေးအဖြစ်နဲ့ ရှင်သန်ပါစေကွယ်"

မြလေးငုံရင်၌ လှိုက်တက်လာ၍ ဘာစကားမှ မပြောဖြစ်နိုင်။ မြလေးငုံ သိပါသည်။ အကယ်၍သာ သူ့သားကို သူပိုင်စတမ်း ဆိုပါလျှင်...

မြလေးငုံ၏ရင်ဝကို ဆောင့်ကန်ထားရစ်ခဲ့ပြီး အညို့ကို အပြီးပိုင် ပြန်လည်ခေါ်ဆောင်သွားမည့် မိန်းမကြီးပါ။

အခုတော့ ချစ်လှစွာသော မောင်သည် ထာဝရ မြလေးငုံ ဘက်မှာ ရှိနေမှန်း သူသိ၍ မြလေးငုံကို သူပြေလည်စွာ ပြောနေခြင်း သာပါ။

www.burmeseclassic.com

www.burmeseclassic.com



"မြလေးငုံရဲ့ အစီအစဉ်လေး ကောင်းပါတယ်၊ သူ့ကို ဘော်ဒါ ဆောင်မှာ ထားလိုက်မယ်လေ၊ သူလည်း စိတ်ချမ်းသာ၊ အန်တီတင် တို့လည်း လွတ်လပ်တာပေါ့"

မျက်စောင်းဆန်သော မလိုတမာအကြည့်ဖြင့် ကြည့်ဖြစ်သည် နှုတ်ကတော့ ဘာမှ မပြောဖြစ်ပါ။

"အန်တီတင်ဟာ သားလေးကို မျိုးထားမလောက် ချစ်တာပါ"

"အသက်ကြီးလာရင်သာ အားကိုးအားထားမရှိလို့ အိမ်ထောင် ပြုရပေမယ့်၊ သူ့အဖေ နာမည်နဲ့ ပစ္စည်းတွေအားလုံး သားလေး နာမည်နဲ့ လွှဲပေးမှာပါ"

ဒေါ်တင်တင်ဦး၏ စကားကို သိးခံ၍သာ နားထောင်နေရပ ၏။ သူ အပြန်မှာ သားကို တစ်ပါတည်း ခေါ်သွား နိုင်အောင် မြလေး ကို သူကပ်နေခြင်းဖြစ်၏။ တက္ကသိုလ်ဝင်ခွင့်ပုံစံ တင်ရအောင်ဟ အကြောင်းပြသည်။

မြလေးငုံ ညီမင်းညိုကို ပိုင်သည်ဟု အားလုံး သိပြီးဖြစ်နေ၍ အညို့ကို မြလေးငုံ မထည့်လိုက်ဘဲ နေချင်တော့။

"ကောင်းပါပြီ အန်တီတင်။ အန်တီတင်နဲ့အတူ အည ပြန်လိုက်စေရအောင် မြလေးငုံ ပြောပေးပါ့မယ်ရှင်"

◆ ◆ ◆



"မမငုံ တကယ်ရက်စက်တယ်ဗျာ"

"ရက်စက်တာ မဟုတ်ရပါဘူး မောင်ရယ်၊ ခုအချိန်မှာ မောင် ရှိတဲ့အတွက် မမကတောင် ပိုပြီး အားငယ်မိပါသေးတယ်"

"ဖော်(မ)(Form) တင်ပြီးတာနဲ့ ပြန်လာခဲ့မှာနော်၊ ဒါပဲ"

"မောင် အမြန်ဆုံး ပြန်လာဖြစ်ပါစေ...လို့..."

"ဟောဗျာ... မမငုံ ငိုနေတယ်၊ ဘာဖြစ်လို့လဲဟင်..."

"မောင့်ကို အောက်မေ့လို့၊ ပြီးတော့ ဒီမှာနေခဲ့ရမှာ အားငယ်လို့"

"မမငုံရယ်... ဒါဆို မောင် မသွားဘူးလေနော်... တိတ်ပါဗျာ"

မြလေးငုံ၏ မျက်ရည်စက်လေးများကို ရွှေရည်ဥလေးများ ကြွသွားသလို နှမြောတသစိတ်ဖြင့် ယုယုယယလေး တို့သုတ်ပေးနေ ရှာသည်။

"မောင်"

"မမငုံ...မောင့် မမငုံရယ်"

ညီမင်းညိုက မြလေးငုံကိုဖက်ပြီး ပါးချင်းအပ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဆုံး နှစ်ယောက်ကြားမှာ ခွဲခွာခြင်းဆိုတဲ့ မိစ္ဆာကောင်တွေဟာ ဘာကြောင့်များ ရောက်ရောက်လာရတာလဲဗျာ"

"အခုဟာက မောင့်ကြောင့် မဟုတ်ပါဘူး၊ မမင့် ပြန်လိုက်သွားခိုင်းလို့ပါ"

"အမှတ်က စက်မှုတက္ကသိုလ် ဝင်ရင်တော့ ကြွေပြီဗျာ... ခြောက်နှစ်တောင်"

ခြောက်နှစ် မဖြစ်ခဲ့သည့်တိုင် လေးနှစ်တော့ အနည်းဆုံးကြာလေမည်။

"မောင်"

"ဗျာ... မမင့်"

"မမင့်မှာ အရေးအကြောင်းရှိလာရင် မှာလိုက်မယ်၊ မောင်ချက်ချင်း ပြန်လာခဲ့ပါနော်"

"ဘာ အရေးအကြောင်း ရှိနိုင်လို့လဲ မမင့်... ဟင်"

"ဘာမှ မဟုတ်ပါဘူး မောင်ရယ်၊ မောင်မရှိမှာကို ဝမ်းနည်းလို့၊ အားငယ်လို့ပါ"

"မမင့် လွှတ်လို့သာ သွားရမှာ၊ မောင်တော့ မမင့်ကို လွမ်းတာနဲ့ သေမှာပဲထင်ပါရဲ့ဗျာ..."

စကားပြောရင် 'ဗျာ'လေးထည့်ပြီးပြောတတ်သည်။ သူ မကျေမနပ် ဖြစ်လာရင် 'ဗျ'ချင်း ထပ်တော့သည်။ အညို ဘာပဲလုပ်လုပ်ဘာပဲပြောပြော ရင်၌ ခိုက်သွားအောင် စွဲလန်းရသည်ချည်းပါ။





"မမင့်ကိုတော့ မောင်အားလုံး စိတ်ချပါတယ်။ နေထိုင်ရတာသည်း လုံခြုံတယ်။ ဦးလေးဦးပိုင်သကလည်း ဒီဟိုတယ်ရဲ့ ပိုင်ရှင်မို့မမင့်အတွက် အားလုံး အဆင်ပြေပါတယ်လေ"

"သြော်.. မသိလေခြင်း မောင်ရယ်"

ဟုသာ ပြောလိုက်ချင်ပါပြီ။

"မမင့်ကိုရော၊ အခြေနေကိုရော မောင် အားလုံး စိတ်ချပါတယ်၊ ဒါပေမယ့် မောင့် မခွဲနိုင်ဘူးဗျာ၊ သန်ဘက်ခါ ပြန်လိုက်သွားရတော့မယ်။ မောင် သိပ်ခံစားရမှာပါ ချစ်မမင့်ရယ်၊ မမင့်ကိုလေ မောင်သိပ်ချစ်တယ်ဗျာ"

သြော်... ဘာပဲပြောပြော "သိပ်ချစ်တယ်ဗျာ" နဲ့သာ အဆုံးသတ် တတ်လေသော အချစ်ရဆုံးရယ်။

"တခြား တစ်စုံတစ်ယောက်ကသာ အခုလို ပြောကြည့်၊ အသေသတ်ပစ်မယ်။ မမင့်ကိုခွဲပြီး မောင် ပြန်မသွားနိုင်ပါဘူးဗျာ၊ အခုဟာကမမင့်ကိုယ်တိုင် နှင်လို့ပါ"

"မနှင်ရက်ပါဘူး အချစ်ရယ်၊ အခြေနေကြောင့်ပါကွယ်"

"ဒီ ဆယ်တန်းကလည်း အလကား နေရင်း လာအောင်နေသေးတယ်ဗျာ၊ ရောဂါပဲ၊ တကယ်စိတ်ညစ်ရတယ်"

"သြော်...မောင်ရယ်၊ ပညာရေးလမ်းခရီးမှာ ဆယ်တန်းလေးတစ်ထစ်သာ အောင်လိုက်၊ တုံးကျော်သွားပြီ။ ဟိုဘက်ခရီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ရဖို့က လွယ်သွားပြီလေ၊ ယောက်ျားလေးတစ်ယောက်ဟာ ဆယ်တန်းလောက်တော့ အောင်ထားသင့်တယ်"

"မမင့်လည်း ပြန်ဖြေပါလားဟင်၊ တက္ကသိုလ် တူတူတက်ရအောင်လေ၊ မကောင်းဘူးလား မမင့်"

"မဖြစ်နိုင်တော့တဲ့ကိစ္စပါ မောင်ရယ်၊ မမင့် ကိုယ်တိုင်ကလည်း စာမတော်ဘူး၊ တော်လို့ အောင်ခဲ့ရင်တောင် တက္ကသိုလ်တက်ဖို့ ဘယ်သူကမှ မထောက်ပံ့နိုင်ပါဘူး၊ အခု မမင့်ရတဲ့ လခကို အိမ်ပို့ပေး နေရတာ မောင် အသိပဲ၊ မမင့်တို့က မိသားစုများတယ်၊ ဆင်းရဲတယ် မဟုတ်လား"

"တကယ်တော့ မမင့် သတ္တိမရှိလို့ပါ။ မောင်က အဆင်းရဲ ခံနိုင်ပါတယ်ဗျာ၊ အခုလက်ရှိဘဝအတိုင်းပဲ လက်တွဲလည်း ဖြစ်ရဲ့ သားနဲ့"

"မမင့် ဂုဏ်မက်လို့ မဟုတ်ရပါဘူး မောင်ရယ်၊ မမရဲ့ အချစ်ရဆုံး၊ အမြတ်နိုးရဆုံး မောင်လေးတစ်ယောက်ကို လောက အလယ်မှာ တင့်တယ်ထယ်ဝါခြင်းများနဲ့ ရှိနိုင်ပါစေဆိုတဲ့ မမင့်ရဲ့ ရင်ထဲက စေတနာစစ်ပါကွယ်"

ညီမင်းညို ဘာစကားမှ တုံ့ပြန် မပြောကြားတော့။

မြလေးငုံ စီစဉ်ပေးသည့်အတိုင်း သူနာခံမည်ဟု ဆုံးဖြတ်ပြီး သားပါ။

မြလေးငုံ၏ မျက်နှာကို မော့ယူလိုက်ပြီး နူးညံ့အိထွေးသော ပါးပြင်လေးကို မြတ်နိုးလွန်းစွာ နမ်းရှိုက်လိုက်သည်။





နှလုံးသားသို့တိုင် အေးစိမ့်မွေးမြသွားလေသလားဟု နှစ်ဦး သား၏ ရင်၌ ပြိုင်တူ ခံစားလိုက်ရချိန်မှာ...

မြလေးငုံက မျက်လုံးကို မှေးစင်းမှိတ်ပစ်လိုက်သည်။ ညီမင်းညို တော့ အနမ်းတွေ ဆက်ဆင့်ပြီးကာမှ မြလေးငုံ၏ ရင်ခွင်မှာ ခေါင်းဝင်ခိုမှီ၍ မြလေးငုံက ပိုက်ပွေ့ပြီး...

"မောင်ရယ် မမင့်လည်း အသည်းကြွေမတတ် လွမ်းကျန်ရစ် မှာပါ"

"ဒါဆိုလည်း မောင် မသွားပါရစေနဲ့တော့လား မမင့်ရယ်"

"မမင့် အန်တီတင်ကို ကတိပေးပြီးပြီကွယ်"

"မေမေက အကြောင်းမဟုတ်ပါဘူး၊ အခုပြန်လိုက်သွားတာ မေမေခေါ်လို့မှ မဟုတ်ဘဲ၊ မမင့် သွားခိုင်းလို့ သွားရတာပါ"

အိမ်ထောင် ပြုလိုက်သော မုဆိုးမ မိခင်ကို နာကျည်းစိတ်ဖြင့် ရင်မှ ခံစားချက်အမှန်ကို တင်ပြနေပါ၏။

ခရမ်းပြာမှ လက်ရှိ ရုပ်ထွေးနေသော အခြေအနေအရကြောင့် စေ။ မခွဲခွာရက်နိုင်သော အလွမ်းဝေဒနာကြောင့် ဖြစ်စေ၊ နှစ်ခုလုံး ကြောင့်ပဲဖြစ်စေ "မောင်ရေ မမင့် မခွဲနိုင်တော့ဘူး၊ မောင် မသွားပါနဲ့ တော့"ဟူ၍သာ တစ်ခါတည်း တားမြစ်လိုက်ချင်ပါပြီ။

ဩော်...လူ့ဘဝဆိုသည်မှာ နှလုံးသားဆိုင်ရာ ခံစားမှုအပိုင်း ထက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာကို ဦးစားပေးရသည်ပါလားကွယ်။

"မမင့်ရဲ့ ဟောဒီ ပါးစပ်လေးက ထပ်ပြောစမ်းပါဦး၊ မောင် တကယ်ပဲ သွားရမှာလား... လို့"



www.burmeseclassic.com

www.burmeseclassic.com

"ဆုံးဖြတ်ပြီးပြီပဲကွယ်၊ တကယ်ပဲ လိုက်သွားပါတော့ မမင့်ရဲ့ အသည်းလေးရယ်"

"မမင့်"

"ရှင်"

"မမင့်ရဲ့ ရင်ထဲမှာ မောင် စကားတစ်ခွန်း ထည့်ခဲ့ပါရစေနော်"

"ဟင်"

မြလေးငုံ၏ ရင်ခွင်ကို သူ့ခေါင်းလေး တိုးဝှေ့ဝင်လာပြီး အသည်းနှလုံး ရှိရာ နေရာမှာ မျက်နှာအပ်၍...

"မမင့်ကို မောင် သိပ်ချစ်တယ်ဗျာ"

◆ ◆ ◆



ဦးထင်လင်းကျော်၏ အခြေအနေမှာ လုံးဝ ကောင်းမွန်လာပြီ ဖြစ်၍ ခရမ်းပြာ မိသားစုတစ်ခုလုံး ပင့်သက်ချနိုင်ခဲ့ပါပြီ။

ဦးထင်လင်းကျော်အနီးမှာ ရဲစုံထောက်များ ဝိုင်းလည်နေကြပြီး အခြေအနေ အသေးစိတ်ကို မေးမြန်းနေကြပါ၏။

"အင်မတန် သန်မာတဲ့ လူသားတစ်ယောက်က တိုက်ခိုက်တာ ဖြစ်ပါတယ်၊ ယောက်ျားလား၊ မိန်းမလား ခွဲခြားပြီး ကျွန်တော် မသိ နိုင်ပါ"

ဟူသော အဖြေကို ပေးလိုက်သည်ဟု ဆိုပါ၏။ စိတ်ထက် သော၊ ဖျတ်လတ်သော၊ ဥပဒေကို နားလည်တတ်ကျွမ်းသော ဦးထင် လင်းကျော်မှာ သူ ကျန်းမာလာသည်နှင့် ခရမ်းပြာသို့ ပြန်လာပြီး အသေးစိတ် စုံစမ်းစစ်ဆေးမည်ဟု ပြောနေလေသည်။

ဤအကြောင်းများကို ပြောကြားဆွေးနွေးနေကြရင်းက မမိုးပွင့် သည် မြလေးငုံသို့ လေးနက်စွာကြည့်ရင်း...

"ကိုသက်မော်က မြလေးငုံကို သိပ်စိတ်ဝင်စားနေပုံပဲ၊ တစ်ခါ တလေ ငေးကြည့်နေတာများ အကြာကြီး..."


www.burmeseclassic.com

www.burmeseclassic.com



"အို"

"လူပျိုကြီး ဒီတစ်ခါတော့ အဆင့်ပြေပါစေလို့… မိုးပွင့် တို့က ဆုတောင်းရမယ် ထင်ပါရဲ့၊ ဦးလေး ဦးပိုင်သ ကလည်း ကိုသက်ဝေ ကို သိပ်ချစ်တော့ သဘောတူမှာပါ"

"မမိုးပွင့်"

ဒေါသကြောင့် အသံက ကျယ်လောင်သွားရသည်။

"နေစမ်းပါဦး၊ မြလေးငုံကို ဘာလို့ ဒီစကားတွေ ပြောရတာလဲ ဟင်၊ မြလေးငုံနဲ့ အညိုနဲ့ ချစ်နေကြတာ အားလုံးအသိ၊ ဦးလေးလည်း သိတယ်"

"စိတ်မဆိုးပါနဲ့ မြလေးငုံ၊ သူတို့ ပြောစကားအရ မိုးပွင့် ကလည်း ပြောရတာပါ"

"သူတို့… ဟုတ်လား၊ သူတို့ဆိုတာ ဘယ်သူလဲ၊ ဘာပြောကြ လို့လဲ"

"သူတို့ဆိုတာ ဦးပိုင်သ၊ စန္ဒာပိုင်၊ ကိုဟန်သာဦးနဲ့ ကိုသက်ဝေ တို့ပေါ့၊ ဘာပြောလဲဆိုတော့ ညီမင်းညိုနဲ့ မြလေးငုံနဲ့ ပြတ်ကြပြီတဲ့"

"အို"

"သူ့အမေက သူ့သားကို အပြီးအပိုင် လာခေါ်သွားတာတဲ့ မြလေးငုံနဲ့လည်း ဘယ်နည်းနဲ့မှ သဘောမတူနိုင်ပါဘူးလို့ ဦးလေး ပြောသွားလို့ ဦးလေးကလည်း တအားဒေါကန်နေတာ"

"ဒါတွေ အမှန်ပဲလားဟင်၊ မြလေးငုံ ဘာမှမသိရပါလား"





"မိုးပွင့် စကားမရှုပ်တတ်တာ၊ အပိုမပြောတတ်တာ မြလေးငုံ သိမှာပါ"

မြလေးငုံ ဒေါသဖြစ်သွားသည်ကို သူသိ၍ သူကလည်း ခပ်ပြတ်ပြတ် ရှင်းပြလိုက်ခြင်းဖြစ်မည်၊ အမှန်တော့ မမိုးပွင့်သည် သူပြောသလိုပင် စကားမရှုပ်တတ်၊ အပိုမပြောတတ်သူလေးပါ။

"အဲဒီအကြောင်းတွေ အသေးစိတ် သိပါရစေလား မမိုးပွင့်ရယ်၊ မြလေးငုံ စကားမှားခဲ့ရင် တောင်းပန်ပါတယ်"

"ရပါတယ် မြလေးငုံ၊ လူဆိုတာ ကိုယ့်အကြောင်း ကိုယ်ပြန်သိရလေတိုင်း စိတ်လှုပ်ရှားကြစမြဲပါ"

အမှန်တရား၏ စကားများကြောင့် မြလေးငုံ ငြိမ်နေလိုက်ရသည်။

"ဒီအကြောင်းတွေကို စန္ဒာက ပြောပြခဲ့တာပါ၊ မြလေးငုံ စန္ဒာ ကို မေးကြည့်နိုင်ပါတယ်"

"မမိုးပွင့် ပြောသလိုပဲ၊ လူဆိုတာ ကိုယ့်အကြောင်းကို ကိုယ် စိတ်အဝင်စားဆုံးပါ၊ စန္ဒာ့ကို မမေးပါရစေနဲ့ကွယ်၊ မမိုးပွင့် သိသမျှ မြလေးငုံ သိပါရစေ"

"ညီမင်းညိုနဲ့ မြလေးငုံတို့ အပြီးပိုင် ခွဲခွာပြီး သူ့အမေနောက်ကို သူ ပြန်လိုက်သွားတာ မဟုတ်လား"

"သူတို့က ဒီလိုပဲ ပြောကြတယ်လား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ အချိန်အခါနှင့် ပတ်ဝန်းကျင်က ဘယ်လိုပင် စီ
စီစဉ် ချစ်လှစွာသော မမင့်၏ "မောင်"သည် နာခံမည် မထင်ပါ
သူ၏ ကြီးမားသော မေတ္တာ စွမ်းအားကြောင့် သူ့ထံ ပြန်လာမှာပါ
မြလေးငုံ ယုံကြည်လျက်ပါ။

"ဒေါ်တင်တင်ဦးက ဦးပိုင်သကို ဘယ်လိုပြောလဲတော့ မသိ
ဦးပိုင်သ အော်လိုက်တာတော့ မိုးပွင့် ကြားလိုက်ရတယ်"

"ဟင်"

"ခင်ဗျားသားနဲ့ သဘောမတူနိုင်သလို ကျုပ်တူမ လှလှလေး
လည်း ခင်ဗျားသားကို မပေးစားနိုင်ပါဘူး၊ နောက်ကို ညီမင်းည
ခရမ်းပြာရိပ်ကို လာနင်းကြည့်၊ ကျုပ်အကြောင်းသိမယ်"

"ဆိုပြီး အော်သံကြားရတာနဲ့ မိုးပွင့်လည်း ပြရမယ့်စာရင်
မပြဖြစ်ဘဲနဲ့ ပြန်ဆင်းလာခဲ့ရတယ်"

"ဩော်... ဒီထိအောင် တင်းမာသွားကြတယ်လား၊ မြလေး
ဘာမှ မသိလိုက်ရပါလားကွယ်"

ခွဲခွာရကာနီးကာလဆီ... 'မောင်'သည် မြလေးငုံ၏ ရင်ခွင်မှာ
မှီခို၍ ငိုရှိုက်နေရှာသဖြင့် ကိုယ့်မျက်ရည်ကို အက ်နိုင်ဆုံး ထိန်းချု
လျက် ချစ်သူကို ချော့မော့နှစ်သိမ့်နေရသည်မို့...

လူကြီးပိုင်း၏ ပြဿနာများကို မြလေးငုံ စောင်းငဲ့ မကြည်
အားခဲ့။

"သူတို့ပြောသလိုသာ မောင့်ကို အပြီးတိုင် ခွဲလိုက်ရရင် မမင်
ရင်ကွဲရချည့်ရဲ့ကွယ်၊ မောင်လည်း ဒီလိုပဲ ရှိလိမ့်မယ်လို့ မမင့် ယုံကြည်





နေပါတယ် ချစ်ရယ်"

"မြလေးငုံ"

တမ်းတ တွေးလေးများမဆုံးမီ မမိုးပွင့်၏ ခေါ်သံကြောင့်
မျက်ရည်ဝေနေသော မျက်ဝန်းဖြင့် လှည့်ကြည့်ရပါ၏။

"ကိစ္စတွေ ရှုပ်ထွေးနေချိန်မို့သာ မပြောသေးတာဖြစ်မှာ၊
မြလေးငုံနဲ့ ကိုသက်မော်ကို ပေးစားဖို့ ဦးလေးတို့ စီစဉ်လိမ့်မယ်
ထင်တယ်"

"ဟင်..."

"မိုးပွင့်ကို စိတ်မဆိုးနဲ့နော်"

"မဆိုးပါဘူး၊ ကျေးဇူးတောင် တင်ပါသေးတယ်၊ မမိုးပွင့်
သိသမျှ မြလေးငုံ သိပါရစေနော်"

"ဦးလေးတို့၊ ညီမင်းညိုနဲ့ ပတ်သက်လို့တော့ မိုးပွင့်ထက်
မြလေးငုံက ပိုသိမှာပါ၊ မိုးပွင့် သိတာက ကိုသက်မော်ရဲ့ အကြောင်းပဲ"

"ကိုသက်မော် အကြောင်းက ထူးထူးထွေထွေ ရှိလို့လား"

"ရှိပြီလား။ မြလေးငုံ ဘာမှ မသိဘူးလား"

"ဟင့်အ ဘာမှကို မသိတာ"

"ကိုသက် ာက စန္ဒာပိုင်ရဲ့ ရည်းစားလေ"

"ဟာ... တကယ်"

"တကယ်ပေါ့၊ တစ်နှစ်လောက်ကို အသည်းအသန် ကြိုက်နေ
ကြတာ"

"ဦးလေးကရော"



www.burmeseclassic.com

www.burmeseclassic.com



"သိတယ်၊ သဘောတူတယ်"

"ဟင်...ဒါနဲ့ ဘယ်လိုဖြစ်တာလဲ"

"စန္ဒာကလည်း သိတဲ့အတိုင်းလေ၊ ရန်ကုန်က အလှပြင်ဆိုင်မှာ သင်တန်းသွားတက်ရင်း ကိုဟန်သာဦးနဲ့ တွေ့လာကြတာ"

"အဲဒါတွေက မြလေးငုံ ဒီမရောက်ခင်က ဖြစ်ပျက်ခဲ့ကြတဲ့ အဖြစ်ပျက်တွေလေ၊ မြလေးငုံက အေးအေးနေတတ်လို့ ဘယ်သူ့ဆီက မှ မသိတာဖြစ်မှာ"

"ဟုတ်ပါတယ် မမိုးပွင့်။ ပြောပါဦး"

"စန္ဒာ ဘယ့်လောက်ဆိုးလဲ၊ ရန်ကုန်ကို တစ်လခွဲသွားတယ် ပြီးတော့ ဒီကိုပြန်လာတယ်၊ ကိုဟန်သာဦးကလည်း အချဲကောင်း မဟုတ်ဘူးလား၊ မခွဲနိုင်ဘူးဆိုပြီး ပျဉ်းမပြာကို လိုက်လာတယ်လေ ကိုဟန်သာဦးနဲ့ ချိန်းတွေ့တာကို ဦးလေးလည်းသိရော လစ်ပြေး ကြတာပဲ"

"ဩော်... ဒုက္ခပါပဲ၊ ကိုဟန်သာဦးနဲ့ ကြိုက်လို့ လိုက်ပြေး သွားတာလို့ပဲ ထင်နေတာ"

"ဟိုမှာလည်း ကြိုက်တယ်လေ၊ ဒါပေမယ့် ကိုသက်မော်ကြီး တော့ အပြတ်ကြွေသွားတာပေါ့၊ လူပျိုကြီး သူ့ခမြာ ရှက်လည်း သိပ်ရှက်သွားရှာတာ၊ သူနဲ့ ယူတော့မယ်ဆိုပြီး တစ်မြို့လုံး သတင်းကြီး နေတာ မဟုတ်လား"

"အင်းလေ... စန္ဒာကလည်း လွယ်လိုက်တာ"





"ဦးလေးကလည်း ကိုသက်မော်ကို အားထားသူ၊ ပြီးတော့ အားလည်းနာတော့ အတွင်းရေးမှူးအဖြစ် တိုးမြှင့်လိုက်ပြီး မန်နေဂျာ နေရာကို ကိုငြိမ်းအောင် ထပ်ခန့်လိုက်တာ၊ ပြီးတော့ စန္ဒာ တို့ကို ပြန်ခေါ်လိုက်ရတော့တာပါပဲ"

"အင်းပေါ့၊ ဦးလေးက သဘောလည်း ကောင်းတယ်၊ နောက် စန္ဒာကိုလည်း သိပ်ချစ်ရှာတာ၊ သူ့ခမြာလည်း သားလေးက မရှုမလှ သေ၊ ဇနီးက ရှုးဆိုတော့ ဒီသမီးတစ်ယောက်ပဲ ချ ရာရှိတော့တာ၊ သမီးချစ်တော့ သားမက်ကိုလည်း ချစ်ရတာပေါ့လေ၊ ကိုဟန်သာဦး ကလည်း မဆိုးပါဘူး၊ အဘိုးကြီးအကြိုက် အလိုက်အထိုက် နေတတ် ပါတယ်"

"သူတို့နှစ်ယောက်တော့ ဘယ်ကြည်ပါ့မလဲနော်"

"အင်းပေါ့၊ ကြည်နိုင်စရာလည်း မရှိဘူးလေ"

ကိုနေထွန်းနီ လာလည်စဉ်က... ကိုသက်မော်နှင့် ကိုဟန်သာဦး တို့၏ မာန်စောင်ကြည့်များကို ပြန်လည် သတိရမိသည်။

"ကိုသက်မော်ဆိုတာ သ နီးမရဲ့ ရည်းစားလို့ သူ ဒီရောက် ပြီးမှ ကိုဟန်သာဦးက သိရတာတဲ့"

"ကိုသက်မော်ကရော"

"သူ့ကို ဦးလေးက နေရာပေးတော့လည်း မထွက်ဖြစ်ဘူးပေါ့၊ သူ့လခကလည်း မနည်းဘူးလေ၊ ပြီးတော့ အဝေးပြေး ကားတွေမှာ လည်း ရှယ်ယာဝင်ထားလို့ အတော့ကို စီးပွားဖြစ်နေတာ၊ နဝင်းရပ်ထဲ မှာတောင် တစ်ထပ်တိုက်ကလေးတစ်လုံး ဆောက်ထားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

"မန်နေဂျာ ကိုငြိမ်းအောင်ကတော့ သိပ်သုံးတော့ စီးပွားမဖြစ်ဘူးပေါ့၊ ပြီးတော့ သူက မိန်းမနှစ်ယောက်နဲ့..."

"အင်း... ဒါတော့ ကြားတယ်"

"ကိုသက်မော်ကတော့ လုပ်ရည် ကိုင်ရည်လည်း တော်တယ်၊ စီးပွားလည်း ရှာတတ်တယ်၊ နောက်ပိုင်းလည်းရှင်းတဲ့ တစ်ယောက်တည်းသမား လူပျိုကြီးမို့၊ ဦးလေးက ဒီတစ်ခါတော့ သူ့တူမနဲ့ ပေးစားတော့မယ်ထင်ပါရဲ့"

"မမိုးပွင့်တို့ သိတဲ့အတိုင်းပါလေ၊ မြလေးငုံနဲ့ အညိုနဲ့ ချစ်နေကြတယ် မဟုတ်လား၊ သူကလွဲလို့ ဒီတစ်သက်မှာ ဘယ်သူ့ကိုမှ မြလေးငုံ မချစ်နိုင်ပါဘူး မမိုးပွင့်ရယ်၊ ပြီးတော့ အချစ်မပါတဲ့ အိမ်ထောင်ရေးကိုလည်း မြလေးငုံ ဘယ်သောအခါမှ မတည်ဆောက်ဘူး"

"ဒါဆို ဦးလေး ဦးပိုင်သတော့ ဒုတိယအကြိမ် ဆွေးကြောပဲ"

သူ အားကိုးလှသော သူ့အတွင်းရေးမှူး ကိုသက်မော်ကို သမီးနှင့် လွဲသွား၍ မြလေးငုံနှင့် အဆင်ပြေစေချင်သော်လည်း မြလေးငုံ၏ ခံယူချက်ကြောင့် ဦးပိုင်သ အခက်တွေ့ရပေတော့မည်ဟု မမိုးပွင့်က ရယ်မောရင်း မှတ်ချက်ချသည်။

"ဦးလေး ကျေးဇူးရှိပါတယ်၊ ဒါပေမယ့် တခြားနည်းလမ်းနဲ့ပဲ ဆပ်နိုင်မယ် မမိုးပွင့်ရယ်၊ ဘဝနဲ့တော့ လဲမပေးနိုင်ဘူး"





"မြလေးငုံက ညီမင်းညိုကို ချစ်နေလို့ပါ၊ မဟုတ်ရင်တော့ ကိုသက်မော်ကို မြလေးငုံ ရွေးသင့်ပါတယ်၊ သူဟာ ဘယ်သောအခါမှ အအားမနေဘဲ တိုးတက်အောင် ကြံဆလုပ်ဆောင်နေတဲ့သူပါ၊ စီးပွားရေးလည်း တကယ်ပဲ တိုးတက်ပါတယ်၊ ဒါ့ကြောင့် အဘိုးကြီးက သဘောကျလေ... သားမက်ဖြစ်တဲ့ ကိုဟန်သာဦးက မနာလို မရှုဆိတ်နိုင်လေ ဖြစ်နေတာပေါ့"

"ကိုဟန်သာဦးက မကောင်းဘူးလား ဟ"

"သူများနဲ့တော့ အားလုံးကောင်းတယ်၊ ကိုသက်မော်ကိုတော့ သူ နည်းနည်းလေးမှ လိုလားပုံမရဘူး"

"ဒါလည်း မပြောနဲ့လေ၊ သူတို့ နှစ်ယောက်ကလည်း ကျောင်းတော်ကရန်စ ဆိုသလို ဖြစ်နေမှာပေါ့"

"အင်း... သူတို့ချင်းသာ ဖြစ်နေတာ၊ စန္ဒာပိုင်ကတော့ သူ ဘာမှမသိသလိုလို၊ သူနဲ့ ဘာမှမဆိုင်သလိုလို လုပ်နေတာ အံ့ဩစရာပဲနော်"

"စန္ဒာပိုင် လောကကို သုံးသပ်ပုံကတော့ ပေါ့တန်လွန်းပါတယ် မမိုးပွင့်ရယ်..."

အတင်းစကားပေမယ့် အမှန်တွေချည်းမို့ သတင်းစကားအဖြစ်နှင့် ပြောကြသည်ဟု မိန်းမသားနှစ်ဦးလုံး ခံယူကြပါ၏။

ဆက်လက်၍ မမိုးပွင့်က ကိုသက်မော် ချီးမွမ်းခန်း ဖွင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အရပ်က မမြင့်လှ၊ အသားစိုစို ညိုညိုနှင့် အားကစားသမားမို့ ကြွက်သားဖြင့် ကျစ်လျစ်နေသော ကိုယ်ခန္ဓာတောင့်တောင့်နှင့် မျက်နှာကျပုံက ပြေပြစ်ပါသည်။ မျက်ခုံးထူထူနှင့် စူးရှထက်မြက်လွန်းသော မျက်ဝန်းများကြောင့် အသိရခက်သည့် လူစား။ ထူးခြွန်တတ်သော ယောကျ်ားတစ်ယောက်ဖြစ်ကြောင်း မြလေးငုံ ဝေဖန်နေမိသည်။

မမိုးပွင့်ကိုယ်တိုင် ကိုသက်မော်ကို စိတ်ဝင်စားနေသည်။ ကိုသက်မော် ခွင့်ပန်လာလျှင် လက်ခံရန်အသင့် ဖြစ်နေကြောင်း မြလေးငုံ ရိပ်စား နားလည်နေမိသည်။

သို့ပါသော်လည်း...

မြလေးငုံ့ရော မမိုးပွင့်ပါ ဆင်းရဲသော မိသားစုဝင်များ ဖြစ်သေမယ့် မြလေးငုံက ဦးပိုင်သ၏ တူမဆိုသော ဂုဏ်ဒြပ်အပြင်၊ မမိုးပွင့်ထက် ဆယ်ပြန်မက သာလွန်၍နေပသည်။

မိန်းမသားတို့၏ နေဥစ္စာဖြစ်သော အလှတရားကို မြလေးငုံသည် ထောင့်စေ့အောင် ပိုင်ဆိုင်သော မိန်းကလေးမို့...

အသည်းမှာ ဒဏ်ရာနှင့် လူငို ကြီး ကိုသက်မော်က ရည်မှန်းသည်မှာ မဆန်း။

မြလေးငုံ၏ အချစ်ဦးကလည်း အပြီးတိုင် ခွဲခွာသွားလေပြီဆိုသော အသိကြောင့် ကိုသက်မော်သည် ဦးပိုင်သသို့ ချဉ်းကပ်ပြီး မကြာမီအတွင်းမှာ သည်ပြဿနာ လာပေတော့မည်ဟု မြလေးငုံ ရင်လေးစွာ တွေးမိရပါပြီ။

◆ ◆ ◆



ဒူးလေးကို သနေသော အဘမှန်ကို ရိုသေစွာ နှုတ်ဆက်ပြီး ဘဘက်ခန်းတံခါးကိုဖွင့်၍ ဝင်လိုက်သည်။

ဘာ ပရိဘောဂမှ မရှိသော အခန်းစုတ်ကလေးအတွင်းမှာ အချစ်ဆုံး၏ အငွေ့အသက် အရိပ်ရောင်လေးများက နေရာအနှံ့ပါ။

"ဒီနေရာလေးမှာ တို့နှစ်ယောက် ထမင်းအတူ စားခဲ့ကြတာပါလား"

မြလေးငုံသည် ကြေကွဲတသစွာ တမ်းတရင်း ကွပ်ပျစ်ဟောင်းလေးပေါ်မှာ ထိုင်လိုက်တော့...

"မမငုံကို မောင် သိပ်ချစ်တယ်ဗျာ"

ဆိုသော အသံလေးက ယခုပင်လျှင် မြလေးငုံ၏ ရင်ခွင်ကြားမှာကပ်၍ ပြောကြားလိုက်သည်သို့ပါ။

"မောင်"



www.burmeseclassic.com

www.burmeseclassic.com



"အညီဆိုတဲ့ မမရဲ့ အချစ်ဆုံးလေးရယ်"

သူ အိပ်စက်ခဲ့သော ခေါင်းဦးယောင်းလေးကို ရင်မှာ ပွေ့ဖက်လျက် မြလေးငုံ လှိုက်လှဲကြေကွဲလွန်းစွာ ငိုရှိုက်နေမိသည်။

ပြည်မနဲ့ ဒီမြို့ဟာ စာပေးရင် ဝေးရက်ပဲ ကြာတာပါ။ နှမောင်ခွဲသွားတာ ဆယ့်ခြောက်ရက်တိတိ ရှိပြီ။ ဘာစာမှ မလာ၊ ဘာသတင်းမှ မကြားရတော့…

မောင့်ရေ…

သူတို့ပြောသလို မမငုံကိုများ အပြီး ပစ်သွားတာလားကွယ်။

မမငုံ မယုံပါရစေနဲ့။

လက်မခံပါရစေနဲ့။

မောင်ဟာ မမငုံကို သိပ်ချစ်တာပါနော်၊ မ ငုံ့ဆီ ပြန်လာမှာပါနော်။

ဘာပဲဖြစ်ဖြစ်၊ ချစ်ရယ်… မမငုံဆီ စာလေးတစ်စောင်တော့ ရေးသင့်ပါတယ်။

မောင့်ဆီက စာမလာလို့ ခံစားရတဲ့ ဝေဒနာတွေ မောင် စာနာတတ်ပါစေကွယ်။

မောင်ရယ်…မမငုံကို အပြီးတိုင် ခွဲခွာသွားတာများလားဟင်။

"မောင့်ဆီက စာလွှာလေးတွေကို မမ သိပ်မျှော်နေတယ်ဆိုတာ မောင်သိပါစေ၊ မောင်သိအောင် မမငုံ ဘယ်လိုမှ မစွမ်းဆောင်နိုင်တဲ့ ဘဝမို့ စာမြန်မြန်ဖတ်ခွင့်ရပါစေ ဆိုတဲ့ ဆုတောင်းခြင်းကလွဲလို့ မမ ဘာမှ မတတ်နိုင်ပါဘူး မောင်ရယ်"





အချစ်ဆုံး၏ ကိုယ်ငွေ့ရနံ့လေးများ မပျယ်လွင့်သေးသည့် ခေါင်းအုံးလေးကို ဖက်ပိုက်၍ ပါးပြင်မှာ ဖိအပ်ရင်းက မြလေးငုံ၏ ရင်တွင်းမှာ စကားလုံးလေးတွေ စီရီဖြစ်ထွန်းနေမိခြင်းပါ။

အတွေး စကားစုများကြောင့် လှုပ်ရှားလာသော နှလုံးသားဆီမှ ဘိုက်ရိုက်စီးဆင်းလာသော မျက်ရည်တို့က အဆက်မပြတ် ကျခြေနေတော့သည်။

"လွမ်းရတဲ့ ဝေဒနာ"

ကမ္ဘာပေါ်ရှိ လူသားတို့အတွက် နာကျင်ပင်ပန်းဆုံးသော ခံစားမှု ဝေဒနာဟု မြလေးငုံ ခံယူပါသည်။

လွမ်းဖူးသူတိုင်းလည်း စာနာ ထောက်ခံကြပါလိမ့်မည်။

"မမငုံ မှားသွားခဲ့ပါပြီ မောင်ရေ၊ မောင့်ကို ပြန်လိုက်သွားပါလို့ ပြောမိတာ အမှားကြီးမှားပြီ"

"ဒေါ်တင်တင်ဦး ဆင်တဲ့ အကွက်ထဲကို ဝင်သွားခဲ့ပြီ ထင်ပါရဲ့ကွယ်…"

"မောင်ရေ၊ မောင့်ကို မမငုံ မခွဲနိုင်တော့ဘူး၊

ပြန်လာပါတော့… ပြန်လာခဲ့ပါတော့ အချစ်ရယ်"

ထိုင်နေနိုင်စွမ်းပင် မရှိတော့၊ အခင်းမဲ့ ကွပ်ပျစ်ငယ်ပေါ်မှာ ခေါင်းအုံးလေးကို ရင်၌ ပိုက်ပွေ့ရင်း မြလေးငုံ ခွေလှဲလိုက်ရသည်။

ရေပူစမ်း စီးသည်သို့၊ မျက်ရည်တို့ စီးသွယ်အိုင်ထွန်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com


တမ်းတအလွမ်းကြောင့် ကြေကွဲရသော ဝေဒနာကို နှလုံးသား နှင့် မဆံ့အောင် ခံစားနေရဆဲမှာ...

"မြလေးငုံ"

ခေါ်သံကြောင့် ဆတ်ခနဲ ခေါင်းထောင်မတ်၍ ကြည့်လိုက် တော့"

"ကိုသက်မော်"

"ဟုတ်ပါတယ်၊ အို... မြလေးငုံ ငိုနေပါလားဗျာ၊ ကျွန်တော် ဘာကူညီရမလဲ"

"နေပါစေ၊ ကျွန်မရောဂါက ဘယ်သူ ကူညီလို့မှ မရပါဘူး"

ဆက်ခနဲ ထထိုင်ပြီး ခေါင်းအုံးနဲ့ မျက်နှာတစ်ပြင်လုံး ပွတ်သုတ် လိုက်သည်။

"ကျွန်တော် စေတနာနဲ့မေးတာပါ၊ ညီမင်းညိုကို သိပ် လွမ်းနေ သလား"

"ဟုတ်တယ်၊ ကျွန်မ သိပ်ချစ်တဲ့သူကို ကျွန်မ သိပ်လွမ်းနေ ပါတယ် ကိုသက်မော်"

"ကိုယ်လွမ်းသလို ဟိုက လွမ်းရင်တော့ ကောင်းသားပေါ့ဗျာ"

"သေချာပါတယ်၊ သူလည်း လွမ်းနေမှာပဲ"

"ကျွန်တော့်ကို အထင်မလွဲပါနဲ့ မြလေးငုံ၊ လိုအပ်တာ ခိုင်းနေ ရင် ကူညီဖို့ အသင့်ပါလို့ ပြောချင်လို့ပါ၊ ပြီးတော့ ညီမင်းညို ဆီက စာ ရောက်လာလို့ပါ"

"ဟင်... ရှင်"



သူ ကမ်းပေးသော စာအိတ်ပြာပြာလေးကို လှမ်းယူလိုက် သည်။

မမငုံ...

အညို့ကို ခွင့်လွှတ်ပါ။

ခရမ်းပြာကို မလာခင်က ချစ်ခဲ့ရတဲ့ရွယ်တူ ချစ်သူနဲ့ အညို ပြန်ဆုံခွင့်ရပါတယ်။

မမငုံ ပေးသမျှ အပြစ်ကို အညို ခံယူဖို့ အသင့် ပါပဲ။

ခရမ်းပြာကို ပြန်မလာနိုင်တော့တဲ့အတွက် မမငုံ ခွင့်လွှတ်ပါခင်ဗျာ။

တစ်ခါက မမငုံရဲ့...

**အညို**

စာပေါ်သို့ မျက်ရည်တို့ တစ်စက်ပြီးတစ်စက် ဆင်းသက် လာသည်။

"မယုံဘူး...မယုံဘူး၊ မမငုံ မယုံပါရစေနဲ့၊ [illegible]က်မခံပါရစေနဲ့ အညိုရယ်၊ မမငုံလေ...အို..."

ဘာမှဆက်ပြီး ပြောနိုင်စွမ်းအား မရှိတော့၊ စာရွက်မှာ မျက်နှာအပ်ပြီး မြလေးငုံ အားပါးတရ ငိုရှိုက်မိပါပြီ။


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဝမ်းနည်းပါတယ် မြလေးငုံ၊ အကူညီ လိုတာရှိရင် ပြောပါ၊ ကျွန်တော် သွားတော့မယ်"

နှုတ်ဆက်ပြီး သူ ညင်သာစွာ ထွက်ခွာသွားသည်။

မြလေးငုံ စာကို အသေအချာ နောက်တစ်ခါထပ်၍ ဖတ်သည်။ မြလေးငုံ မယုံပါ၊ လက်မခံပါ။

မေတ္တာကြီးမားသော မိခင်တစ်ဦးသည် အဝေးမှ သား သေသည်ကို သိပါလျက်၊ သတင်း အတိအကျ ရပါလျက် မယုံနိုင်ဘူး လက်မခံနိုင်ဘူးဆိုပြီး လူးလိမ့် ငိုယိုတတ်ကြသည်။

အမှန်တော့ အဆုံးရှုံးမခံနိုင်လွန်းသဖြင့် သည်စကားကို မကြား ချင်၊ မကြားနိုင်၊ မယုံကြည်လိုခြင်းသာ ဖြစ်ပါ၏။

မြလေးငုံလည်း သည်သို့သာပါပဲလား။

စာကို ထပ်ဖတ်သော်လည်း အဖြေမပေါ်။

ဒီမှာ အတူတကွ နေရစဉ် ကာလကလည်း စာရေးသားစရာ မလိုသဖြင့် အညို့လက်ရေးကို မြလေးငုံ မမြင်ဖူးခဲ့မိ။

သူသည် အညိုသို့၊ အညိုသည် သူ့သို့ စာရေးသား ဆက်သွယ်မှုလည်း တစ်ခါဖူးမျှ မရှိခဲ့ဖူး၍...

ဤစာကို အညို ရေးပါသည်ဟု မြလေးငုံ တထစ်ချ မယုံနိုင်။

ခွဲခွာစေလိုသော တစ်စုံတစ်ယောက်၏ အကြံဉာဏ်များလား။ ဒေါ်တင်တင်ဦး၏ အကြံဉာဏ်လား။

ကိုသက်မော်၏ အစီစဉ်လား။





ချစ်သူကို ယုံကြည်လွန်းသဖြင့် အချစ်ဆုံးလေးကို အပြစ်မမြင် င်၊ ဘေးလူများ၏ လှည့်ကွက်ဟု မြလေးငုံ ထင်သည်။ ထင်သည့် တိုင်းလည်း ဖြစ်ပါစေဟု ဆုတောင်းပါ၏။

တစ်ခုတော့ရှိသည်။

စာပို့လုလင်သည် မြလေးငုံ၏ ကောင်တာပေါ်မှာ ခရမ်းပြာ၏ များအားလုံးကို လာတင်သွားသည်ချည်းပါ။

အကယ်၍ ဤစာသည် အညို့ထံမှ မဟုတ်သည့်တိုင်၊ လွန် ခဲ့သော ရက်များဆီက အညို စာရေးသင့်ပါသည်။ မြလေးငုံ သို့ တိုက်ရိုက်ရောက်မည်ဟု သိပါလျက်နှင့် စာလုံးဝ မရေးဘဲ နိုင်ရက်ခဲ့တဲ့သူရယ်...

အညို့အချစ်ကို ယုံလွန်းလို့ ဒီစာကို လက်မခံနိုင်ဘူး ဒါပေ သို့...

အညိုကိုယ်တိုင်က မမငုံဆီ ဘာကြောင့်များ စာမရေး တာလဲကွယ်။

အဆက်အသွယ် ဖြတ်ထားပြီးမှ ဒီစာ ရေးလာတယ် ဒီတော့... ဖြစ်နိုင်စရာလည်း ရှိပါတယ်လေ။

"မောင်ရေ... ဒါဆိုရင် မမငုံကို တကယ်ပဲ စွန့်လွှတ်ခဲ့ခွာသွားပြီ း အချစ်ရယ်"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

“မိန်းကလေး…မြလေးငုံ”

အသံ တုန်တုန်သြသြကြီးနှင့် ခေါ်လိုက်သဖြင့် မြလေးငုံ လှည့်ကြည့်မိတော့…

“ဆရာသက်မော် ပြန်လည်း ဆင်းသွားရော၊ မိန်းကလေး ငိုနေလို့၊ ဘာများဖြစ်လဲလို့ အဘမှုန် ဒီဘက်ခန်းကို ကူးလာတာ”

“အို.. အဘမှုန်… အဘမှုန်ရယ်”

အညိုနေခဲ့သည့် တဘက်ခန်းမှ ခြံစောင့် အဘိုးကြီးကို အားကိုးအားထားအဖြစ်နှင့် မြလေးငုံ သူ့လက်ကို ဖက်ကိုင်၍ ငိုလို မိတော့သည်။

“ဘာဖြစ်လို့လဲ၊ သူက ဘာပြောသွားလို့လဲ၊ ပြောစမ်း မိန်းကလေး၊ အလုပ်မှာ အမှားအယွင်းရှိလို့ လာဆိုသွားတာလား”

“မဟုတ်ဘူး…မဟုတ်ပါဘူး အဘမှုန်ရယ်၊ အညို… အညို ကြောင့်ပါ”

“ဒီကောင်လေး ဘာဖြစ်လို့လဲ”





“သူဘာမှ မဖြစ်ပါဘူး အဘရယ်၊ ဖြစ်ရတာက သမီးပါ၊ သူလေ… သူ ဒီ ခရမ်းပြာကို ဘယ်တော့မှ ပြန်မလာတော့ဘူးတဲ့ အဘရဲ့”

“ဟေ”

အဘမှုန်က အံ့သြလွန်းဟန်ဖြင့် အကြာကြီးနေပြီးမှ…

“သူ မိန်းကလေးကို ချစ်တာများ ငုံထားမတတ်ပါကွယ်၊ ဖြစ်နိုင်ပါ့မလား သမီးရဲ့”

“ဒီစာသာ ဖတ်ကြည့်ပါတော့ အဘရယ်”

စာကို ခပ်ဝေးဝေးမှာထားပြီး မျက်စိလေး မှေးစင်းလျက် မျက်စိ၏ အားနည်းချက်ကို ဖြည့်တင်း၍ ဖတ်ပြီးတော့…

“အင်း… ခေတ်လူငယ်တွေဟာ တယ်ခက်ပါလား”

“အခြေနေအရတော့ ဖြစ်နိုင်စရာရှိပါတယ် အဘရယ်၊ ဒါပေမယ့် အညိုဟာလေ သမီးကို လွယ်လွယ်လေးနဲ့ မေ့သွားရက်မှာ မဟုတ်ပါဘူးရှင်၊ သူ့ကို သမီး သိပ်တွေ့ချင်တယ်၊ သူ့ပါးစပ်က ဒီစာအတိုင်း ပြောရင် သမီး ကျေနပ်စွာ လှည့်ပြန်လာပါ့မယ်… အဘရယ်၊ ဒီစာလေး တစ်ခုတည်းနဲ့တော့ သမီးရဲ့ ချစ်သူကို သမီး မစွန့်လွှတ်နိုင်ဘူး”

“အင်း…ဒါဆိုလည်း ဆရာ ကိုပိုင်သကိုပဲ ဖွင့်ပြောပြပါလား ကွယ်၊ သမီးတို့ချင်း ရည်ငံနေကြတာလည်း သူအသိပဲ”

“ဖြစ်နိုင်မယ် မထင်ပါဘူး အဘရယ်၊ ပြောလို့လည်း မသင့် ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



ညီမင်းညို ပစ်သွားပြီမို့ ကိုသက်မော်ကို လက်ခံပါလို့ ပြောလာ မှ အခက်။

ကိုယ့်အကြောင်း ကိုယ်သိစွာဖြင့် အဘမှုန်၏ အကြံဉာဏ်ကို ဖယ်ထုတ်လိုက်ရပါသည်။

"ကဲပါကွယ်... ဘာပဲဖြစ်ဖြစ် သိပ်လည်း ငိုမနေပါနဲ့၊ အချိန် တန်တော့လည်း အဖြေပေါ်လာမှာပေါ့"

မြလေးငုံ ငိုနေသည်ကို မကြည့်ရက်နိုင်သော စေတနာ စကားပါ။

ငိုရလွန်းသဖြင့် ခေါင်းကိုက်လာ၍ နားထင်တဘက်ကို လက်နှင့် ဖိထောက်ထားသည်ကို ကြည့်ပြီး သူ့အခန်းသို့ ပြန်သွား၏။ ခဏအကြာတွင် ရေနွေးကြမ်းတစ်ခွက် ပါလာသည်။

"ရော့... သမီး။ ပူပူလေး သောက်လိုက်၊ ချွေးရသွားရင် ခေါင်းကိုက်ပျောက်သွားတယ်"

မိဝေး ဘဝေး နေရသော ဘဝတွင် အဘ၏ နွေးထွေးသော မေတ္တာကို ခံယူရရှိ၍ အတိုင်းမသိသော ကြည်နူးခြင်း ဖြစ်ရပါ၏။

မိမိ၏ မျက်ရည်သည် အဘ၏ရင်၌ [illegible]ဘော အနာတစ် ဖြစ်ထွန်းရရှာလေမည်ဟူသော အသိကြောင့် မြလေးငုံ ကြိုးစား၍ အငိုတိတ်လိုက်ပါပြီ။

အဘမှုန်သည်လည်း တဒင်္ဂမျှ အလွမ်းဝေဒနာ သက်သာပါစေ ဆိုသော စေတနာဖြင့် မြလေးငုံကို ကြံရာ ဆုံရာ စကားများဖြင့် နှစ်သိမ့် နေရာမှ...





"မိစ္ဆာဂူ"

၏ အကြောင်းရာသို့ စကားရောက်ဖြစ်သွားကြတော့သည်။

"ဟုတ်တယ် သမီးရဲ့၊ ခုတလော အော်သံတွေ [illegible]ကြား၊ ကြားကြား ပြန်ကြားနေရပြန်ပြီ၊ တစ်ယောက်ယောက်ရဲ့ ကံကြမ္မာတော့ ခတွေးဝံ့စရာပဲ"

"အဘမှုန်"

"ဟေ"

"အဲဒါ တကယ်လားဟင်"

"ဘာကိုလဲ"

"ဂူထဲက အော်သံကြားရင် လူတစ်ယောက် သေတယ်ဆိုတာ လေ၊ တိုက်ဆိုင်တာလား အဘရယ်..."

"အမြဲတော့ ဘယ်တိုက်ဆိုင်နိုင်ပါ့မလဲကွယ်၊ အော်သံတွေ ကြားပြီးရင် တစ်ခါတလေလည်း ချက်ချင်း၊ တစ်ခါတလေလည်း တစ်ပတ် နှစ်ပတ်အကြာမှာ ဖြစ်တာပဲ"

"အဘ [illegible]ထင်လဲ ဟင်"

"ဂူထဲမှာ လူသားစားတဲ့ သတ္တဝါ တစ်ကောင်ကောင်တော့ ရှိလိမ့်မယ်ထင်တယ်၊ အင်း...တိရစ္ဆာန်တော့ မဖြစ်နိုင်ဘူး၊ မကောင်း ဆိုးဝါးပဲ ဖြစ်မယ်၊ ဒါမှမဟုတ် နတ်တိုက်ထားတဲ့ကျား..."

"တော်ပါတော့ အဘရယ်...တော်ပါတော့၊ ဟိုတလောက သေတဲ့ ဘယ်သူမှန်း မသိရသေးတဲ့ လူရဲ့ အလောင်းကို စစ်ဆေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



တော့ အသားတွေ ပွဲကြွေစားသွားစေတဲ့ အက်စစ်ငရဲမီး ပြင်းပြင်းထဲ စိမ်နှစ်ခံရလို့တဲ့"

"ဒါဆို မိစ္ဆာဂူထဲမှာ ရှိလို့လား"

"သမီး ဘယ်သိပါ့မလဲ"

"သူရိန်ပိုင် သေပြီးတည်းက အဲဒီဂူထဲကို သက်ဆိုင်ရာ လူကြီးတွေ၊ ရဲတွေ ဝင်ပြီး ရှာကြဖွေကြပြီးပြီ။ ဘာဆိုဘာမှ မတွေ့ကြရဘူး သမီးရယ်၊ ဆရာဝန်တွေ အထင်နဲ့ ပြောတာ နေမှာပါ"

"အဲဒီ ဂူကြီးထဲမှာ တစ်စုံတစ်ခုသော လျှို့ဝှက်ချက်တော့ ရှိလိမ့်မယ် ထင်တယ် အဘမှုန်"

ညီမင်းညိုကို ပျဉ်းမသုံးပင်ဆိုင်မှ သွားခေါ်ခဲ့စဉ်ညက အသံနက်ကြီးများနှင့် အော်သံကို မြလေးငုံ နားနှင့်ဆတ်ဆတ် ကြားခဲ့ရသည်ကို ရည်ညွှန်းပါ၏။

"ဒီဂူကို ရှင်းလင်းပြီး အတွင်းမှာ ဘုရားတည်မယ်၊ ကျောက်နံရံတွေမှာ ရုပ်ပွားတော်တွေကို ထွင်းထုမယ်လို့ ဆရာကိုပိုင်သ စီစဉ်နေတယ်လေ"

"ဟုတ်လား၊ ဒါတွေ သမီးမသိဘူး အဘ"

"အေး... လွန်ခဲ့တဲ့ သုံးနှစ်ကျော်က သူ့သားလေး သူရိန်ပိုင် သေဆုံးခဲ့ရတဲ့နေရာမှာ ကောင်းမှုကုသိုလ်ပြုချင် ထင်ပါရဲ့ကွယ်"

နှစ်ယောက်လုံး အတွေးကိုယ်စီဖြင့် ငေးနေကြသည်။ တဘော ခန်းကို မျက်စိရောက်သွားတော့ ခိုင်ခိုင်တောင့်တောင့် ဒူးလေးကြီး အိမ်ရှေ့မှ ထောင်ထား၍...





"အဲဒါကြီးကို ဘာလုပ်မလို့ အဘက သနေတာလဲဟင်"

"အမဲပစ် ထွက်မလို့"

"ဟင်... အဘမှာ စားမယ့်သူလည်း မရှိဘဲနဲ့"

"ဝါသနာပဲ သမီးရဲ့၊ အဘက ဒီအလုပ် မလုပ်ခင်တုန်းက တစ်သက်လုံး မုဆိုး လုပ်လာခဲ့တာ"

မြလေးငုံက အဘမှုန်ကိုကြည့်ပြီး...

"အဖေဆို သူ့ထက်ငယ်သေးတာ၊ ဒါတောင် လပြည့် လကွယ်ဆို ဥပုသ် အမြဲစောင့်ပြီး သိမ်သိမ်မွေ့မွေ့နေတယ်၊ အဘမှုန်က အသက်ကြီးလုပြီ၊ ခုထိ အကုသိုလ်အလုပ်တွေ လုပ်တုန်းပဲ"

ကိုယ်ခန္ဓာ တုတ်တုတ်ခိုင်ခိုင်နှင့် မုဆိုးကြီး အဘမှုန်ကို ကြည့်ပြီး စိတ်ထဲမှ ကဲ့ရဲ့လိုက်မိသည်။

"အဘ၊ ဒါဆို မိစ္ဆာဂူကို လူတွေသွားပြီး ရှင်းကြလင်းကြတော့မှာပေါ့နော်"

"အေး...ခုလည်း လူတွေ ဝင်ကြည့်လို့ရတာပဲ၊ အဘလည်း ခဏ ခဏပဲ ရောက်တယ်၊ သေနတ်သုံးတဲ့ အခါမှာ ဂူထဲက လင်းနို့ချီးတွေ သွားယူရတယ်"

"လင်းနို့ချီးကို ယမ်းအဖြစ် အသုံးပြုလို့ရတယ်ဆို..."

"ဟုတ်တယ်... သမီး"

"မိစ္ဆာဂူထဲဝင်တော့ ဘာတွေ တွေ့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ ထူးထူးထွေထွေ မတွေ့ရပါဘူး၊ တဝက်လောက်မှာ ပိတ်နေတာပဲ၊ တစ်ခါလောက် အဘနဲ့ လိုက်ကြည့်ပါလား"

"မလုပ်ပါနဲ့ အဘရယ်၊ မကြည့်ရဲပါဘူး"

"ခရမ်းပြာ မိသားစုရယ်၊ မိစ္ဆာဂူရယ်ကတော့ တစ်နည်းနည်းနဲ့ ပတ်သက်နေလိမ့်မယ်ထင်တယ်"

"ဘာဖြစ်လို့လဲဟင်...အဘ"

"ဂူထဲကို သူ [illegible]နေကြတာ တွေ့လို့ပေါ့"

"ဟင်... ဘယ်သူတွေ သွားလဲ အဘ"

"တစ်နေ့ကတောင် မောင်ဟန်သာဦး ဂူဘက်ကို ကားမောင်းပြီး သွားတာ တွေ့သေးတယ်"

"ဟင်... သူ နေမဝင်တောင်တန်းဘက် သွားတာလားမှ မသိတာ၊ ဆုတောင်းပြည့်ကုန်းတော်ကို ဂူရှေ့နားကပတ်ပြီး သွားရတယ်လေ"

"အင်း... ဒါဆို ဟုတ်လိမ့်မယ်၊ ဧည့်သည်တွေ သွားချင်ရင် သူပဲ လိုက်ပို့ရတာ"

"အညို့ကိုလည်း သူပဲ သွားခေါ်ပေးခဲ့တာ အဘရဲ့"

"ဒါတွေ ဦးလေး မသိဘူး"

တွေ့ရာလေးပါး စကားများ ပြောကြားပြီး...

"ကဲ... သမီးလည်း ကိုယ့်စိတ်ကို ကိုယ်ချမ်းသာအောင်နေ သူတို့တွေ ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်"

အဘမှုန် သူ့အခန်း ပြန်ကူးသွား၏။





အဘမှုန် ပြောခဲ့သလို ကိုယ့်စိတ်ကို ကိုယ်ချမ်းသာအောင် နေလို့ မရနိုင်ပါဘူး အဘရယ်။

မောင့်ကို လွမ်းရတဲ့ ဝေဒနာက ရင်နဲ့အပြည့်။ ဒီအထဲမှာ ခရမ်းပြာရဲ့ အရှုပ်အထွေးကလည်း ရှိနေသေးတော့...

အို...မောင်နဲ့ ပတ်သက်လို့...

ခရမ်းပြာနဲ့ ပတ်သက်လို့...

ရင်မောလှချည်ရဲ့ကွယ်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

မြလေးငုံ...

ညီမင်းညိုနဲ့ ပတ်သက်တဲ့ သတင်းစကားမှန်ကို ကြားချင်ရင် ဒီနေ့ည ၆ နာရီအချိန်မှာ ဂူပေါက်ကြီးရှေ့ကို တစ်ယောက်တည်း လာခဲ့ပါ။

ကူညီလိုသူ

"ဒီစာကို ဘယ်သူလာပေးတာလဲဟင် မမိုးပွင့်"

"သန့်ရှင်းရေးသမားလေး သိန်းရွှေ လာပေးတာပဲ"

စာကို ပြန်ခေါက်၍ ဖွင့်ဖြဲထားခဲ့သော အိတ်တွင်းသို့ ပြန်ထည့်လိုက်ပြီး မောင်သိန်းရွှေကို ရှာရသည်။

ယခင် ညီမင်းညို လုပ်ခဲ့ရသော ရွှေရည်ဦး ဘားခန်းတွင်းမှာပင် သူ့ကို တွေ့ရှိရပါ၏။

"ဒီစာကို မောင်သိန်းရွှေ မမစားပွဲပေါ် လာတင်ထားတာဆို"

"ဟုတ်ကဲ့ အစ်မ"

"ဘယ်သူ ပေးသွားတာလဲ ဟင်"





"အနောက်ရွာက ဈေးသည်မကြီးတစ်ယောက်ပဲ၊ မြလေးငုံလက်ထဲကို ရောက်အောင် ထည့်ပေးပါတဲ့၊ ငွေငါးကျပ်လည်း ပေးသွားတယ်"

"ဟင်... သူ့ကို ဘယ်သူက ပေးခိုင်းလိုက်တာတဲ့လဲ"

"အဲဒါတော့ မသိဘူး အစ်မ"

"မောင်သိန်းရွှေနဲ့ ဘယ်လိုလုပ်ပြီး တွေ့လဲဟင်"

"ကျွန်တော် ခြံထဲမှာ သစ်ရွက်ခြောက်တွေ လိုက်ကောက်နေတုန်းက အဲဒီမိန်းမကြီး ခရမ်းပြာရေ့မှာ ခံတောင်းတစ်လုံးနဲ့ ကောက်ရိုးမှိုတွေ ထည့်ပြီး ထိုင်ရောင်းနေတယ်"

"အင်း"

"နောက် ဆရာတို့ ကားထွက်သွားတော့မှ သူက ကျွန်တော့်ဆီ ခေါ်လာပြီး အဲဒီစာအိတ်ကို ပေးတာ၊ ဘာစာလဲ အစ်မ၊ ကိုညီမင်းညို ဆီကလား"

"အေး"

"သြော်... ဒါကြောင့် ဆရာတို့ အလစ်မှ ပေးတာထင်တယ်"

"မင်းကလည်း မမနဲ့တွေ့မှ ပေးရောပေါ့"

"မမိုးပွင့်က ခုပဲ ဆင်းလာမယ် ဆိုတာနဲ့ မမကောင်တာပေါ်မှာ ထားခဲ့တာ၊ ဘာဖြစ်လို့လဲ"

"မ.. မဖြစ်ပါဘူးကွယ်"

"ဒီအဘွားကြီးကို ဘယ်သူက တစ်ဆင့်ပေးခိုင်းလိုက်တာလဲ မသိဘူးနော်၊ ကိုညီမင်းညို ဘယ်တော့ လာမတဲ့လဲ အစ်မ"



www.burmeseclassic.com

www.burmeseclassic.com

"မသိပါဘူးကွယ်၊ စာထဲမှာ ဘာအကြောင်းထူးမှ မပါပါဘူး"

မောင်သိန်းရွှေနှင့် ဆက်ဆွေးနွေးနေလို့လည်း အကြောင်းထူး တော့မည်မထင်၍ လှည့်ပြန်လာရသည်။

ထိတ်ထိတ်ခုန်သောရင်ဖြင့် မလုံမလဲ ကြည့်မိသော်လည်း ဘယ်သူကမှ သံသယ ရှိကြပုံမရ။ မန်နေဂျာ ကိုငြိမ်းအောင်ကလည်း သူ့စားပွဲမှာ Newsweek စာအုပ် ဖတ်နေပါ၏။ ခရမ်းပြာတစ်ခုလုံး တည်းခိုသူ အနည်းအကျဉ်းဖြင့် လူရှင်းနေသည်။

"မြလေးငုံ အပေါ် ခဏ တက်လိုက်ဦးမယ်နော်..."

မမိုးပွင့်ကို နှုတ်ဆက်ပြီး ပထမထပ်၏ နောက်ဘက်ဆွယ်ရှိ သီးသန့် အဆောင်တွင်းသို့ လာခဲ့သည်။ သူ့အတွက် ရရှိထားသော အခန်းငယ်ကို ဖွင့်ဝင်လိုက်ပြီး တံခါးကို သော့ချ၍ စာကို အသေအချာ အပြန်ပြန်အလှန်လှန်ဖတ်ပြီး မီးရှို့ပစ်လိုက်တော့သည်။

"မောင်ရယ်...မောင်နဲ့ ပတ်သက်တဲ့ တကယ့်သတင်းစကား မှန်သာ ကြားရမယ်ဆိုရင် သီတာခုနစ်တန် ဖြတ်ရပါစေ၊ မမင့် ကူးလာခဲ့မှာပါ"

"ခုတော့... ခရမ်းပြာမှာ သိပ်ရှုပ်ထွေးနေတယ်..."

"မောင့်ကို သိပ် တမ်းတနေမှန်း သိတဲ့ တစ်ယောက်ယောက်က မမင့်ကို မှားခေါ်တာလို့ပဲ ယူဆတယ်"

"ဒါကြောင့် မှောင်ရိပ်ဖျိုးဖျအချိန် မိစ္ဆာဂူအနီးက ဂူပေါက်ကြီး ရှိရာနေရာ မမင့် မသွားရဲတော့ဘူး"





"ဒီကနေပြီးပဲ မောင်ရှိရာအရပ်က ကြားသာအောင် မောင်ရေ... ခမင့်ဆီ ပြန်လာခဲ့ပါတော့လို့ ရင်ပွင့်မတတ် ဟစ်အော်လိုက်ချင်ပါပြီ အချစ်ရယ်"

"မောင့်စာကို အချိန်ပြည့် မျှော်နေပါတယ်၊ မောင့်အကြောင်းကို စက္ကန့်မလပ် သိချင်နေပါတယ်၊ ရင်ခုန်သံနဲ့အမျှ မမ မောင့်ကို တမ်းတမ်းတတ ရှိနေရပါတယ် ဆိုတာတွေကို စာနာငဲ့ညှာတဲ့အနေနဲ့ အမြန်ဆုံး ဆက်သွယ်လာပါတော့ မောင်ရေ..."

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

နေ့လယ်ပိုင်း ဆေးရုံ လူရှင်းချိန်မှာ မြလေးငုံ ရောက်လာခဲ့သည်။

ဦးထင်လင်းကျော် ထူထူထောင်ထောင် ဖြစ်နေသည်ကို မြင်လိုက်ရ၍ ဝမ်းသာပြုံးရွှင်စွာ သူ့ကိုရော သူ့ဇနီးကိုပါ နှုတ်ဆက်လိုက်ရပါ၏။

"အစ်ကိုကြီးကြောင့် မြလေးငုံတို့အားလုံး အလုပ်ရှုပ်ကုန်ကြပြီ"

"မဟုတ်တာ၊ ရှုပ်ရစမ်းပါစေ၊ ခုလို အစ်ကိုကြီး ပြန်ပြီး ကျန်းမာလာတာပဲ ဝမ်းသာလှပါပြီ"

"ဟုတ်တယ် ညီမရယ်၊ ဒီလိုက်လာကာစ,ကများ လူက ရှုးချင်ရော၊ လူနာကလည်း သဲ၊ အသိအကျွမ်းကလည်း မရှိ..."

"မပူနဲ့ မိန်းမရဲ့ ကိုကျော် သေသွားတော့လည်း နောက်ဘဝ အသစ်တစ်ခု စတော့ ပျော်စရာလေး၊ ဘဝဆိုတာ အဲဒီလို အလှည့် အပြောင်းလေးတွေလည်း တွေ့ကောင်းတယ်"

"ရှင့် ကလေးတပြုံးတမနဲ့ ကျုပ်က ယူပါလို့ ပြောရင်တော်ပြန်အမ်းသွားလိမ့်မယ်"





အသက်ဘေးမှ လွတ်လာခဲ့သော ခင်ပွန်းနှင့် ဇနီးသည်တို့ ကြည်စယ် ရယ်မောနေကြသည်ကို ကြည်နူးရပါ၏။

"မြလေးငုံ လာကြည့်တာ သက်သက်လား၊ အစ်ကိုကြီးကို တစ်ခုခု ပြောစရာရှိသလား"

ရှေ့နေပီသစွာ တဘက်လူ၏ အင်္ဂါရပ်ကို အကဲခတ်တတ်သစွ။

မြလေးငုံ ငြိမ်သွားချိန်မှာ သူဘယ်လို ရှင်းလိုက်သည်မသိ။ အထူးသူနာပြု ဆရာမရော... သူ့ဇနီးပါ သူ၏ သီးသန့်ခန်း ပြင်သို့ ထွက်သွားကြတော့သည်။

"အစ်ကိုကြီးကို မြလေးငုံ မေးချင်စရာတွေ ရှိနေတယ်၊ ခရမ်းပြာ ပတ်သက်လို့ပါ..."

"အစ်ကိုကြီးကလည်း ဒီအကြောင်း မေးချင်၊ ပြောချင်၊ ဆွေးနွေးချင်နေတာပါ၊ ဘာမှ စိုးရိမ်စိတ် မထားနဲ့၊ အစ်ကိုကြီးကို ပွင့်ပွင့် လင်းလင်းပြောစမ်း မြလေးငုံ"

"ခရမ်းပြာထဲမှာ လျှို့ဝှက်အရှုပ်အထွေးတွေ ရှိနေတယ်လို့ မြလေးငုံ ထင်လို့ပါ၊ ပြီးတော့... မိစ္ဆာဂူနဲ့ ခရမ်းပြာနဲ့ ဘယ်လို ပတ်သက်နေတယ်... လို့ အစ်ကိုကြီး ထင်သလဲဟင်"

"မြလေးငုံ ဘာတွေသိထားလဲ"

"ဘာမှ တိတိကျကျ မသိပါဘူး အစ်ကိုကြီး၊ သြော်... ပြီးတော့ အစ်ကိုကြီးကို မြလေးငုံ အရေးတကြီး မေးချင်တာရှိပါတယ်"

"ဘာလဲ၊ မေးလေ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးကို ဓားနဲ့ ဝင်ထိုးသတ်တဲ့ တရားခံဟာ ကြီးကြီးဒေါ်ပိုးအိမ်ပဲလို့ အစ်ကိုကြီးထင်သလားဟင်"

"မဟုတ်နိုင်ဘူး၊ လုံးဝ မဖြစ်နိုင်ဘူး"

"ရှင်"

"အရူးမို့ ခွန်အား နှစ်ဆရှိတယ်ပဲ ဆိုဆို၊ အဲဒီ လူသတ်သမားဟာ မိန်းမကို မဖြစ်နိုင်ဘူး၊ အစ်ကိုကြီးကို သတ်ချင်လို့ကို တမင်သက်သက် လာသတ်တာ"

"အဲဒါ ဘယ်သူဖြစ်နိုင်လဲဟင်"

"မြလေးငုံကို အစ်ကိုကြီး မပြောပါရစေနဲ့"

"ပြောစမ်းပါ အစ်ကိုကြီးရယ်၊ မြလေးငုံ နှုတ်လုံပါ့မယ်၊ မြလေးငုံကိုယ်တိုင်မှာလည်း အခက်အခဲတွေ ရှိနေလို့ အစ်ကိုကြီးနဲ့ ဆွေးနွေးရအောင် လာတာပါ"

"အဲဒီ အခက်အခဲ ဆိုတာတွေ အရင်ပြောစမ်းပါဦး"

မထူးတော့...

မြလေးငုံကို တစ်စုံတစ်ယောက်က ချုပ်ကိုင်ထားသလို ကျဉ်းကျပ်နေသည့် အဖြစ်ကို မခံစားချင်တော့။

ရင်၌ သံသယများစွာ ရစ်ပတ်နေခဲ့ရသမျှ ဦးထင်လင်းကျော်လိုအားကိုး ယုံကြည်ထိုက်သောသူရှေ့မှာ ဖွင့်ချလိုက်မိတော့သည်။

ပထမဆုံး ဒေါ်ပိုးအိမ်၏ လှောင်အိမ်တံခါး ပွင့်နေသည့်အကြောင်း။





သူ့အသက်ကို ရန်ရှာသည့် အကြောင်း၊ ကယ်တင်ရှင်အကြောင်းနှင့် နောက်ဆုံးရရှိသော စာအထိ အားလုံးပြောပြလိုက်မိတော့သည်။

"အင်း ဒါဆို...မြလေးငုံရဲ့ လုံခြုံရေးတောင် အရေးကြီးနေပြီနဲ့တူတယ်။ နေဦး... မနေ့က ရတဲ့စာပါလာလား"

"တစ်ယောက်ယောက် တွေ့မှာကြောက်လို့ မီးရှို့လိုက်ပြီ"

"သဲလွန်စတော့ ပျောက်သွားပြီပေါ့လေ၊ အင်း... ညီမင်းညိုလုံးဝ အဆက်အသွယ်မလုပ်တာ ဆန်းတယ်"

"သူ... သူ့မှာ တစ်ခုခု အန္တရာယ်များ ဖြစ်နေပြီလား...လို့ မြလေးငုံ တွေးပူမိတယ်"

"ဒီလောက် အကြာကြီး အဆက်အသွယ်ဖြတ်ထားဖို့ ဖြစ်နိုင်ရောတော့ ရှိမယ်မထင်ဘူး"

"သူ့ဆီက အဆက်အသွယ် မရလို့ သောကရောက်နေရတာနဲ့ မြလေးငုံ ရူးတော့မယ်ထင်ပါရဲ့ အစ်ကိုကြီးရယ်"

"သိပ်ချစ်လေ သိပ်စိုးရိမ်ရလေပဲပေါ့၊ စာကို မတွေ့ရတော့ ကယ်လား ညာခေါ်တာလားဆိုတာ တွေးဖို့ ခက်သွားတယ်၊ ဖြစ်ဖို့များတာကတော့ မြလေးငုံကို အန္တရာယ်ပေးဖို့ပဲ"

"အို...ဒါဆို မြလေးငုံ ခရမ်းပြာမှာ ဆက်ပြီး နေလို့မှ ဖြစ်ပါတော့မလားရှင်"

"ခရမ်းပြာထဲမှာတော့ မြလေးငုံအတွက် အန္တရာယ်ဟာ ချက်ချင်း ကျရောက်လာနိုင်မယ်လို့ အစ်ကိုကြီး မထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"မြလေးငုံ စိတ်အညစ်ဆုံးက သူနဲ့ အဆက်အသွယ် မရတာကိုပဲ"

"နေဦး…ဒါဆို ညီမလေးဆီပဲ မေးရတော့မှာပဲ။

နေထွန်းနီ လိပ်စာသိရရင် အစ်ကိုကြီး အနေနဲ့ပဲ ညီမင်းညိုနဲ့ ဆက်သွယ်ပြီး မေးကြည့်ပေးပါ့မယ်"

နေထွန်းနီ၏ ပထမဇနီးကြီး ခင်မြင့်ဦးမှာ ဦးထင်လင်းကျော်၏ နှမအရင်း ဖြစ်လေသည်။

သူ့အနေနှင့် အဆက်အသွယ် လုပ်ချင်စရာ အကြောင်းမရှိသော်လည်း သူတစ်ပါးကိစ္စကို အလွန်အကူအညီ ပေးတတ်သူမို့ မြလေးငုံ အားကိုးရပါသည်။

"ဒီကနေ ဖုန်းဆက်လို့များ ရမလားဟင်… အစ်ကိုကြီး"

"ရနိုင်လောက်ပါတယ်၊ မာမာ့ကိုပါ ကူညီခိုင်းရမယ်"

မာမာဆိုသည်မှာ ဦးထင်လင်းကျော်၏ဇနီး "ဒေါ်မာမာစန်း"ကို ဆိုလိုခြင်းဖြစ်ပါလေသည်။

"အကြောင်း ထူးရင်၊ သူ့ဆီက သတင်းရရင် မြလေးငုံဆီကို ချက်ချင်း ဖုန်းဆက်ပေးပါနော်"

"စိတ်ချ မြလေးငုံ၊ နက်ဖြန် သို့မဟုတ် သန်ဘက်ခါမှာပဲ အကျိုးအကြောင်း သိရမှာပါ"

လာရကျိုးနပ်ပါဘိတော့ကွယ်…

မြလေးငုံ ရင်တွင်းမှ အသည်းဦးကို ယူငင် ပန်ဆင်သွားသော မောင်ဆိုသည့် "သည်းဦးပန်"၏ ကောင်းမြတ်သော သတင်းကိုသာ ကြားသိခွင့်ရရှိပါရစေ။





"မမငုံဘက်မှာ ဘာပဲဖြစ်နေဖြစ်နေပါစေ၊ အချစ်မြတ်နိုးဆုံးသော မောင်သည်သာ… ကိုယ်ကျန်းမာခြင်း၊ စိတ်ချမ်းသာခြင်းများနဲ့အတူ ပညာရေးခရီးလမ်း ဖြောင့်ဖြူးပါစေ… လို့ မမငုံ တောင်းဆုချွေနေပါတယ် အချစ်ဦးရယ်…

စာထဲကအတိုင်း မမငုံကို သက်သက်ညှဉ်းပန်းနှိပ်စက်ပြီး မေ့ရက်တာမျိုးဆိုရင်လည်း မမငုံ ကျေနပ်ပါတယ်ကွယ်…

တကယ်လို့ မောင့်မှာ စိတ်မချမ်းမြေ့စရာ အတားအဆီးတွေ၊ သောကအခက်ခဲတွေ တွေ့နေရင်လည်း မမငုံတစ်ယောက်တည်း စုစည်းပြီး ခံစားပေးချင်ပါတယ်…

မောင်ရယ်၊ "မမငုံကို သိပ်ချစ်တယ်ဗျာ" လို့ ပြောသွားခဲ့တဲ့ မောင်ရေ… မမငုံလေ အသည်းတွေ ကြွေမတတ် မောင့်ကို လွမ်းနေရပါတယ် ဆိုတာတွေ မောင် သိ ါစေသားကွယ်…

"မြလေးငုံ"

"ဟင်"

မောင်ရှိရာအရပ်ဆီသို့ ဝေးလွင့်နေမိသော စိတ်အစဉ်ကို ဦးထင်လင်းကျော်၏ ခေါ်သံက ရပ်တန့်စေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ပိုးအိမ်ကို ရန်ကုန်က စိတ်ကျန်းမာရေးဆေးရုံ ပို့ဖြစ်သလား"

"မပို့ဖြစ်သေးပါဘူး အစ်ကိုကြီး"

"ကုလို့ မရမယ့်အတူတူ ပို့နေစရာလိုမယ် မထင်တော့ပါဘူး"

"ကုမရပေမယ့် ခုလို လူတွေကို အန္တရာယ်ပေးနေရင် မခက်လား"

"သူက ဘယ်သူ့ကိုမှ အန္တရာယ်မပေးရှာပါဘူး"

"ဒါဆို အစ်ကိုကြီး ယူဆခဲ့သလို အစ်ကိုကြီးကို သတ်သူဟာ ကြီးကြီးဒေါ်ပိုးအိမ် မဟုတ်ဘူးလို့ဆိုရင် ဘယ်သူရှိ ထင်လဲမြင့်"

"မြနှလေးငုံ နှုတ်လုံပါစေ၊ ပြီးတော့ စိတ်မဆိုးရဘူးနော်"

"နှုတ်လည်း လုံပါ့မယ်၊ စိတ်လည်း မဆိုးပါဘူး"

"အေး...ကတိတည်မှ ညီမင်းညိုကြီစွကို ကူညီမှာနော်"

"အမယ်လေး စိတ်ချစမ်းပါ အစ်ကိုကြီးရယ်"

"အေး...အစ်ကိုကြီးကို သတ်ပစ်ဖို့ ကြံစည်အားထုတ်သူဟာ တခြားလူ မဖြစ်နိုင်ဘူး၊ ဦးပိုင်သကိုယ်တိုင်ပဲ"

"ဟာ"

မယုံရဲသော စကားမို့ မျက်လုံးအပြူးသားနှင့် ဦးထင်လင်းကျော်ကို ကြည့်နေဆဲမှာ...

"အေး... ဒီကိစ္စတွေအားလုံး ဖော်ထုတ်ဖို့... ဟင်... ဟော ကိုသက်မော်ပါလား၊ လာဗျာ"





ဦးထင်လင်းကျော်၏ ဆက်တိုက်စကားကြောင့် မြလေးငုံ အလန့်တကြား လှည့်ကြည့်လိုက်တော့...

"ဆရာက လှမ်းလိုက်လို့ စားစရာတွေ လာပို့တာပါ၊ ပြီးတော့ မြလေးငုံ့ အပြန်ကိုလည်း ကြိုလာခဲ့ပါတဲ့"

"အို... မြလေးငုံ ဒီကိုလာတာ ဦးလေးမှ မသိတာ"

"ခရမ်းပြာနဲ့ ပတ်သက်လို့ ဆရာ မသိတာ ဘာမှမရှိပါဘူး မြလေးငုံ"

"အို... မြလေးငုံ မပြန်သေးဘူး၊ ဒီမှာ ကြာဦးမှာ"

"ကျွန်တော် ဖန်တာ မဟုတ်ပါဘူး မြလေးငုံ... ခရမ်းပြာမှာ ဦးလေးက စောင့်နေမှာပါ၊ ဟိုရောက်တော့ မေးကြည့်ပေါ့"

"ကိုသက်မော်ကို မယုံလို့ မဟုတ်ပါဘူး၊ မြလေးငုံ မပြန်ချင်သေးလို့ပါ"

"ကျွန်တော်လည်း အားနေတာပါ၊ မြလေးငုံ ပြန်ချင်တဲ့အချိန်မှ ပြန်ပါ၊ ဆရာ မှာလိုက်တဲ့အတိုင်း မြလေးငုံနဲ့အတူ ခရမ်းပြာကို ပြန်သွားကြဖို့က ကျွန်တော့်တာဝန်ပါ"

မြလေးငုံ ပြန်ပြောရမှန်းကို မသိ၍ ဦးထင်လင်းကျော်ကို အဖြေတောင်းသလို ကြည့်လိုက်မိသည်။

ဦးထင်လင်းကျော်သည် ကိုသက်မော်၏ ကိုယ်ခန္ဓာမှာ အဖြေရှာသလို သေသေချာချာ စေ့စေ့စပ်စပ် ကြည့်နေပါ၏။

သူသည် သူ့ဆရာ၏ ကိစ္စပေါင်းစုံကို ကူညီလိုက်ပါ ဆောင်ရွက်သူလားဟူသော အကြည့်က စူးစူးရှရှ ရှိလှ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုသက်မော်ကလည်း သူ့ကို အကဲခတ်နေမှန်း သိ၏။ သူ တည်ငြိမ်စွာ ထိုင်နေရှာသည်။ ကိုသက်မော်သည် စဉ်းလဲသော သူ တစ်ယောက်ဟု ထင်နိုင်ဖွယ်ရာ မရှိပါ။ မြလေးငုံ၏ အမြင်နှင့် ရှေ့နေဦးထင်လင်းကျော်၏ အမြင်တို့ တူညီနေသလားဟု မြလေးငုံ မဝေခွဲတတ်။

"ဆရာကလည်း ဦးထင်လင်းကျော်အတွက် အတော်ပဲ စိတ်ထိခိုက်နေရှာပါတယ်"

"ကျွန်တော့်အတွက်လား၊ ခုရမ်းပြာမှာ လူမလာတော့တဲ့ အတွက်လားဗျာ"

"စီးပွားရေးအတွက်လည်း ပါပါတယ်၊ ဒါပေမယ့် ဦးထင်လင်းကျော် ဒီလိုဖြစ်သွားရတာကို စိတ်မကောင်းဖြစ်နေရှာတာတော့ အမှန်ပါပဲ"

"ဒါဆိုလည်း ကျေးဇူးတင်ပါတယ်ဗျာ"

"ဘာလိုအပ်တာ ရှိသေးလဲ"

"လိုကွက်မရှိအောင်ကို ပြည့်စုံနေပါတယ် ကိုသက်မော်၊ ဆေးဖိုးဝါးခရော၊ အထူးသူနာပြု ဆရာမတွေ ရိတ်ပါဆိုတော့ မသက်သာလှဘူးပေါ့"

"သူ့ တည်းခိုခန်းမှာ ဖြစ်ရတာမို့ ဆရာ့မှာ တာဝန်ရှိပါတယ်လို့ ပြောပါတယ်"

"ဒါပေါ့၊ တာဝန်ယူရမှာပေါ့၊ သူ့တာဝန်ပဲဟာ"





ဦးထင်လင်းကျော်၏ စကားကြောင့် ကိုသက်မော် မျက်နှာ ပျက်သွားလေသည်။

ကိုသက်မော်နှင့် ဦးလေးဦးပိုင်သတို့မှာ စိတ်တူ ကိုယ်တူ၊ အကြံတူ ဉာဏ်တူ လှုပ်ရှားနေကြသူများ၊ တဂိုဏ်းတည်းသားများဟု မြလေးငုံ တွေးမိနိုင်ပါပြီ။

"ဦးလေး ဦးပိုင်သဟာ လူသတ်သမားတဲ့"

"ဟုတ်နိုင်ပါ့မလား"

ယုံကြည်စိတ်နှင့်လည်း ကြောက်လန့်ရွံ့ရှာမိသည်။

မယုံကြည်စိတ်နှင့်လည်း အားကိုးခြင်း၊ သနားခြင်းများ ဖြစ်ထွန်းမိပါ၏။

မြလေးငုံ၏ ရင်တွင်းမှ ပဋိပက္ခစိတ်ကို ကိုယ်တိုင်ပင် မဖြေရှင်းနိုင်။

ကိုသက်မော်နှင့်အတူ ဘယ်နည်းနှင့်မှ မပြန်လိုပါ။

ကိုသက်မော်နှုတ်မှ ဖွင့်ဟလာမည့် အချစ်စကားကိုလည်း လုံးဝ မကြားနာလို၊ ဦးလေး စေ့စပ်ပေး လုပ်ပေးမှာကိုလည်း ကြောက်လှပါပြီ။

"အို... ငါ ခရမ်းပြာကို စွန့်ခွာပြီး မေမေတို့ဆီ အပြီးပြန်မှပဲ ဖြစ်တော့မယ်ထင်ပါရဲ့"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



မြလေးငုံ ဆေးရုံ၏ အနောက်ဘက်လမ်းမှ လှည့်ထွက်လာခဲ့သည်။

မြို့ပတ်လမ်းဘက်မှ ပြန်ရမည်မို့ ခရမ်းပြာနှင့်တော့ ပို၍ဝေးသွားပြီ။

ကိစ္စမရှိပါ၊ ကိုသက်မော်နှင့် အတူ မပြန်ရလျှင် ပြီးတာပါပဲ။

နေခြည်ပွင့်သော မိုးကာလ၏ ဆည်းဆာအလှက တောက်ပလွင်ကြည်နေသည်။

မြို့ပြင်ဘက်တွင် တန်းစီစိုက်ထားသော ပျဉ်းမပင်တိုင်းမှာ ခရမ်းပြာပွင့်တွေ ဝေနေ၏။

ပျဉ်းမပွင့်သည် တခြားသော ပန်းများလို တစ်ပွင့်ချင်း သီးခြားပွင့်ကြသည်မဟုတ်။

ပွင့်ပုံက အဆန်း...

အခိုင်လိုက်ဖြစ်သော်လည်း အောက်ခြေက အပွင့်ကြီးတွေနှင့် ဝေပြီး တဖြည်းဖြည်း စေတီပုံ ရှူးသွားကာ အဖူးက ထိပ်ဆုံးမှာ ပြီးတော့ ညွတ်ခွေခြင်း၊ ငိုက်ကျခြင်းမရှိ၊ အားလုံး ကောင်းကင်ရှိရာသို့ ထောင်မတ်နေတတ်ကြသည်။



ဘယ်ပန်း၏ အရောင်နှင့်မှ မတူသော ခရမ်းပြာ၊ ပန်းချီဆရာတို့ ဆေးစပ်ရန်ပင် ခက်ခဲမည့် အရောင်မျိုးပါ။

လူသူရှင်းသော ကွင်းပြင်နှင့် တောအုပ်၏ အလယ်မှာ ကတ္တရာလမ်း ဖောက်ထားပြီး လမ်း၏ ဘေးမှာ တန်းနေအောင် စိုက်ထားသော ပျဉ်းမပင်တို့က ဆည်းဆာအရောက်မှာ တင့်မောဖွယ် လှပလွန်းနေသည်။

ရှေ့ကို မျှော်ကြည့်လိုက်ပြန်တော့ လမ်း၏ ဟိုးတိုက်အဆုံးမှာ မိစ္ဆာဂူမရောက်မီ လက်ယာဘက်ကို ချိုးကွေ့သွားလျှင် မြလေးငုံတို့၏ ခရမ်းပြာ တည်းခိုရိပ်သာ၏ ဘေးဘက်သို့ ရောက်နိုင်ပါမည်။

ဤလမ်းခွဲမှ ရှေ့သို့ နည်းနည်းလေး ဆက်သွားလျှင် လက်ဝဲဘက်သို့ လမ်းချိုးရှိသည်။

ဤလမ်းကတော့ နေမဝင်တောင်စွယ်ထိပ်မှ ဆုတောင်းပြည့်စေတီတော်နှင့် ပျဉ်းမသုံးပင်ဒိုင် အပန်းဖြေစခန်းငယ်လေးကို ရောက်နိုင်ပါ၏။

မိုးမှုန်လေးများနှင့် နေခြည်အိုး၏ ထိတွေ့မှုကြောင့် "သက်တန့်"ကြီးတစ်ခုသည် ခုနစ်ရောင် ပေါင်းစပ်ကာ လှပစွာ ဖြစ်ထွန်းနေသည်။

သဘာဝ၏ အလှတရားများ စုစည်းရာ ပျဉ်းမပြာ စခန်းမြို့လေး၏ လူရှင်းလမ်းပေါ်မှာ တစ်ယောက်တည်း လျှောက်လာနေရသော မြလေးငုံ၏ ရင်မှာ...

ကြောက်လန့်ခြင်း၊ အသိရခက်ခြင်း၊ သံသယများပွားဆင့်ခြင်းသော ခံစားမှုအားလုံးကို ကြီးစိုးလွှမ်းမိုးကာ နေရာယူလာသည်က...



www.burmeseclassic.com

www.burmeseclassic.com



"လွမ်းရသော ဝေဒနာ"

တိတ်ဆိတ်ငြိမ်သက်နေချိန်မှာ သာမောဖွယ်ရှုခင်းများကို မြင်တွေ့ခွင့်ရခဲ့လျှင် အလွမ်းဝေဒနာကို အတိုင်းမသိ ခံစားရတတ်ပါ လေ၏။

"မောင်ရေ"

ရင်ထဲမှ အော်မြည်သံသည်သာ ကြားရစတမ်းဆိုပါလျှင် မြလေးငုံ၏ ချစ်သူကို တမ်းတသံက စကြာဝဠာအနှံ့ ပျံ့နှံ့မည် ထင်၏။

ဤကမ္ဘာ၏ ဘယ်နေရာမှာပဲရှိရှိ မောင် ကြားသာနိုင်ပါ လိမ့်မည်။

"မမငုံကို မောင် သိပ်ချစ်တယ်ဗျာ..." လို့ ဆိုတတ်ခဲ့တဲ့ အချစ်ဆုံးလေးရေ... မမငုံဆီကို အမြန် ဆုံး ပြန်လာပါတော့ကွယ်"

"မောင်... မမရဲ့ အချစ်ဆုံး မောင်ရေ..."

အထီးကျန်ဘဝနှင့် တစ်ကိုယ်တည်း လျှောက်လှမ်းနေရချိန်မှ ချစ်သူကို အားရပါးရ တမ်းတနေမိဆဲမှာ...

**"နောက်က"**

ဆိုသော အသံဖြင့် ခြေသံကြားရာ နောက်ဘက်သို့ ဆက်ခနဲ လှည့်ကြည့်လိုက်မိတော့...

**"လူတစ်ယောက်"**





သဘာဝနှင့် မစပ်ဟပ်မိသော သူ့ပုံစံကြောင့် မြလေးငုံ၏ ရင်ထဲမှာ ထင့်ခနဲ ဖြစ်သွားရသည်။

ကြည့်ပါဦး...

ချမ်းအေးခြင်း မရှိပါဘဲလျက် သားရေဂျာကင်မည်းကြီးကို သူ ဝတ်ဆင်ထားသည်။

နေရောင်တောက်ခြင်းမရှိပါဘဲလျက် နေကာမျက်မှန်ကြီးကို တပ်ဆင်ထားသော ဆံပင်ရှည်ရှည်နှင့် လူတစ်ယောက်။

အုန်းခွံရောင် မှိုင်းမှိုင်း ဘောင်းဘီနှင့် ခြေလှမ်းမှန်မှန် လှမ်း၍ မြလေးငုံ၏နောက်မှ သူ လိုက်လာနေလေပြီ။

မြလေးငုံ ခပ်သွက်သွက်ကလေး လှမ်းကြည့်တော့ သူ့ခြေသံကလည်း သွက်လာသည်။

မြလေးငုံနောက်သို့ လိုက်လာတာ သေချာပြီ။

"ငါ့နောက်တော့ လူတစ်ယောက် လိုက်နေပြီ"

"ခရမ်းပြာကိုရောက်ဖို့က အဝေးကြီးရှိသေးတယ်"

"ဟိုတောအုပ်လေးကို ဖြတ်ရဦးမယ်"

"ငါ ဘယ်လို လုပ်ရပါ့မလဲ"

ကြောက်လန့်ခြင်းသည် မြလေးငုံ တစ်ကိုယ်လုံးကို တင်းကျပ်စွာ ရစ်ဖွဲ့သွားလေပြီ။

ခရီးလမ်း၏ အလယ်ဗဟိုသို့ ရောက်နေ၍ နောက်ပြန်လှည့်၍ မဖြစ်တော့။

ရှေ့သို့ အမြန်ဆုံးသွားနိုင်မှသာ သားကောင်ဘဝက လွတ်မြောက်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



စံချိန်သစ်ပင် တင်နိုင်လောက်မည့် ခြေလှမ်းများဖြင့် အမြန်ဆုံးနှုန်းနှင့် လျှောက်လာရင်း လှည့်ကြည့်လိုက်တော့...

"အို... ငါ့နောက်က နီးလာပြီ"

တစ်ကိုယ်လုံး ချွေးစီးများဖြင့် အေးလာသည်။ အသက်ရှူသံက မြန်လာသည်။

ဤနှုန်းအတိုင်းသွားနေလျှင် မကြာမီ မီလာတော့မည်။

"မဖြစ်တော့ဘူး ပြေးမှ"

တတ်စွမ်းနိုင်သမျှသော အားအင်များအားလုံး အသုံးချပြီး မြလေးငုံ တအားပြေးလေတော့...

"ဟိတ်... မပြေးနဲ့"

သူ့အသံ ကြားရလေ... ပို၍ အားသွန်ခပြေးမိလေ။

"မပြေးနဲ့... မပြေးနဲ့ဆို"

အသံက အနီးလေးပါလား...

ယင်းအသိနောက် ဆယ်စက္ကန့်လောက် အချိန်မှာ...

"အမယ်လေး"

လူသတ်သမားသည် လက်နက်မဲ့ သားကောင်လေးကို ဖမ်းချုပ်ဆုပ်ကိုင်နိုင်ခဲ့ပြီ။

"အမယ်...အ...အ..."

အော်၍ မရတော့။

သူသည် ဖမ်းချုပ်ရုံမက မြလေးငုံ၏ ပါးစပ်ကို လက်တဘက်နှင့် ပိတ်ပြီး တဘက်က အော်တိုမက်တစ် ဓားမြှောင်ကို နှိပ်ဖွင့်လိုက်ပြီး...





မြလေးငုံ၏ လည်တိုင်ကျော့လေးမှာ ဓူးနစ်စိုက်ဝင်မတတ် ထောက်လျက်...

"မအော်နဲ့နော်... ငြိမ်ငြိမ်သာသာလိုက်ခဲ့"

နည်းနည်းမှ မလှုပ်ရှားရဲ။

တုံ့ပြန် တိုက်ခိုက်နိုင်စွမ်းအားလည်း မရှိ၍ သူဆွဲခေါ်ရာ နောက်သို့ လိုက်ခဲ့ရပါပြီ။

ကြောက်လန့်ခြင်း၊ အမောဆို့ခြင်းများကြောင့် မျက်လုံးတွေပြာလာသည်။

မေ့မြော၍ ညွှတ်ခွေလဲကျတော့မတတ်။

"မကြောက်နဲ့... မကြောက်နဲ့တော့နော်"

သူက ဘောင်းဘီအိတ်ထဲမှ လက်ကိုင်ပဝါကို ဆွဲထုတ်ပြီး ချွေးသုတ်ပေးနေလေသည်။

မြလေးငုံ ဖြတ်သန်းရန် ကြောက်လှသော တောအုပ်ငယ်လေး အတွင်းသို့ ဝင်ခဲ့ပြီး ယင်းမာပင်စည်ရင်းမှာ ထိုင်စေသည်။

အန္တရာယ်တောသို့ ရောက်ခဲ့ပြီ။

အသက်ကို စတေးလေမလား။

ဘဝကို ဖျက်ဆီးလေမလား။

လူသား တစ်ယောက်အတွက်၊ မိန်းမသားတစ်ယောက်အတွက်... အဆိုးဝါးဆုံးသော ကံကြမ္မာ၏ စက်ကွင်းတွင်းသို့ ဝင်ရောက်ရလေပြီ။

ဆိုသော အသိကြောင့် ကြောက်လန့် ကြေကွဲလွန်းစွာ မြလေးငုံ ငိုကြွေးရှိုက်ရှာလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အို…မငိုနဲ့လေ"

သွေးအေးအေးနှင့် သူကပြောလေ… မြလေးငုံ၏ ကြောက်လန့်ခြင်းက လွန်ကဲရလေပါ၏။

"မကြောက်ပါနဲ့၊ မငိုပါနဲ့ မြလေးငုံ၊ ရန်သူမှ မဟုတ်တာ"

"ဟင်… ရှင်"

"ဒီမှာ ကြည့်စမ်း၊ ကျွန်တော် ဘယ်သူလဲဆိုတာ"

"အို…"

သူက နေကာမျက်မှန်ကို ချွတ်၍ ပြုံးလိုက်သည်။

"သူ့ကို မြင်ဖူးလိုက်တာ"

သူကို တွေ့ဖူး…ဆုံဖူးသည် မှန်သော်လည်း ဘယ်သူမှန်း ဘယ်လိုမှ စဉ်းစား၍မရ။

"ရုပ်ဖျက်ထားရတာ မြလေးငုံရဲ့"

ပခုံး ထောက်မတတ် ရှည်နေသော သူ့ဆံပင် အတုကြီးကို ချွတ်ခွာလိုက်တော့မှ…

"အို…အမယ်လေး၊ ရှင်…ရှင်"

"သရဲ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်မှ ကျွန်တော် အစစ်ပါ"

"မြတ်စွာဘုရား…မယုံနိုင်စရာပါပဲလား၊ ရှင်ဟာ… ရှင်ပါနော်"

"အဟား…ဟား၊ မေးပုံက ရှင်းသွားတာပဲဗျာ၊ ဟုတ်ကဲ့… ကျွန်တော်ဟာ ကျွန်တော်ပါပဲ မြလေးငုံ"

"အို"

မြလေးငုံ တစ်ဘဝတာ မပြောနှင့် လူသားအားလုံးပင်လျှင် ဤမျှသော အံ့သြမှုလွန် ဝေဒနာကို ခံစားခွင့်ရကြလိမ့်မည် မထင်ပါ။





မြလေးငုံရှေ့မှ သူသည်…

တစ်ချိန်က ခရမ်းပြာပေါ်တွင် မြလေးငုံကို ဒေါ်ပိုးအိမ်လက်မှ ကယ်တင်ခဲ့သော…

"ကယ်တင်ရှင်"

အရိုးစုခန္ဓာဖြင့် သေဆုံးနှင့်ပြီးလေသော သူ…

"ရှင်…ရှင့်အရိုးစုကို ကျွန်မကိုယ်တိုင် တွေ့ရတာ၊ လက်မှာ တီးလက်စွပ်တွေ့လို့ ယုံခဲ့တာ"

"ဟုတ်ကဲ့၊ အဲဒါ ကျွန်တော့်ရဲ့ လှည့်ကွက်ပါပဲ မြလေးငုံ"

"ဒါဆို ရှင့်ကိုယ်စား လူတစ်ယောက် သေသွားရတာပေါ့နော်"

"သူတို့ဘက်ကလူပါ၊ သူဟာသူ သေတွင်းထဲ ရောက်သွားလို့ ကျွန်တော်က ကျွန်တော့်လက်စွပ် ဝတ်ပေးလိုက်တာပါ"

"ဘယ်မှာလဲ၊ ဆေးရုံမှာလား"

"မဟုတ်ဘူး၊ မိစ္ဆာဂူထဲမှာ"

"အို… ကျွန်မတော့ ဘယ်လို နားလည်ရမှန်း မသိတော့ပါဘူးရှင်၊ အခုဖြစ်နေတာ တကယ်မှ ဟုတ်ရဲ့လား၊ ကျွန်မ အိပ်မက် မက်နေတာလားဟင်"

"အကောင်လိုက် အထည်လိုက်ကြီးကို ရုပ်နေတာပါ၊ ကျွန်တော်လည်း တစ္ဆေမဟုတ်ဘူး၊ ခင်ဗျားလည်း အိပ်မက် မက်နေတာ မဟုတ်ပါဘူး"

"ဒါဆို ရှင့်ကို ဘယ်သူတွေက သတ်နိုင်ဖို့ ကြိုးစားကြတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မြလေးငုံ စိတ်မဆိုးနဲ့နော်"

"ဟာ... မဆိုးပါဘူး"

"ဦးပိုင်သ ကိုယ်တိုင်ပါပဲ"

"အဲဒီစကားကို စောစောကလည်း ကြားခဲ့ရတယ်"

"ရှေ့နေ ကိုထင်လင်းကျော်က ပြောလိုက်တာ မဟုတ်လား"

"ဟုတ်တယ်၊ ရှင်က အားလုံး သိနေတာပဲနော်"

"ကျွန်တော် ခရမ်းပြာဝန်းကျင်မှာပဲ ကျင်လည်နေခဲ့တာပါ"

"အဖြစ်ပျက်တွေဟာ သိပ်အံ့ဩစရာ ကောင်းတာပဲနော်"

"အခုထက် အများကြီး အံ့ဩစရာတွေ မြလေးငုံ တွေ့ရဦးမယ်"

"ဟင်... ဘာတွေလဲ"

"နောက်တော့ သိရမှာပါ"

"ကျွန်မကို မညှင်းဆဲချင်ပါနဲ့တော့ရှင်၊ အံ့ဩရ ကြောက်လန့်လွန်းလို့ ကျွန်မ သေရလိမ့်မယ် ထင်ပါရဲ့"

"နောက်ထပ် ကြားသိရမယ့် သတင်းကတော့ အံ့ဩခြင်းနဲ့အတူ သိန်းထီပေါက်တာထက် ဝမ်းသာရမှာပါ"

"ဘာများလဲရှင်"

"ခင်ဗျား သိပ်သိချင်နေတဲ့ အကြောင်းပါ"

"ဘာလဲဟင်... ဦးလေး ဦးပိုင်သတို့ အကြောင်း မဟုတ်လား"

"မဟုတ်ဘူး၊ ညီမင်းညိုရဲ့အကြောင်း"

"ဟာ... တ... တကယ်လားရှင်"

"မနေ့က ပေးလိုက်တဲ့စာ ခင်ဗျား မရဘူးလား"





"အို... အဲဒါ ရှင်ပေးတာလား"

"အင်းပေါ့၊ ခင်ဗျား ဘာလို့မလာလဲ"

"ရှင်မှန်းမှ မသိတာ... ကြောက်လို့ပေါ့၊ မယုံလို့ပေါ့"

"ကျွန်တော် စောင့်နေတာ"

"နေပါဦး၊ မောင်... ဟို... အညို၊ အဲ... ညီမင်းညို အခုဘယ်မှာလဲ"

"ရှိတယ်... မိစ္ဆာဂူထဲမှာ"

"ဘာ"

"သူ့ကို ဖမ်းချုပ်ထားကြတယ်"

"အို... ဟုတ်လို့လားရှင်၊ ကျွန်မတော့ ရှင်နဲ့ တွေ့ရတာ ရူးရတော့မယ်ထင်ပါရဲ့"

"ကဲ...ဒီမှာ စိတ်ကို ခဏလေးလျှော့ထားလိုက်... လျှော့ထားလိုက်၊ ဟုတ်လားနော်"

"ရှင် ဘာပြောပြော ကျွန်မ သူ့အကြောင်းကို သိပ်သိချင်တယ်ရှင်၊ သူ အခုဘယ်မှာဟင်"

"မိစ္ဆာဂူထဲမှာပါဆို"

"သူက ဘာလုပ်နေတာလဲ"

"သူ့ကို ဖမ်းချုပ်ထားကြပါတယ် ဆိုမှပဲဗျာ"

"သူ ဘယ်တုန်းက ဒီကို ပြန်လာတာလဲ"

"တစ်ပတ်လောက်ရှိပြီ၊ သူနဲ့အတူ နေထွန်းနီလည်း ပါလာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မဖြစ်နိုင်ဘူး၊ ဒီကမ္ဘာပေါ်မှာ အညို အမုန်းဆုံးလူဟာ နေထွန်းနီပါ"

"ဘယ်လို လာကြတယ်တော့ မသိဘူး၊ နေထွန်းနီ ရောက်လာ ပြီး ချက်ချင်း ပြန်သွားတယ်၊ နောက်တော့ ညီမင်းညို အဖမ်းခံ တော့တာပဲ"

"မောင့်ကို ဘာလို့များ ဖမ်းထားကြတာလဲရှင်"

"ညီမင်းညို အမုန်းဆုံးလူဟာ နေထွန်းနီ ဖြစ်သလို၊ ညီမင်းညို ကို ဒီကမ္ဘာပေါ်က ထွက်ခွာသွားစေချင်လှတဲ့ သူဟာလည်း နေထွန်းနီ ပဲပေါ့"

မှန်ပါ၏။

ညီမင်းညိုသာ ဒီကမ္ဘာပေါ်မှာ မရှိခဲ့လျှင် ဒေါ်တင်တင်ညို ပိုင်ဆိုင်သော စည်းစိမ်ချမ်းသာအားလုံးများ နေထွန်းနီအတွက်သာ ချည်းသာ ဖြစ်ပါလေမည်။

"ဒါဖြင့် အခု အညို့ကို သူတို့ ဘယ်လိုထားကြလဲ၊ နှိပ်စက် နေကြသလား၊ သတ်ပစ်ကြမှာလားဟင်"

"ခုထိတော့ ဘာမှမလုပ်ဘဲ ဂူထဲမှာ ပိတ်ထားကြတယ်"

"ရှင် ဘယ်လိုလုပ် သိလဲ"

"ကျွန်တော့်မျက်စိနဲ့ မြင်ခဲ့ရတာ"

"အို…တကယ်လားရှင်"

"တကယ်ပေါ့၊ အစောင့်တွေရှိလို့ သူ့ကိုတော့ တွေ့ခွင့်မရ သေးဘူး။ ဒါပေမယ့် သူတို့ရဲ့ လှို့ဝှက်တဲ့ခါးကိုတော့ ကျွန်တော် ရှာဖွေတွေ့ရှိထားပြီ"





"ကျွန်မ အညိုနဲ့ တွေ့ပါရစေ၊ ကျွန်မကို ခေါ်သွားပေး လားနော်"

"ခေါ်သွားပေးမယ်၊ ဒါပေမယ့် အားလုံး ကျွန်တော် စီစဉ်တဲ့ အတိုင်း လုပ်ရမယ်နော်"

"ဟုတ်ကဲ့ပါ"

ချစ်လှစွာသော မောင့်ကို တွေ့ချင်လှသည့် ဇောကြောင့် သိဉာဏ် အားလုံးကို ပိတ်ဖုံးသွားခဲ့လေပြီ။

"အတော်ပဲ အရှေ့ဘက်က နေပြီး ပေါင်းမိုးလေးနဲ့ နွားလှည်း တစ်စီး လာနေပြီ၊ အနောက်ရွာကို ပြန်ကြမှာ၊ ကျွန်တော်တို့ အဲဒီလှည်းနဲ့ လိုက်သွားရင် ဘယ်သူမှ မမြင်နိုင်တော့ဘူး"

သူ့အစီအစဉ်အတိုင်း သူ့လက်ကို တွဲလျက် မြလေးငုံ လိုက်ခဲ့မိ ပြီ။

"သြော်… ကျွန်တော့်နာမည်လည်း မှတ်ထားဦး ကြဲတိုင်း အောင်တဲ့"

"ဟင်… ရှင့်နာမည်က ကိုကြဲတိုင်းအောင်"

"ဟုတ်ပ…"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"အို... မောင်လိုက်တာလည်း မည်းလို့ပါလား"

"ရှူး... တိုးတိုးပြောဗျ"

"ကျွန်မ ကြောက်တယ်ရှင်"

"မကြောက်နဲ့၊ ကျွန်တော့်လက်ကို ကိုင်လေ၊ အောက်မှာ ရေ တွေနဲ့ ချောနေတယ်နော်၊ သတိထား"

လမ်းသည် ပို၍ ကျဉ်းမြောင်း လာပြီး နံရံများသည် ပို နီးကပ်စွာ ကျဉ်းကျပ်နေ၏။

နှစ်ယောက်ယှဉ်၍ မလျှောက်သာတော့။

အောက်ခြေ၌ ကျောက်ဂူကြီးမှ စိမ့်ထွက်လာသော ရေများ ကျင်ခဲမတတ် အေးစိမ့် စိုစွတ်နေပေသည်။

ဘေးနံရံများ၊ အပေါ်နံရံများမှလည်း ရေများ စိမ့်စိုစွာ စီး နေသည်။

တစ်ခါတစ်ရံ ကျောပြင်ပေါ်သို့ ရေတစ်ပေါက် ကျလာသည် ပင် နလုံးသားပေါ် ရေခဲတုံးကြီး ဖိချလိုက်သလို ခံစားရပါ၏။





"အို...ကျွန်မ...ကျွန်မ မသွားရဲတော့ဘူး ကြောက်တယ်"

"ကျွန်တော် စီစဉ်တဲ့အတိုင်း နာခံ ပါ့မယ်ဆို၊ ဒီနေရာ ရောက်လာမှတော့ ခင်ဗျား ဘာလုပ်လို့မှ မရတော့ဘူး၊ ပါးစပ်ပိတ်ပြီး ငြိမ်ငြိမ်လေးသာ လိုက်ခဲ့ပေတော့ မြလေးငုံ"

မြလေးငုံ၏ လက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ဆောင့်ဆွဲပြီး ကျောက်ဂူကြီး၏ ကျဉ်းမြောင်း နိမ့်ဝပ်သော လမ်းအတိုင်း သူ ခပ်သွက်သွက် လျှောက်သွားတော့သည်။

မြလေးငုံမှာ ဒယိမ်းဒယိုင်ဖြင့် သူဆွဲခေါ်သည့် လမ်းအတိုင်း လိုက်လာရင်းမှ...

"မှားပြီ"

ဆိုသော အသိနှောင်းက တစ်ကိုယ်လုံးကို တစ်စစီ ဖွဲ့ချွေလိုက် သလို ခံစားရပါပြီ။

"အပြင်မှာ မိုးစုတ်စုတ် ချုပ်လောက်ပြီ"

တစ်ကြိမ်တစ်ခါသာ ဆုံဖူးသော၊ မျက်နှာစိမ်း ယောကျ်ား တစ်ယောက်ကို ယုံစားစိတ်နှင့် လိုက်လာခဲ့မိသည့် အမိုက်မ။

အချစ်အ... ...ိုက်မဲတတ်ကြသည့် မိန်းမအပေါင်းတို့အနက် မြလေးငုံက ထိပ်ဆုံးမှ ဖြစ်လေသည်။

နေရာကလည်း ကြည့်ပါဦး...

ပျဉ်းမပြာစခန်း မြို့သူမြို့သားများ ကွင်းရှောင်သွားတတ်ကြ သည့် နေရာ၊ ဖြတ်သန်းရဲသူ မရှိသောအရပ်၊ လူသားစားသော မိစ္ဆာကောင်တို့ ပျော်မြူးနေထိုင်ရာ...



www.burmeseclassic.com

www.burmeseclassic.com



"မိစ္ဆာဂူအတွင်း"

မြလေးငုံမှာ ရှူးသွပ်သွားတော့မလောက် ချောက်ချားစိတ်ဖြင့် သူ့လက်မှ ဆောင့်ရုန်းလိုက်ပြီး ခြေစုံရပ်နေခဲ့သည်။

"လာလေ"

"မလာဘူး၊ လိုက်လာမိတာ မှားပြီ"

"ဟာဗျာ... အရေးထဲမှာ"

"ကျွန်မ ဘာကိုမှ ဆက်ပြီး မရင်ဆိုင်ချင်တော့ဘူး၊ ကျွန်မကို တစ်ခါတည်း သတ်လိုက်ပါတော့ရှင်"

မြလေးငုံမှာ သနားစရာကောင်းလောက်အောင် တုန်တုန်ခိုက်ခိုက်နှင့် ရှိုက်၍ ငိုနေရှာသည်။

ကိုကြံတိုင်းအောင် ဆိုသူ၏ လက်နှိပ်ဓာတ်မီးငယ်ဖြင့် မြလေးငုံ တစ်ကိုယ်လုံးကို ထိုးကြည့်လိုက်ပြီး...

"မြေအောက် လိုဏ်ဂူ လမ်းကျဉ်း လေးထဲမှာမို့ ခင်ဗျားအသံ ခုလိုထွက်လို့ရတာ၊ အပေါ်လမ်းကသာဆိုရင် ခင်ဗျားရော ကျုပ်ရော သူတို့ဖမ်းမိလောက်ပြီ၊ ဒီမှာ... မြလေးငုံ"

သူက အနားသို့ ပြန်တိုးကပ်လာပြီး ရှေ့ဆက်လျှောက်ရန် ခေါ်လာသဖြင့်...

"ကျွန်မ ဆက်ပြီး ရင်ဆိုင်နိုင်တဲ့ အင်အား မရှိတော့ဘူး ကြောက်လွန်းလို့ ကျွန်မ တစ်ကိုယ်လုံး အကြောတွေ သေသွားမတတ် ကျင်ခဲနေပြီရှင့်၊ ရှင်... ကျွန်မကို သတ်မယ့်တူတူ ခုပဲ သတ်လိုက်ပါတော့ရှင်၊ ကျွန်မ သေပါရစေ။ ကျွန်မ...ကျွန်မ..."





"အို...မြလေးငုံ"

ရေခဲပြင်ပေါ်မှာ ရပ်နေရသလို အောက်ခြေက အေးစိမ့်လှုန်းလှသည်။

အကြောက်လွန်စိတ်ဖြင့် လဲကျသွားတော့မလို ယိမ်းယိုင်သွားသော မြလေးငုံကို ကိုကြံတိုင်းအောင်က ဆီးပွေ့လိုက်ပြီး...

"ဒီလိုဏ်ဂူလမ်းလေးကိုတော့ ကြိုးစားပြီး ဆက်လျှောက်စမ်းပါ မြလေးငုံ"

မြလေးငုံ မနာခံ။

"ကဲ... ရော့ဗျာ၊ ဒီမောင်းချမား ယူထား၊ ကျွန်တော် တစ်ခုခု ကြံစည်မယ်ဆိုရင် တစ်ခါတည်းသာ ထိုးသတ်လိုက်၊ ဟုတ်လား"

"ဟင့်အင်း...ဟင့်အင်း"

"မငိုပါနဲ့ဗျာ၊ ကျွန်တော့်ကို ယုံစမ်းပါ၊ ဒီလမ်းဆုံးတာနဲ့ အားလုံး အဖြေပေါ်လာမှာပါ။ လာပါဗျာ"

သူက တွဲရုံမက ဆွဲခေါ်သဖြင့် မြလေးငုံ လှမ်းရွေ့ရပြန်သည်။

"အငိုတိတ်ပါဗျာ၊ ဘာသံမှ ထွက်လို့ မဖြစ်ဘူးနော်၊ သူတို့ တွေသာ တွေ့သွားရင် ကျွန်တော်ရော ခင်ဗျားပါ 'အရိုးစုခန္ဓာ'ဘဝ ရောက်ရလိမ့်မယ်၊ သတိထားနော်၊ ကဲ...လာ...လာပါ"

သူက အောက်ခြေကို မီးခပ်အုပ်အုပ်ထိုးပြီး မြလေးငုံကို သက်တဘက်ကဆွဲလျက် ရှေ့သို့ တိုးလျှောက်သွားတော့သည်။

လျှောက်ရင်း လျှောက်ရင်း လမ်းက ကျဉ်းရုံမက အပေါ်နံရံကလည်း နိမ့်လွန်းလာသဖြင့် နှစ်ယောက်သား ခါးကုန်း၍ လျှောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြရတော့သည်။

မထူးတော့သည့်ဘဝမို့ သူပြောသည့်အတိုင်းပင် မြလေးငုံ နာခံစွာ လိုက်ပါခဲ့ရသည်။

"အဖြူကွက်ကြီးတစ်ကွက်"

မြလေးငုံတို့၏ရှေ့မှာ အဖြူကွက်ကြီးတစ်ခုကို မြင်လိုက်ရပြီးသည်နှင့်...

"အပေါက်ပေါက်ပြီ မြလေးငုံ၊ ဘာသံဆို ဘာသံမှ မထွက်လိုက်ပါနဲ့နော်"

သူ့ကို ဘယ်လိုမှ အကဲခတ်နိုင်သည့် စွမ်းအား မရှိသော်လည်း လက်ရှိအခြေအနေအရ သူစီမံသမျှ လိုက်နာရရုံသာ။

တဖြည်းဖြည်း နီးလာတော့ အကွက်ကြီးသည် ဖြူရုံမက လင်းလာသည်။

"မီးရောင်ပါလား"

ကိုကြံတိုင်းအောင်က လက်နှိပ်ဓာတ်မီးကို ပိတ်၍ အိတ်တွင်းသို့ ထည့်လိုက်ပြီး မောင်းချဓားကို ဂါ်ဖွင့်လျက် ရှေ့က တရွေ့ရွေ့သွားသည်။

လိုဏ်ဂူ လမ်းကျဉ်းလေး ဆုံးသွားပြီ။

သူက ရှေ့မှသွားပြီး အပေါက်ထိပ်နား အရောက်တွင် တဘက်နံရံကို ကျောဖြင့် ကပ်မှီ၍ အောက်သို့ငုံ့ကြည့်လိုက်၏။

ပြီးတော့ မြလေးငုံဘက်သို့ လှည့်ကြည့်လာပြီး လက်ညှိုးဖြင့် အောက်သို့ သုံးလေးချက် ထိုးပြလိုက်သဖြင့်...





သိချင်ဇောစိတ်ဖြင့် မြလေးငုံလည်း အသက်မရှူရဲလောက်အောင် ဖွဖွလေးနင်းပြီး ငုံ့ကြည့်လိုက်တော့...

"ဟယ်"

ကိုယ့်ပါးစပ်ကို ကိုယ်ပိုပြီး နောက်သို့ ဆုတ်လိုက်ရသည်။

ခန့်ညားသော ရုံးခန်းကြီးတစ်ခုကို မြင်တွေ့လိုက်ရသလိုပင်၊ စားပွဲတွေ၊ ကုလားထိုင်တွေ၊ ဗီရိုတွေနှင့် မီးတွေကလည်း လင်းလို့...

မိစ္ဆာဂူကြီး၏ အောက်ခြေ လိုဏ်ခေါင်းကြီး အတွင်းမှာ အကျအန တည်ဆောက်ထားသော ရုံးခန်းကြီးတစ်ခု။

လူလေးယောက် ရှိနေသည်။

သေနတ်ကိုယ်စီနှင့်၊ ဝိုင်ယာလက်စက်တွေ၊ အသံဖမ်း မိုက်ကရိုဖုန်းတွေ၊ တိတ်ရကော်ဒါနှင့် တိတ်ခွေများအားလုံး စနစ်တကျထားရှိသည်။

ဝေးဝေးဆီမှလို စက်သံ ညံသံကို ကြားနေရသဖြင့် ဂူကြီးအတွင်းမှာ ကိုယ်ပိုင်မီးစက်ယန်နှင့် မီးများလင်းနေစေသည်ဟု သိလာနိုင်သည်။

ပခုံးကို လာတို့သဖြင့် မြလေးငုံ ကြည့်လိုက်တော့ သူက လက်ညှိုးညွှန်ပြသည်။

အနောက်ဘက်ခန်း သံတိုင်များ ကာရံထားသည့် အတွင်းဘက်ကို လက်ညှိုးညွှန်ပြသဖြင့်...

မြလေးငုံ ကြည့်လိုက်တော့ ခေါင်းငုံ့၍ ထိုင်နေသူတစ်ယောက်ကို မြင်လိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အချုပ်ကျခံနေရသည့် သဏ္ဌာန်ပါ။

ဒုတိယအကြိမ် လက်တို့ခံရပြီး သူ့ထံမှ ကြားသာရုံ လေသံသဲ့သဲ့လေးဖြင့်...

"အဲဒါ... ညီမင်းညိုပဲ"

မြလေးငုံ၏ နှလုံးသားသည် ရင်ထဲမှနေ၍ လွင့်စင်ကျသွားပြီလား ထင်လိုက်ရပါပြီ။

"အမယ်လေး... ဟုတ်လိုက်လေ"

"မောင်မှ... မောင် အစစ်ပါလား"

သံလှောင်အိမ်တွင်းမှာ အကျဉ်းကျခံနေရသော အချစ်ရဆုံး၊ အကြင်နာရဆုံး မောင့်ကို...

"ဘယ်သို့သော အယုတ်တမာ ကောင်တွေကများ ဖမ်းဆီးထားကြတာလဲ"

ရောက်နေရသော နေရာ၏ အခက်အခဲ၊ မြင်တွေ့နေရသော အချစ်ဆုံးလေး၏ အကျဉ်းကျပ်များကြောင့်...

မြလေးငုံမှာ လက်ရှိနေရာက ခုန်ထွက်ပြီး အားလုံးကို ရင်ဆိုင်တိုက်ခိုက်ချင်သော သတ္တိထူးများ ဝင်လာတော့သည်။

"အင်"

လိုဏ်ခေါင်းထဲမှ ခေါင်းပြူမတတ် ထွက်ကြည့်မိ၍ သူက ပြန်ဆွဲယူလိုက်သည်။

မြလေးငုံဘက်သို့ သူ ပြောင်းရွှေ့လိုက်၏။





နှစ်ယောက်လုံး မှောင်ထဲမှာ ပြန်၍ နေသားကျကြသဖြင့် အောက်က မမြင်သာနိုင်။

ကိုကြံတိုင်းအောင် ဆိုသောသူက မြလေးငုံနှင့် ပါးချင်း ထိပွတ်မတတ် နားနားကပ်၍...

"ဒီလျှို့ဝှက်လမ်းလေးကို သူတို့ လုံးဝ အသုံးမပြုကြဘူး၊ ဒီနေရာမှာ ရောက်နေရတာတော့ လုံခြုံပါတယ်၊ ဒါပေမယ့်..."

"ဘာဖြစ်လဲဟင်"

သူ့လိုပင် လေသံလေးဖြင့် ပြန်မေးရပါ၏။

"ညီမင်းညိုကို ဘယ်လိုကယ်မယ်၊ သူတို့ဂိုဏ်းကို ဘယ်လိုဖြိုမယ်ဆိုတဲ့ စဉ်းစားဆုံးဖြတ်ချက် မှန်ဖို့ အရေးကြီးတယ်"

"ကျွန်မ ဘာကူညီရမလဲ ဟင်"

"ကျွန်တော့်ကို ယုံပြီလား"

"ယုံပါပြီရှင်၊ စောစောက ပြောမှားမိရင် ခွင့်လွှတ်ပါနော်"

"ရပါတယ်ဗျာ"

နှစ်ယောက်သား ပြေလည်သွားကြပြီးနောက်၊ သူက... အောက်သို့ ထပ်မံ ကုန်းကြည့်သည်။

"နှစ်ကောင်တော့ သွားတော့မယ်၊ နှစ်ကောင် စောင့်လိမ့်မယ် ထင်တယ်"

"အညို့ကို ဘယ်လိုကယ်ရမလဲဟင်"

"အခြေနေပေးမှာပါ၊ အသာနေ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ဘာမှ မဆွေးနွေးဖြစ်ကြ၊ နှလုံးသားတို့ ပွင့်ကွဲမတတ် လှုပ်ရှားမှုကိုသာ ကြိုးစား၍ ထိန်းနေရပေသည်။

မြလေးငုံက စောစောက သူ ကြည့်ပလို အသာလေး တွားသွားပြီး ငုံ့ကြည့်မိပြန်၏။

လိုဏ်ခေါင်း အကျယ်ကြီး ဖြစ်နေသော နေရာမှာ ရုံးခန်းသဖွယ် လှို့ဝှက်စွာ အကျဖန်တီးထားသည်ကိုက အံ့ဩစရာ။

နောက်ဘက် လိုဏ်ခေါင်းငယ်လေးများ အတွင်းမှာလည်း သံတိုင်များ ကာရံထားသော အခန်းများရှိနေ၍ ကြည့်ရသည်မှာ အချုပ်ခန်းရှိသော ရဲဌာနတစ်ခုနှင့် တူနေတော့သည်။

"ကြည့်နေ... ကြည့်နေ၊ တံခါးဖွင့်တော့မယ်"

လူနှစ်ယောက် ထွက်သွားခါနီးမှာ ကုကြဲတိုင်းအောင်က နားနားကပ်၍ ပြောလာသည်။

"ဟာ"

အံ့ဩစရာကောင်းလွန်းသဖြင့် မအော်မိအောင် ပါးစပ်ကို ပိတ်ထားလိုက်ရသည်။

လျှပ်စစ်ခလုတ် ဖြူဖြူလေးကို နှိပ်လိုက်တော့ တံခါးရွက်က အတွင်းသို့ ပွင့်ဝင်လာ၏။

ဤအခန်း၏ အပြင်ဘက်အခြမ်းမှ တံခါးရွက်ပေါ်တွင် ကျောက်သားကျောက်စိုင်လို ပုံသဏ္ဌာန်ဖြစ်အောင် ဖန်တီးထွင်းကပ်ထား၍...





ဤတံခါးချပ်ကို ပြင်ပမှကြည့်လိုက်လျှင် တံခါးတစ်ချပ်ဟု လုံးဝမထင်သာနိုင်၊ ကျောက်ဂူနံရံကြီးဟုသာ မြင်နိုင်ပါလိမ့်မည်။

လူနှစ်ယောက်ထွက်ပြီး တံခါးက ပြန်ပိတ်သွားတော့သည်။

မြလေးငုံတို့နှစ်ယောက် နောက်သို့ ပြန်ဆုတ်လိုက်ကြ၏။

"ဟိုတစ်ချိန်က ဓားပြတွေ၊ ပြန်ပေးတွေ ခိုအောင်းနေခဲ့ဖူးတဲ့ နေရာမှာ လှို့ဝှက်လိုဏ်ခေါင်း ရှိခဲ့တာကို ဦးပိုင်သက အကြံရပြီး လျှပ်စစ်ခလုတ်တွေနဲ့ အကျအန တီထွင်တော့တာပါပဲ"

"သူ... သူ ဘာဖြစ်လို့ ဒီလိုတွေ လုပ်နေတာလဲဟင်..."

"မြလေးငုံရဲ့ ဦးလေး သိပ်ချမ်းသာလာတာ ဘာကြောင့်လဲ"

"ကြီးကြီး ဒေါ်ပိုးအိမ်ရဲ့ စိန်တွေ၊ ရွှေတွေကို ဘဏ်ကထုတ်ယူထုခွဲပြီး ခရမ်းပြာ ဟိုတယ်ကြီး တည်ဆောက်လို့ပေါ့"

"အဲဒါ တစ်ဝက်ပဲမှန်တယ်။ ကျန်တစ်ဝက်ကတော့ မသမာမှုကြောင့် ကြီးပွားနေတာပဲ"

"မြလေးငုံလည်း ကိုယ့်ဦးလေးကို အထင်ကြီးခဲ့မိပါတယ်"

"သူ့ စီးပွားရေးအတွက် လူသတ်ရဲတယ်၊ သူ့သာယာမှုအတွက် မိန်းကလေးတွေကို ဖျက်ဆီးရဲတယ်"

"အို"

"မြလေးငုံလည်း လက်တွေ့မြင်ရတော့မှာပါ၊ ကျွန်တော် ခရမ်းပြာကို ရောက်လာတာ သူနဲ့စာရင်းရှင်းဖို့ပါ"

"ဟိုတုန်းက ပြောခဲ့ဖူးတာ မှတ်မိပြီ၊ ဘာအတွက် အပြတ်ရှင်းမှာလဲရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ညီမလေးအတွက်"

"ဟင်"

"ပြောရရင်တော့ အရှည်ကြီးပဲ မြလေးငုံ"

"ကျွန်မ သိပါရစေ"

"ဒါဆိုလည်း အတိုချုံးပဲ ပြောပြမယ်"

"ဟုတ်ကဲ့"

"ကျွန်တော်တို့မှာ သားမိသုံးယောက်တည်းရှိတယ်၊ ညီမလေးရယ်၊ အမေရယ်ပေါ့၊ ဒီမိသားစုသုံးယောက်အတွက် ကျွန်တော်တစ်ယောက်တည်းက စီးပွားရှာနေရတော့ အိမ်မှာနေချိန် နည်းတယ်ပေါ့ဗျာ"

"ဟုတ်ကဲ့"

"သိပ် ရိုးသားတဲ့ အမေနဲ့ ညီမလေးဆီကို လူတစ်ယောက်ရောက်လာတယ်၊ နာမည်က "ကိုပိုင်သ"တဲ့ ခရမ်းပြာ တည်းခိုခန်းပိုင်ရှင်တဲ့၊ ရာတန်တွေလည်း အထပ်လိုက်၊ သုံးပြတော့ အမေနဲ့ ညီမလေးက အထင်တွေကြီးလို့..."

"အင်းပေါ့လေ"

"အတိုဆုံးပြောရရင် သိပ်လှတဲ့ ညီမလေးနဲ့ ဖြစ်ကြရောဗျာ ကိုယ်ဝန်လည်းရှိရော လုံးဝ လှည့်မကြည့်တော့ဘူး၊ ဒါနဲ့ ညီမလေးဟာ လောကကိုလည်း မရင်ဆိုင်ရဲ၊ ကျွန်တော့်ကိုလည်းကြောက်ပြီး ကိုယ်ဝန်ကို တိတ်တဆိတ် ဖျက်ဆီးရာက သွေးလွန်ပြီး သေဆုံးသွားခဲ့ရရှာတယ်လေ"





"ဖြစ်မှ ဖြစ်ရလေရှင်"

"အမေလည်း သမီးစိတ်နဲ့ အိပ်ရာထဲ လဲတော့တာပါပဲ၊ အခု အမေ့ကို သူ့ညီမအိမ်မှာ အပ်ထားခဲ့ပြီး ဒီကိုလာခဲ့တာ၊ ကျွန်တော် ကတော့ ဦးပိုင်သရဲ့ ယုတ်မာမှုတွေကို မဖော်ထုတ်ရရင် မပြန်ဘူး မြလေးငုံ..."

"စိတ်နာမယ်ဆိုလည်း နာစရာပဲပေါ့ရှင်"

ကိုကြံတိုင်းအောင်ဘက်မှ မှန်ကန်ပါသော်လည်း ဦးပိုင်သသည် မြလေးငုံအပေါ်မှာတော့ အစစ အရာရာ ကောင်းရှာသော ကျေးဇူးရှင် တစ်ဦးပါ။

"ကိုကြံတိုင်းအောင်"

"ဟင်"

"အညို့ကိုရော ဦးလေးက ဘာလို့ ဖမ်းချုပ်ထားတာလဲ ရှင်...ဟင်"

"ညီမင်းညိုကိုတော့ သတ်ပစ်ချင်လောက်အောင် မုန်းစရာ အကြောင်းရှိမယ် မထင်ပါဘူး၊ မြလေးငုံနဲ့ ချစ်နေကြတာကို မကျေနပ် သို့ပဲ ထင်ပါရဲ့"

"သူလည်း အသိပါရှင်၊ ဒီလောက် ထိအောင်တော့ ရက်စက်စရာ မလိုပါဘူး"

"မြလေးငုံ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ညိမင်းညိုနဲ့ ဦးပိုင်သတို့ နှစ်ယောက်အနက် မြလေး ဘယ်ဘက်က လိုက်မလဲ"

"အဲဒါ မေးစရာကို မလိုတဲ့ မေးခွန်းပဲ၊ မောင်က မှန်တဲ့ ပြီးတော့ ကျွန်မချစ်သူ၊ ဟိုက လူသတ်သမားပဲ"

"ကောင်းပြီ၊ ဒါဆို ကျွန်တော့်ကို ကူညီ"

"ရတယ်... မောင် လွတ်မြောက်ဖို့အတွက် ကျွန်မရဲ့ အသက် ကိုတောင် လဲလှယ်ပေးနိုင်ပါတယ် ကိုကြံတိုင်းအောင်..."

"ဒီလိုမှပေါ့ဗျာ၊ စွန့်စားရဲရမယ်၊ စွန့်လွှတ်ရဲရမယ်၊ ဒါ အချစ်စစ်ရဲ့ အမြုတေ"

အရေးထဲ အချစ်၏ အနှစ်သာရသာ ဖွင့်ဆိုနေလိုက်သေး သည်။

ကျောက်ဂူ၏ သဘာဝကိုက ရေများ စိမ့်စို ပါးစီးတတ်သဖြင့် ကြာလေ စွတ်စိုခြင်းဖြင့် အေးမြလေ။

နေရသည်ကလည်း မလှုပ်သာ မလွန့်သာသော လူတစ်ထိုင် လိုဏ်ခေါင်းတွင်မို့ တစ်ကိုယ်လုံး အေးစိမ့်ကျင်ခဲ်နေပါပြီ။

"ဒီမှာ ကိုကြံတိုင်းအောင်"

"အင်း"

"နာမည်ကြီးကလည်း ခေါ်ရတာ အောက်လိုက်တာရှင်"

"ကြံတိုင်း အောင်မယ်လေဗျာ"

"ဒီမှာ..."

"အင်း... ပြော"





"အခု ဘာလုပ်ကြမှာလဲ၊ ဘယ်လိုနည်းနဲ့ တိုက်ခိုက်ကြမှာလဲ၊ ရှင်နဲ့ကျွန်မနဲ့ နှစ်ယောက်တည်း ဖြစ်ပါ့မလား"

"အချိန်တော့ စောင့်ရလိမ့်ဦးမယ်၊ ဒီနေ့ည ဆယ့်နှစ်နာရီ အထိပေါ့"

"အခုည ဟုတ်လား"

"အင်း... ခုမှ ခုနစ်နာရီခွဲ၊ ရှစ်နာရီလောက်ပဲ ရှိဦးမှာ၊ ခဏတော့ ဒုက္ခခံရမယ်နော်"

"ကျွန်မအတွက်က ရပါတယ်၊ အဲဒီ ဆယ့်နှစ်နာရီကျရင် ဘာဖြစ်မှာလဲ ဟင်"

"တော်ကြာဆို ဦးပိုင်သ ရောက်လာတော့မှာပါ၊ ည ဆယ့်နှစ် နာရီကျမှ ကျွန်တော့်လူတွေ လာမှာ"

"ရှင့်လူတွေ... ဟုတ်လား"

"ဟုတ်တယ်၊ နှစ်ဘက်တော့ အားပြိုင်ရမှာပေါ့လေ၊ အဲဒီပွဲမှာ ကျွန်တော်တို့ ခင်ဗျားတို့တွေ သေချင်လည်း သေသွားနိုင်တယ်"

"အညိုရော လွတ်ပါ့မလားရှင်"

"ဒါတော့ သူ့ကံပေါ့"

"နာကျည်းစိတ်နဲ့ ရှင် တဖွတ်ထိုးကြီး မလုပ်လိုက်ပါနဲ့နော်၊ အညိုက သူတို့လက်ထဲမှာ"

"စိတ်ချပါ၊ ကျွန်တော်သာ တရှူးထိုး လုပ်တတ်ရင် ခုလောက် ဦးပိုင်သ သေပါပြီ"

"ရှင်..."



www.burmeseclassic.com

www.burmeseclassic.com



"သူတစ်ယောက်တည်း သေလို့ ဘာလုပ်မလဲ၊ သူနဲ့ အပေါင်းပါ လူယုတ်မာအားလုံး တရားဥပဒေလက်ထဲကို အပ်ချင်လို့ပါ"

"အဲဒါပဲ ကောင်းပါတယ်လေ၊ တရားဥပဒေက သူ့အပြစ်နဲ့ တန်မျှတဲ့ ပြစ်ဒဏ်ပေးလိမ့်မပေါ့"

မြလေးငုံ ထိုင်နေသည့်နေရာက အေးစက်စိမ့်စိုလွန်းလာ၍ နေရာရွှေ့ ထိုင်လိုက်ရသည်။

ကိုကြံတိုင်းအောင်ထံမှ ဘာစကားသံမှ တိုးတိတ်စွာ မကြားရ၍ မြလေးငုံ တစ်ခေါက် ငုံ့ကြည့်မိပြန်သည်။

"အညိုရေ...မောင်ရေ၊ မမငုံ ဒီမှာ"

လို့သာ ကြုံးအော်ပြီး... အချစ်ဆုံးလေးဆီ ပြေးထွက်သွားချင်လှပါပြီ။

"မောင့်ကို ဘယ်အရပ်က ဖမ်းလာတယ်"

"ဘာအကြောင်းကြောင့် ဖမ်းလာတယ်"

ဆိုသည်များကို မြလေးငုံ သိချင်လွန်းလှပါပြီ။

"ခုလို အကျဉ်းခံနေရတဲ့ မိစ္ဆာဂူကြီးထဲက မောင် အမြန်ဆုံး လွတ်မြောက်နိုင်ပါစေသားကွယ်"

"မြလေးငုံ"

"ရှင်"

"ကျွန်တော့်ကို သတ်ဖို့ ခေါ်သွားတဲ့ဘက်ကို သွားကြည့်ကြမလား"

"ဟာ... အသာနေစမ်းပါရှင်၊ ကြောက်ရတဲ့အထဲ"





ပြန်ငြိမ်သွားကြပြန်သည်။

မြလေးငုံ၏လက်မှ နာရီကို မီးထိုးကြည့်လိုက်တော့ ကိုးနာရီ မိနစ်နှစ်ဆယ်။

"အင်း...သူပြောတဲ့ ဆယ့်နှစ်နာရီ ရောက်အောင်
အကြာကြီး စောင့်ရဦးမှာ၊ ခရမ်းပြာမှာတော့ ခုလောက်
ဆို ငါပျောက်လို့ ရှာနေလောက်ပြီ"
"ဩော်...ငါ့အဖြစ်ရယ် ဆိုးလှချည့်လား"

လက်ရှိခံစားနေရသော ကိုယ်ခန္ဓာ၏ ဝေဒနာ၊ ရင်ထဲက သောကဝေဒနာတို့အပြင်...

ညဉ့်သန်းခေါင်ယံမှာ ရင်ဆိုင်ရတော့မည်ဆိုသော "အသက်လုပွဲများ"ကြောင့် မြလေးငုံမှာ ကြောက်လန့် ချောက်ချားလွန်း စိတ်ဖြင့် ချက်ရည်များ အဆက်မပြတ် စီးဆင်းငိုကျွေးနေမိပါတော့သည်။

"မြလေးငုံ ငိုနေသလားဟင်"

မဖြေနိုင်၊ ရှိုက်သံသာ ထွက်လာသည်။

"လာပါ မြလေးငုံ၊ ဒီနေရာက သိပ်အေးလာပြီ"

"မလိုက်ချင်ဘူး၊ ကျွန်မ ကြောက်တယ်"

"မကြောက်ပါနဲ့ဗျာ၊ အောက်မှာ အစောင့်နှစ်ယောက်ထဲ ရှိတော့တယ်၊ ငိုက်နေကြပြီ၊ အနောက်ဘက်က လျှို့ဝှက်လိုဏ်ခေါင်းကို သွားကြရအောင်ပါ..."



www.burmeseclassic.com

www.burmeseclassic.com



"သွားလေ၊ ကျွန်မတော့ မလိုက်ဘူး၊ အညို့ကို မြင်နေရတဲ့ နေရာမှာပဲ နေခဲ့မယ်"

"ဒါဆို... နောက်ဘက်က အခြေအနေ ကျွန်တော် သွားကြည့်လိုက်ဦးမယ်"

"သွား"

ရေခဲများ အုံ့မိထားသလို အေးစိမ့်နေသော နေရာမှာ တစ်ယောက်တည်း ထိုင်ကျန်ရစ်ခဲ့သည်။

အညိုရှိရာ အောက်ခြေသို့ ခုန်ချဝံ့သည့်တိုင် ရောက်နိုင်မည် မဟုတ်။

ကျောက်ဆောင် ကျောက်တုံး အထပ်ထပ်က ရှည်မြောစွာ မညီမညာ အချွန်များစွာနှင့် ရှိနေပေသည်။

မလှုးသာ မလွန့်သာ၊ မလှုပ်သာ မရှားသာသည့် အခြေနေ တစ်ယောက်တည်း ထိုင်နေရသည့် အဖြစ်ကို အညို သိပါစေတော့။

ထိုစဉ်...

**"အား...ဟား...အား"**

**"အ...အ...အား"**

ဆိုသော အသံနက်ကြီးက အနီးကပ် စူးရှ ...း ဝါး ထွက်ပေါ် လာသဖြင့်...

"အို...အို...အမယ်လေး... ဒုက္ခပါပဲ"

မေ့လဲသွားမတတ် ချောက်ချားစိတ်များဖြင့် ကြုံးထလိုက်တော့ ခေါင်းနှင့် အပေါ်နံရံနှင့် အရှိန်ပြင်းစွာ တိုက်မိပြီး ပြန်လဲကျသည်။





**"အား...ဟား...အား"**

**"အ... အ... အား... အား"**

ဆိုသော အသံနက်ကြီးနှင့် အော်သံများဆက်၍ ထွက်လာချိန်မှာ မြလေးငုံ ရူးသွပ်တော့မတတ် ချောက်ချားစိတ်နှင့် လာရာလမ်း ဘက်သို့ ပြန်ပြေးစဉ်...

"အင့်"

အရှိန်ပြင်းသော တိုက်ခိုက်မှုတစ်ခုကြောင့် ပြိုလဲကျသွား ချိန်မှာ...

"မြလေးငုံ...မြလေးငုံ၊ ကျွန်တော်...ကျွန်တော်ပါ"

သူ့အသံက သဲ့သဲ့လေး။

အဝေးကြီးမှလို ကြားရသည်။ မြလေးငုံ ခဏမျှ မေ့မြောသွား သလား။

သူက ဖက်မိုက်ရင်း လှုပ်ခေါ်နေသဖြင့် မြလေးငုံ ကိုယ်ကို တ်၍ သူ့ရင်မှ ရုန်းခွာလိုက်ရသည်။

"အသံနက်ကြီးပေါ်လာတာနဲ့ ကျွန်တော် ပြန်ပြေးလာခဲ့တာ၊ အစ်ကိုယ်လုံးလည ...ကနေပြီ၊ လာ...လာ မြလေးငုံ၊ ဟိုဘက်က ရေခြောက်တဲ့ နေရ ... သွားကြမှ ဖြစ်တော့မယ်"

သူက မြလေးငုံ၏ ပခုံးကို ဖက်လျက် အပြန်လမ်း၏ ...ကယာဘက်သို့ ချိုးကွေ့ပြီး အမြင့်ဘက်ကို အတော်လေး တက်မိ သည်နှင့် ရှိန်းခနဲ နွေးလာတော့သည်။

သည်အမြင့်တက်မှာ ရေစိုခြင်း လုံးဝမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ခြောက်သွေ့ခြင်းဖြင့် ကျဉ်းမြောင်းနေ၍ ပူနွေးခြင်းကို အလိုလို ရရှိလာသည်။

ဘလောက်(စ)လက်တို့နှင့် မြလေးငုံ၏ ပခုံးသား၊ လက်မောင်းသား၊ ခြေသလုံးသားများကို အဆက်မပြတ် မြန်မြန်ကြီး သူပွတ်ပေးလိုက်၍ သွေးပူလာသည်။ အအေးဒဏ် လျော့နည်းလာ၍...

"ရပြီ... အချမ်းပြေသွားပါပြီ၊ ကျေးဇူးပဲနော်"

ထိတွေ့နေသော ကိုယ်ခန္ဓာချင်း ခွာလိုက်ရပါ၏။

"မကြောက်နဲ့တော့နော်"

"အင်း"

"အဲဒါ သက်သက် လှန့်နေတာ၊ ဘယ်သူမှ အော်တာ မဟုတ်ဘူး"

"ရှင်"

"လူတစ်ယောက် အော်တဲ့အသံကို အသံဖမ်းထားပြီး သူတို့ လူသတ်ခါနီးပြီဆိုရင် အဲဒါကြီး ဖွင့်ရော"

"အို..."

"အဲဒီအသံကြီး ကြားရပြီးရင် လူ‌ ◌ ◌ ◌ယောက် သေပြီ"

"မိစ္ဆာဂူ အော်သံကြီး ကြားရပြီးရင် ဂူပေါက်ကြီး ရှေ့မှာ အရိုးစု ခန္ဓာကြီးတွေ့ရော"

"မိစ္ဆာဂူကြီးက လူသားစားတယ်"





"မိုးသည်း ညတွေမှာ အသံနက်ကြီးနဲ့ အော်သံ တွေ ကြားရတယ်"

"ဆိုတဲ့ သတင်းတွေ လွင့်နေတာဟာ သူ့သေတွင်း သူတူးနေတာလို့ ဦးပိုင်သ မသိရှာဘူး"

"ကျွန်မတော့ ဘာမှ နားမလည်တော့ဘူးရှင်၊ ဘာတွေ ဖြစ်နေတာလဲဟင်၊ ဦးလေးက ဘာအတွက်ကြောင့် လူ◌ ◌ွကို သတ်နေရတာလဲ"

"လူသတ်တာကတော့ ကျွန်တော်တို့လို သူ့ကို အန္တရာယ်ပြုမယ့်လူ၊ သူ့လျှို့ဝှက်ချက်တွေကို ဖော်ထုတ်မယ့်သူ၊ ပြီးတော့... သူနဲ့ ပြိုင်ဘက် သူသိပ်မုန်းတဲ့ လူတွေကို သတ်တာပါ"

"ဪ...ပြီးတော့ မေးရဦးမယ်၊ ရှင့်ကိုရော သတ်တာပဲလား၊ ဒီကို ခေါ်လာတာလားဟင်"

"ဒါပေါ့ဗျာ၊ ခရမ်းပြာမှာ ကျွန်တော်နဲ့ ခင်ဗျားနဲ့ ဆေးခန်းထဲမှာ ပြောကြ ဆိုကြတာကို အသံဖမ်းစက်ကတစ်ဆင့် သူတို့ကြားသွားတယ်လေ"

"ဒါတွေလည်း ရှင်သိတာပဲလား"

"ကျွန်တော် မသိတာ ဘာမှ မရှိတော့ဘူး"

"ဆေးရုံကနေ ရှင့်ကို ဘယ်လိုဖမ်းသွားတာလဲ၊ ပြီးတော့ ဘယ်လို ပြန်လွတ်လာတာလဲ ဟင်"

"ကျွန်တော် ပြောပြမယ်"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"ညီမလေး သေရတာ ကိုပိုင်သ ဆိုတဲ့သူကြောင့်၊

ခရမ်းပြာတည်းခိုရိပ်သာပိုင်ရှင် ကိုပိုင်သကြောင့်"

ဆိုသော အစွဲဖြင့် ပျဉ်းမပြာစခန်းမြို့ကို ကားလမ်းမှ လာခဲ့သည်။ ရထားမှောက်သည့်အထဲမှာ သူ မပါပါ။

လမ်းမှာ ဓားပြတိုက်ခံရ၊ ကားက ပျက်၊ လမ်းက မှားနှင့် ရက်များစွာကြာမှ အစုတ်စုတ်အပြတ်ပြတ် ဘဝနှင့် ခရမ်းပြာသို့ သူ ရောက်လာခဲ့ပါ၏။

ဦးပိုင်သကိုတော့ ခရမ်းပြာရောက်မှ သူ မြင်ဖူးသည်။

ခရီးကြမ်းမှ လာခဲ့ရပြီး ခေါင်းမှာ ဒဏ်ရာရခဲ့သည်တော့ အမှန်။

အတိတ်မေ့သူ ဆိုတာကတော့ သူ့ထွင်လုံး...

သူ ဆေးခန်းတွင်းမှာ လှဲနေဆဲ... လူတစ်ယောက် ကြောင်လိန် လှေကားမှ ပြေးတက်သွားပြီး ခဏလေး အကြာတွင် လှစ်ခနဲ ပြေးဆင်းလာကာ ကားရုံဘက် ထွက်သွားသည်။

လျှင်မြန်လွန်း၍ ဘယ်အရွယ်၊ ဘယ်ပုံသဏ္ဌာန် ဆိုသည်ကိုပင် မှတ်မိနိုင်စွမ်းအားမရှိ။





သည်အချိန်မှာ မြလေးငုံ၏ အော်သံသဲ့သဲ့လေးကို ကြားလိုက်ရသဖြင့် သူ ပြေးတက်လာပြီး မြလေးငုံကို ကယ်တင်နိုင်ခဲ့ပါ၏။

ဆေးတိုက်ရန် ဖုန်းဆက်လိုက်ပြီး ဒေါ်ပိုးအိမ်၏ သံလှောင်အိမ်တံခါးကို ဖွင့်ထားသူမှာ ဦးပိုင်သ ကိုယ်တိုင်ပါ။

"မြလေးငုံကို ဘာကြောင့်များ သတ်ပစ်ချင်ရပါသလဲ"

ဆိုသည်ကိုဖြင့်...

သူ့ကို အရှင်ဖမ်းဆီးရရှိပါမှ အဖြေက ရနိုင်ပါမည်။

သည်သို့ဖြင့် "သူ့ကို သံသယဝင်စရာလူ"ဟု ဆိုကာ ဆေးရုံသို့ ပို့လိုက်ခြင်းဖြစ်ပါ၏။

အမှန်တော့...

စာရင်းရှင်းရန် ရောက်ရှိလာသော သူမှန်းသိ၍ ခရမ်းပြာ၏ ပြင်ပသို့ ပို့လိုက်ခြင်းဖြစ်ပေသည်။

ထိုနေ့တစ်ညသာ ဆေးရုံမှာ ကောင်းစွာ အိပ်စက်လိုက်ရသည်။

နောက်တစ်နေ့ မနက်အစောကြီးတွင်...လူတစ်ယောက်က...

"သွေးစစ်ရအောင် ဓာတ်ခွဲခန်းထဲ လိုက်ခဲ့ပါ"

ဟု လာခေါ်၍ ဆေးရုံ၏ ကော်ရစ်ဒါပေါ် အရောက်တွင် သေနတ်နှင့် ထောက်ပြီး...

"အသံထွက်တာနဲ့ အသက်ထွက်ပြီသာမှတ်"

မလှုပ်ရှားရဲတော့။

အမိန့်အတိုင်း နာခံစွာ သူတို့စီစဉ်ထားသော ဂျစ်ကားပေါ်သို့ တက်လိုက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့၏ မြောက်ဘက်လမ်းအတိုင်း မောင်းပြီး "မြို့ဦးသုသာန်" အရှေ့ဘက်တွင် လမ်းဆင်း၍ လျှောက်ရပါ၏။

နံနက်စောစောစီးစီးမို့ သချိုင်းမြေတွင် လူသူ၏ အရိပ်အရောင်မျှ မတွေ့ရ။

ကားကို လူတစ်ယောက်က ပြန်မောင်း၍ ထွက်သွားပြီး လူနှစ်ယောက် ခြံရုံလျက်...

"ဝင်စမ်း... ဒီထဲကို"

ဆူးခက်နွယ်များကို ဖယ်ပြီး လူတစ်ယောက် ဝင်သာနိုင်ရုံ အပေါက်ငယ်ကို လက်ညှိုးညွှန်ပြနေ၍...

"ဟာဗျာ... ဘာလို့ ဒီဂူဟောင်းကြီးထဲ ဝင်ရမှာလဲ"

လူသေအလောင်းနှင့် ခေါင်းကို ဂူသွင်းမြှုပ်နှံခဲ့ရာ၊ ဂူအို ဂူပျက်ကြီး၏ အပေါက်ဝကိုကြည့်ပြီး ပြောလိုက်မိသည်။

"ဟောကောင်...မင်းရှေ့က ဝင်စမ်း၊ သူ့ကို အလယ်မှာ ထားမယ်"

နောက်က သေနတ်သမား၏ အမိန့်အရ ရှေ့မှလူ ဝင်သွားသော အပေါက်အတိုင်း ကျုံ့ကျုံ့ရုံ့ရုံ့လေး ငုံ့ဝင်လိုက်တော့...

"ဟာ... ဒါ လျှို့ဝှက်မြေအောက်လမ်းပဲ၊ လှေကားထစ်တွေနဲ့"

ရှေးဓော်ဘွားများ လက်ထက်က တည်ဆောက်ခဲ့သည်ဟု ဆိုပါ၏။

သဘာဝလိုဏ်ခေါင်းကြီးကို လူသားတို့ အားမာန်ဖြင့် ထပ်မံ ပြုပြင်ထားခြင်းဖြစ်ပေသည်။





နှစ်ဖာလုံခန့် ရှည်လျားစွာ လျှောက်လာပြီးသည့်အခါတွင်...

သဘာဝအလျောက် ဖြစ်ပေါ်နေသော အခန်းပေါင်းများစွာ၊ အကွေ့ပေါင်းများစွာ၊ လိုဏ်ခေါင်းငယ်လေးပေါင်း များစွာဖြင့် ကျယ်ပြန့်ကြီးမားလှသော...

"မိစ္ဆာဂူကြီး"

အတွင်းသို့ ရောက်ရှိလာပါတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"**ခတ္တာ**"ဆိုတဲ့ နှမလေးကို ခေါ်ကားသွားလို့ ခရမ်းပြာက ကိုပိုင်သကို စာရင်းရှင်းဖို့ လာခဲ့တဲ့... သူရဲကောင်းကြီးတဲ့လား"

"ပိုင်သတဲ့ကွ၊ နယ်နယ်ရရ မှတ်လို့လား၊ ဟား...ဟား..."

"ငါက လူကြီး လူကောင်း ယောင်ဆောင်နေတာဟေ့၊ မကောင်းတာ ဘာမဆို လုပ်ရဲတယ်၊ နားလည်လား... ခွေးမသား"

"ကဲ... ဟေ့၊ ဒီကောင်ကို ကြာကြာထားလို့ မဖြစ်ဘူးနော်၊ ဒီညပဲ ကန်ထဲထည့်လိုက်ကြ၊ ကြားလား"

"ဒီည ခရမ်းပြာမှာ မျက်နှာကြီး ဧည့်ခံကျွေးမွေးပွဲရှိတယ်၊ ငါ့မျက်နှာ ပြနေမှ ဖြစ်မယ်၊ ငါသွားမယ်"

အခန်းတွင်းနှင့် အခန်းအပြင် ပြောနေကြခြင်းဖြစ်၏။

ဦးပိုင်သသည် သူ့ကို နီးနီးကပ်ကပ် တွေ့ခွင့်မပေး။

လက်လှမ်းသာ မီခဲ့လျှင်လည်း ဦးပိုင်သတော့ မလွယ်။

သူ့အဖွဲ့သားများနှင့် စီစဉ်စရာရှိတာကို စီစဉ်မှာကြားပြီး သူလာခဲ့သော လှို့ဝှက်မြေအောက်လမ်းမှပင် ဦးပိုင်သ ပြန်သွားခဲ့လေပြီ။





သချိုင်းကိုဖြတ်ပြီး မြောက်အရပ်မှ ပြန်လာသော ဦးပိုင်သကို သူ၏ စပျစ်ခြံမှ ပြန်လာသည်ဟုသာ ယူဆကြပေမည်။

မိစ္ဆာဂူနှင့် ပတ်သက်လိမ့်မည်ဟု မည်သူမှ မထင်နိုင်ကြ။

"ကဲ... လှတင်၊ ခေါ်သွားပြီး တစ်ခါတည်းသာ ကန်ချလိုက်စမ်းကွာ၊ ဒီကောင့်ပုံက မလွယ်ဘူး"

"ဆရာ ကျွန်တော်ပဲ လုပ်လိုက်မယ်"

"မင်းက ဒီည အိမ်ပြန်ခွင့်ရတာ မဟုတ်လား တင်စိုး"

"ဟုတ်တယ်လေ ဆရာ၊ သူ့ကို ကန်ထဲ ကန်ချခဲ့ပြီး အနောက်ဘက် လမ်းကနေ ကျွန်တော် အိမ်ပြန်တော့မယ်"

"ဪ... ဟုတ်သားပဲ၊ မင်းအိမ်က အနောက်ရွာမှာပဲ၊ ကဲ... ကြိုးကို ခိုင်ခိုင်တုပ်ပြီးရင် တင်စိုး ခေါ်သွားပေတော့"

လက်ပြန်ကြိုး တုပ်လျက်နှင့် ဂူလမ်းကျဉ်းလေးအတိုင်း လျှောက်ခဲ့ရသည်။

အခန်းတစ်ခုကို ဖြတ်ချိန်မှာတော့ တိပ်ရကော်ဒါကို ဖွင့်လိုက်သံ ကြားရ၏။

**"အ-အ- ဟား...အား..."**

ဆိုသော အသံနက်ကြီးနှင့် အော်သံက ဟိန်းထွက်လာတော့သည်။

"ဒါမှ မင်းရဲ့အရိုးစုကို တွေ့တဲ့လူတွေက မိစ္ဆာဂူကြီး အော်ပြီးရင် လူသားစားပြီလို့ ယုံကြည်ကြမှာကွ"



www.burmeseclassic.com

www.burmeseclassic.com



တင်စိုးဆိုသူက လူတစ်ယောက် သတ်ရခါနီး အချိန်ကို အောင်မြင်ပျော်ရွှင်စွာ ဂုဏ်ယူနေပါ၏။

"ကဲ… ဟိုမှာ ကြည့်စမ်း"

သဘာဝဂူအတွင်းမှာ သဘာဝ ေ ့ကန်တစ်ခု ဖြစ်ထွန်းနေသည်ကို တွေ့ရ၏။

"ဟာ"

ရေမျက်နှာပြင်ပေါ်မှာ ပွက်ခနဲ… ပွက်ခနဲ၊ ရေပူဖောင်းများ တက်ပြီး ဆူပွက်နေပေသည်။

"အေး…အဲဒါ ဆရာဖန်တီးထားတဲ့ အက်စစ်ကန်ပဲ၊ သိပ်ပြင်းတဲ့ ငရဲမီးတွေ ဒီကန်ထဲ ထည့်ထားတာပေါ့၊ ကွာ…"

"ခင်ဗျားတို့ ရက်စက်ယုတ်မာလှချည်လာ းဗျ"

"အစက စိတ်ကူးမရပါဘူးကွာ၊ သူရိန်ပိုင်ကို တစ်ကိုယ်လုံး အက်စစ်ကန်ထဲ ထည့်နှစ်ပြီး မျက်နှာပဲ ချန်ထားတဲ့ အလောင်းကို ပြန်ပေးလိုက်တယ်လေ၊ အဲဒီကောင်တွေဆီက အိုင်ဒီယာကို ဆရာက ရသွားတာ၊ အဲဒီ ပြန်ပေးဂိုဏ်းကြီးလည်း ပြိုကွဲသွားပါပြီ၊ ခေါင်းဆောင်တွေကို ကြိုးပေးတယ်၊ ကျန်သူတွေ တစ်သက်တစ်ကျွန်း ထောင်ဆယ်နှစ် စတဲ့ အပြစ်ရတာ မလွတ်ကြသေးဘူးကွ၊ အဲ… ငါ့ဆရာက သူတို့ဆီက အကြံရပြီး ဒီနည်းကို ဆက်သုံးတာ"

"ဒီကန်ထဲကျပြီး တစ်နာရီအတွင်းမှာ အသားစတွေ၊ အသည်းနှလုံးတွေပါ ကုန်ရော… နောက်မနက်ကျမှ မင်းရဲ့ အရိုးစုကြီးကို ဆယ်ယူကြမယ်လေ"





တင်စိုး၏ စကားကို ကြားရပြီးချိန်မှာ…

"နောက်ဆုံးအချိန်"

"သေရတော့မယ်"

ဆိုသော အသိစိတ်ကြောင့် နှလုံးသွေး ပျက်မတတ် ကြောက်ရွံ့ ိတ်ကို ထိန်းသိမ်းလိုက်ရင်း…

နောက်ဆုံး ကြိုးစားအားထုတ်ခြင်းအဖြစ်ဖြင့် လက်ပြန်ကြိုးစကို ာင်းသွားအောင် တံတောင်ဆစ်ကို ညွှတ်ကွေးလိုက်ပြီး ကိုယ်ကို ာစ်ပတ်လှည့်၍ တင်စိုးကို တအားတိုက်ချပစ်လိုက်တော့…

"အ…အ…အာ…"

ဆိုသော အသံနက်ကြီးနှင့် အော်ရင်း အက်စစ်ကန်ထဲသို့ ား ခနဲ ကျသွားတော့သည်။

"ဟာ"

ဖျစ်ဖျစ်… ဖျစ်ဖျစ် မြည်သံနှင့်အတူ အမြှုပ်ပေါင်းများစွာ ‌လုံစီ၍ တက်လာသည်။

"ငါ့ကိုယ်စား လူသတ်သမား တစ်ကောင်တော့ သွားပြီ…"

"ငါ့ရဲ့ လွတ်မြောက်ရာ လမ်းကို အမြန်ဆုံးရှာမှ"

သူသည် အနောက်ဘက်ဆိုသော လိုဏ်ဂူလမ်းအတိုင်း စွပ်ပြေး ြီး ကွေ့တစ်ခုအရောက်တွင်…

ကျောက်သားချွန်တစ်ခုနှင့် ကြိုးစကို နောက်ပြန် တိုက်ဖြတ် ာသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ကောက်ဝတ်တစ်ခုလုံး အရေများလန်ပြီး သွေးချင်းချင်းနီလေမှ ကြိုးစများ ပြတ်တော့သည်။

'သူ'...ဆက်၍ပြေးပြီး အတော်ကြီးကြာလေမှ ဂူပေါက်ဝသို့ရောက်၏။

"ဘယ်သူလဲဟေ့"

"တင်စိုး"

"ဘယ်သွားမလို့လဲ"

"အနောက်ရွာအိမ်"

"သြော်... ဒီကောင် ဒီည မိန်းမနဲ့ ပြန်အိပ်ရမယ့်ညဟေ့၊ ဖွင့်ပေးလိုက်"

မှောင်ထဲမှာမို့ အားလုံး ပြေလည်စွာ လွတ်မြောက်လာနိုင်ခဲ့ပါပြီ။

ထိုညက..

ညီမင်းညီကို ပျဉ်းမသုံးပင်ဆိုင် စခန်းမှာ မြလေးငုံနှင့်ကိုဟန်သာဦး တို့ သွားခေါ်ကြသောည...

မိစ္ဆာဂူအော်သံကြောင့် ချောက်ချားခဲ့ရသော ညပါ။

နောက်တစ်နေ့တွင် ဂူပေါက်ကြီးအလွန် မြန္မာကန်ရှေ့မှာ တင်စိုး၏ အရိုးစုခန္ဓာကြီးကို တွေ့ကြရတော့သည်။

လူဆိုးလူတေ အရက်သမား တင်စိုးတစ်ယောက် နောက်နေ့ အလုပ်ဝင်ခြင်း မရှိသည်ကို သူတို့ သံသယကြီးစွာ မဖြစ်ကြ။

တင်စိုးက ဒီလို ပျက်ကွက်နေကျ...

"အရိုးစုကြီး"





"အရိုးစု အလောင်းကြီး တွေ့ရပြန်ပြီ"

ဟူ၍ လူတွေ အုတ်အော်သောင်းတင်း ဖြစ်နေကြချိန်မှာ...

ဆံပင်ရှည်ကြီးနှင့် နေကာမျက်မှန်နှင့် ရုပ်ဖျက်ပြီးသား သူ'က...

မကြောက်သလိုလို၊ မရွံ့သလိုလိုနှင့် အရိုးစုကြီး၏ လက်ကို ဆုပ်ကိုင်ပြီး သူ့ စတီးလက်စွပ်ကို တိတ်တိတ်ကလေး ဝတ်ပေးခဲ့ခြင်း ...င်း...

ဦးပိုင်သတို့အုပ်စုသာမက မြလေးငုံပါ "သူ"ဟု ယုံကြည်ခဲ့ရပါ သတည်း။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

“ဒါ...ဒါဆို အညို့ကိုရော အဲဒီကန်ထဲ နှစ်သတ်ပစ်ကြမှာလားရှင်”

“ဖမ်းထားတာတော့ ဒီအတွက်ပဲလို့ ထင်ရတာပဲ”

“ဟင်... အမယ်လေး”

“ဒါပေမယ့်... မပူပါနဲ့၊ ကျွန်တော့် အဖွဲ့တွေ ညဆယ့်နှစ်နာရီမှာ ရောက်လာကြမှာပါ”

“အချိန်မှ မီပါတော့မလားရှင်”

“မီနိုင်ပါတယ်၊ မီမှာပါ၊ မီမှာပါ မြလေးငုံ”

“အို... ကျွန်မတော့ စိတ်ပူရလွန်းလို့ ရင်ကွဲတော့မယ်၊ ကျွန်မရဲ့ အပြစ်မဲ့တဲ့ မောင်လေးသာ ဒီနည်းနဲ့ အသတ်ခံရရင် ကျွန်မလည်း အဲဒီကန်ထဲ ခုန်ချမှာပဲ”

“ဟာဗျာ... ခင်ဗျားကလည်း”

“မလုပ်ရဲဘူးများ ထင်လို့လား”

“မထင်ပါဘူး၊ မိုက်တယ်နော်၊ မိန်းမတွေ အချစ်ကြီးပြီဆိုရင် ကြောက်စရာကြီးဗျ”





“ဟုတ်တယ်၊ ကျွန်မ မောင်လေးဟာ ကျွန်မ လိုက်သွားဆိုလို့ လိုက်သွားရရှာတာ၊ အခု ဘာအတွက်ကြောင့် အဖမ်းခံနေရတာလဲ မသိဘူး၊ အို... ဘာအတွက်ပဲဖြစ်ဖြစ် သူသေရင် ကျွန်မ လိုက်သေရဲတယ်ရှင်”

“ပြောင်မြောက်တယ်ဗျာ၊ ဟုတ်တယ်၊ ယောကျ်ားတွေ ချစ်တာက ရယူချင်လို့၊ မိန်းမတွေ ချစ်တာကျတော့ ဘာမဆို စွန့်လွှတ်ရဲတဲ့ စိတ်နဲ့ သတ္တိရှိရှိ ချစ်တတ်ကြတယ်နော်”

“ဟုတ်တယ်၊ ကျွန်မရဲ့အချစ်ဆုံး အချစ်ဦးအတွက် အသက်ရော ခန္ဓာကိုယ်ပါ စွန့်လွှတ်ရဲတယ်ရှင်”

“မိုက်တယ်နော်။ တကယ့်သတ္တိပဲ”

“လောင် မနေစမ်းပါနဲ့ရှင်၊ ကဲ...ဒီဂူထဲမှာ ခုလိုပဲ အချိန်ဖြုန်းရင်း မိုးလင်းအောင် နေရတော့မှာလား”

“မဟုတ်ပါဘူး မြလေးငုံရဲ့၊ တော်ကြာ ဦးပိုင်သနဲ့ အဖွဲ့ လာကြတော့မှာပါ”

“ရှင်... ဘယ်လိုလုပ်သိလဲ”

“ဒီမှာ ပစ္စည်းလာခဲ့ကြမယ်လေ”

“ဘာ”

“မနေ့က စိန်ပွဲစား လင်မယား ညောင်ပင်ကြီးစခန်း အလွန်မှာ ဓားပြအတိုက်ခံရတယ်”

“အင်း... ကြားလိုက်မိတယ်”

“အဲဒါ ခရမ်းပြာမှာ တည်းခိုသွားတဲ့ စုံတွဲပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ပြန်ခါနီး မြလေးငုံကိုတောင် နှုတ်ဆက်သွားသေး
သေးတယ်"

"အင်း... တည်းခိုခန်းကြီးဖွင့်၊ လှိုဂုဏ်အသံဖမ်းစက်တွေ
အခန်းတိုင်းမှာထား၊ ဒီတော့ အခန်းထဲမှာ လင်မယားချင်း ပြောတ
တီးတိုးစကားသံကအစ ခိုးနားထောင်၊ ဘယ်အခန်းက ဘယ်သူ့ဆီမှာ
ဘာတွေပါတယ်ဆိုတာ ကြိုတင်စုံစမ်းပြီး ဒီကအပြန်မှာ ဓားပြ
လှမ်းလုမ်းတိုက်တာ အခါကို မရည်နိုင်တော့ဘူး"

"အို"

"အခုလည်း အဲဒီ လင်မယားဆီက စိန်ထုပ်ကို ယူပြီး လင်
မယား နှစ်ယောက်လုံးကို သေနတ်နဲ့ ပစ်သွားခဲ့တယ်လေ..."

"သိပ် ယုတ်မာရက်စက်ပါလားနော်"

"အဲဒီစိန်တွေကို သူတို့ ဒီည ခွဲဝေကြမယ်၊ တစ်ခုကောင်းတာ
က ဦးပိုင်သဟာ သူ့တပည့်တွေကို သူသိပ်ပိုင်တယ်၊ ဝေစုလည်း
အများကြီးပေးတော့ အားလုံး နှုတ်ပိတ်နေကြတာပေါ့"

"အင်း"

"သစ္စာဖောက်ရဲတဲ့လူလည်း မရှိပါဘူး၊ နှစ်ယောက်လောက်
ရှိဖူးတယ်၊ ချက်ချင်းကို ဖြောင်ပစ်လိုက်တော့ နောက်လူတွေလည်း
မလုပ်ရဲတော့ဘူးပေါ့၊ သူ့မှာ အပြတ်ရှင်းပစ်စရာ အက်စစ်ကန်ကြီး
အသင့်မဟုတ်လား"

"ကြားရတာ မနှစ်မြို့လိုက်တာ"

"ဒီမှာ...မြလေးငုံ"





"ဟုတ်ကဲ့"

"စိန်ထုပ်ကို အဖိုးသင့်ပြီး ဒီနေ့ည မိစ္ဆာဂူထဲမှာပဲ ခွဲဝေကြမယ်လို့
ကျွန်တော် အတိအကျ သတင်းရထားပြီးပါပြီ"

"ဘယ်သူ့ဆီကလဲဟင်"

"သူ့တပည့် တစ်ယောက်ဆီက"

"ဒါနဲ့... နှုတ်မလုံတဲ့ တပည့်ဆိုရင် သတ်ပစ်တာဆို"

"ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ ပေါင်းထားလို့ ကျွန်တော့်
ကို ယုံနေပြီ"

"ကျွန်မလည်း ရှင့်ကို ယုံနေပါပြီ"

သူ ငြိမ်သွားပါ၏။

မှောင်ထဲမှာမို့ သူ့မျက်နှာ ပြောင်းလွဲမှုကို မြလေးငုံ မမြင်ရ။

"ကိုကြဲတိုင်းအောင်"

"အင်း"

"ဒီညများ အညို့ကို အဆုံးစီရင်ကြမှာလားရှင်၊ သူ့ကို မြင်နေ
ရတဲ့ နေရာကိုပဲ ကျွန်မ ပြန်သွားချင်တယ်"

"ခဏလေ... ခဏလေး"

သူ့စကားကြောင့် မြလေးငုံ ငြိမ်နေမိစဉ်...

"ဟော... ကြားလား"

"ဟင့်အင်း... ဘာမှလည်း မကြားရပါလား"

"ကျွန်တော်က နားသိပ်ပါးတယ်၊ မိစ္ဆာဂူထဲကို လူတစ်စု
ဝင်လာကြပြီ၊ လာ... သွားကြည့်ကြစို့"



www.burmeseclassic.com

www.burmeseclassic.com



ခြောက်သွေ့သော အမြင့်နေရာလေးမှ စိုစွတ်သော လမ်းကျဉ်းလေးအတွင်းသို့ ပြန်လည် သက်ဆင်းလာကြရပြန်သည်။

အခြေအနေက စောစောအတိုင်းပါပင်။ အစောင့်နှစ်ယောက်နှင့် သံတိုင်တွင်းမှာ အညို...

"ဘာမှလည်း မထူးခြားပါလား"

တိုးတိုးလေး သူ့နားကပ်ပြောမိတော့...

"လာနေကြပြီလေ၊ ကြည့်နေ၊ ဟော...ပြောရင်းဆိုရင်း..."

သူ အရေးတကြီး ငုံ့ကြည့်သလို၊ မြလေးငုံ့ပါ သူ့နောက်မှ ငုံ့ကြည့်လိုက်၏။

"ဟော... တွေ့လား"

သဘာဝ ကျောက်နံရံပုံ ဖန်တီးထားသော တံခါးချပ်ကြီးက အတွင်းဘက်သို့ ဖွင့်ဝင်လာသည်။

"ရှေ့ဆုံးက ဝင်လာတာ ဦးပိုင်သပဲ"

"ဟုတ်ရဲ့လား"

"သိပ်ဟုတ်တာပေါ့ဗျာ၊ လောင်းကုတ် အမည်းကြီး ဝတ်ပြီး မိုးကာဦးထုပ် ဆောင်းထားလို့ပါ"

"သူ့နောက်မှာ လူလေးယောက်တောင် ပါလာတယ်နော်"

"အင်း...လာသူ ငါးယောက်၊ ဒီမှာ နှစ်ယောက်၊ နောက် တခြားလိုဏ်ခေါင်းတွေထဲမှာ လေးငါးယောက်တော့ ရှိဦးမယ်"

"ရှင့်လူတွေဆိုတာက ဘယ်နှယောက် လာမှာလဲ"

"အများကြီးပေါ့"





"သူတို့ကို နိုင်ပါ့မလားရှင်"

"ဘာလို့ မနိုင်ရမှာလဲ"

"ရှင်ကတော့ စတယ်နဲ့၊ ကျွန်မဖြင့် ကြောက်ရတာနဲ့၊ စိတ်ပူရတာနဲ့ သေတော့မယ်"

"ဘယ့်နှယ့် သေရမှာလဲ၊ ကဲ... ဟိုမှာ ကြည့်စမ်း"

ဦးလေးတို့ အုပ်စုမှာ ရုံးခန်းသဖွယ် လင်းနေသော ခန်းမကျယ်မှာ ဝိုင်းမဖွဲ့ကြ။

အညို့ကို ချုပ်လှောင်ထားသော အခန်းဘေးမှ အခန်းတစ်ခုထဲသို့ ဝင်သွားကြသည်။

ထိုအခန်းတွင်းမှာ အနီရောင် မီးလေး တစ်လုံးသာ ထွန်းထားပါ၍ လူရိပ်များ လှုပ်ရှားနေကြသည်ကိုသာ မြင်ရသည်။ လူလုံးမကွဲ...

"ကဲ... ကျွန်တော် သွားတော့မယ်၊ ခင်ဗျား ဒီမှာပဲ နေခဲ့"

"အို... မနေရဲဘူး၊ ကျွန်မလည်း လိုက်ခဲ့မယ်"

"ဘယ်ဖြစ်မလဲ၊ မိန်းဆွစ်(ချ)ရှိတဲ့ အခန်းကို ကျွန်တော် သွားနှင့်ရမှာ၊ ကျွန်တော့်လူတွေ ဘာတာနဲ့ မီးအားလုံးပိတ်ပြီး ဖြတ်တောက်ပစ်ရမှာ"

"ဘာပဲဖြစ်ဖြစ် ကျွန်မ မနေခဲ့ရဲဘူး"

"နေခဲ့စမ်းပါ၊ ဒီနေရာက ခရမ်းပြာထက် ပိုပြီး လုံခြုံတယ်"

"ဟင်"

"ဒီညမှာပဲ ခင်ဗျားကို အပြတ်ရှင်းကြဖို့ သူတို့ စီစဉ်ပြီးပြီဗျ"

"အို... ကျွန်မက ဘာအပြစ်မှ မရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"အပြစ်မရှိတဲ့လူဟာ အပြစ်ရှိတဲ့ လူဆိုးလူမိုက်ရဲ့ ရန်သူ လေဗျာ"

"ဒါဆို ကျွန်မကို ရှင်ကယ်တာ နှစ်ခါရှိပြီပေါ့"

"ဟုတ်တယ်၊ အချိန်မရှိဘူး၊ ကျွန်တော် သွားမယ်"

"ကျွန်မလည်း လိုက်မယ်"

"မလုပ်နဲ့ မြလေးငုံ၊ ကျွန်တော့်စကား နားထောင်စမ်း၊ ဒီမှာ ငြိမ်ငြိမ်နေ၊ ဘာသံ မထွက်နဲ့၊ အခြေအနေ အားလုံးငြိမ်သက်သွားမှ ကျွန်တော် လာခေါ်မယ်...ကြားလား၊ ကဲ...ဒါပဲ၊ ကျွန်တော် သွားပြီ"

ပြတ်သားစွာ တီးတိုးပြောကြားပြီး သူထွက်သွားလေပြီ။ ဤဂူ၏ လမ်းများကို သူ ကျွမ်းနေဟန်ရှိပါ၏။

"အို... အညို မောင်ရယ်၊ မောင့်အနားကို မမငုံ လာချင် လိုက်တာ၊ မောင်နဲ့ ရှင်အတူ သေအတူ နေချင်လှပါပြီ မောင်ရေ..."

ဝိုးတဝါး မြင်နေရသော အဝေးဆီမှ ချစ်သူကို တမ်းတ တိုင်တည်ရင်း... မြလေးငုံ ငိုမိသည်။

ဘာမှ မတတ်နိုင်။

နည်းနည်းလေးမှလည်း မလှုပ်ရှားရဲ။

ပြီးဆုံးသွားသော စက္ကန့်တိုင်းသည် မြလေးငုံ၏ နှလုံးသား ကို ရိုက်ခတ် ဖြတ်သန်းသွားသလို ခံစားနေသည်။

လန့်ထိတ် စိတ်ပူလွန်းစွာ စောင့်စားနေရသော အချိန်ကာလ ဟူသည် ကြာမြင့်လှလေစွ...

ထိုစဉ်...





လင်းနေသမျှသော နေရာများအားလုံး ရုတ်ချည်း မှောင်ကြီး ကျသွားတော့သည်။

"ဟော့... မီးက ဘာဖြစ်တာလဲကွ"

လိုဏ်ဂူတွင်းမှာမို့ ပဲ့တင်သံတွေ ကျယ်လောင်မြည်ဟည်းစွာ ကြားရ၏။

ဤအသံရှင်မှာ မြလေးငုံ ကြားဖူးနေကျ... ခရမ်းပြာမှ တစ်ယောက်ယောက်၏ အသံပါ။

"ဟိုကောင့် အခန်းတံခါးဝက တစ်ယောက် စောင့်နေစမ်း"

အညို့ကိုပင် ရည်ညွှန်းမည် ထင်၏။

"မီးက ဘာဖြစ်ရတာလဲ"

"စိန်တွေ ဝေမယ်ဆိုမှ တစ်ယောက်ယောက် နှောက်ပြီ ထင်တယ်"

"ငါ့နား မကပ်ကြနဲ့နော်၊ သေနတ်က မောင်းတင်ပြီးသား၊ လူမှားပြီး ပစ်လိုက်မိမယ်"

သူ့တပည့်များက ပုံမှားရိုက်ပြီး စိန်ထုပ်ကို ဝင်လုမည်စိုးသော ကြောင့် ကာကွယ်သော စကားပါ၊ သူ့ကို တကယ်ထိရင်လည်း ပစ်ချ မည်မှာ သေချာပါ၏။

"ဟာ"

ဘာဆိုဘာမှ မမြင်သာအောင် ပိန်းပိတ် မှောင်နေသော အခန်း တွင်းသို့ အလင်းရောင်အကွက် အကွက်များ စုပြုံကျရောက်လာတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



မြလေးငုံဘက်သို့ပါ ဝေ့ဝဲရောက်ရှိလာသော အလင်းရောင် ကွက်ကြီးများကြောင့် နောက်သို့ ဆုတ်ကွယ်လိုက်ရ၏။

တစ်ချိန်တည်းမှာလိုပင်...

"ဟော့ကောင်တွေ လက်နက်ချ"

"ဒိုင်း...ဒိုင်း...ဒက်...ဒက်..."

ဆိုသော သေနတ်သံများ ဟိန်းလျှံထွက်လာပြီးသည်နှင့်...

"မပစ်နဲ့၊ လ ်နက်ချ"

"မင်းတို့အားလုံး သေကုန်မယ်"

"တို့ ရဲတပ်ဖွဲ့တွေအားလုံး ဝိုင်းထားပြီ"

"ရဲတပ်ဖွဲ့ ဆိုပါလား"

မြလေးငုံ ရင်ဘတ်ကို လက်နှစ်ဘက်ဖြင့်ဖိပြီး မျက်စိစုံမှိတ် လျက် အားတက်ဝမ်းသာရပါပြီ။

"အညို့ကို မထိမိပါစေနဲ့"

"အို...အားလုံး လွတ်ကင်းကြပါစေ"

"ဦးလေးလည်း တရားဥပဒေ ်က်ထဲပဲ ရောက်ပါစေ"

နောက်ထပ် သေနတ်သံများ ဆက်ပြီး ကြားရပြန်သည်။

မြလေးငုံ ရင်မ နေဆဲ... တစ်နေရာရာမှာ တပ်ထားမည်ဖြစ် သော အသံချဲ့စက်မှနေ၍...

"ရဲတပ်ဖွဲ့များ နေရာယူကြပါ"

"မီးပြန်ဖွင့်တော့မယ်"

ကိုကြဲတိုင်းအောင်၏အသံ ထွက်ပေါ်လာသည်။





"မင်းတို့ရဲ့ စခန်းငယ်တိုင်းကို တို့ဝိုင်းထားပြီနော်"

"အသက်မသေချင်ရင် လက်နက်ချကြ"

"ကဲ... မီးဖွင့်ပြီ"

စောစောဆီကထက် နှစ်ဆမျှမက ထွန်းလင်းလာ၏။

"မလုပ်နဲ့လေ... ဦးပိုင်သ"

ထွက်ပြေးနိုင်ရန် အစွမ်းကုန် လူပ်ရှားကြိုးစားလိုက်သော ဦးပိုင်သကို ရဲအရာရှိက ချုပ်ကိုင်လိုက်နိုင်ပြီ ထင်သည်။ လူများ ရှုပ်ယှက်ခတ်နေ၍ မမြင်သာ။

"အေး... ဒီလိုမှပေါ့ကွ၊ အားလုံး ခုလို အေးအေးသာသာ အဖမ်းခံလိုက်ကြရင် ပြီးတာပဲ၊ ဥပဒေက တရားသဖြင့် စီစဉ်လိမ့်မပေါ့၊ မင်းတို့ဆရာက အလကား စွတ်ပစ်နေတာ"

ရဲအရာရှိ၏ စကားသံ ကြားရပြီးချိန်မှာ လက်များကို ခေါင်းပေါ်တင်ပြီး လူဆိုးတပ်ဖွဲ့များ တန်းစီထွက်လာကြသည်။

ကျောက်ဆောင် ကျောက်ဂူများ ထူထပ်၍ ဦးပိုင်သ၏ သေနတ်ကျည်ဆံက မည်သူ့မှ မမှန်။

အခြေအနေသည် အေးငြိမ်းပြီ။

အားလုံးသည် ပြီးဆုံးပြီ။

ဟူသော... အသိကြောင့်၊ အမြင်ကြောင့်...မြလေးငုံ မထိန်း သိမ်းနိုင်တော့။

"ကျွန်မကို ကယ်ကြပါရှ ."

"အညိုရေ... မမငုံ ဒီမှာ"



www.burmeseclassic.com

www.burmeseclassic.com



"မမင့် ဒီမှာ... မောင်ရေ"

အသံကုန် ကြုံးဟစ်လိုက်တော့ ပဲ့တင်သံနှင့်ပါ ဟည်းထွက်သွားတော့သည်။

အားလုံး၏ အာရုံက အသံလာရာသို့...

"မြလေးငုံ ဘာလို့ အော်နေတာလဲ၊ ကျွန်တော် လာခေါ်မယ်"

"ကိုကျော်စွာရေ... ဦးပိုင် သကို လွှော့မတွက်နဲ့နော်"

လူကို မမြင်ရ၊ စပီကာမှတစ်ဆင့် ပြောကြားနေသော ကိုကြံတိုင်းအောင်၏ အသံ။

သူ... အသံလွှင့် အသံဖမ်းခန်းတွင်းသို့ ရောက်နေပြီထင်၏။

"မမင့်... မမင့် ဘယ်မှာလဲ"

"အညို... မမင့် ဒီမှာ"

"မမင့်ရေ... အညို ဒီမှာ"

အညိုကလည်း အသံကုန် ပြန်အော်ရှာသည်။

မကြာမီမှာပင် နောက်ဘက်လမ်းမှ ကြံတိုင်းအောင် ပြေးဝင်လာပြီး မြလေးငုံရှိရာ ဂူပေါက်ဝသို့ လက်နှိပ်ဓာတ်မီးနှင့် လှမ်းထိုးလိုက်၍ မြလေးငုံ၏ ပုံသဏ္ဌာန် ပေါ်လာသည်နှင့်...

"မမင့်... မမင့်ရေ... မောင် လာခဲ့မယ်"

"ကျွန်တော့်ကို ဖွင့်ပေးကြပါဦးဗျ"

အရေးထဲ အဖြစ်သည်းနေကြသော ချစ်သူနှစ်ဦးကို အားလုံး ပြုံးရွှင်စွာ ကြည့်နေကြ၏။





ကိုကြံတိုင်းအောင် ပြောသလိုပင် ကြံတိုင်းလည်း အောင်ပြီပဲ။ ဘာလိုသေးလဲ။

သူက ကျင်လည်စွာ တက်လာပြီး မြလေးငုံကို တွဲခေါ်လာချိန်နှင့် ညီမင်းညိုကို ဖွင့်ပေးပြီး ဂူပေါက်ဝမှ ဆီးကြိုနိုင် ချိန်က တစ်ထပ်တည်းနီးပါး။

"မမင့်...မမင့်"

"ညို...မောင်ရယ်"

နောက်ထပ် ပြန်လည် ခွဲခွာရမှာ ကြောက်လွန်းစွာဖြင့် တစ်ယောက်ရင်တွင်းသို့ တစ်ယောက် ထွင်းဖောက် ဝင်ရောက်သွားတော့မတတ် အားကုန်ဖက်ထားလိုက်မိကြသည်။

အချစ်ဆုံး နှစ်ယောက်တို့၏ နောက်ဘက်ဆီမှ တာဝန်ထမ်းဆောင်နေကြသော အသံများကို ကြားနေရပါ၏။

"အားလုံး လက်ထိပ်ခတ်လိုက်ကြဟေ့"

"ကျွန်တော် ကိုင်ပစ်ခဲ့လို့ မီးစက်နဲ့ ကွန်ထရိုးအခန်းမှာ နှစ်ယောက် မှောက်ကျန်ခဲ့ပြီ၊ လက်ထိပ်သွားခတ်ပြီး ခေါ်လာခဲ့ပေတော့ ဘုတ်ပြီ၊ အဲဒီလမ်းကပဲသွား"

ကိုကြံတိုင်းအောင် ညွှန်ပြသည့်အတိုင်း ရဲသားသုံးယောက် ထွက်သွားကြသည်။

"ကဲ... ဦးပိုင်သ၊ ရှေ့ထွက်လေဗျာ၊ ဘယ့်နဲ့ မှောင်ထဲပဲ တိုးချင်နေရတာလဲ၊ ခင်ဗျားရဲ့ ကိုယ်ရုံပေ..တွေလည်း ခွာလိုက်ပါဦး"

"မောင်နှင့် မမင့်"တို့လည်း လှည့်ကြည့်ဖြစ်ကြပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးက နေရာမှ မရွေ့၍ ကိုကြံတိုင်းအောင်က နရင်းကို တစ်ချက်ရိုက်ထည့်လိုက်ပြီး ရှေ့သို့ ဆွဲခေါ်လာသည်။

လောင်းကွတ်၏ ကော်လန်စကြီး ထောင်ကာထားသည်ကို ဆွဲခွာချွတ်ချလိုက်ပြီး နာကျည်းခြင်း ကြီးစွာဖြစ်နေရှာသော ကိုကြံတိုင်းအောင်က ဦးလေး၏ မျက်မှန်နက်နှင့် ဦးထုပ်ကြီးတို့ကိုပါ ဆွဲချွတ်လိုက်ရာ...

"ဟိုက်"

"ဟာ... ဘယ်လိုလဲ"

"ဟင်... ကိုဟန်သာဦး"

"ဟုတ်တယ်၊ ကျုပ် ဟန်သာဦးပဲ"

"နေစမ်းပါဦး၊ အခု ဂိုဏ်းခေါင်းဆောင် ဆရာကြီးက မင်းယောက္ခမ ဦးပိုင်သပေါ့၊ ဟုတ်လား"

"မဟုတ်ဘူး၊ သူ ဘာမှ မဟုတ်ဘူး၊ ဘာမှလည်း မသိဘူး"

"ဟေ"

"ကျုပ်လုပ်သမျှ ဦးပိုင်သ နာမည်ပဲ သုံးတယ်၊ တပည့်တွေကိုလည်း ကျုပ်ဟာ ဦးပိုင်သလို့ပဲ ထင်စေချင်တယ်"

"တောက်... ဒီတစ်ချက်တော့ ငါညံ့သွားပြီကွာ"

"ခင်ဗျား ကျုပ်တို့ဆီ ရောက်လာကတည်းက ကျုပ်သိတယ် ကိုရဲလင်းထွန်း၊ ခင်ဗျား နမကိုလည်း ကျုပ်ကိုကျုပ် ခရမ်းပြာပိုင်ရှင် ကိုပိုင်သလို့ ပြောခဲ့တာကို သူ ယုံတယ်လေ"

"ခွေးမသား"





"အား"

ကိုကြံတိုင်းအောင်၏ လက်သီးချက်က ကိုဟန်သာဦး၏ မျက်နှာပေါ်မှာ မိမိရရ။

ကိုကြံတိုင်းအောင်ဟု သူ့ကိုယ်သူ အမည်ပေးခဲ့သော **"ကိုရဲလင်းထွန်း"** မှာ ဥပဒေပညာရှင်တစ်ဦး ဖြစ်လေသည်။ သူ့နှမလေး ကိုယ်စား တရားဥပဒေနှင့် ရင်ဆိုင်ဖြေရှင်းနိုင်ရန်နှင့် လူဆိုးတစ်ဖွဲ့လုံးကို ဖမ်းမိနိုင်အောင် ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက် ခဲ့ကြောင်းများကို ရဲအရာရှိ "ကိုကျော်စွာ"က မြလေးငုံတို့ နှစ်ယောက်ကို ရှင်းပြ၏။

"နေပါဦး၊ သူနဲ့လည်း ရန်သူမဟုတ်ဘဲနဲ့ အညို့ကို ဘာလို့ ဖမ်းချုပ်ထားရတာလဲရှင်"

"အဲဒါကတော့ နေထွန်းနီ ကို သူ ကူညီတာ"

"ရှင်"

"နေထွန်းနီက သူ့ သူငယ်ချင်းလေ"

"ဟုတ်ကဲ့... သိပါတယ်"

"နေထွန်းနီ နေရာက ကြည့်ရင် ညီမင်းညိုကို ဒီကမ္ဘာပေါ်မှာ ဘယ်ရှိစေချင်ပါ့မလဲဗျာ၊ ဒါမှသာ ခေါ်တင်တင်ဦးရဲ့ စည်းစိမ်ချမ်းသာတွေ သူ အကုန်ရမှာ မဟုတ်လား"

"ယုတ်မာလိုက်ကြတာနော်"

"မောင့်ကိုလေ ဘယ်သူတွေက ဘာအတွက် ဖမ်းမှန်းကို မသိဘဲ အချုပ်ခံနေရတာ ကြာပြီ၊ မမငုံကို လွမ်းလိုက်တာမှ မောင် ရင်တွေ ကွဲတော့မယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com


"မောင်ရယ်"

ချစ်သူနှစ်ယောက်ကို ကိုကျော်စွာ ကျောခိုင်း၏။

ဂူတွင်းမှာ ရှာဖွေသိမ်းဆည်းစရာများနှင့် ဆောင်ယူကိုဖွယ် ကိစ္စတို့ကို လုပ်ဆောင်နေဆဲ...

"မမင့် မောင့်ဆီ လိုက်လာတာလားဟင်"

"ကိုရဲလင်းထွန်း ဆိုတဲ့လူက ဖမ်းလာတာ၊ သူ့ကို မောင် မှတ်မိလားဟင်"

"ဟင့်အင်း"

ခရမ်းပြာသို့ ရောက်ရှိလာပြီး ဆေးခန်းတွင်းမှာ အညို့စောင့်ကြည့်ခဲ့ရသူ ဖြစ်ကြောင်းနှင့် အရိုးစုခန္ဓာ ကိစ္စများကိုပါ အတိုချုံး၍ ပြောလိုက်ရပြီး...

"နေပါဦး၊ မောင့်ကို ရန်ကုန်က ဖမ်းခေါ်လာတာလား"

"ဘယ်က ဟုတ်ရမှာလဲ၊ မောင်က မမင့်ကို အောက်မေ့လွန်းလို့ ဟိုမှာ သုံးရက်ပဲနေပြီး ပြန်ပြေးလာခဲ့တာ"

"ဟင်"

"ဒီမရောက်ခင် နှစ်ဘူတာအလို 'ညောင်သုံးပင်ဘူတာ'မှာ လာကြိုကြတာ၊ ခရမ်းပြာက လဲန်ရှိဗာနဲ့ ဆိုတော့ မောင်လည်း ယုံပြီး လိုက်ခဲ့တာပေါ့၊ သချိုင်းထဲဝင်ပြီး မြေအောက်လမ်းကနေ ဒီကိုခေါ်လာတာပဲ မမင့်ရဲ့"

"မမင့်ဆီကို စာရေးခိုင်းသေးလား"



"ရေးခိုင်းတယ်... ငယ်ချစ်ဦးနဲ့ ပြန်တွေ့လို့ မေ့လိုက်ပါတော့တဲ့၊ ဒီကောင်က ဘယ်ရေးမလဲ၊ ခင်ဗျားတို့ သတ်ချင် သတ်ကြဗျာ၊ ဒီစာ ရေးပေးလိုက်ရင် ကျွန်တော့် မမင့် သိပ်ခံစားရမှာလို့ မောင်က ပြောပစ်လိုက်တာပေါ့"

"ဒီစာမျိုးအတိုင်း မမင့်ဆီ ရောက်လာတယ်"

"တကယ်...မောင့် လက်ရေးမဟုတ်တာ မသိဘူးလား"

"ဘယ်သိမှာလဲ၊ ရည်းစားစာ မပေးရဘဲနဲ့ ရည်းစားဖြစ်သွားကြရတာပဲဟာ"

"မမင့် ယုံသွားလား"

"ယုံတာပေါ့"

"ရိုက်ချင်တယ်ဗျာ၊ ယုံဦးမလားဆိုပြီး"

"အမယ်"

"ဒီကောင့် မျက်နှာကို သေသေချာချာ ကြည့်စမ်း၊ မမင့်ကို အပစ်နိုင်မယ့် မျက်နှာလားလို့"

"မောင်ကလည်းကွယ်၊ ဟိုမှာ လူတွေအများကြီး"

ညီမင်းညိုက စကားအဆုံးတွင် သိမ်းကြုံး၍ ဖက်လိုက်ပြီး အမြတ်နိုးဆုံး မမင့်၏ ရင်ခွင်မှာ ခေါင်းတိုးဝင်၍ ရင်ညွှန့်အထက်ကို နမ်းရှိုက်သည်။

"ကဲပါ... ဖယ်စမ်းပါဦး၊ ဟိုမှာ ဘာတွေမေးပြီး ဘာတွေ ဖြောင့်ချက်ပေးနေလဲ၊ နားထောင်ရအောင်"

"မမင့်"


www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"ဒီတစ်ခါ ရန်ကုန်သွားမခိုင်းနဲ့ဗျာ၊ ဘာပညာမှလည်း မလိုချင်ဘူး၊ ဘာပစ္စည်းမှလည်း မမက်ဘူး၊ မမင့်နားမှာပဲ နေမယ်၊ မမင့်နဲ့ နေခွင့်ရမယ်ဆိုမှ ကြိုက်တာခိုင်း၊ လုပ်မယ်..."

"မောင်ရယ်ကွယ်...မမင့် ရင်ထဲမှာလည်း ဒီအတိုင်းပဲ၊ မောင် ပြန်သွားမယ်ဆိုရင်တောင် မသွားပါနဲ့၊ မမင့် မခွဲနိုင်တော့ပါဘူးလို့ ပြောရတော့မှာပါ ချစ်ရယ်၊ လာပါ...ဟိုနားသွား နားထောင်ရအောင်ပါနော်"

ညီမင်းညိုကတော့ ဘာကိုမှ စိတ်မဝင်စားတော့။ သူ့မမင့်နှင့် ပြန်ဆုံခွင့်ရခြင်းသည် သူ့အတွက် အရာအားလုံး ပြည့်စုံခြင်း မည်ပါ၏။

မြလေးငုံကတော့...

ကိုယ့်ဦးလေး၏ အမည်နာမ သိက္ခာတို့ကို ရက်စက်စွာ အသုံးချခဲ့သော ကိုဟန်သာဦး အကြောင်းကို စိတ်ဝင်စားနေမိသည်။

လူက လူငယ် ခေတ်ပညာတတ် ဖြစ်သော်လည်း လောဘကြီးလွန်းစွာ ကောက်ကျစ်သူ ဖြစ်လေသည်။

စည်းစိမ်ချမ်းသာကို မက်မောလွန်းသဖြင့် ဆွဲဆောင်သမျှ ပါသော စန္ဒာပိုင်ကို အတင်းချဉ်းကပ်ပြီး ကိုသက်မော် လက်မှ ဖြတ်ခုတ်သွားခဲ့သူ ဖြစ်လေသည်။

ယောက္ခမကြီး၏ လုပ်ငန်းများကို စိတ်ဝင်စားဟန်ပြပြီး ရသမျှ အပိုင်ကြံခဲ့သောသူ။

ကြောင်နှစ်ကောင်စာအုပ်တိုက်



သူ့အစီစဉ်ဖြင့် အသံဖမ်းစက်များထားပြီး ငွေနှင့်ပစ္စည်းဥစ္စာ ပါကြသော ညှိသည်များအခန်းကို ချောင်းနားထောင်ပြီး လမ်းမှဆီး၍ ဓားပြတိုက်ယူသည်။

မြလေးငုံက ဦးပိုင်သ၏တူမ၊ လိမ္မာပါးနပ်သူဖြစ်ကြောင်း သိလာသည်နှင့် ဦးပိုင်သက ဒေါ်ပိုးအိမ်အား ရိုးသားစွာ ဆေးတိုက် ခိုင်းသည်ကို တယ်လီဖုန်းခိုးနားထောင်၍ သူကြားပြီးသည်နှင့်...

"အသင့် လုပ်ထားသော သော့တူ"

နှင့် ဒေါ်ပိုးအိမ်၏ သံတိုင်တံခါးကို ကြိုတင်ဖွင့်ထားခဲ့ခြင်း ဖြစ်၏။

ပြီးမှ အပြင်က ပြန်လာဟန်၊ အားလုံးနှင့် ပြေလည်ဟန် ဆောင်ထားခဲ့သူသာ...

စန္ဒာကတော့ အလှအပမှလွဲ၍ ဘာဆိုဘာမှ စိတ်မဝင်စားလေသော ခပ်ကြောင်ကြောင် မိန်းကလေးမို့ သူလုပ်တိုင်း ရှု၍ ထင်တိုင်း ကျဲနေတော့သည်။

စန္ဒာနှင့် လက်ထပ်ပြီး ဘယ်လိုနည်းနှင့် ဒုစရိုက်များကို အစ ပျောက် ကျူးလွန် ကောင်းမလဲဟူသော အတွေးဖြင့်...

ခရမ်းပြာနှင့် ခရမ်းပြာဝန်းကျင် တစ်ခုလုံးကို လိုက်လံလေ့လာရာမှ...

"မိစ္ဆာဂူ"

ကို သူရှာဖွေတွေ့ရှိသွားခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်က ပြန်ပေးဂိုဏ်းတစ်ခုမှ ရက်စက်နည်းအတိုင်း ဂူတွင်းမှ သဘာဝကန်မှာ အက်စစ်ပြင်းများ ထပ်ထပ်ထည့်ပြီး သူ လူသတ်ခဲ့သည်။

"မိစ္ဆာဂူအောင်းသံ"

ကြီးဖြစ်အောင် ဖန်တီးခဲ့သည်က သူ့အမှား…

သူ့အတွေးက…

မိစ္ဆာဂူတွင်းမှ မကောင်းဆိုးဝါးများ အသံနက်ကြီးနှင့် အော်ကြသည်။ လူသားစားရန် အော်နေကြသည်ဟူ၍ ရပ်ရွာမှ လူများကို ထင်မြင်စေမည်။

အော်သံကြီး ထွက်ပေါ်အပြီးမှာ အရိုးစုခန္ဓာကို တွေ့ကြမည်၊

မိစ္ဆာဂူမှ မိစ္ဆာကောင်များ လူသားစားကြသည့် သဘော သူ ဖန်တီးခဲ့သော်လည်း…

ကိုရဲလင်းထွန်းနှင့် ပြိုင်ရတော့ သူ့အကြံက အသေးအမွှား ဖြစ်သွားခဲ့ရလေပြီ။

ရှေ့နေ ဦးထင်လင်းကျော်ကတော့ လူပါး လူလည်၊ သူ့ကို လည်း မဟုတ်တာ လုပ်နေမှန်း အကဲခတ်မိ ဖြစ်ကြောင်း သူ ရိပ်မိသည်။

ဦးထင်လင်းကျော် စရမ်းပြာမှာ ခုနစ်ကြိမ်မြောက် လာရောက် တည်းခိုခြင်းဖြစ်ရုံမက၊ ဟိုအရင်က သူ့အကြောင်းများပါ စုံစမ်းသည် ဟု သိရသည်နှင့်…

"အပြတ်ရှင်းမှ"





ဟူသော အတွေးဖြင့် ဒေါ်ပိုးအိမ် ဟန်ဆောင်ကာ စားနှင့် ဝင်ထိုးသတ်ခဲ့သော်လည်း ဦးထင်လင်းကျော် မသေခဲ့။

"လူသတ်သမားဟာ…ဦးပိုင်သ"

ဟု ဦးထင်လင်းကျော် တမင် ထင်စေရအောင် ဦးပိုင်သ ယာဝရ ကိုင်ဆောင်တတ်သော သူ့အမည် ထိုးထားသည့် ဓာတ်ငွေ့ မီးခြစ် ကလေးကို ကြိုတင်ချထားခဲ့၏။

ဆေးရုံပေါ်မှ ဦးထင်လင်းကျော်ကလည်း ယခုမှ စကား ပြောနိုင်စ ရှိသေး၍ ဦးပိုင်သဟုပင် ထင်ခဲ့လေသည်။

ကိုဟန်သာဦး၏ အကြံအစည်မှာ ညီမင်းညိုရော မြလေးငုံ ကိုပါ အပြတ်ရှင်းမည်။

●

ညီမင်းညိုကို ရှင်းနိုင်လျှင် နေထွန်းနီဆီက သူ ငွေတစ်သိန်းတိတိ ရရှိမည်။

သိန်းနှစ်ဆယ်မကသော အမွေများ ဆက်ခံပိုင်ဆိုင်ရမည့် နေထွန်းနီက ငွေလောက်တော့ ပေးတော့မှာပေါ့။

ညီမင်းညို တစ်ယောက်တည်း သေလျှင် အရစ်ရှည်မည်။ မြလေးငုံက ဟိုမေး သည်စမ်း လုပ်လာမည်။ ဒါကြောင့် နှစ်ယောက်လုံး သတ်ရန် စီစဉ်ခြင်းဖြစ်၏။

မြလေးငုံ သွားလေရာနောက်မှ လူတစ်ယောက် လိုက်နေ ကြောင်း… ရဲလင်းထွန်း သိရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဟန်သာဦး ဆင်ထားသော အကွက်အဏိုင်း သံသယများသည် ဦးပိုင်သ ထံသို့ချည်း ဦးတည်နေပါ၏။

သည်တစ်ချက် လွဲသွားသည့်အတွက် ရဲလင်းထွန်းက မြလေးငုံကို တောင်းပန်ရှာသည်။

မြလေးငုံ၏ဦးလေး မဟုတ်လား၊ သူ အားနာရှာလေမည်။

သူ့အသက်ကို နှစ်ကြိမ်၊ အချစ်ဆုံး မောင့်အသက်ကို တစ်ကြိမ် ကယ်ခဲ့သူ ကယ်တင်ရှင်ကြီးကို သူတို့ တစ်သက်လုံး ကျေးဇူးဆပ်၍ပင် မကုန်နိုင်တော့ပါ။

အညီနှင့်အတူတွဲ၍ ကန်တော့ရပါလေဦးမည်။

◆ ◆ ◆



**“အဟား…ဟား…ဟား…”**

**“ဟား…ဟား”**

ကိုဟန်သာဦး အော်ကြီးဟစ်ကျယ် ထ၍ ရယ်တော့သည်။

သူ ကြောင်သွားပြီထင်ပြီး အားလုံး ကြောင်သွားကြရတော့သည်။

“အဟား…ဟား… ဖြောင့်ချက်တွေ ပေးတာ အဟုတ်မှတ်လို့ နားထောင်နေကြတယ်၊ အဟား…ဟား”

“အေးလေ၊ တကယ်လည်း တကယ်ပါပဲ၊ ငါတမင် အချိန်ဆွဲတာ၊ ဒီဂူကို ဒီည ဖျက်ဆီးဖို့ ငါ မိုင်းဗုံးထောင်ထားပြီးပြီ”

“ဟာ”

“ဒီည စိန်အတုတွေ ခွဲဝေပေးပြီး စိန်အစစ်တွေယူပြီး ငါ လစ်တော့မှာ၊ သူတို့အားလုံး ဒီဂူထဲမှာ ပိတ်ထားခဲ့ပြီး မိုင်းခွဲခဲ့မလို့ကွ”

“ခွေးသား…မအေ…”

သူ့ တပည့်များ၏ ဆဲသံ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ရဲဘက်က အဲလေ... ဦးပိုင်သကို လိုက်နေပြီ ဆိုတာ ငါသိတယ်၊ ဦးပိုင်သကို လိုက်တာ ငါ့ခြေရာခံတာနဲ့ ဘာထူးလဲ"

"ဟော့ကောင်၊ မင်းပြောတာ အမှန်လား၊ မင်းလည်း သေမှာနော်"

"ငါ့ကို မင်းတို့ ဖမ်းမိသွားရင် ငါက သေလူပဲ၊ ဒီလောက်လူတွေ သတ်နေတာ ငါ သေဒဏ်ပေါ့၊ တစ်ယောက်တည်း ကြိုးစင်တက်ရမှာ ပျင်းစရာကြီး၊ အ...လို တစ်စုတစ်ရုံးကြီး သေကြရရင်..."

"ဖြစ်နိုင်တယ် ကိုကျော်စွာ၊ ကျွန်တော်တို့ အမြန်ဆုံး ဒီဂူထဲက ထွက်ကြမှ..."

ကိုရဲလင်းထွန်း စကားဆုံးသည်နှင့်...

"ဟား...ဟား...အဟား....ဟား...ဟား... ဂူလမ်းက အရှည်ကြီး၊ မိုင်းကွဲမှာက တစ်မိနစ်အတွင်း..."

တရားခံများအားလုံး အလယ်မှာ စုစည်းလိုက်ပြီး ရဲတပ်ဖွဲ့မှူး ပုတ်လည်ဝိုင်းလျက် စတင်ထွက်ခွာကြပြီ။

"ငါ့ကောင်တွေကိုပဲ ဒီည ...ခွဲသတ်ခဲ့မှာ၊ ခုတော့ တစ်ဖွဲ့ကြီး ပါလား၊ ဟား...ဟား...ဟား"

ကိုရဲလင်းထွန်းက သူ့စက်ပိုးကို တစ်ချက် သယ်ထည့်လိုက်ပြီး အမြန်သွားရန် တွန်းလွှတ်ချိန်မှာပင်...

**"အုန်း"**

ဆိုသော အသံဟိန်းကြီးတစ်ချက်ကို ကြားလိုက်ရပြီးနောက်—





"အား... ဂူကြီး ပြိုကျလာပြီ"

"ပြိုကျလာပြီ"

"ပြေးကြ... ပြေးကြ"

ကမ္ဘာပျက်သည်သို့ လူတွေအော်သံနှင့် ကျောက်ဆောင်များ ပြိုကျသံ၊ ကျောက်တုံးကြီးများ လိမ့်ကျလာသံက ဆက်တိုက် တစ်ချိန်တည်း...

"မောင်ရေ"

"လာ...မမင့်၊ မောင့်လက်ကို မြဲမြဲ တွဲထားနော်"

"နောက်ဘက်ကို မပြေးနဲ့၊ မောင်...မပြေးနဲ့"

"လာ...မမင့်"

"မပြေးနဲ့၊ အဲဒီမှာ အက်စစ်ကန်ရှိတယ်"

"လာ... လာပါ၊ ဟိုလမ်းက ရှေ့မှာ ပိတ်နေပြီ"

"မပြေးနဲ့... ဒီဘက်ကို မပြေးနဲ့"

ပြော၍မရ။

အင်အားချင်းက မမျှ

အညို့ တအားဆွဲခေါ်ရာသို့ အလဲလဲ အပြိုပြိုနှင့် ပါသွားနေချိန်မှာပင်...

**"ဝုန်း"**

**"အမယ်လေး"**



www.burmeseclassic.com

www.burmeseclassic.com



ကျောက်လွှာကြီးတစ်ခုလုံး ပြိုကျလာပြီး အချစ်ဆုံး မောင်နှင့် မမင့်တို့ နှစ်ယောက်ကို ပိုင်းခြား ခွဲခွာလိုက်လေပြီ။

"မမင့်"

ကြုံးအော်လိုက်သော အသံ။

"မောင်ရေ"

အင်အားနည်းလှသော မြလေးငုံ၏ အသံ။

"မမင့်ရေ.. မောင် ဒီမှာ"

"မောင်ရေ...မောင်ရဲ့၊ မမင့် လာလို့မရဘူး"

"မမင့် ဘယ်မှာလဲ၊ မောင် လာခဲ့မယ်"

"မောင်ရေ...မမင့် ဒီမှာ"

"မမင့်ရေ..မောင် ဒီမှာ"

**"ဝုန်း...အုန်း"**

ဆိုသော နောက်ထပ် ပြိုလဲသံများနှင့် ကျောက်မှုန်များ သွန်ချ လိုက်သလို အဆက်မပြတ် ပြိုဆင်းလာခြင်းများကြောင့်...

မောင်ရော မမင့်ပါ ခေတ္တမျှ ငြိမ်သက်သွားကြပြီးချိန်မှာ...

"အမယ်လေး...မောင်ရေ...အက်စစ်ကန်က ရေတွေ စီးလာပြီ"

"စီးလာပြီ... ကယ်ပါဦး"

"မောင့်ဆီလည်း ရေပူတွေ စီးလာပြီဗျ"

"မောင်ရေ... ကယ်ပါဦး"

"မောင် လာလို့ မရတော့ဘူး မမင့်ရယ်"





"မောင်ရေ"

"မမင့်ရေ"

ဆိုသော အသံလေးနှစ်ခုသည် အင်အားမရှိတော့။ မအော်နိုင်ကြတော့။ တဖြည်းဖြည်း တိုးရင်း တိုးရင်းက တိမ်မြုပ်ငြိမ်သက်သွားကြလေတော့သည်။

ကျောက်ဂူမှ ကျောက်သားကျောက်ဆိုင်များ တစ်စပြီး တစ်စ၊ တစ်တုံးပြီး တစ်တုံး သူတို့နှစ်ဦးပေါ်သို့ ပြိုကျပိတ်ဖုံးသွားခဲ့လေပြီ။

အက်စစ်ကန်တွင်းသို့လည်း ကျောက်တုံးများကျ၍ ရေများ မောက်လျှံကာ သူတို့ဆီသို့ စီးဆင်းလာနေပြီ။

မပြေးနိုင်၊ မရုန်းနိုင်၊ မလှုပ်သာ၊ မလွန့်သာ။

နီးလျက်နှင့် အဝေးဆုံးနေရာသို့ တစ်ယောက် တစ်ခြားစီ ရောက်သွားကြလေပြီ။

ကျောက်တုံးများ ပိလျက်၊ အက်စစ်ရည်များ နှစ်လျက်နှင့် နှစ်ယောက်လုံး ငြိမ်သက်သွားကြရှာလေပြီ။

"အချစ်ဆုံး နှစ်ယောက်"

ဘယ်သောအခါမှ မခွဲခွာနိုင်တော့ပါဆိုတဲ့ မောင်နဲ့ မမင့်တို့ နှစ်ဦးမှာ...

မိဿဂူကြီး၏ ရက်စက်စွာ [illegible]မျိုခြင်းကို ခံလိုက်ကြရလေပြီ တကား။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦး ငြိမ်သက်သွားကြသော်လည်း...

ဂူနံရံကြီးများဆီမှ ပဲ့တင်သံများက မဆိတ်သုဉ်းသေး။

"မမင့်ရေ"

"မောင်ရေ"

"မောင် ဒီမှာ မမင့်"

"မမင့် ဒီမှာ မောင်ရေ..."

"မောင်ရေ... ကယ်ပါဦး"

"မောင် လာလို့မရတော့ဘူး မမင့်ရယ်..."

"မောင်ရေ..."

"မမင့်ရေ"

ဟူသော ပဲ့တင်သံသည်... အချစ်ဆုံးနှစ်ယောက်အတွက် ထာဝရ တည်တန့်နေမည်သာ။

သြော်... အဖြစ်ဆိုးလွန်းရှာတဲ့ အချစ်ဆုံး နှစ်ယောက်တို့ရယ်။

◆ ◆ ◆



ကြာခဲ့ပါပြီ။

ဤအဖြစ်ပျက်တို့သည် လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ်မျှ ကာလဆီက ဖြစ်ပျက်ခဲ့ခြင်းပါ။

ယခုအခါတွင်...

ပျဉ်းမပြာ စခန်းမြို့လည်း ဆိတ်သုဉ်း ခြောက်သွေ့ခဲ့ပြီ၊ ဤမြို့လေးနှင့် မိုင်ငါးဆယ်ကျော်မျှ ဝေးကွာသော နေရာတွင် "ထနောင်းဆိပ်"ဆိုသော ရွာငယ်လေးတစ်ရွာ ရှိလေသည်။

ထိုရွာ၌...

ကိုယ်ရေပြားရောဂါသည် အဘိုးကြီး၊ အမယ်ကြီးနှစ်ဦးကို တွေ့နိုင်သည်။

ခြံမြေလုပ်ငန်းလေးကို အေးငြိမ်းစွာ လုပ်ကိုင်စားသောက်နေကြပါ၏။

ထိုအဘိုးကြီး အဘွားကြီး နှစ်ဦးတို့မှာ တစ်ယောက်နှင့် တစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် သံယောဇဉ်ကြီးမားစွာ ချစ်ခင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်တည်း ဘယ်သောအခါမှ တွေ့ခွင့်မရကြ၊ ထာဝရ နှစ်ယောက်တွဲလျက် တွေ့မြင်ရသည်ချည်းသာ။

သူတို့သည် ထို ထနောင်းဆိပ်ရွာသာမက တစ်လောကလုံးနှင့် ကင်းဝေးစွာ နေထိုင်ကြလေသည်။

ကိုယ်ရေပြားရောဂါရှင်ဆိုပြီး မည်သူကမှလည်း သူတို့ကို မပေါင်းဖော်ကြ။

အမှန်တော့...

သူတို့သည် ကိုယ်ရေပြားရောဂါသည်များ မဟုတ်ကြပါ။

ထိခိုက်မိသော ဒဏ်ရာကြီးများမှ အမာရွတ်များ၊ အက်စစ်ရေ များ လောင်ကျွမ်းခံခဲ့ရခြင်းကြောင့် အရေပြားများ တွန့်ရှုံ့ပြီး ရုပ်ပျက် ဆင်းပျက် ဖြစ်နေကြခြင်းသာပါ။

ဤအဘိုးကြီး အမယ်ကြီးနှစ်ဦးကို နှောင်းလူတို့ သိနေ ခေါ်နေကြသည်က...

'အဘညို နှင့် အမေငုံ' မည်ပါသတည်း။

✱

**ပြီးပါပြီ။**

✱

ကလျာ (ဝိဇ္ဇာ-သိပ္ပံ)
၂၅-၆-၁၉၈၄

www.burmeseclassic.com